www.burmeseclassic.com



တက္ကသိုလ်

# ရေလင်းဘောင်

သိုင်းတို့ပွင့်ရဲ့ ပဒေသာ

နေဝန်းသစ်မာပေ

စာစဉ် – ၆

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁၄/၂၀၀၂ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၇၆/၂၀၀၂ (၁)

၂၀၀၂-ခုနှစ်၊
အုပ်ရေ-၄၀၀

ထုတ်ဝေသူ
ဦးညွန့်ရွှေ၊ စိန်ပန်းမြိုင်စာပေ
၂၃(အေ) ဦးခကောင်းလမ်း၊ ကြည့်မြင်တိုင်
ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးလှသိန်း၊ လှသိန်းဦးပုံနှိပ်တိုက်
အမှတ်-၁၂၊ ဒါနလမ်း၊ သာယာကုန်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးတိုးဝင်း၊ နေလရောင်အော့ဖ်ဆက်
၉၆/ခ၊ ၁၁ လမ်း၊ လမ်းမတော်
ရန်ကုန်မြို့။

# တက္ကသိုလ် နေလင်းအောင်

## သိုင်းတုံ့ပွင့်လျှံ ပလ္လွသီ

စာစဉ်( ၆ )

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အ

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အ

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သ

---

## ပြည်သူ့သဘောထား

— ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ကန့်ကွက်ကြ။

— နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုး ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

— ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC

အခန်း (၃၄)

### လည်ပင်းစွပ်သံကွင်း အကျဉ်းသမား

'အလံအဖွဲ့ ခေါင်းဆောင်၊ ရှင့်တာဝန်ကျ နယ်မြေဖြစ်တဲ့ ကို ကျွန်မ ဘာမှမပြောလိုတော့ဘူး၊ ကျွန်မကို ဘာများ ကြားစရာရှိပါသလဲ'

နိုင်ချစ်နော်သည် ဖားလျားချထားသည့်ဆံပင်ကို ပြန်လည် သိမ်းလိုက်ပြီး ဆံထုံးကို ဆံပင်ထက်၌ ပြန်လည် ထိုးစိုက်လိုက်

ထိုဆံထုံး၌ အဆိပ်များ ပါရှိနေမည်မှာ သေချာလှကြောင်း တုဏှိဟု တွက်ချက်ပြီးပေပြီ။

အလံအဖွဲ့ခေါင်းဆောင်က အေးစက်စက်ရယ်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'သခင်မအမေးခံရတယ်ဆိုတဲ့သတင်း ဂိုဏ်းချုပ်ကြီးကြား... ပြီးပြီ၊ သခင်မကို စစ်ဆေးရအောင် ကျုပ်ကိုလွှတ်လိုက်တာ...'

'ဖခင်ကြီးအနေနဲ့ ဘာမဆို သိနေတာပဲ၊ ကျွန်မ ဘာဖမ်း... တာကို သိတာလောက်ကတော့ ဘာမှမဆန်းပါဘူး'

'ရန်သူအဖမ်းခံသွားရတဲ့လူဟာ အတိတ်မေ့ ဆေးလို... သောက်ရတာပဲ၊ သခင်မက ဘာဖြစ်လို့ မသောက်တာလဲ'

နိုင်ချစ်နော် ကြက်သီးထသွားသည်။

မွေးစားဖခင်ကြီး ကျွန်လုံဝမ်သည် မိမိ အတိတ်မေ့ဆေး... သောက် မသောက် စုံစမ်းခိုင်းခြင်းပေတကား။

ထို့သော် ဟန်ကိုယ့်ဖို့ မာန်သွဲ့ ဂိုဆိုသည့်စကားကို လက်... ထားကာ နိုင်ချစ်နော်က ပြန်လည်မေးခွန်းထုတ်လေ၏။

'အရပ်လေးမျက်နှာကို ကိုယ်စားပြုထားတဲ့ အလံ... ခေါင်းဆောင် လေးယောက်စလုံးကို ကျွန်မ လေးစားပါ... ပါပေမယ့် ဒီလိုမာမာထန်ထန် စစ်ဆေးတာမျိုးတော့ ကျွ... လက်မခံနိုင်ဘူး'

ယခု အလံအဖွဲ့ခေါင်းဆောင်မှာ မြောက်ပိုင်းအရပ်... ကို စီမံအုပ်ချုပ်ရသည့် ဥတ္တရ အလံအဖွဲ့ခေါင်းဆောင်ဖြစ်...

အက အေးစက်စက်ရယ်သည်။

'ဂိုဏ်းချုပ်ကြီး ပေးအပ်လိုက်တဲ့ အခွင့်အာဏာကို... မေးမြန်းတာပဲ၊ ဒါကိုသခင်မက ငြင်းဆန်ချင်သလား'



နိုင်ချစ်နော် သက်ပြင်းချလိုက်သည်။

ဂိုဏ်းချုပ်ကြီး၏အာဏာကို သူမသာမကမည်သည့်ဂိုဏ်းသား ကမျှ မငြင်းဆန်ရဲပေ။

ထို့ပြင် သူမသည် ဝမ်ဂေဟာ၌ အနေများခဲ့သူဖြစ်သည်။ ဌာနချုပ်၌ စည်းကမ်းအပြောင်းအလဲရှိသည်များကို သူမအနေ ဖြင့် အလံအဖွဲ့ခေါင်းဆောင်များလောက် မသိရှိနိုင်ခဲ့ပေ။

'ကျွန်မဟာ ဝမ်ဂေဟာထဲမှာ ဖခင်ကြီးဝမ်ကျု ထန်ရဲ့သမီး အဖြစ် သွားပြီး ... နေခဲ့ရလို့ ဌာနချုပ်က စည်းကမ်း အပြောင်းအလဲတွေကို ကျွန်မ မသိခဲ့ဘူး၊ ဖခင်ကြီး... စစ်ဆေး ခိုင်းတာဆိုရင်တော့ ဖြေရမှာပေါ့'

နိုင်ချစ်နော် လေသံပျော့သွားသည်ကို တွေ့ရသော ... အလံအဖွဲ့ခေါင်းဆောင်သည် ကျေနပ်စွာ ရယ်မော...

'အတိတ်မေ့ဆေးကို ယူဆောင်သွားတဲ့လူက ... တော် သခင်မလားပဲ၊ သခင်မလေးက သခင်မ... ဆေး မတိုက်ဘူးလား'

'တိုက်ပါတယ်၊ အဖြစ်က ပြောရမှာ အစေခံသားတွေဟာ ... ပါတယ်'

...မြန်းတဲ့ ရှိခိုး

နိုင်ချစ်နော်က ကျွန်လုဂိုဏ်း၏ အကျဉ်းသား... အတိတ်မေ့ဆေးအတိုက်ခံရပုံနှင့်ကျွန်လုဂိုဏ်းချုပ်ကြီး က ထိုဆေးကို မည်သို့လုယူသွားပုံကို ရှင်းပြလေ၏။

...တစ်ဖြင်း

www.burmeseclassic.com

www.burmeseclassic.com



'ညီမလေးလဲ ဘာမှမဘတ်နိုင်ပဲ တဲထဲကထွက်ခွာသွားရ တယ်'

'သခင်မလေး အခုဘယ်မှာရှိသလဲ'

'ကျွန်မက ဖဲဒီဘုန်းက ကျွန်လုဂိုဏ်းရဲ့ အကျဉ်းသား ဖြစ် နေတာပဲ၊ သူ ဘယ်ထွက်သွားတယ်ဆိုတာ ဘယ်သိနိုင်ပါ့မလဲ'

ဉတ္တရအလံ အဖွဲ့ခေါင်းဆောင်၏ ပြောစကားအရ သူသည် နိုင်ချစ်နော်အား အတိတ်ခမ ဆေးလုံး လာကျွေးသည့် အကြို ာတ်ဆင်သူ သခင်မလေးဆိုသူနှင့် လုံးဝမတွေ့ဆုံရသေးကြောင်း ...င်ရှားလှပေသည်။

အတိတ်မေ့ ဆေးလုံး မသောက်ခြင်းဟာ ဂိုဏ်းချုပ်ကြီးရဲ့ ...ဏာကို ဖီဆန်ခြင်းပဲ ဖြစ်တာယ်'

...ကိနေပြုပြီဟု နိုင်ချစ်နော်တွေး၏။ ခေါင်း...

ဒါပေမဲ့ကို တင်ပြထားပါလျက် သူမအား အာဏာဖီဆန် လက်မှုပ်စွဲနေချေပြီ၊

...သာ ဖဲဒီဆေးလုံးကို သောက်ရရင် ရှင်နဲ့လဲ ခုလို ကို ...နေနိုင်မှာ မဟုတ်ဘူး၊ တစ်ခုပဲပြောချင်တယ်၊ ကျွန်မ အတင်းအဓမ္မ အာဏာဖီဆန်သူအဖြစ် မစွပ်စွဲစေချ...

...ချစ်နော်၏လေသံက တင်းမာသွားသည်။



ထို့အတွက် အလံအဖွဲ့ခေါင်းဆောင်၏ ညိုမည်းသော မျက် နှာသည် မည်းမှောင်သွား၏။

'ခင်ဗျားက ကျုပ်ကို ဒီလေသံနဲ့ဆက်ဆံသလား'

'ရှင့်ကို ကျွန်မ လေးလေးစားစားပဲ ဆက်ဆံတယ်၊ သို့ပေမယ် ကို အပြစ်ရှာတဲ့ပုံပုလေ့လိုတော့ ကျွန်မကို မဆက်ဆံနဲ့'

နိုင်ချစ်နော်က ပြတ်ပြတ်သားသားပင် ပြောချလိုက်သည်။

ဖြစ်လိုရာဖြစ်စေတော့ဟူသော သဘောမျိုးပင်၊

'သခင်မ ကျုပ်က ဘယ်သူ့ကိုမှ အပြစ်မရှာဘူး၊ တာဝန် ထမ်းဆောင်နေခြင်းပဲ ဖြစ်တယ်၊ ဂိုဏ်းစည်းကမ်း ဖောက်ဖျက် သူကို တိတိကျကျပဲ အရေးယူရမယ်'

နိုင်ချစ်နော်က မသိမဲ့မြင် ရယ်မောလိုက်လေ၏၊

'ကျွန်မက ဘာစည်းကမ်း ဖောက်ဖျက်လို့လဲ'

'သခင်မ အဖမ်းခံသွားရပြီပဲ၊ တစ်ဖက်ဂိုဏ်းသားတွေဟာ သခင်မကို ဘာမှမလုပ်ဘဲ ဘာမှမစစ်ဆေး မမေးမြန်းဘဲ ရှိခိုး ပူဇော်ပြီး ပြန်လွှတ်ကြမှာတော့ မဟုတ်ဘူး'

'ရှင် အဲဒီလို သိမ်းကျုံးပြီး မစွပ်စွဲပါနဲ့'

အလံအဖွဲ့ခေါင်းဆောင်နှင့် နိုင်ချစ်နော်တို့၏ အောင်...ငြင်း ခုံသံများကြောင့် ဆန့်ကျင်းချိန်းလာသည်၊

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြုံးကြောင်ကြောင်မျက်လုံးများဖြင့် နိုင်ချစ်နော်အား ဩဇာအာဏာသံအပြည့်အဝဖြင့် အော်ဟစ်ပြောကြားနေသူအား လှမ်းကြည့်နေလေ၏၊

သို့သော်...

ချက်ချင်းပင် ခုတင်ပေါ်မှဆင်းကာ နိုင်ချစ်နော်၏နောက်နား၌ သွားရပ်သည်၊

တုထန်ဟိုနှင့် ရင်ပေါင်ကန်းလျက်သား ဖြစ်သွားသည်၊

အလံအဖွဲ့ခေါင်းဆောင်သည် နိုင်ချစ်နော်အား မည်သည့်အချိန်ကာလကတည်းက အငြိုးထားခဲ့သည်မသိ၊ ယခုအခါ နိုင်ချစ်နော်အား အပြတ်ရှုပ်ချလျက် အပြစ်ဒဏ် ချမှတ်နေပေပြီ၊

'သခင်မဟာ ရန်သူ့ဇာမော်အဆီး ခံရပါလျက် ကျန်းမာပကတိ လွတ်မြောက်လာတယ်၊ ဂိုဏ်းချုပ်ကြီးဟာ ဒီလိုသံ့ပန်းဖြစ်ပြီးတဲ့ လူမျိုးကို လုံးဝ စိတ်ချယုံကြည်တော့မှာ မဟုတ်တဲ့အတွက် ကျုပ်ကပဲ ဂိုဏ်းချုပ်ကြီးကိုယ်စား အပြစ်ဒဏ်ချမှတ်ပါမယ်၊ သခင်မအနေနဲ့ ကိုယ့်ကိုယ်ကို ကြိုးဆွဲချသေဖို့ ပြင်ဆင်ပါ'

ဤကား သိုင်းလောက၏ သိက္ခာချသော လုပ်ရပ်တစ်ခုပင်တည်း၊

သိုင်းလောကတွင် ရက်စက်သော သိုင်းဂိုဏ်းကြီးများ အသီးသီးရှိသည်၊



ထိုသိုင်းဂိုဏ်းကြီးများသည် သူတို့ဂိုဏ်း၌ ဖလိုလားအပ်သောလူကို ကိုယ့်ကိုယ်ကို အဆုံးစီရင်ခိုင်းသည်၊

ထိုအခါ ထိုဂိုဏ်းသားက ဓားရှည် သို့မဟုတ် ဓားမြောတို့ဖြင့် ကိုယ့်ကိုယ်ကို သတ်သေကြသည်၊

ယခုကဲ့သို့ ကိုယ့်လည်ပင်း ကြိုးကွင်းစွပ်၍ သေဒဏ်ချမှတ်သော အပြစ်မျိုးကို မည်သည့်သိုင်းဂိုဏ်းကမျှ အပြစ်မပေးပေ၊

အလံအဖွဲ့ခေါင်းဆောင်သည် သူ့ခါး၌ပတ်ထားသည့် ...ရောင် ကြိုးတစ်ချောင်းကို ဖြေယူလိုက်ပြီး ပစ်ချပေးသည်၊

နိုင်ချစ်နော်က ထိုကြိုးကို လှမ်း၍ ဖမ်းယူလိုက်သည်၊

ကြိုးသည် ရိုးရိုးကြိုးမဟုတ်ပေ၊

သံပိုးလေးများကို ဆက်ထားသည့် ချိန်ကြိုးသဏ္ဍာန်ကြိုးမျိုး ဖြစ်သည်၊

လက်နက်အဖြစ် အသုံးပြုမည်ဆိုလျှင် အလွန်ကြောက်စရာကောင်းသော လက်နက်မျိုး ဖြစ်လာပေလိမ့်မည်၊

ထိုကြိုးသည် အလံအဖွဲ့ခေါင်းဆောင့်လက်မှ ကြမ်းပြင်ပေါ်သို့ တွဲရရွဲကျနေသည်၊

'သခင်မ...ယူပါ၊ သခင်မကိုယ်တိုင် ပြင်ဆင်တာအကောင်းဆုံးပါပဲ၊ ကျုပ်က ဝင်ပြီးတာဝန်ယူရရင် သခင်မ ဒုက္ခရောက်ပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်က ကျွန်မကို ဘာအပြစ်ဒဏ်မှ စီရင်ခွင့်မရှိဘူး၊ ဖခင် ဂိုဏ်းချုပ်ကြီးကပဲ ကျွန်မအပြစ်ကို စီရင်နိုင်ခွင့် ရှိတယ်'

'စကားမရှည်နဲ့၊ ကြိုးကိုယူပါ၊ ကြိုးကွင်းလုပ်ပါ၊ လည်ပင်းကို စွပ်ပါ'

နိုင်ချစ်နော်က ပမာမခန့်ရယ်လိုက်ပြီး....

'ဪ....ဒီလိုလား၊ ဆန်ကွမ်းချီ ငေးမနေနဲ့'

အလံအဖွဲ့ခေါင်းဆောင်၏ လက်သည် လျှပ်ပြက်သကဲ့သို့ လှုပ်ရှားသွားပြီးနောက် အဝါရောင်ကြိုးသည် မြွေဟောက်တစ်ကောင် ပေါက်လိုက်သည့်ပမာ ရှမ်းခနဲမြည်လျက် နိုင်ချစ်နော်၏ လည်ပင်းဆီသို့ ပြေးဝင်လာ၏။

သို့ရာသော်....

အလံအဖွဲ့ခေါင်းဆောင်၏ ကြိုးမှာ လမ်းခုလပ်တွင်ပင် ရပ်တန့်သွားရ၏။

အဘယ်ကြောင့်ဆိုသော်....

ဆန်ကွမ်းချီသည် နိုင်ချစ်နော်၏ သံတိပေးသံ ဆုံးသည်နှင့် လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်သောကြောင့် ဖြစ်သည်။

အလံအဖွဲ့ ခေါင်းဆောင်သည် သူ့ကြိုးလက်နက်ကို အလျင်အမြန် ရုပ်သိမ်းပြီး အသေအလဲ ရှောင်တိမ်းလိုက်ရ၏။

ဆန်ကွမ်းချီ၏ လှုပ်ရှားပုံမှာ လွန်စွာလျင်မြန်၏။



ရိပ်ခနဲ လှုပ်ရှားလိုက်ရာ သူ့အား ကွဲကွဲပြားပြား ပီပီသသပင် မမြင်လိုက်ရချေ။

အလံအဖွဲ့ခေါင်းဆောင်၏ ပညာရည် ကောင်းလွန်းသဖြင့်သာ ဤသို့ ရှောင်တိမ်းနိုင်ခြင်း ဖြစ်သည်။

အလံအဖွဲ့ခေါင်းဆောင်သည် အာမေဋိတ်သံပြုရင်း ရှောင်တိမ်းရတော့သည်။

'သခင်မ....ခင်ဗျားရဲ့လူကို မြန်မြန်ရပ်ခိုင်းနော်၊ မရပ်ခိုင်းရင်တော့ မလွယ်ဘူး၊ ရှေ့လျှောက် ခင်ဗျား အများကြီး ရှင်းရလိမ့်မယ်'

နိုင်ချစ်နော် စဉ်းစားသည်။

အလံအဖွဲ့ခေါင်းဆောင်၏စကား မှန်သည်။

ကွန်လုံဝမ်ဂိုဏ်း၏ အဓိက ကျောရိုးများမှာ အလံအဖွဲ့ခေါင်းဆောင်များ ဖြစ်သည်။

ဂိုဏ်းချုပ်ကြီးကွန်လုံဝမ်ကသာ အမှန်တကယ် စစ်ဆေးခိုင်းခြင်း မှန်ကန်နေလျှင် ယခုအပြုအမူသည်ပင်လျှင် သေဒဏ်ခံထိုက်နေပေပြီ။

'ဆန်ကွမ်းချီ....မတိုက်နဲ့တော့၊ ရပ်လိုက်'

ဆန်ကွမ်းချီသည် သူ့တိုက်ကွက်များကိုရုပ်သိမ်းပြီး နောက်သို့ ခုန်ဆုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုဆန်ဟိုဘေးနား၌ ပြန်ရပ်နေလိုက်သည်။

သက်သာခွင့် ရသွားသည့် အလံအဖွဲ့ ခေါင်းဆောင်သည် ဘင်းခနဲ သက်ပြင်းချပြီး စိတ်ထဲ၌ တွေးလိုက်သည်။

'ဒီလိုနာမည်မရှိ ဘာမရှိ၊ လူတစ်ယောက်တော်င် ဒီလောက် သိုင်းပညာ မြင့်မားနေရင်၊ ဟို…နာမည် ဟိုးဟိုးကျော်နေတဲ့ ကျောင်းတော်ဘုရင်ကြီးကတော့ လုံးဝ ပြောစရာရှိတော့မှာ မဟုတ် ဘူး'

အလံအဖွဲ့ ခေါင်းဆောင်သည် သူ့ အပြစ် ရှင်းလိုသည့် သခင့်မနိုင်ချစ်နော်နှင့် သခင်မ၏ လက်ပါးစေ နှစ်ယောက်ကို လုံးဝ အထင်မသေးစွံတော့ချေ။

သို့သော်....

သူသည် အကိုးအကားမဲ့ လာရောက်နှိပ်စက်သူ မဟုတ်ပေ။

'သခင်မ....ကျုပ် တစ်ခွန်းပဲမေးမယ်၊ ကျုပ်ဆီမှာ လည်ပင်း စွပ်သံကွင်း ပါလာတယ်၊ အဲဒီသံကွင်းကို ခင်ဗျားဘာသာပဲ စွပ်မလား၊ ကျုပ်စွပ်ပေးတာကိုပဲ လက်ခံမလား၊ ဒါမှမဟုတ် အဲဒီလည်ပင်းစွပ်သံကွင်းကို ဂိုဏ်းချုပ်ကြီးဆီ ပြန်ပို့ပေးရမှာ လား'

နိုင်ချစ်နော်မှာ ဒူးထောက်ထိုင်ကျမတတ် ဖြစ်သွားရလေ တော့သည်။



လည်ပင်းစွပ်သံကွင်း....

လည်ပင်းစွပ်သံကွင်းဆိုသည်မှာ ဂိုဏ်းချုပ်ကြီးကွန်လုံဝမ်၏ အထူးပစ္စည်း ဖြစ်ပေသည်။

ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်သည် ထိုပစ္စည်းကို တော်ရုံ တန်ရုံကိစ္စ၌ မသုံးပေ၊ သူ့ ဂိုဏ်းကို သစ္စာ ဖောက်နေ ပြီဟု ယူဆသည့် အထက်တန်း ဂိုဏ်းသားများ အား ဖမ်းဆီးသုတ်သင်ရန် အထူး တီထွင်ထားသည့် ပစ္စည်းဖြစ်ပေ သည်။

ထိုလည်ပင်းစွပ် သံကွင်းကို သော့ဖြင့်ခတ်၍ရ၏။

တကယ်တမ်း အဆုံးစီရင်ချက်ချလျှင်လည်း ထိုလက်နက် ပစ္စည်းကိုပင် ဆက်၍သုံးစွဲနိုင်သည်။

ထိုသံကွင်း၌ အပေါက်လေးများ ပါရှိပြီး ခလုတ်ကလေး တစ်ချက်နှိပ်၍ဖြင့် သေးငယ်သော အပ်ချောင်းကလေးများ ထွက်လာနိုင်သောကြောင့်တည်း။

ထိုအပ်ချောင်းကလေးများမှာ သာမည မဟုတ်ပေ။

အဆိပ်အပ်လည်း မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုအပ်ကလေးများ လည်ပင်းထဲသို့ ဝင်သွားပြီးသည်နှင့် ထိုအကျဉ်းသမားအဖို့ သေဘေးကို တဖြည်းဖြည်းသာ စောင့်ရုံ ရှိတော့သည်။

ဝေဒနာဆိုးဆိုးကို တမျှင်းမျှင်း ခံစားရစေရန်အတွက် ထိုအပ်ကလေးများတွင် ဆေးတစ်မျိုးကို သုတ်လိမ်းထားသည်။

ဂိုဏ်းချုပ်ကြီးကွန်လုံဝမ်သည် ထိုလက်နက်ပစ္စည်းကိုအရေးတကြီးမဟုတ်သည့် အချိန်တွင် မည်သူ့ကိုမျှ ပေးလေ့မရှိပေ။

ယခု ဥတ္တရအလံအဖွဲ့ခေါင်းဆောင်၏လက်ထဲ၌ ထိုလက်နက်ပစ္စည်း ပါသည်ဆိုခြင်းက အလံအဖွဲ့ခေါင်းဆောင်သည် မိမိအား မုန်းတီးသဖြင့် ကြံဖန်အပြစ်ပေးနေခြင်းမဟုတ်ဘဲ ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်၏ အမိန့်အာဏာအရ မိမိအား လာရောက်အပြစ်ပေးစီရင်ခြင်းဖြစ်ကြောင်း နိုင်ချစ်ခနော် နားလည်သဘောပေါက်သွားခဲ့လေတော့သည်။

နိုင်ချစ်နော်က အလံအဖွဲ့ခေါင်းဆောင်အားဦးညွှတ်ဂါရဝပြု၍ စိတ်မကောင်းခြင်း ကြီးစွာဖြင့် လှမ်းပြော၏။

'ကျွန်မကို ခွင့်လွှတ်ပါ၊ လည်ပင်းစွပ် သံကွင်း ပေးပါ၊ ကျွန်မဘာသာ စွပ်ပါ့မယ်၊ပြီးရင် ကျွန်မကို ဖခင်ဂိုဏ်းချုပ်ကြီးဆီ ခေါ်သွားဖို့ မေတ္တာရပ်ခံချင်ပါတယ်'

နိုင်ချစ်ခနော်၏ အောက်ကျို့သော လေသံကို ကြားလိုက်ရသောအခါ အလံအဖွဲ့ခေါင်းဆောင် စိတ်ကျေနပ်သွား၏။



စောစောက ဆန့်ကွမ်းချီ လာရောက် ထိုက်ခိုက်သည့်ကိစ္စများကိုလည်း မေ့သွားသည်။

'ကောင်းပြီ၊ သခင်မဘာသာ စွပ်ပါ၊ မရော့....'

အလံအဖွဲ့ခေါင်းဆောင်က လည်ပင်းစွပ်သံကွင်းကို ပစ်ပေးလိုက်သည်။

နိုင်ချစ်နော်က ကပျာကယာ ဖမ်းယူလိုက်ရ၏။

လည်ပင်းစွပ်သံကွင်းမှာ စိမ်းပြာပြာဖြစ်နေပြီး မြင်ရသူများ ကြက်သီးထမွယ် ကောင်းလှသည်။

နိုင်ချစ်နော်သည် ပတ္တာဖြင့် ဆက်ထားသည့် လည်ပင်းစွပ်သံကွင်းကို သူမ၏ လည်ပင်း၌ တပ်ဆင်ပြီး ချိတ်ဆက်လိုက်၏။

ချပ်ခနဲမြည်ပြီး ခလုတ်နှစ်ခု ဆက်သွားသည်။

သံကွင်းကို လက်နှင့် ဆွဲဖြုတ်၍ မရတော့ပြီ။

ထိုခလုတ်ကိုဖွင့်သည့် သော့ဆသည် အလံအဖွဲ့ခေါင်းဆောင်၏ လက်၌ ပါလာသော်လည်း ပါလာမည်၊ သို့မဟုတ် ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်၏လက်ထဲ၌ ကျန်သော်လည်းကောင်း ကျန်ခဲ့မည်။

မာကျောကျော ခက်ထန်ထန် ဆက်ဆံတတ်သော အဖြူရောင်ဝတ်စုံ အမြဲလိုလို ဝတ်ဆင်တတ်သော နိုင်ချစ်နော်တစ်ယောက် ရုတ်စိမျက်နှာပျက်လျက် လည်ပင်း၌ သံကွင်းစွပ် ခံနေရသောအခါ သူမအား ရန်သူတစ်ယောက်အဖြစ် သတ်မှတ်ထားသည့် ဘုထန်ဟိုပင် စိတ်မကောင်း ဖြစ်သွားရသည်။

www.burmeseclassic.com



'ဟင်း...သခင်မဆိုလို့လဲ ဘာမှ အထင်ကြီးစရာ မရှိပါဘဲလား၊ ကျွန်လုံဝမ်က မွေးစားသမီးသော ဘာသော ညာသော အခွင့်အရေး ပေးတာမှမဟုတ်ဘဲ၊ သူ မကြိုက်ရင် မကြိုက်သလို အပြစ်ပေးဖို့ အဆင်သင့် စောင့်နေတာပဲ'

နိုင်ချစ်နွေ့က....

'အလံအဖွဲ့ခေါင်းဆောင်....ကျွန်မ သခင်ကြီးရဲ့အမိန့်အာဏာကို လက်ခံကြောင်း ကျွန်မ လက်တွေ့ပြလိုက်ပြီ၊ ရှင့်အနေနဲ့ ကျွန်မကို ဖခင်ကြီးဆီ ခေါ်သွားဖို့ မမေ့ပါနဲ့'

ထိုလူက ရယ်လိုက်၏။

'ဒီလောက်လဲ မလောပါနဲ့ဦးလေ၊ သခင်မ သိတဲ့အတိုင်းပဲ ဂိုဏ်းချုပ်ကြီးဟာ ဘယ်တုန်းကမှ နေရာအတည်တကျ ရှိတာ မဟုတ်ဘူး၊ လေလို လျှောက်လွင့်နေတာပဲ'

'ရှင့်ကို ကျွန်မ မေတ္တာရပ်ခံခဲ့တယ်၊ ကျွန်မကို မွေးစားဖခင်ကြီးဆီ ခေါ်သွားပါလို့၊ ခုလို မလိမ့်တပတ် လုပ်တာတော့ မကောင်းပါဘူး'

'သခင်မ မှားနေပြီ၊ ခင်ဗျားကို ခေါ်မသွားဘူးလို့ ပြောနေတာမဟုတ်ဘူး၊ ဂိုဏ်းချုပ်ကြီး ဘယ်နေရာမှာရှိမှန်းမသိဘဲ ခင်ဗျားကို ဘာရှာပြည်အနှံ့ လျှောက်ခေါ်သွားလို့ ဖြစ်ပါ့မလား၊ သူ ဘယ်မှာရှိတယ်ဆိုတာ သတင်းရမှ ဖြစ်မှာပေါ့၊ ခုတော့ ဒီလောက် သည်းခံလိုက်ပါဦး၊ ဝင်လို့ ရသောဝ လိုက်ပေါ့'



နိုင်ချစ်နွေ့မှာ မခံချိမခံသာ ဖြစ်သွားသည်။

ယခုအချိန်၌ အလံအဖွဲ့ခေါင်းဆောင်၏ လက်ခုပ်ထဲမှရေလို ဖြစ်နေသည်။

သံကွင်းကို မိမိဘာသာ စွပ်မိသည်မှာ မှားလေပြီလားဟု ဆံသယဝင်သွားမိသည်။

ထိုအချိန်မှာပင် ပြေးလွှားလာသည့် ခြေသံတစ်သံကို ကြားသည်။

အလံအဖွဲ့ခေါင်းဆောင်က သမင်လည်ပြန် လှည့်ကြည့်၏။

နိုင်ချစ်နွေ့နှင့် တုထန်ဟိုလည်း လှမ်းကြည့်မိသည်။

အခန်းဝ၌ ရပ်နေသူကား အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူငယ်တည်း။

ဤလူငယ်ကား ဆန်ကွမ်းချီ၊ တုထန်ဟိုနှင့် နိုင်ချစ်နွေ့အား စားပွဲသိုးအဖြစ် ပြုစုခဲ့သည့် တန်ကွန်းပေတည်း။

တန်ကွန်းသည် အလံအဖွဲ့ခေါင်းဆောင်ကို တွေ့သည်နှင့် ဒူးထောက်ထိုင်ချကာ အကြိမ်ကြိမ် ဦးညွှတ် ဂါရဝပြုလေ၏။

စင်စစ် တန်ကွန်းသည် ဥတ္တရ အလံအဖွဲ့၏ လက်အောက်ခံအဖွဲ့သားဖြစ်ရာ ဥတ္တရအလံ အဖွဲ့ခေါင်းဆောင်အား ကျူးမျှ ကြောက်ရွံ့ခြင်းကို အဆိုး ...ဘော့ပေး

www.burmeseclassic.com



'တန်ကွန်းထပါ...သခင်မလေးဆီက ဘာသတင်းထူးသလဲ'

အလံအဖွဲ့ခေါင်းဆောင်က ခပ်တန်တန် မေးလိုက် တန်ကွန်းက အလျှင်တဆော ပြန်ဖြေလေ၏။

'ခုတင်ပဲ သခင်မလေးဆီက စာပို့သူ ရောက်လာပါတယ် သူ စစ်ကူသိပ်လိုနေတဲ့အတွက် သူ့ဆီကို အမြန်လာပါလို့ ထဲမှာ အမိန့်ပေးထားတယ်၊ အခု လက်ရှိတာဝန်ကလဲ ဆ ကိုယ်တိုင် ပေးခဲ့တဲ့တာဝန်ဖြစ်နေတာမို့ ကျွန်တော် ပစ်ပ မထားရဲဘူး၊ ဆရာရောက်နေမှန်းမသိတဲ့အတွက် သခင်မဆီ အမိန့်ခံယူမလို့လာတာပါ၊ ခု ဆရာနဲ့ တွေ့ရခြင်းပါပဲ'

အလံအဖွဲ့ခေါင်းဆောင်က ခေတ္တမျှ စဉ်းစားသည်။

'အဲဒီစာ ယူခဲ့သလား'

'ဟုတ်ကဲ့...ယူခဲ့ပါတယ်'

'ပေးစမ်း'

တန်ကွန်းက ရိုရိုသေသေပင် ကမ်းပေးသည်။

အလံအဖွဲ့ခေါင်းဆောင်သည် ထိုစာကို သေချာစေ့စပ် ဖတ်သည်။

'သူ့အခြေအနေက အတော်ဆိုးရွားနေတာပဲ၊ ဒီအန္တရာ စက်ဝိုင်းထဲကထွက်နိုင်အောင် ကူကူမှရမယ်၊ နောက်ကျသွ ရင် အချိုးအနှီးဖြစ်လိမ့်မယ်'



တန်ကွန်းမှာ အကြံပေးနိုင်ခွင့်ရှိသူ မဟုတ်၍ ငြိမ်သက်၍ သာ နေရတော့သည်။

'တန်ကွန်း...မင်း လက်အောက်မှာ လူ ဘယ်နှစ်ယောက် ရှိသလဲ'

'ဆယ်ယောက်ပါ'

'အဲဒီထဲက အဖျတ်လတ်ဆုံး လူနှစ်ယောက်ကို ရွေးထုတ်ထား လိုက်စမ်း၊ အဲဒီနှစ်ယောက်ကို ခေါ်ပြီး ငါကိုယ်တိုင် သွားကူ မယ်'

'ဟုတ်ကဲ့...ကျွန်တော် သွားရွေးထုတ်လိုက်ပါမယ်'

တန်ကွန်းထွက်သွားသည်နှင့် အလံအဖွဲ့ခေါင်းဆောင်သည် နိုင်ချစ်နေဘ်ဘက်သို့ ပြန်လှည့်လိုက်၏။

နိုင်ချစ်နေဘ်က တည်တည်ကြည်ကြည်ပင် ပြောသည်။

'ကျွန်မ တစ်ခုပြောမယ်၊ အရှေ့၊ အနောက်၊ တောင် ဒီ မြောက် အလံအဖွဲ့တွေဟာ စွမ်းအားရှိတာမှန်တယ်၊ အဖွဲ့ခွဲခေါင်းဆောင်တွေကိုယ်တိုင် လက်ယက်မြက်မြက် မှန်တယ်၊ ဒါပေမယ့် ဘယ်အဖွဲ့ခွဲခေါင်းဆောင်မှ ချုပ်ကြီးရဲ့ အမိန့်အာဏာကို အလွဲသုံးစားလုပ်ခွင့်မ ရှိ ကြားပါတယ်'

အလံအဖွဲ့ခေါင်းဆောင်က မဲ့ပြုံးပြုံး၍ ချေပ

www.burmeseclassic.com

www.burmeseclassic.com



'လည်ပင်းစွပ် သံကွင်းကြီး သခင်မရဲ့ လည်ပင်းမှာအပ်ဆင်ပြီးတဲ့နောက် သခင်မက ဘာများထပ်ပြီး အစွမ်းပြချင်သေးလို့လဲ၊ နောက်ပြီး လည်ပင်းစွပ်သံကွင်းကြီးတစ်ခုလုံး ကျုပ်ကိုယ်တိုင် ယူလာပြီးမှ ကျုပ်က ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အာဏာကို ဘယ်လို အလွဲသုံးစား မလုပ်ပါဘူးလို့ ထပ်ရှင်းပြနေရဦးမှာလား'

ထိုအချိန်မှာပင် ခြေသံကြားရပြန်သဖြင့် အခန်းထဲမှ လူအားလုံး အခန်းအပြင်သို့ လှမ်းကြည့်မိကြသည်။

တန်ကွန်း ပြန်လည်ရောက်ရှိလာပြန်လေပြီ။

အလံအဖွဲ့ ခေါင်းဆောင်က....

'ဘာအရေးပေါ်လာပြန်ပြီလဲ'

အမြန်အသွားရောက်ရှိလာပုံကိုတောက်ပြီး ဤသို့မေးမြန်းဟန် တူသည်။

ဟုတ်ကဲ့....ကျွန်တော် မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ပြောဖတ်သပါတယ်'

ရှိ
တော်ဝိုင်ရဲ့အမူအရာကြည့်တာနဲ့ အရေးကြီးလာတယ် ဆိုတာ ရှင်းအပ် ပြော....'



'ဆရာ....အခုလေးတင်ပဲ နောက်ထပ် စာပို့ခိုတစ်ကောင် ရောက်ရှိလာပါတယ်'

'ပြောပါ....အရေးကြီးတဲ့ အကြောင်းအရာကိုပဲ ပြောပါ'

'သခင်မလေးက သူနဲ့တိုက်နေရတာ ကျွန်လုဂိုဏ်းသားတွေ ဖြစ်ပါတယ်တဲ့၊ ကျွန်လုဂိုဏ်းသားတွေရဲ့ အင်အားက သိပ်များကယ်လို့ ရေးထားပါတယ်'

အလံအဖွဲ့ခေါင်းဆောင်က ပြတ်ပြတ်သားသားပြောသည်။

'မင်း စာပို့ခိုနဲ့ စာပြန်ပို့လိုက်၊ ငါကိုယ်တိုင် အခုလိုက်လာခဲ့ပြီလို့၊ တောင့်ခံထားလို့ ရေးလိုက်ပါ'

'ဟုတ်ကဲ့....ဆရာ့အမိန့်အတိုင်း ဆောင်ရွက်ပါမယ်၊ ဆရာ့ကို တင်ပြစရာတစ်ခု ရှိနေပါသေးတယ်'

'ဘာလဲ'

'ကျွန်တော်ချထားတဲ့ကင်းသမားတွေဆီက သတင်းပို့ချက် ရရှိနေပါတယ်၊ အမျိုးအမည်မသိရသေးတဲ့ ရန်သူတွေဟာ ဒီအိမ်ကို စောင့်ကြည့်နေကြပါတယ်တဲ့'

'ဘာ....အမျိုးအမည်မသိတဲ့ရန်သူ ဟုတ်ရဲ့လား'

'ဟုတ်ကဲ့....သူတို့က ရန်သူကို ခွဲခြားမသိနိုင်ဘူးလို့ ဆိုပါတယ်၊ ပုံစံအမျိုးမျိုးဖြစ်နေတယ်လို့ အကြောင်းကြားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



အလံအဖွဲ့ခေါင်းဆောင်သည် လေးလေးနက်နက် စဉ်းစားနေတော့၏။

သူစဉ်းစားနေချိန် အတော်ကြာသည်။

တန်ကွန်းသည် နောက်ထပ် တစ်စုံတစ်ရာ မမေးမြန်းရဲဘဲ အလံအဖွဲ့ခေါင်းဆောင် ပြောမည့်စကားကိုသာ စိတ်ရှည်လက်ရှည် စောင့်ဆိုင်း နားထောင်နေရပေသည်။

အတန်ကြာမှ....

''ကဲ....တန်ကွန်း မင်းသွားတော့၊ ငါ ရွေးထုတ်ခိုင်းထားတဲ့ လူနှစ်ယောက်ကို အိမ်အပြင်မှာ စောင့်ခိုင်းထားလိုက်''။

တန်ကွန်းသည် ဦးညွတ်အရိုအသေပေးပြီးနောက် ထွက်ခွာသွားလေတော့၏။

တန်ကွန်း ထွက်သွားသည်နှင့် နိုင်ချစ်နေဝ်က ဆန်ကွမ်းချီအား ခပ်တိုးတိုး တစ်စုံတစ်ခု ပြောလိုက်ရာ ဆန်ကွမ်းချီသည် ဝိုးခနဲ ခုန်ထွက်သွားပြီး အလံအဖွဲ့ခေါင်းဆောင်ကို ရုတ်တရက် တိုက်ခိုက်လေတော့သည်။

အလံအဖွဲ့ခေါင်းဆောင်မှာ အံ့အားသင့်သွားသည်။

ဆန်ကွမ်းချီ၏ တိုက်ကွက်မှာ အလွန်ပြင်းထန်သဖြင့်၊



အလံအဖွဲ့ခေါင်းဆောင် နောက်သို့ခုန်ဆုတ်ခဲ့ရာမှ တဖြည်းဖြည်း အခန်းအပြင်သို့ ရောက်ရှိသွားလေတော့၏။

နောက်ဆုံး မတတ်သာတော့သဖြင့် အလံအဖွဲ့ခေါင်းဆောင်သည် ချိန်းကြိုးကဲ့သို့သောကြိုးဖြင့် ဆန်ကွမ်းချီကို ခုခံတိုက်ခိုက်ရတော့၏။

ဆန်ကွမ်းချီ၏ သိုင်းကွက်များ လျှို့ဝှက်ဆန်းပြားလှသဖြင့် အလံအဖွဲ့ခေါင်းဆောင်မှာ မျက်စိများ ပြာဝေမတတ် ခုခံနေရရှာတော့သည်။

အခန်းထဲတွင် တုထန်ဟိုနှင့် နိုင်ချစ်နေဝ်တို့ ကျန်ရစ်ခဲ့ရာ တုထန်ဟိုမှာ အပြင်သို့ မထွက်ဝံ့ဘဲ အသံများကိုသာ ဂရုစိုက် နားထောင်နေရတော့သည်။

သို့သော် ဆန်ကွမ်းချီ၏ သိုင်းပညာကောင်းပုံကို သိမှိထား သဖြင့် ဆန်ကွမ်းချီ၏ အသက်အန္တရာယ်ကို မစိုးရိမ်ချေ။

သူ စိုးရိမ်သည်မှာ နိုင်ချစ်နေဝ်က ဆန်ကွမ်းချီအား ကျွေးထားသည့် အဆိပ်ဆေးကိုသာ ဖြစ်၏။

အချိန်ကြာလာသောအခါ အဆိပ်ဆေးက မည်သို့အစွမ်းပြမည် မသိနိုင်ပေ။

ထိုအဆိပ်ကြောင့် ဆန်ကွမ်းချီဒုက္ခရောက်မည်ကိုသာ စိုးရိမ်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အင်း…အခုအချိန်မှာတော့ နိုင်ချစ်နော်ဟာ လည်ပင်းစွပ် သံကွင်းနဲ့ အချုပ်အနှောင်ခံနေရပြီး ခုနေ သူ့အားကြာကို ထိုးပိတ်ပြီး အဆိပ်ဖြေဆေး ယူလိုက်ရင် ဆန်ကွမ်းချီကို ကောင်းကောင်း ကယ်နိုင်မယ်'

သူသည် ထိုစိတ်ကူးဖြင့် နိုင်ချစ်နော်ကို လှမ်းကြည့်သည်။

နိုင်ချစ်နော်ကလည်း တုထန်ဟိုကို အကဲခတ်နေ၏။

တုထန်ဟိုနှင့် အကြည့်ချင်း ဆုံသွားသောအခါ လက်ယပ်၍ ခေါ်လိုက်၏။

အသံတိုးတိုးဖြင့် အမိန့်ပေးသည်။

'လာ…ဒီဘက်ကို လာခဲ့ပါ'

တုထန်ဟို အံ့သြသွား၏။

အဘယ်ကြောင့်ဆိုသော် နိုင်ချစ်နော်သည် သူနှင့် ဆန်ကွမ်းချီအား အမိန့်ပေးရာတွင် အမြဲတမ်း မာမာထန်ထန် အမိန့်ပေး ဆက်ဆံလေ့ရှိ၏။

ယခုမူ လေသံက နူးညံ့ပျော့ပျောင်းနေသည်။

တုထန်ဟိုသည် နိုင်ချစ်နော်အား အကဲခတ်သော မျက်လုံးများဖြင့် ကြည့်၏။



ထိုအကြည့်များက သူ့ဆေးမိထားခြင်း မဟုတ်ကြောင်း သက်သေပြနေသလိုရှိသည်။

သူသည် နိုင်ချစ်နော်အနီးသို့သုံးပေခန့်အကွာအထိ လျှောက်လာ၏။

နိုင်ချစ်နော်အား စကားလုံးဝမပြောဘဲ ငြိမ်သက်စွာ ရပ်နေလိုက်၏။

နိုင်ချစ်နော်က ခပ်တိုးတိုး ပြော၏။

'သိပ်အံ့သြစရာကောင်းတယ်၊ ရှင့်မျက်လုံးတွေဟာ သိပ်ပြီး ကြည်လင်နေတယ်၊ ဆေးမိထားတဲ့ လူတွေဟာ ဘယ်တော့မှ ဒီလို ကြည်လင်မနေဘူး၊ ကျွန်မဖခင်ကြီးရဲ့ ဆေးတွေဟာ သိပ်စွမ်းတယ်၊ ဒါပေမယ့် ရှင့်ကျတော့ ဘာဖြစ်လို့ အစွမ်းမပြနိုင်ဘဲ ဖြစ်နေသလဲမသိဘူး'

တုထန်ဟိုသည် သူ့အဖြစ်ကို နိုင်ချစ်နော် ရိပ်မိသွားပြီ ဖြစ်ကြောင်း သိလိုက်သဖြင့် အတွင်းအားများကို တိတ်တဆိတ် စုစည်းထားလိုက်သည်။

'မိန်းကလေးရဲ့ အမြင်က တကယ်စူးရှတာပဲ'

သူက ခပ်တိုးတိုးမင် ပြောသည်။

နိုင်ချစ်နော်က ပြုံး၍ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ရှင့်ကို အစောကြီးကတည်းက သံသယတွေ ဝင်ခဲ့တယ်'

ထိုအချိန်တွင် အပြင်ဘက်၌ အပြင်းအထန် တိုက်ခိုက်နေကြလေပြီ။

ဆန်ကွမ်းချိက အပြင်းအထန် တိုလ်ခိုက်ပြီး အလံအဖွဲ့ခေါင်းဆောင်က အပြင်းအထန် ခုခံနေရသည် ဆိုပါက ပိုမှန်ကန်ပေလိမ့်မည်။

နှစ်ဦးသား တိုက်သံခိုက်သံ ဓားချင်းတိခ်သံများနှင့် ပြင်းထန်သော လှုပ်ရှားမှုများကြောင့် လေတဟူးဟူး လှိုင်းထနေတော့သည်။

တုထန်တိုက....

'မိန်းကလေး၊ ကျုပ်အနေနဲ့ မင်းကို တစ်ချက်တည်းနဲ့ အကြောပိတ်လိုက်နိုင်တယ်၊ ယုံရဲ့လား'

'ဒါက အထင်ကိုး၊ ရှင် ဘာကြောင့် ကျွန်မနားမှာ လိုက်ကပ်နေတယ်ဆိုတာကို ကျွန်မ ကောင်းကောင်းသိတယ်၊ ရှင့်အဖော် ဒုက္ခရောက်မှာစိုးလို့ မဟုတ်လား၊ ခုချိန်မှာ သူဟာ ကျွန်မရဲ့ ဩဇာတစ်ခုကိုပဲ လက်ခံတယ်၊ ကျွန်တွဲလူရဲ့ ဩဇာကို လက်မခံဘူး၊ ရှင်က ကျွန်မကို တိုက်ခိုက်လို့ သူဝင်ကူလိမ့်မယ် ထင်နေသလား'



နိုင်ချစ်နေ့ဘ်က ခင်တိုးတိုးရယ်ပြီး....

'စိတ်ချ....သူ ရှင့်ကို ဘယ်တော့မှ ဝင်မကူဘူး'

တုထန်ဟိုက အေးစက်စက် ပြောသည်။

'သူ ကူဖို့မလိုဘူး၊ ခုအချိန်မှာ မင်းဟာ ကျုပ်လက်ခုပ်ထဲကရေဖြစ်နေပြီ မိန်းကလေး'

နိုင်ချစ်နေ့ဘ် ရယ်ပြန်သည်။

'အဲဒါတော့ လုံးဝ မဖြစ်နိုင်ဘူး'

'ဘာဖြစ်လို့လဲ'

'ရှင့်နောက်ကိုပဲ ပြန်ကြည့်လိုက်စမ်းပါဦး'

တုထန်ဟိုသည် အလျင်အမြန် လှည့်ကြည့်လိုက်မိသည်။

ထိုတဒင်္ဂအတွင်းမှာပင် လည်ပင်း၌ သံကွင်းအစွပ်ခံထားရသည့် နိုင်ချစ်နေ့ဘ်သည် အခန်းအပြင်သို့ ခုန်ပျံထွက်သွားလေတော့၏။

❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

## ကွန်လုံဝမ် ရောက်ရှိလာခြင်း

'တကယ့်မြွေခွေးမကလေးပဲ'

တုထန်ဟိုလည်း ကိုယ်ဖော့ပညာသုံးကာ လိုက်ပါသွားချေ၏။

'ရပ်လိုက်'

နိုင်ချစ်နေဘ်၏ အမိန့်ပေးသံကြောင့် ဆန်ကွမ်းချီ၏ တိုက်ကွက်သည် ရုတ်ခြည်း ရပ်ဆိုင်းသွားသည်။

အလံအဖွဲ့ခေါင်းဆောင် သက်သာရာရသွားတော့၏။

တုထန်ဟိုမှာမူ နိုင်ချစ်နေဘ်၏ အမိန့်ကြောင့် ဆန်ကွမ်းချီ လာတိုက်လျှင် ခုခံရန် အသင့်ပြင်ထားလိုက်၏။



သို့သော် နိုင်ချစ်နေဘ်က တုထန်ဟိုအား တိုက်ခိုက်ရန် အမိန့်မပေးပေ။

အလံအဖွဲ့ ခေါင်းဆောင်က....

'သခင်မ၊ ကျုပ် ခုတင်ပဲ ဆုံးဖြတ်လိုက်တယ်၊ သခင်မရဲ့ သည်ပင်းက သံကွင်းကို ကျုပ် ဖြုတ်ပေးမယ်၊ ရန်သူတွေကို စုပေါင်းတိုက်ခိုက်ပြီးမှ အပြစ်ရှိမရှိ ပြန်စစ်ဆေးကြတာပေါ့'

နိုင်ချစ်နေဘ်က ရေငုံနှုတ်ပိတ်နေသည်။

အလံအဖွဲ့ခေါင်းဆောင်က ဆက်ပြောသည်။

'အခု....ကျုပ်တို့စခန်းလုပ်ထားတဲ့ အိမ်ကို ကျန်လုဂိုဏ်းက သတိပြုမိသွားပြီ၊ မကြာခင် သူတို့အားလုံး ဒီကို လိုက်လာကြလိမ့်မယ်၊ ဒါကြောင့် သခင်မအပေါ် စုံစမ်းစစ်ဆေးခြင်းကိစ္စကို ဒီမှာတင် ခဏရပ်ဆိုင်းထားလိုက်မယ်'

တုထန်ဟိုသည် အလွန်ဟာရာ သတိထားနေရတော့၏။

နိုင်ချစ်နေဘ်နှင့် အလံအဖွဲ့ ခေါင်းဆောင်တို့မှာ တစ်ဂိုဏ်းတည်း၊ တစ်ဖွဲ့သားတည်းများဖြစ်ရာ သူ့အား နိုင်ချစ်နေဘ်က သူလျှိုဟု ဖွင့်ပြောလိုက်သည်နှင့် တစ်အိမ်လုံးရှိ ကွန်လုံဝမ်၏ အဖွဲ့အားလုံးက ဝိုင်းတိုက်နိုင်လေသည်။

နိုင်ချစ်နေဘ်က တခစ်ခစ်ရယ်ရင်း....

www.burmeseclassic.com

www.burmeseclassic.com



'အပြစ်ဒဏ်ပေးမယ်ဆိုတော့လဲ ရှင်ပဲ၊ အပြစ်ဒဏ် ရပ်ဆိုင်းမယ်ဆိုတော့လဲရှင်ပဲ၊ ကျွန်မ ဖခင်ကြီးကတော့ ဘယ်တော့မှ အဲဒီလို လုပ်လေ့လုပ်ထမရှိဘူး'

အလံအဖွဲ့ခေါင်းဆောင်၏ မည်းနေသော မျက်နှာ ပို၍ မှောင်သွားသည်။

'သခင်မ ကျုပ်ကိုမစော်ကားနဲ့၊ အာဏာနှစ်မျိုးစလုံး ကျုပ်လက်ထဲမှာရှိတယ်၊ ကျုပ်တို့ဂိုဏ်း အကျိုးကျေးဇူး ရှိမယ်ဆိုရင် နှစ်မျိုးစလုံးကို အလျဉ်းသင့်သလို သုံးစွဲရမှာပဲ၊ ဘယ်အာဏာကို ဘယ်လိုသုံးရမယ်ဆိုတာ ကျုပ် သိတယ်၊ ကျုပ် ချိန်ဆတတ်တယ်'

'အလံအဖွဲ့ခေါင်းဆောင် ရှင့်အကြံကတော့ မဆိုးဘူး၊ ရန်သူတွေ ပတ်လည်ဝိုင်းနေတဲ့အချိန်မှာ ကျွန်မကို ခဏ အပြစ်လွှတ်မယ်၊ ကျွန်မ အကူအညီယူပြီး ရန်သူတွေကို တိုက်မယ်၊ ရန်သူတွေကို တိုက်ပြီးတဲ့အခါမှာတော့ ကျွန်မက သေဒဏ် ပြန်ခံရမယ်၊ တယ်ကောင်းတဲ့ အကြံဉာဏ်ပါလား'

'ကျုပ်က ဂိုဏ်းချုပ်ကြီးရဲ့ ကောင်းကျိုးအတွက် ဆောင်ရွက်တာပဲ၊ ဂိုဏ်းချုပ်ကြီးဟာ သခင်မရဲ့ဖခင်ဖြစ်တယ်၊ ကိုယ့်ဖခင် ဂိုဏ်းချုပ်ကြီးရဲ့ အကျိုးကျေးဇူးကို ဆောင်မဆောင် ဆိုတာတော့ ခင်ဗျားဘာသာ ဆုံးဖြတ်ပေတော့၊ ရှင်းရှင်းပြောရရင် ကျုပ်က ဒီနယ်ဘက်ကို တစ်ယောက်တည်း ထွက်လာခဲ့တာဒါကြောင့် အင်အားလိုနေတယ်'



'ဖခင်ဂိုဏ်းချုပ်ကြီးရဲ့ အကျိုးကျေးဇူး ရှိရာရှိကြောင်းကိုတော့ ကျွန်မ အများကြီး ဆောင်ရွက်ခဲ့တယ်၊ အခုလဲ ဆောင်ရွက်ဆဲပဲ၊ နောင်လဲ ဆောင်ရွက်ဦးမှာပဲ၊ ဒါပေမယ့် ကျွန်မက ရှင့်လက်အောက်ငယ်သား မဟုတ်ဘူး၊ ဂိုဏ်းကြီးရဲ့အကျိုးကို ဆောင်ရွက်တဲ့ နေရာမှာ ကျွန်မစိတ် ကျွန်မ သဘောနဲ့ပဲ ဆောင်ရွက်နိုင်မယ်'

အလံအဖွဲ့ခေါင်းဆောင်က အေးစက်စက်ရယ်၏။

'ကျုပ်အလံအဖွဲ့ခေါင်းဆောင်တစ်ယောက်နေဘ်ဝ ါစဉ်အရပြောရရင် သခင်မဟာ ကျုပ်ထက် အများကြီးနုပါတယ်၊ ဂိုဏ်းချုပ်ကြီးရဲ့ မွေးစားသမီးဖြစ်တဲ့ သခင်မဟာ ကျုပ်အောက် အဆင့်သုံးလောက်မှာပဲ ရှိတယ်ဆိုတာလဲ သတိထားပါဦး'

'ကောင်းပြီ၊ ကျွန်မလည်ပင်းက သံကွင်းကို ဖြုတ်ပေးပါ'

အလံအဖွဲ့ခေါင်းဆောင်သည် သတိကြီးစွာထားလျက် ချဉ်းကပ်လာ၏။

ဆန့်ကွမ်းချီနှင့် တုထန်ဟိုတို့က သူ့အား တိုက်ခိုက်မည်ကို စိုးရိမ်ခြင်းကြောင့် ဤသို့ ဂရုစိုက်ခြင်းဖြစ်ကြောင်း နိုင်ချစ်နော် သိ၏။

'လာပါ...ရဲရဲသာလာပါ၊ ကျွန်မ အမိန့်မပေးရင် ဒီသုံးနှစ်ယောက်လုံး ရှင့်ကို လက်ဖျားနဲ့မတို့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုမှာ နိုင်ချစ်နေဘ်၏ အပြုအမူများကို လုံးဝ နားမလည် သဘောမပေါက်ဘဲ ဖြစ်နေသည်။

သူ့အား သူလျှိုတစ်ဦးမှန်း သိထားပါလျက် ခွင့်လွှတ်ထားခြင်းမှာ ရှိမှရှိသေးပါ၏လောဟု စဉ်းစားနေ၏။

နိုင်ချစ်နေဘ်သည် သူမ၏လည်ပင်း၌ သံကွင်းအနှောင်အဖွဲ့ ရှိနေသေး၍ သူ့အား ခွင့်လွှတ်ထားခြင်း ဖြစ်သလော။

ထိုသို့ဖြစ်နေလျှင် သံကွင်းချွတ်ပြီးသည်နှင့် ဤအခန်းထဲရှိ လူများနှင့် အသေအကြေ တိုက်ခိုက်ရပေတော့မည်ဟု မှန်းဆ တွေးတောနေလေတော့၏။

'ဒီမိန်းကလေးဟာ သိုင်းပညာကောင်းသလို ပရိယာယ်လဲ ကောင်းတယ်၊ ရက်စက်တဲ့ စိတ်နေသဘောလဲ ရှိတယ်၊ အနှောင်အဖွဲ့က လွတ်မြောက်သွားရင်တော့ ကောင်းကောင်း သတိထားရတော့မယ်'

ထိုအချိန်မှာပင်....

အလိအဖွဲ့ခေါင်းဆောင်က လည်ပင်းမှ သံကွင်းကို ဖြုတ်ပေးလိုက်တော့၏။

နိုင်ချစ်နေဘ် အနှောင်အဖွဲ့မှ လွတ်မြောက်သွားချေပြီ။



နိုင်ချစ်နေဘ်သည် သူမ၏လည်ပင်းကို ပွတ်သပ်ပြီး တုထန်ဟိုအား ပြုံး၍ ပြောလေ၏။

'တော်သေးတယ်၊ ဘာမှမဖြစ်ပေလို့ဘဲ'

တုထန်ဟိုမှာ ကျောက်ရုပ်ကြီးလို ရပ်နေ၏။

လုံးဝ စကားမပြောပေ။

•

နိုင်ချစ်နေဘ်က....

'အလိအဖွဲ့ခေါင်းဆောင်၊ ကျွန်မဟာ ဖခင်ဂိုဏ်းချုပ်ကြီးရဲ့ အကျိုးတစ်ခုကိုပဲ ဆောင်ရွက်မယ်ဆိုတာ ယုံကြည်ထားစေချင်တယ်၊ ဒီတော့ ကျွန်မတို့ခွဲဝေပြီး တာဝန် ထမ်းဆောင်ကြတာပေါ့'

အလိအဖွဲ့ခေါင်းဆောင်က ခေါင်းညိတ်ပြီး....

'ကောင်းပါတယ်၊ သခင်မရဲ့ အကြံဉာဏ်ကို ပြောပါဦး'

'ညီမလေး ဒုက္ခရောက်နေတဲ့ဆီကိုတော့ ရှင်နဲ့ ဒီကအဖွဲ့သားတချို့ သွားကြပါ၊ ပတ်ဝန်းကျင်မှာရှိနေတဲ့ ရန်သူတွေကိုတော့ ကျွန်မကြည့်ရှင်းလိုက်မယ်၊ ဒီမှာကိစ္စပြတ်ရင် ရှင့်ဆီကိုကျွန်မတို့ လိုက်လာခဲ့မယ်'

နိုင်ချစ်နေဘ် စီမံခန့်ခွဲနေစဉ်မှာပင် သူတို့ရှိရာသို့ အင်္ကျီ ပြာရောင်ဝတ်ထားသည့် လူကြီးတစ်ယောက်၏ အပြေးအလွှား ရောက်ရှိလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူကား ဝါစဉ်ကြီးသိုင်းသမားကြီးတစ်ဦးသာဖြစ်သည်၊

သူသည် အလ အဖွဲ့ခေါင်းဆောင်ကိုရော နိုင်ချစ်နော်ကိုပါ ဂါရဝပြု၏။

နိုင်ချစ်နော်တို့ကလည်း ပြန်လည်ဂါရဝပြုရလေသည်။

'သခင်မ ကျန်းမာပါစ၊ ဆရာ ကျန်းမာပါစ'

အလ အဖွဲ့ခေါင်းဆောင်နှင့် နိုင်ချစ်နော်တို့က ပြိုင်တူပြောကြ၏။

'ကျန်းမာပါတယ်၊ လာရင်းကိစ္စက'

ထိုလူကြီးက သူတို့၏အမေးကို မဖြေဘဲ သူကပင် ပြန်မေးလိုက်သေးသည်။

'ဂိုဏ်းချုပ်ကြီး ကြွရောက်လာပါပြီလား'

အလ အဖွဲ့ခေါင်းဆောင်က ဖြေ၏။

'မရောက်သေးပါဘူး၊ ဘာထူးခြားလို့လဲ'

'ကျုပ်က ဂိုဏ်းချုပ်ကြီးနဲ့အတူ ဌာနချုပ်က ထွက်လာတာ ဂိုဏ်းချုပ်ကြီးက အလ အဖွဲ့ခေါင်းဆောင်တွေဆီ ဝင်သွား ကျုပ်ကလဲ ဌာနခွဲလေးတွေဆီ ဝင်ခဲ့ရပါတယ်'

ထိုစဉ် ဝါစဉ်ကြီးသိုင်းသမားကြီးက တုထန်ဟိုနှင့်ဆန်ကူတို့ကို ကြည့်ပြီး မေးလိုက်၏။



'သူတို့က...'

နိုင်ချစ်နော်က ရှင်းပြ၏။

'ဟိုလူငယ်က ကျွန်မ သိမ်းသွင်းထားတဲ့ လူပဲဖြစ်ပါတယ်။ လူကြီးကတော့ ဖခင်ကြီးကိုယ်တိုင် သိမ်းသွင်းထားတဲ့ လူဖြစ်တယ်'

တုထန်ဟိုမှာ စိတ်အေးသွားရသည်။

နိုင်ချစ်နော်က အဘယ်ကြောင့် ဆက်လက်ဖုံးဖိပေးနေသည်ကို ဖြစ်လုံးဝသဘောမပေါက်ချေ။

ဝါစဉ်ကြီးသိုင်းဆရာကြီးသည် တုထန်ဟိုအား ခြေဆုံးခေါင်းဆုံးကြည့်၍...

'သူ့ပုံပန်းကတော့ မဆိုးပါဘူး၊ သိုင်းပညာကကော ဘယ်လောက်လဲ၊ သုံးလို့ရပါ့မလား'

နိုင်ချစ်နော်က ပြန်ဖြေ၏။

'လက်ရည်ကတော့ မဆိုးဘူး၊ ဒါပေမယ့် ခေါင်းဆောင်သူအဖြစ် သုံးလို့ မဖြစ်နိုင်ဘူး'

နိုင်ချစ်နော်က ဖုံးဖုံးဖိဖိပြောပေးနေသည်၊ ထိုကဲ့သို့ ဖုံးဖိပေးလေ တုထန်ဟိုမှာ ဘွေး၍မရလေလေ ဖြစ်နေ၏။

ဝါစဉ်ကြီးသိုင်းသမားကြီးသည် ဓါးရှည်တစ်ကောင် လျှောက်ဝင်လာသလို တုထန်ဟိုအနီးသို့ လျှောက်ခနဲဝင်လာပြီး ချိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုက အသာအယာတိမ်းရှောင်လိုက်သည်။

'ဟင်...လျှင်လှချည်လား'

ဝါစဉ်ကြီးသိုင်းသမားကြီး၏ နှုတ်ဖျားမှ အံ့ဩသံ ထွက်ပေါ်လာ၏။

ထိုသူကဲ့သို့ပင် တုထန်ဟိုသည်း အာမေဍိတ်သံ ထွက်လု[illegible] ဖြစ်သွား၏။

အဘယ်ကြောင့်ဆိုသော် ယနေ့မှ ရောက်လာသူက မပြော[illegible] ဆိုဖြင့် သူ့အား ရှောင်တခင် ဝင်တိုက်သောကြောင့်တည်း[illegible]

'ဒီ ဒီလူ အတော်ရင်စက်ပါလား၊ ငါ့ကိုဒီလိုလုပ်တာ [illegible] ဘောလဲမသိဘူး၊ နိုင်ချစ်နေဘ်က မျက်ရိပ်ပြလိုက်လို့ အ[illegible] ဝင်တိုက်တာလားမသိဘူး၊ ဘာပဲဖြစ်ဖြစ် ငါကတော့ [illegible] ဘူ'

တုထန်ဟိုသည် 'နေလနှစ်ပါး ရောင်ခြည်ဖြာ' သိုင်းကွက်[illegible] ထုတ်၍သုံး၏။

ထိုသိုင်းကွက်မှာ ပျော့ပျောင်းသယောင်နှင့် အလှနီ[illegible] ပြင်းထန်သောသိုင်းကွက်ဖြစ်၍ အမည်နှင့် ကိုက်ညီလှပေသ[illegible]

'ကောင်းတယ်ဟေ့'



ဝါစဉ်ကြီးသိုင်းသမားကြီးက နှုတ်မှ ထုတ်ဖော် ချီးကျူးသည်။

သုံးလှမ်းခုန်၍ ရှောင်ရသည်။

ထို့နောက် ချက်ချင်းပင် တုထန်ဟိုကို ပြန်လှည့် တိုက်ခိုက်သည်။

'သိပ်ကောင်းတယ်၊ သူဟာ သာမန်လူတစ်ယောက် မဖြစ်နိုင်ဘူး၊ သိုင်းလောကထဲမှာ နာမည်ရှိတဲ့လူတစ်ယောက် ဖြစ်ရမယ်'

နိုင်ချစ်နေဘ်က...

'နာမည်ရှိတဲ့လူတစ်ယောက်ပေါ့၊ တိဗက်က နာမည်ကျော်ကျားပွတ်ဘုရင်ကြီး တုထန်ဟိုပဲ'

'ဪ...'

အသိအမှတ်ပြုသော အာမေဍိတ်သံပင်။

'ဒါကြောင့် သူ ဒီလောက် လျှင်မြန်ဖျတ်လတ်နေတာကိုး၊ ဒါတောင် သူ လက်နက်နဲ့တိုက်ခိုက်တာမဟုတ်ဘူး၊ သူ ကျားပွတ်နဲ့သာ တိုက်ခိုက်ရင် ဘယ်လောက်များ အစွမ်းထက်မလဲ မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကသားများ၏ နာမည်များရှေ့၌ လက်နက် နာမည် တစ်ခုခု တပ်ထားပါက ထိုသိုင်းသမားသည် ထိုလက်နက်ကို ကိုင်ဆွဲ တိုက်ခိုက်ရာ၌ အမှန်တကယ်တော်သူ ဖြစ်တတ်သည်။

ဝါစဉ်ကြီးသိုင်းသမားကြီးသည် တုဆန်ဟိုအား စမ်းသပ် တိုက်ခိုက်ပြီးမှ သူလာရင်းကိစ္စကို ပြောခဲ့တော့သည်။

'ဆရာသခင်မ၊ ကျုပ် ဒီကိုရောက်လာတာက သခင်မလေး အကျဉ်းအကျပ် ကျရောက်နေတယ်ဆိုလို့ ရောက်ရှိလာတာပါ၊ ကယ်ကူသဘောမျိုးပေါ့၊ ဒီရောက်တော့မှ ဒီစခန်းပတ်လည်မှာ ရန်သူတွေရှိနေတယ်ဆိုတာ သိရတော့တယ်'

အလံအဖွဲ့ ခေါင်းဆောင်က....

'ဟုတ်တယ်...ကျုပ်တို့လဲ ခပ်ပိုပိုသိကြသတင်းရလို့ ခုပဲသွားကြတော့မလို့ပဲ၊ ဂိုဏ်းချုပ်ကြီးအသာကိုစောင့်နေရင် သခင်မလေး ဒုက္ခရောက်သွားနိုင်တယ်'

'ဒီလိုလုပ်ပါလား၊ ရှင်တို့နှစ်ယောက်ပေါင်းပြီး ညီမလေးကို သွားကူလိုက်ပါ၊ ကျွန်မကတော့ ဒီစခန်းရဲ့ ပတ်ဝန်းကျင်က ရန်သူတွေကို ရှင်းရမှာပဲ'

ဝါစဉ်ကြီး သိုင်းသမားကြီးက....

'လွယ်ပါမလား၊ ဒီစခန်းပတ်ဝန်းကျင်မှာရှိတဲ့ ရန်သူတွေက မနည်းဘူး၊ အချို့ကတော့ တမင်ကို ထင်ထင် ပေါ်ပေါ်



အကောင်အထည်ပြထားတာပဲ၊ ဒါပေမယ့် အမျိုးအမည်တော့ ခွဲခြားမသိရဘူး'

'ကျုန်လုဂိုဏ်းပဲဖြစ်မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့က ကျုန်လုဂိုဏ်းထဲက လွတ်မြောက် ထွက်ပြေးလာကြတာကိုး'

အလံအဖွဲ့ ခေါင်းဆောင်က ဝင်ထောက်ခံ၏။

'အများကြီးဖြစ်နိုင်ပါတယ်၊ သခင်မလေးနဲ့ တိုက်ခိုက်ခဲ့သူတွေဟာလဲ ကျုန်လုဂိုဏ်းသားတွေပဲဖြစ်တယ်လို့ သတင်းရပြီးနေပါပြီ'

ဝါစဉ်ကြီး သိုင်းဆရာကြီးက....

'ကောင်းပြီ...ဒီတော့ ဆရာကြီးရယ်၊ ကျုပ်ရယ် သခင်မလေးကိုသွားကူကြမယ်၊ တစ်ခုတော့ရှိတယ်၊ ကျုပ်တို့မှာ အင်အားနည်းနေတယ်၊ အဲဒီ တိဗက်သိုင်းသမားကြီးကို ကျုပ်ခေါ်သွားချင်တယ်၊ ကျုပ် အမိန့်ပေး စေခိုင်းလို့ ရနိုင်တယ်ဆိုရင်ပေါ့'

'ရနိုင်ပါတယ်၊ ဖခင်ကြီး ထိန်းချုပ်ထားတဲ့ လူတစ်မျိုး ဆိုတော့ ဘယ်သူမဆို ထိန်းချုပ်လို့ရပါတယ်'

နိုင်ချစ်နေ့ကြ တုထန်ဟိုအား မသိမသာ အကဲခတ်ပြီး နေ၏....

www.burmeseclassic.com

www.burmeseclassic.com



'တဲ... ရှင်လိုက်သွားလိုက်ပါ'

နိုင်ချစ်နော်၏လေသံက နူးညံ့သည်။

တုထန်ဟိုမှာ ဘာကိုယုံရမှန်းမသိ ဖြစ်နေ၏။

ထို့ပြင် ဆန်ကွမ်းချီကို တစ်ယောက်တည်း ထားရမည့် အရေးကို စိတ်မချဘဲ ဖြစ်နေသည်။

ဆန်ကွမ်းချီတစ်ယောက် သတိ ပြန်လည်မလည် မျက်လုံးများထဲသို့ အကဲခတ်ကြည့်လိုက်သည်။

နိုင်ချစ်နော်သည် တုထန်ဟိုး၏စိတ်ထဲ၌ ဖြစ်ပေါ်နေသည့် အရာများကို ထွင်းဖောက် သိမြင်နေသည့်အလား အေးချမ်း သိမ်မွေ့စွာပြော၏။

'ရှင်... စိတ်ချသက်ချလိုက်သွားပါ။ ကျွန်မက ဆန်ကွမ်းချီကို စောင့်ရှောက်သလို ရှင့်ကိုလဲ သူတို့က စောင့်ရှောက်ပါလိမ့်မယ်'

တုထန်ဟိုသည် မတတ်သာတော့ပေ။

အလံအဖွဲ့ ခေါင်းဆောင် ဝါစဉ်ကြီး သိုင်းသမားတို့နှင့် လိုက်ပါသွားရတော့၏။

မကြာမီ အိမ်ကြီးတစ်အိမ်လုံး ငြိမ်ဆိတ်သွားလေတော့၏။



နိုင်ချစ်နော်သည် ဆန်ကွမ်းချီ၏ ပခုံးကိုပုတ်၍ အခန်းထဲသို့ ခေါ်သွား၏။

ထိုင်ခုံတစ်လုံး၌ ထိုင်ခိုင်းသည်။

ဆန်ကွမ်းချီမှာ ထုံးစံအတိုင်း ငိုင်တိငိုင်တိုင်ဖြင့် အမိန့်ပေးသမျှ လိုက်လုပ်နေ၏။

ဆန်ကွမ်းချီကိုကြည့်ပြီး နိုင်ချစ်နော် သက်ပြင်းချ၏။

ထို့နောက် သူမ၏ရင်ခွင်တွင်းမှ ဆေးပုလင်းကို နှိုက်ထုတ်ပြန်၏။

ဆေးပုလင်းအဖုံးကိုဖွင့်ကာ ဆေးလုံးကလေးများကို လက်ပေါ်သွန်လိုက်၏။

လက်ညှိုးပေါ်မှ ဆေးလုံးကလေးများကို ငေး၍ကြည့်နေသည်။

ပြဿနာတစ်ခုကို လေးလေးနက်နက် စဉ်းစားပုံရလေသည်။

ဆန်ကွမ်းချီသည်လည်း သူမ၏လက်ထဲမှ ဆေးလုံးနှစ်လုံးကို စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဆေးလုံးများသည် သူမိထားသော အဆိပ်ကို ဖြေစ နိုင်ကြောင်း အသိဉာဏ်ရှိခဲ့လျှင် ဆန်ကွမ်းချီသည် ထိုဆေးလုံး များကို လှုပ်တစ်ပြက် လုယူခဲသောက်သုံးပေလိမ့်မည်။

ယခု သူ့အတွက် အလွန်တန်ဖိုးရှိလှသော ဆေးလုံးကလေး များကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေရှာတော့သည်။

နိုင်ချစ်နော်၏စိတ်ထဲ၌ ဆန်ကွမ်းချီအပေါ် သနားစိတ်များ ထဖွားဖွား ပေါ်နေသည်။

သိုင်းပညာအရာ၌ အံ့မခန်းထူးချွန်လှသည့် ဤလူငယ်သည် မိမိနှင့် မတိမ်းမယိမ်းအသက်အရွယ်ရှိမည်မှန်း သူမ ခန့်မှန်း သည်။

မည်မျှရုပ်ပြောင်းသည်ဖြစ်စေ အသက်နှစ်ဆယ့်ငါးနှစ်ထက် မပိုဟု သူမက ယုံကြည်နေ၏။

'အင်း....သူ ဘာရည်ရွယ်ချက်နဲ့ ဝမ်ဒဂဟာထဲ ရောက်လာ ခဲ့တာလဲမသိဘူး။ အခုလို အေးနဲ့ ထိန်းချုပ်ခံထားရတော့ သူ့ သိုင်းပညာတွေ အလကားဖြစ်သွားရတာပဲပေါ့၊ နှမြောစရာ'

နိုင်ချစ်နော်သည် စိတ်ထဲမှပြောရင်း မျက်ရည်များ ဝဲလာ သည်။

ဪ...လူတကာက မြေခွေးမလေးဟု ယုံကြည်နေသည့် မိန်းကလေး၏ အသည်းနှလုံးကား အံ့ဩဖွယ်ကောင်းလောက် အောင် နူးညံ့နေပေသည်တကား။



ထိုအချိန်မှာပင် အခန်းထဲ၌ လေပြည်တစ်ချက်ဝေ့သွားပြီး နိုင်ချစ်နော်မှာ အေးစိမ့်စိမ့် ခံစားလိုက်ရသည်။

ထူးခြားသည်ဟု ယူဆမိသည့်အလျောက် နိုင်ချစ်နော်သည် အခန်းဝသို့ သမင်လည်ပြန် လှည့်ကြည့်မိတော့သည်။

'ဟင်'

အခန်းဝ၌ အစိမ်းရောင် ဝတ်စုံ ဝတ်ဆင်သည့် လူကြီး တစ်ယောက် မားမားမတ်မတ် ရပ်နေသည်တကား။

သူမသည် ဆေးပုလင်းရော ဆေးလုံးပါ ကမန်းကတန်း ရင်ခွင်ထဲသို့ ထိုးသွင်းလိုက်ပြီး ဒူးထောက်ထိုင်လိုက်၏။

ဆမ်ကွမ်းချီကမူ ထိုင်ခုံ၌ ငူငူငိုင်ငိုင်ကြီး ထိုင်နေသည်။

'ဘာတွေ စဉ်းစားနေသလဲ'

အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသူ၏ နှုတ်ဖျားမှ အေး စက်စက်မေးခွန်း ထွက်ပေါ်လာသည်။

'ကျွန်....ကျွန်မ....ကျွန်မ'

'မင်းဟာ တာဝန်တွေ အများကြီး ထမ်းဆောင်ခဲ့တယ်၊ ဒါပေမယ့် အမိန့်ပေးဓား ပျောက်ဆုံးခြင်းဟာ အဲဒီတာဝန် ထမ်းဆောင်ခဲ့တာတွေကို သံပရာတစ်ခြမ်းနဲ့ချေ ဆိုတာလို ဖြစ် သွားခဲ့ပြီ'

နိုင်ချစ်နော်မှာ ရုတ်တရက် စကားပြန်မပြောနိုင်လောက် အောင် ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘန်ကြာမှ....

'ကျွန်မ...ကျွန်မကို ကြိုက်တဲ့အပြစ်ပေးပါ၊ ကျွန်မ ခံယူဖို့ အသင့်ပါ'

ထိုသူကား မည်သူနည်း။

ထိုသူကား ကျွန်လုဂိုဏ်းနှင့်တကွ အခြားခြားသော သိုင်းသမားကြီးများက သိုင်းလောကကို အန္တရာယ်ပြုမည့် အမြီးသာဖော်ပြီး ခေါင်းမဖော်သည့် အန္တရာယ်နဂါးဟု အသိအမှတ်ပြုထားကြသည့် ကွန်လုံဝမ်ပေတည်း။

ကွန်လုံဝမ်၏ မျက်လုံးများသည် ရုတ်တရက် ဆန်ကွမ်းချီပေါ်သို့ ရောက်ရှိသွား၏။

'သူ ဘယ်သူလဲ'

ကွန်လုံဝမ်သည် ဆန်ကွမ်းချီကို ခြေဖျားမှ ဆံဖျားအထိ သေချာစွာ စူးစိုက် အကဲခတ်ပြီးမှ မေးခွန်းထုတ်လိုက်လေ၏။

'ကျွန်မ ရမ်ဒဂဟာထဲမှာရှိနေတုန်းက အဆိပ်ဆေးနဲ့ သိမ်းသွင်းခဲ့တဲ့ ကျွန်မလက်အောက်ငယ်သား တစ်ယောက်ပါ'

'သူ့မျက်နှာပေါ်မှာ ဆေးခြယ်ထားပုံရတယ်'

'မှန်ပါတယ်၊ ရုပ်ဖျက်ထားတဲ့ပုံရပါတယ်'

'ဒါဖြင့် သူ့ ဇာစ်မြစ်ကို ဘာမှ မသိရဘူးပေါ့'



'မသိပါဘူး၊ ဆေးနဲ့ ထိန်းချုပ်ပြီး ခိုင်းနေတာပါပဲ၊ စစ်မေးလို့လဲ ဘာမှမသိရပါဘူး'

'သူ့ခန္ဓာကိုယ်ပေါ်မှာ သဲလွန်စ ပစ္စည်းတစ်ခုခု ပါနိုင်တာပဲ'

'ကျွန်မ ရှာပြီးပါပြီ၊ ဘာသဲလွန်စမှ မတွေ့ရပါဘူး၊ ပထမ ရှာတုန်းကတော့ ရုပ်ဖျက်ဆေးကို ရှာတာပါ၊ ဘာမသင်္ကာရာပစ္စည်းမှ မတွေ့ပါဘူး'

'မင်းနဲ့အတူ သူ့ပါ ကျွန်လုဂိုဏ်းက ဖမ်းသေးသလား'

'သူလဲ အဖမ်းခံရပါတယ်၊ ဒါပေမယ့် တသီးတခြားစီ အဖမ်းခံရပါတယ်'

'ဒါဖြင့် ကျွန်လုဂိုဏ်းဟာ သူ့ဆီက သဲလွန်စ ပစ္စည်းတွေကို သိမ်းထားလိုက်မှာ သေချာတယ်၊ မင်းရဲ့ အမိန့်ပေး ဓားလဲ သူတို့လက်ထဲမှာပဲ ရှိမှာပဲ'

'ဂိုဏ်းချုပ်ကြီး...ကျွန်မဆီကို ဥတ္တရအလံအဖွဲ့ခေါင်းဆောင်ဆီ စေလွှတ်ခဲ့ပါသလားရှင်'

'လွှတ်လိုက်တယ်၊ အခု သူ ဘယ်ရောက်နေသလဲ'

နိုင်ချမ်ခွန်က ဥတ္တရအလံအဖွဲ့ခေါင်းဆောင်ရောက်ရှိလာပုံ၊ သည်ဂုဏ်းစုပ် သံကွင်း စွပ်ပေးပုံ၊ ယခုအခါ သူ့ပုံမြင်သူအား ဆက်ကူပေးရန် ထွက်ခွာသွားပုံတို့ကို ရှင်းလင်းပြောပြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်၏ မျက်နှာမှာ မျက်နှာသေကြီး ဖြစ်၏။

ရယ်၍လည်း ပါးစပ်ဟသည့်ပုံသာ ပေါ်သည်၊ ရယ်သည့်ပုံ မပေါ်ပေ။

ဤကဲ့သို့ မျက်နှာသေကြီးမျိုးကို မှောင်ရိပ်ထဲ တွေ့လျှင် တော်ရုံတန်ရုံလူ လိပ်ပြာလွင့်စဉ်သွားပေလိမ့်မည်။

'ကဲ...ကျွန်လုဂိုဏ်းထဲကို မင်း အကျဉ်းသားအဖြစ် ရောက်သွားပုံနဲ့ ဘယ်လိုပြန်လွတ်မြောက်လာတယ်ဆိုတာ အသေးစိတ်ပြောပြစမ်း'

'ဟုတ်ကဲ့'

နိုင်ချစ်နော်သည် ဒူးထောက်ထိုင်ရင်းမှ သူမ မည်သို့အဖမ်းခံရပုံ၊ မည်သည့်နေရာများသို့ ခေါ်ဆောင်သွားပုံ၊ နောက်ဆုံး မည်သည့်စခန်းသို့ ရောက်ရှိခဲ့ပုံနှင့် ဆန်ကွမ်း၏၊ တုထန်ဟိုတို့ပါ အကျဉ်းသားအဖြစ် ထိုတဲခေန်းအတွင်းသို့ ရောက်ရှိလာခဲ့ပုံတို့ကိုပါ အပြည့်အစုံ ရှင်းပြလိုက်လေ၏။

ကွန်လုံဝမ်က....

'နောက်ဆုံး ဒီအိမ်ကို ရောက်လာတယ် ဆိုပါတော့'

'ဟုတ်ကဲ့'

ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်က မျက်နှာသေကြီးဖြင့် ပြုံး၏



၂၆

ပါးပြင်အရေပြားများ တွန့်ခြင်းမရှိဘဲ ပြုံးလိုက်သည့် အမူအရာမှာ သေမင်းက သူ့မျက်နှာကို ပြောင်လှောင်ထုတ်ပြသည်နှင့်ပမာ တူနေ၏။

'မှန်တယ်၊ မင်းပြောသမျှ စကားအားလုံး ငါသိထားသမျှနဲ့ အားလုံး ထပ်တူထပ်မျှပဲ'

နိုင်ချစ်နော်မှာ ကြက်သီးမွေးညှင်း ထသွားတော့သည်။

တစ်စုံတစ်ရာ ခြွင်းချန် မပြောခဲ့သည်မှာ ကံကောင်းလေစွ တကား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

### ကံဆိုး တံကောင်း

နိုင်ချစ်နေဉ်သည် မွေးစားဖခင် ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်
ထောင်ချောက်ဆင် ဖမ်းမြန်းခြင်းကို သိရှိရသောအခါ ကြံ့ခို
သည့် နှလုံးသားသည် ဝမ်းနည်းမှုကြောင့် ကြေကွဲသွားထော
သည်။

မျက်ရည်များ ယိုစီးကျလာသည်။

'ကျွန်မ ဘယ်သောက်ပဲ သတ္တိရှိရှိ၊ ဘယ်လောက်ပဲရဲရင့်ရဲ
ဖခင်ဂိုဏ်းချုပ်ကြီးကိုတော့ ဆန့်ကျင်ဘက်ကနေ လိမ်ညာမပြောဝံ့ပါ
ရှင်'



ကွန်လုံဝမ်သည် နိုင်ချစ်နေဉ် မျက်ရည်ကျနေသည်ကို မြင်
နေရသော်လည်း စိတ်ထိခိုက်ပုံမရချေ။

'အမိန့်ပေးဓား ပျောက်ဆုံးသွားခြင်းဟာ အင်မတန် ကြီး
လေးတဲ့အပြစ်ဖြစ်တယ်၊ အဲဒါကို မင်းသဘောပေါက်ရဲ့လား'

'ပေါက်...ပေါက်ပါတယ်၊ အမိန့်ပေးဓား ပျောက်ဆုံးသွား
ပေမယ့် ကျွန်မ ဆေးခတ်ထားတဲ့ ဆန်ကွမ်းချိုကိုတော့ အမိန့်
ပေးဓား မပါဘဲနဲ့ စေခိုင်းလို့ ရနေပါသေးတယ်'

'ဒါက တိုက်ဆိုင်မှုပဲ၊ အမိန့်ပေးဓား မပါဘဲနဲ့ ဆေးမိတဲ့
လူတိုင်းကို အမိန့်မပေးနိုင်ဘူး'

'ဖခင်ဂိုဏ်းချုပ်ကြီး၊ ကျွန်မဟာ ဝမ်ဂေဟာထဲမှာ နှစ်
ပေါင်းများစွာ ဒုက္ခခံခဲ့ပါတယ်၊ အဲဒီ ဒုက္ခကလေးတွေကို
ထောက်ထားပြီး....'

'ဟော်တော့...အဲဒီမှာ မင်းဒုက္ခခံခဲ့တာ မှန်တယ်၊ ဒါပေ
မယ့် ရတနာသုံးမျိုးကို မင်းမှ မရခဲ့ဘဲ၊ အဲဒါ ရခဲ့ရင်တော့
အမိန့်ပေးဓား ပျောက်ဆုံးတဲ့အပြစ်ကို ချေဖျက်လို့ ရနိုင်သေး
တယ်'

နိုင်ချစ်နေဉ်သည် မျက်ရည်များကို သိမ်းလျက် ခေါင်းငုံ့နေ
တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဥတ္တရအလံအဖွဲ့ ခေါင်းဆောင်ဆီမှာ လည်ပင်းစွပ်သံကွင်းကို မတွေ့လိုက်ရဘူးလား'

'တွေ့ရပါတယ်၊ ဒီသံကွင်းတွေ့ရတဲ့အတွက် အလံအဖွဲ့ခေါင်းဆောင်က ကျွန်မလည်ပင်း သံကွင်းလာစွပ်တာကို ရဲရဲဝံ့ဝံ့ ခံခဲ့ပါတယ်၊ ဒီအချက်က ဖခင်ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အာဏာ အသက်နဲ့ဆက်ပြီး လိုက်နာတာကို ပြခဲ့ပါတယ်'

'အခု...ဘာဖြစ်လို့ လည်ပင်းမှာသံကွင်းမရှိဘဲ ဖြစ်နေသလဲ'

နိုင်ချစ်နော်က ဥတ္တရအလံအဖွဲ့ခေါင်းဆောင်၏ ရည်ရွယ်ချက်ကို ပြောပြသည်။

အင်အားလိုနေသဖြင့် ပြန်လည်ဖြုတ်ယူသွားကြောင်း ရှင်းလင်းပြောပြသည်။

ကွန်လုံဝမ်က....'

'အေး...မင်းသာ အမိန့်ပေးခဲ့ မပျောက်ဆုံးခဲ့ရင် ဥတ္တရအလံအဖွဲ့ ခေါင်းဆောင်ရဲ့လက်ထဲကို ဒီသံကွင်း မပေးလိုက်ဘူး'

နိုင်ချစ်နော်က မျက်ရည်လွှမ်းသော မျက်လုံးများဖြင့် ကြည့်ပြီး....



'အမိန့်ပေးစာဟာ အဲဒီခလောက် အရေးပါ ကြီးကျယ်မှန်း သိရှိအမှန်ပါ၊ အခုလောက် အရေးကြီးမှန်းသိရင် ကျွန်မ အသက်သာ အသေခံဘိုက်မှာပါ၊ အခုလဲ ကျွန်မ အသက်ရှင်ပြီး ပြန်ရအောင် ဆောင်ကြဉ်းပေးပါမယ်'

ကွန်လုံဝမ်သည် နိုင်ချစ်နော်နှင့် စကားပြောဆိုနေသော်လည်း စိတ်ဝင်စားဟန် မရှိချေ။

သူ၏မျက်လုံးများသည် ဆန်ကွမ်းချီကိုသာ ကြည့်နေသည်။

သူ့စိတ်ထဲ၌ ဆန်ကွမ်းချီကို တစ်နေရာရာ၌ မြင်ဖူးသည်ဟု ထင်ရှိနေ၏။

ဆန်ကွမ်းချီ ကံကောင်းသွားသည့်အချက်မှာ ကုထန်ဟိုက မျက်နှာကို ရုပ်ဖျက်ဆေး ခြယ်သပေးထားသည့် အချက်ပင်ဖြစ်သည်။

သို့မဟုတ်ပါက ဆန်ကွမ်းချီမှာ ထိုနေရာ၌ပင် မျက်ချင်း အသက်ခံရမည်မှာ သေချာနေသည်။

ဆန်ကွမ်းချီကမူ ကွန်လုံဝမ်ကို လုံးဝဂရုမစိုက်ပေ။

သူ့ထိုင်ခုံ၌ ထိုင်မြဲထိုင်နေသည်။

ပင်ကို အသိဉာဏ် ကင်းမဲ့နေသဖြင့် ကွန်လုံဝမ်ကို ကြောက်ရကောင်းမှန်း မသိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နေဘိသည် ကွန်လုံဝမ်က စကားအတော်များများ ပြောနေသဖြင့် သူ့အား အတော်ကလေး စစ်ဆေးမေးမြန်းနေသည်ဟု ထင်မိသည်။

သို့သော်....

အသေအချာ အကဲခတ်သောအခါ ဖခင်ကိုကျားချုပ်ကြီးသည် မိမိပြောနေသည့် စကားများထက် ဆန်ကွမ်းချီကို ပို၍ စိတ်ဝင်စားနေကြောင်း သတိပြုမိလာတော့၏။

ထိုအချက်ကို သတိပြုမိလည်းအတွက်လည်း သူမမှာ ကြက်သီးထသွားရပြန်တော့သည်။

'ဖခင်ကိုကျားချုပ်ကြီးဟာ ဘယ်တုန်းကမှ လူတစ်ယောက်ကို ဒီလောက် စိတ်ဝင်စားစား အကဲမခတ်ဖူးဘူး၊ သူ့စိတ်ထဲမှာ မကျေနပ်ရင် တစ်ချက်တည်းနဲ့ သတ်ပစ်လိုက်တာပဲ၊ အခုတော့ သိပ်ဆန်းကြယ်နေတယ်၊ ဆန်ကွမ်းချီကို သိပ်အကဲခတ်နေတာကိုး'

သူမသည် စိတ်ထဲမှ ပြောနေမိ၏။

သူမ ထိတ်လန့်နေစဉ်မှာပင် ကွန်လုံဝမ်သည် ဆန်ကွမ်းချီရှိရာသို့ လျှောက်သွားလေ၏။

သူသည် ဆန်ကွမ်းချီ၏ပခုံးကို လက်ဖြင့်ပုတ်ပြီး မေးခွန်းထုတ်သည်။



'မင်း....ငါ့ကို သိသလား'

နိုင်ချစ်နေဘိ၏ထိတ်လန့်မှုမှာ ငယ်ထိပ်သို့ တက်သွား၏။

ပခုံးကိုပုတ်သည့်လက်၌ အတွင်းအားထည့်လိုက်လျှင် ဆန်ကွမ်းချီသည် ထိုနေရာ၌ တုံးခနဲ လဲကျ သေဆုံးသွားပေလိမ့်မည်။

ယခုမူ ဆန်ကွမ်းချီ မသေသေးချေ။

ကွန်လုံဝမ်က သူ့လက်ဝါး၌ အတွင်းအား မထည့်သေးကြောင်း နိုင်ချစ်နေဘိ နားလည်သဘောပေါက်လိုက်သည်။

ဆန်ကွမ်းချီသည် ကွန်လုံဝမ်ကို မော့ကြည့်၏။

ခေါင်းလည်းမညိတ်၊ ခေါင်းလည်း မခါချေ။

'မင်း....ငါ့မျက်နှာကို သေသေချာချာ ကြည့်စမ်း၊ ငါ့ကို မင်း မြင်ဖူးတယ်မဟုတ်လား'

ဆန်ကွမ်းချီ ခေါင်းခါပြ၏။

ထို့နောက် ပြန်ခေးနေပြန်သည်။

ကွန်လုံဝမ်က...

'နိုင်ချစ်နေဘိ...သူ့ကိုကျွေးတဲ့ အဆိပ်ဆေးက ဘာဆေးတယ်လောက်လဲ'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နေဘ်၏မျက်နှာပေါ်၌ ခံစားမှုများ မပြန့်စဖူး ချေးပြန် နေ၏။

'ဒီလူရဲ့သိုင်းပညာက အတော်ကလေး မြင့်မားပါတယ်'

'သူ့တိုက်ခိုက်ပုံကို မြင်ဖူးလို့လား'

'ဝမ်ဂေဟာထဲမှာ မြင်ဖူးပါတယ်'

'အဲဒီတော့....'

'သူ့ကို ရိုးရိုးဖမ်းရင် မလွယ်ဘူး။ အဆိပ်ကျွေးရင်လဲ လွယ်လွယ်ကလေးနဲ့ အဆိပ်ပြေသွားမှာ စိုးတဲ့အတွက် အဆင့်သုံး အဆိပ်ဆေးကို ကျွေးလိုက်ပါတယ်'

ကွန်လုံဝမ်သည် ရုတ်တရက် တွေဝေစဉ်းစားနေတော့၏။

'ကောင်းပြီ၊ သူ့ပညာ ဘယ်လောက် ရှိသလဲဆိုတာ ငါ စမ်းသပ်စစ်ဆေးမယ်၊ သူနဲ့ငါ တိုက်ခိုက်ကြည့်မယ်၊ ငါ့ကို တိုက်ဖို့ အမိန့်ပေးလိုက်စမ်း'

'ဖခင်ဂိုဏ်းချုပ်ကြီး'

နိုင်ချစ်နေဘ်က အလန့်တကြား ခေါ်လိုက်၏။

ကွန်လုံဝမ်က....

'ဘာဖြစ်တာလဲ၊ ငါ အမိန့်ပေးနေတယ်'



'ကျွန်မ....ကျွန်မက ဖခင်ဂိုဏ်းချုပ်ကြီးကိုတိုက်ခိုက်ဖို့ ဘယ် အမိန့်ပေးရဲ့မလဲ'

ဤစကားကို နိုင်ချစ်နေဘ်က အဆင်ပြေပြေ ပြောလိုက်နိုင် သည်။

တကယ်တမ်းတွင် သူမ၏မွေးစားဖခင်ကြီးသည် ... ၏ရှင်ရည်ကို အကဲဖမ်းမရသဖြင့် သိုင်းကွက် ... အကဲဖမ်းရန် ကြံစည်ခြင်းဖြစ်ကြောင်း နိုင်ချစ်နေဘ် ...

'အင်း....ကြည့်ရတာ ဖခင်ဂိုဏ်းချုပ်ကြီးနဲ့ ဆန့်ကျင်ဘက်လဲ သူ့ ... နေရာရာမှာ ပတ်သက်ခဲ့ဖူးလိမ့်မယ်၊ ဒါကြောင့်မို့ ဒီကဲ့အခါမှာ ...ကြီးမဲ့ကြီး ထဲလွှန်စရှာနေတာပဲ ဖြစ်ရမယ်' ...ပါတယ်'

သူမသည် စိတ်ထဲ၌ ဘီးတိုးပြောရင်း တပက်ကျ ပွတ်သုံရင် ...ကြီး တကန်ဟို အလွှန်တရာ ကြံခိုင်တောင့်တင်းပြီး မျက် ...လို လူလိုလို ရုပ်ဆိုးသည့် လူနှစ်ဦးကို ပြန်လည်အမှတ်ရလာ သေသည်။

'နိုင်ချစ်နေဘ်....သူ့ကို ထိခိုက်ဒဏ်ရာရစေလိမ့်မယ် ... အမိန့် နေသလား'

ကွန်လုံဝမ်၏ အားတက်တက်စကားကြောင့် နိုင်ချစ် ... မျှော်သာ အတွေးကမ္ဘာမှ လန့်နိုးသွားရလေ၏။ ...၏ ဖခင် ...ည်။

www.burmeseclassic.com



'မ....မ.... မဟုတ်ပါဘူး၊ ကျွန်မရဲ့ လက်အောက်ငယ်သား ထဲကလောက်က ဖခင်ဂိုဏ်းချုပ်ကြီးကို....'

နိုင်ချစ်နော်၏ စကားမဆုံးမီ ကွန်လုံဝမ်က ဖြတ်၍ပြော လေ၏။

'ဝမ်း

ရှိဘူး၊ သူ့ကို ဖက်ရာရှာစေချင်လို့ မဟုတ်ဘူး၊ သူ့ အဲဒီတော့ ဘယ်အဆင့်ရှိသလဲဆိုတာရယ်၊ သူ ဘာသိုင်းကွက်

သူ့ကို ရလဲဆိုတာရယ် ကြည့်ချင်လို့ အခုလို တိုက်ခိုင်းတာပဲ'

လွယ်ကရှေ့စ်နော်မှာ တံခွန်းချိုချိုနေမိသည်၊

အဆိပ်ခဲ

ပဲဟု အောင်သိုက်ချင်မိသည်။

သူမသည် မြွေးစားဖခင်ကြီးအကြောင်း ကောင်းကောင်း သိသည်။

ဖခင်ကြီးနှင့် ရင်ဆိုင်တိုက်ခိုက်သူတိုင်း သေခြင်း သို့မဟုတ် ဖခင်ဂိုဏ်း ကျရှုံးခြင်း တစ်ခုခုနှင့် ကြုံရစမြဲသည်။

နိုင်ချစ်နေ ကြီးသည် အလွန်တရာ ရက်စက်သဖြင့် လူ့အသက်ကို ဖြစ်ရှက်မျှမလောက်ပင် တန်ဖိုးမထားကြောင်း သူမ ကွန်လုံ ကောင်းသိသည်။

'ဘာဖြို့ကွမ်းချီ၏ပညာ မည်မျှထက်မြက်သည်ဖြစ်စေ ဖခင် ပညာကို မမှီနိုင်သေး



'အင်း...တိုက်ခိုန် ပေးလိုက်ရင်တော့ ကျွားပေါ်စပ်ထဲ ယှန် သူငယ်ကို ပစ်လည်ပေးလိုက်သလို ဖြစ်သွားလိမ့်မယ်၊ ဒါပေမယ့် မတိုက်ခိုင်းလို့လဲ မဖြစ်ဘူး'

နိုင်ချစ်နော်သည် ကွန်လုံဝမ်ကို တောင်းပန်စကား ပြော လိုက်လေသည်။

'ဖခင်ဂိုဏ်းချုပ်ကြီး...သူဟာ ကျွန်မလက်အောက်ငယ်သား တွေထဲမှာ အတော်ဆုံးဖြစ်တဲ့အတွက် အဖော်လေး ထားကိုးရ ပါတယ်၊ ကျွန်မ ကျန်လုဂိုဏ်းက လွတ်မြောက်တာကလဲ သူ့ ကျေးဇူးကြောင့်ပါ၊ ဖခင်ဂိုဏ်းချုပ်ကြီး တိုက်ခိုက်တဲ့အခါမှာ သူ့ကို ညှာညှာတာတာ တိုက်ခိုက်ပါလို့ တောင်းပန်ပါတယ်'

ကွန်လုံဝမ်က အေးစက်စက်ပြော၏။

'သိပ်စကားမများနဲ့၊ သူ့ကို တိုက်ခိုက်တော့လို့ အမိန့်ပေး လိုက်စမ်း'

နိုင်ချစ်နော်သည် ဆန်ကွမ်းချီအား ပါးစပ်နှင့်ပင် အမိန့် မပေးတော့ချေ၊

လက်မြောက် အချက်ပေးလိုက်သည်။

ဆန်ကွမ်းချီကလည်း ချက်ချင်းပင် ခုန်ထွက်လာ၏။ မျှည့်သော ဖခင် လုံဝမ်၏ ရှေ့ဘက်ကို ကုင်းညွှတ်လေ၏။ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကွက်မှာ ရိုးစင်းသော်လည်း အင်အား အပြည့်အဝ ပါကြောင်း ကွန်လုံဝမ်သိ၏။

သူသည် ပခုံးလှုပ်ရုံကလေးမျှဖြင့် နောက်ဆုတ် ရှောင်တိမ်း သွားသည်။

ကွန်လုံဝမ်၏ လှုပ်ရှားပုံမှာ ညင်သာလှသဖြင့် ထိပ်တန်း သိုင်းပညာရှင်များထက် ပိုမိုထက်မြက်သူဖြစ်ကြောင်းလွယ်လွယ် နှင့် တွက်ကြည့်နိုင်ပေသည်။

ဆန်ကွမ်းချီသည် တစ်ကွက် လွတ်သွားသည်နှင့် ဆက်တိုက် ခုန်ဝင်သည်။

အလွန်တရာ ပေါ့ပါးသည်။

တိမ်လွှာများ လေထဲ၌ လွင့်မျောသည်ထက် ညင်သာ၏။

ကွန်လုံဝမ်က...

'ဒီလူ့ သိုင်းပညာ ကောင်းတယ်၊ ကိုယ်ဖော့ပညာက ပို ကောင်းနေတယ်'

ပြောပြောဆိုဆိုဖြင့် သူသည် လက်ဝါးရိုက်ချက် တစ်ချက် ဘို့ထုတ်လိုက်သည်။

ကွန်ချစ်နော် ထိတ်လန့်သွား၏။

တာဖြင့်ရမ်း၍ အော်မိမည်ကဲ့သို့ ဖြစ်သွားသဖြင့် ကပျာ ယာ သံပါးစပ်ကိုယ် ပိတ်လိုက်ရသည်။





'ဖခင်ဂိုဏ်းချုပ်ကြီးရဲ့ လက်ဝါးအားဟာ သိပ်ပြင်းတယ်၊ သူခံနိုင်မှာ မဟုတ်တော့ဘူး'

သို့သော် သူမ တွေးထင်ထားသလို ဖြစ်မလာပေ။

ဆန်ကွမ်းချီ၏ လက်ဝါးများက ကွန်လုံဝမ်၏ လက်ဝါးကို အသာအယာပင် ရိုက်ဖယ်လိုက်နိုင်သည်။

'ဘုရားရေ...ဆန်ကွမ်းချီက ဒီလောက်တောင် စွမ်းနေပါ ကလား'

နိုင်ချစ်နော်သည် စိတ်ထဲမှသာ ပြောရသည်။

နှုတ်မှ ဝစီကံမြောက် ထုတ်မပြောရပေ။

ဆန်ကွမ်းချီသည် ကွမ်လုံဝမ်၏ လက်သီးကို ဖယ်ရှားပစ် နိုင်ရုံမျှမက ဆက်တိုက်ပင် လက်သီးလေးငါးလုံး ပစ်သွင်းနိုင် သေးသည်။

'သိပ်ကောင်းတဲ့ လက်သီးတွေပဲ'

ကွန်လုံဝမ်၏ လှုပ်ရှားမှုမှာ လွန်စွာ နူးညံ့ညင်သာ၏။

အလွန်တရာ လျင်မြန်သော လက်သီးများကို ဤမျှညင်သာ စွာ ရှောင်ထွက်နိုင်ခြင်းအတွက် နိုင်ချစ်နော်မှာ သူ၏ ဖခင် ကြီးကို အထင်ကြီးပြီးရင်း အထင်ကြီးသွားမိတော့သည်။

www.burmeseclassic.com



ကွန်လုံဝမ်သည် ထိုလက်သီးချက်များ၏ နောက်ကွယ်၌ ထွက်ပေါ်လာမည့် လွတ်ကွက် ဟာကွက်ကို ရှာကြည့်သည်။

လုံးဝ မတွေ့ပေ။

ထို့ကြောင့် အနိုင်တိုက်ရန်ကိစ္စကို လုံးဝ မတွေးနိုင်ဘဲ ဖြစ်နေရသည်။

ထို့ကြောင့် တိုက်ရင်းခိုက်ရင်း သူ့၌ လူသတ်ချင်စိတ် ပေါ်လာတော့၏။

ဆန်ကွမ်းချီအား စိတ်ထင်တိုင်း မတိုက်ခိုက်ရလေ လူသတ်ချင်စိတ် ပို၍ပေါ်လာလေ ဖြစ်နေသည်။

ဆန်ကွမ်းချီ၏ တိုက်ကွက်မှာ ရေစီးကဲ့သို့ အဆက်မပြတ် ထွက်နေသဖြင့် ညင်သာရုံမျှမက ပြင်းလည်း ပြင်းထန်သည်။

နိုင်ချစ်နော်မှာ ဆန်ကွမ်းချီ၏ပညာကို ရင်သပ်ရှုမော ဖြစ်နေသည်။

ဆန်ကွမ်းချီသည် သူမ၏ဘဝ၌ အလွန်တရာ အရေးပါမည့်သူဟု စိတ်ထဲ၌ အလိုလိုထင်လာ၏။

ဆန်ကွမ်းချီ၏ သိုင်းပညာ ကောင်းမှုကြောင့်လား၊ သိုင်းလောက၌ နာမည်မရှိဘဲ ရှက်ပုန်းသီး ဖြစ်နေသည်ကို ထွေပြား လိုက်ရ၍လား၊ သို့မဟုတ် သူ့အား သူမ၏အမြဲတမ်း သက်တော်



စောင့်အဖြစ် ဤပုံစံအတိုင်း ထားချင်လို့သည့် စိတ်ကြောင့်လား၊ သူမသည် ဆန်ကွမ်းချီအပေါ် သံယောဇဉ်တွယ်သလို ဖြစ်နေသည်။

ထိုအချိန်တွင်...၊

ကွန်လုံဝမ်သည် ပြင်းထန်သော တိုက်ကွက်များ မနှမ်းတော့ပေ။

ဆယ်

ယက်ဖဝါး၊ တံတောင် အစရှိသည့် လက်တိုက်ကွက်သင့်ကိုထုတ်၍ ဆန်ကွမ်းချီ၏ပညာ မည်မျှရှိသည်ကို ဖော်စမ်း၏။

ကွန်လုံဝမ်က ရုတ်တရက် အမိန့်ပေးသည်။

'သူ့ကို ရပ်နိုင်းလိုက်စမ်း'

နိုင်ချစ်နော်သည် ထိုစကားသံကို နားထဲသို့ပျားရည်လောင်း ထည့်ခံရသလို ချိုမြသည့်စကားသံဟု မှတ်ထင်သွား၏။

ဆန်ကွမ်းချီအား အရေးတကြီး အမိန့်ပေးလိုက်သည်။

'ရပ်လိုက်'

နိုင်ချစ်နော်၏ အမိန့်ပေးသံကြောင့် ဆန်ကွမ်းချီ ရပ်ဆိုင်းသွား၏။

နိုင်ချစ်နော်၏နောက်ဘက်၌ လာရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်က....

'နိုင်ချစ်နေဘ်....သူ့မျိုးနွိုးအမည်ကို သိသလား'

နိုင်ချစ်နေဘ်က ပထမဆုံးအကြိမ် လိမ်လိုက်၏။

'မသိရသေးပါဘူး'

စင်စစ် နိုင်ချစ်နေဘ် သိပြီးပေပြီ။

ထိုဝမ်ဂေဟာကြီးထဲ၌ တုထန်ဟိုနှင့်အရုပ်ဆိုးဆိုး လူငယ် ခေါ်ဝေါ်ခဲ့သဖြင့် လည်းကောင်း၊ သူမ စစ်ဆေးမေးမြန်း ရာ၌ ဆန်ကွမ်းချီ အဖြေပေးခဲ့သဖြင့်လည်းကောင်း ဆန်ကွမ်းချီ သိရှိခဲ့ပြီး ဖြစ်ပေသည်။

သို့သော်....

ထိုမျိုးရိုး၏ အမည်ကို ပြောလိုက်ခြင်းဖြင့် ဆန်ကွမ်းချီ အတိတ်ဘဝကို တူးဖော်မိသွားပြီး ဆန်ကွမ်းချီ ဒုက္ခရောက်မည် ကို စိုးရိမ်သဖြင့် နာမည်ကို မသိရသေးပါဟု မုသား ပြော လိုက်ခြင်းသာ ဖြစ်ပေတော့သည်။

'သူ့သိုင်းကွက်တွေက သိပ်ပြီး ထူးဆန်းနေတယ်၊ သူ့ အကြောင်းရှင်းလျက်ထားရင် ငါတို့အတွက် နောက်ကြောင်းမအေး ဘူး'

နိုင်ချစ်နေဘ် စိတ်မချမ်းမသာ ဖြစ်သွားသည်။



သူမ၏ မွေးစားဖခင်ကြီးက ဆန်ကွမ်းချီနှင့် တိုက်ခိုက်မည် ဟု ဆိုကတည်းက ဤကိန်းသို့ ဆိုက်လာမည်ကို အတော်စိုးရိမ် သည်။

ယခု သူမစိုးရိမ်သည့်ကိန်းသို့ ဆိုက်ခဲ့ပေပြီ။

'ဖခင်ဂိုဏ်းချုပ်ကြီး....အခုသတ်မလို့လား၊ ကျွန်မ....ကျွန်မ'

'အခုသတ်ဖို့တော့ မလိုသေးဘူး၊ အခု လောလောဆယ် အင်အားယိုနေတယ်၊ သူဟာ အရည်အချင်းရှိတယ်၊ သူ့အသက်ကို ခေတ္တခဏ ချမ်းသာခွင့်ပေးထားလိုက်၊ ဒါပေမယ့်ဆယ်ရက် ထက်တော့ ပိုပြီး အသက်ရှည်မနေစေနဲ့'

နိုင်ချစ်နေဘ်မှာ ခေတ္တမျှ စိတ်အေးခွင့် ရသွား၏။

'ဖခင်ဂိုဏ်းချုပ်ကြီး....ကျွန်မကို ကျွန်လုဂိုဏ်းက ဖန်ဆင်းပေးပေမယ့် ကျွန်မကို နှိမ့်ချက်ခြင်း၊ ညှဉ်းပန်းခြင်း မရှိပါဘူး၊ အဲဒီ ကျေးဇူးမှလဲ မရရှိခဲ့ပါဘူး၊ တာဝန်အသစ်တွေပေးရင် ကျေပွန်အောင် ထမ်းဆောင်နိုင်ပါတယ်'

ကွန်လုံဝမ်က ရုတ်တရက် စကားမပြောတော့ပေ။ ငြိမ် စဉ်းစားနေ၏။

'ငါဟာ ငါ့အပေါ်သစ္စာရှိတဲ့လူကို ချီးမြှောက်တယ်၊ သစ္စာ ဖောက်တဲ့လူကို ဆုံးမတယ်၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ လေးအဖွဲ့ခေါင်းဆောင်တွေဟာ အရေးပါတာမှန်တယ်၊ ဒါပေ မယ့် ငါ့လျှို့ဝှက်ချက် တော်တော်များများကိုတော့ သိခွင့်မရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ မင်းတို့ မွေးစားသမီးလေးယောက်ဟာ အလံအဖွဲ့ခေါင်း
ဆောင်တွေထက် ရာထူးအဆင့် နိမ့်ခဲ့ပေမယ့် ငါ လျှို့ဝှက်ချက်
တချို့ကိုတော့ သိခွင့်ရရှိခဲ့ကြတယ်၊ ဒီတော့ ငါ့သမီး၊ သား
မယားက သစ္စာဖောက်မှာကို ငါ အစိုးရိမ်ဆုံးပဲ'

'ကျွန်...ကျွန်မ ကျွန်လုဂိုဏ်းမှာ ဘာမှ တစ်ခွန်းမဟခဲ့ပါ
ဘူး ဖခင်ဂိုဏ်းချုပ်ကြီး'

'အေးလေ...ထားလိုက်ပါတော့၊ မင်းကို ငါတစ်ခုခုကျွေး
မယ်'

'ဖခင်ဂိုဏ်းချုပ်ကြီးကသာ ကျွေးရင် အဆိပ်ဆေးတော
သိရှိမစားပြပါမယ်'

'ကောင်းတယ်'

ဟု

ကွန်လုံဝမ်၏အသံက အေးစက်စက်နိုင်လှ၏။

သူ၏အိတ်ထဲနှိုက်လိုက်သောအခါ ဆေးလုံးနှစ်လုံးထွက်
သည်။

'ဟောဒီမှာ ကြည့်စမ်း၊ ဒီဆေးလုံးနှစ်လုံး အရောင်
သလား'

နိုင်ချစ်နေ့ဘ် လှမ်းကြည့်၏။

တစ်လုံးက စိမ်းဖျော့ဖျော့အရောင်၊ တစ်လုံးက အဖြူရော



'မတူပါဘူး ဖခင်ဂိုဏ်းချုပ်ကြီး'

နိုင်ချစ်နေ့ဘ်မှာ သူမ ဖခင်၏ရက်စက်ပုံကို သိရှိထားသဖြင့်
အာခေါင်များ ခြောက်သွေ့လာတော့သည်။

ရိုးရိုးသေနိုင်သည့် အဆိပ်ဆေးဖြစ်ပါက မထောင်းသာလှ
သော်လည်း ဝေဒနာခံစားပြီး သေရသည့် အဆိပ်ဆေးဖြစ်ပါ
က သက်သာလှမည် မဟုတ်ချေ။

ကွန်လုံဝမ်သည် ထိုဆေးနှစ်လုံးကို စားပွဲခုံ ထောင့်စွန်းတွင်
တင်ထားလိုက်သည်။

'ဒီဆေးလုံးနှစ်လုံးစလုံးကို ငါကိုယ်တိုင်ဖော်စပ်ထားတယ်၊
တစ်လုံးက အဆိပ်ဆေးပဲ၊ ချက်ချင်းသေတဲ့ အဆိပ်ဆေးမဟုတ်
ဘူး၊ အူတွေ ကလီစာတွေ တဖြည်းဖြည်း ပုပ်ရိဆွေးပြီး တစ်နှစ်
လောက်ကြာမှ သေမယ်၊ တစ်လုံးကတော့ အသက်ရှည်ဆေးပဲ၊
အတွင်းအား တိုးတက်စေဖို့လဲ အထောက်အကူပြုတယ်၊ အဲဒီ
ဆေးလုံးနှစ်လုံးထဲက ကြိုက်တဲ့ဆေးလုံး ယူသောက်လိုက်ပါ'

နိုင်ချစ်နေ့ဘ်မှာ သူမဖခင်၏ ရက်စက်မှုအတွက် မျက်ရည်
များ ထပ်ကျလာပြန်သည်။

'ဖခင်ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အတိုင်းပါပဲ'

'ကဲ...ကဲ...မင်းအတွက် သက်သာရာ သက်သာကြောင်း
ဖြစ်မယ့် ဆေးလုံးကို အာရုံစိုက်ပြီး ရွေးချယ်ပေတော့'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နေ၁်သည် ဆေးလုံးနှစ်လုံးကို စူးစူးစိုက်စိုက်ကြည့်၏။

အဖြူရောင်သည် ပုလဲလုံးကလေးလို ဝင်းသန့်နေသည်။

ထိုအချက်ကိုပင် နိုင်ချစ်နေ၁် သံသယရှိ၏။

သူမ၏ မွေးစားဖခင်သည် ထင်ပေါ်ထင်ရှား ဖြစ်အော လုပ်ထားနိုင်ပေသည်။

သူမ၏ရင်ထဲ၌ လှိုင်းထနေ၏။

ဆန့်ကျင်းချီအား မကယ်နိုင်မီ သူမ သေဆုံးရတော့မည် မဟုတ်ပါလား။

နိုင်ချစ်နေ၁်သည် ဖြူဖွေးသော လက်ကလေးဖြင့် အစိမ်းရောင် ဆေးလုံးကလေးဆီသို့ လက်လှမ်းလိုက်၏။

ကွန်လုံဝမ်သည် မည်သည့်စကားမျှ မပြောဘဲ အေးစက်ကျောသော မျက်လုံးများဖြင့် မျက်တောင်မခတ်ဘဲ ကြည့်၏။

နိုင်ချစ်နေ၁်သည် အစိမ်းရောင် ဆေးလုံးကလေးကို လှမ်းယူလိုက်၏။

ကွန်လုံဝမ်က....

'မင်း ဘာဖြစ်လို့ အဖြူရောင်ဆေးလုံးကို မယူရတာလဲ'



နိုင်ချစ်နေ၁်က အဖြူရောင်ဆေးလုံးသည် အဆိပ်ဆေးလုံး ဖြစ်မည်ထင်သဖြင့် အစိမ်းနုရောင်ဆေးလုံးကိုယူခြင်းဖြစ်ကြောင်း အမှန်အတိုင်း မပြောတော့ပေ။

'ဖခင်ဂိုဏ်းချုပ်ကြီးရဲ့အကျိုးကို မဆောင်နိုင်တော့တဲ့နောက် ကံဆိုးကံကောင်း ရွေးမနေတော့ပါဘူး၊ ကံတရားအတိုင်းပဲဆိုပြီး အစိမ်းနုရောင်ဆေးလုံးကို ယူလိုက်မိတာပါ'

ကွန်လုံဝမ်က ငြိမ်သက်စွာ နားထောင်နေ၏။

'ကျွန်မမသေခင် ဖခင်ဂိုဏ်းချုပ်ကြီးကို ပြောစရာရှိတာ ပြောပါရစေ'

'ဘာပြောချင်သလဲ'

'ကျွန်မတို့ညီအစ်မလေးယောက်ရှိတဲ့အထဲမှာ ဖခင်ဂိုဏ်းချုပ်ကြီးက ကျွန်မအပေါ် အချစ်ဆုံးလို့ ကျွန်မတို့ဂိုဏ်းသားတွေ ပြောကြပါတယ်'

'ဒါလဲ မမှားပါဘူး'

'အဲဒီအချက်ကြောင့် ညီမငယ်နဲ့ညီမထွေးဟာ ကျွန်မအပေါ်မှာ အမြဲတမ်း မနာလို ဝန်တိုဖြစ်နေခဲ့ပါတယ်'

'ဒါတွေတော့ ငါမသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ဟာ ကျွန်မ ဒုက္ခရောက်မယ့် ကိစ္စမှန်သမျှ အားလုံး လုပ်ကြပါတယ်'

'အခု သေဒဏ်ကိစ္စကို သူတို့ချောက်တွန်းလို့ ငါကချမှတ် တယ်လို့ ဆိုလိုတာလား'

'မဟုတ်ပါဘူး၊ အခြေအနေကို ဖခင်ဂိုဏ်းချုပ်ကြီးသိအောင် တင်ပြအာပါ၊ နောက်ပြီး ကျွန်မဟာ ဖခင်ဂိုဏ်းချုပ်ကြီး လက်အောက်မှာ ဘာအပြစ်မှ ကျူးလွန်ခြင်း မရှိခဲ့ပါဘူး၊ ဖခင် ကြီး တာဝန်ပေးတဲ့ ဝမ်ဟော်ထဲမှာလဲ နှစ်ရှည်လများဆင်း ဒုက္ခခံပြီး တာဝန်ထမ်းဆောင်ခဲ့ပါတယ်၊ အခု နောက်ဆုံးအချိန် ကလေးကျမှပဲ ကျွန်လုဂိုဏ်းထဲ ခြေချော်လက်ချော် အဖမ်းခံ ခြင်း ဖြစ်ပါတယ်'

'ငါ တာဝန်ပေးထားတဲ့အချိန်မှာ ဘာအမှားအယွင်း မရှိဘူးဆိုတာ မှင်းမသိဘူးလား'

နိုင်ချစ်နော်သည် မျက်ရည်များ စီးကျလာပြီးနေ၏ စိမ်း လိုက်ဆေးလုံးကို ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။

'ဟော....မျိုမချနဲ့'

ကွန်လုံဝမ်၏ အေးစက်စက် အသံကြောင့် နိုင်ချစ်နော် မျိုမချသေးဘဲ ရှိသည်။



လူဆိုသည်မှာ ကိုယ့်အသက်ကို တန်ဖိုးထားကြသည်သာ ဖြစ်၏။

ထိုစက္ကန့်ပိုင်းအတွင်း၌ နိုင်ချစ်နော် အလွန်ဝမ်းသာသွား၏။

'အဲဒီဆေးလုံး ငါ့ကိုပေးစမ်း'

ကွန်လုံဝမ်က လက်ဖြန့် တောင်းခံလေ၏။

နိုင်ချစ်နော်က ပါးစပ်ထဲမှ ဆေးလုံးကို ပြန်ထုတ်ပေး လိုက်၏။

ကွန်လုံဝမ်က ထိုဆေးလုံးကို ကြည့်ပြီး....

'မင်းရွေးတာ မမှားပါဘူး၊ ဆီစိမ်းနုရောင် ဆေးလုံးဟာ အဆိပ်ဆေးလုံးဖြစ်မယ် ထင်ရပေမယ့် တကယ်တမ်းကျတော့ သူဟာ အဆိပ်ဆေးလုံး မဟုတ်ဘူး၊ ဒါဟာ အသက်ရှည်ဆေး တစ်မျိုးပဲ၊ မင်းသာ မျိုချလိုက်ရင် သိပ်တန်ဖိုးရှိသွားမယ်'

နိုင်ချစ်နော်သည် သူမ၏စိတ်ကူး မှန်ကန်သွားသည်ကို သိ လိုက်ရသည့်အတွက် ဝမ်းသာကျေနပ်သွားသည်။

သို့သော် ထိုအမှုအရာမျိုးမပေါ်အောင် သတိကြီးစွာထား နေရသည်။

ကွန်လုံဝမ်သည် အလွန်သံသယကြီးသူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နော်၏မျက်နှာကို အဆက်မပြတ် အကဲခတ်နေသော်လည်း တစ်စုံတစ်ရာ ထူးခြားချက် မတွေ့ရပေ။

သူသည် စားပွဲပေါ်မှ အဖြူရောင်ဆေးလုံးကိုပါ ကောက်ယူသိမ်းဆည်းလိုက်သည်။

'အဖြစ်မှန်တစ်ခုလုံးကို မသိချင်မှာ မင်းကို အဖြစ်ပေးရေးကိစ္စကို ခေတ္တဆိုင်းငံ့ထားမယ်'

ဤကား နိုင်ချစ်နော် သေဒဏ်မှ ကင်းလွတ်နိုင်ခွင့်ရမည့် သက်သာချက်တစ်ရပ်ပင် ဖြစ်တော့သည်။

နိုင်ချစ်နော်အနေဖြင့် အမိန့်ပေးစားကို ပြန်လည်ရအောင် ယူပေးရပေတော့မည်။

'သမီးကြီး'

ကွန်လုံဝမ် စိတ်ထား နူးညံ့နေသည့်အခါ နိုင်ချစ်နော်ကို ထိုကဲ့သို့ပင် ခေါ်တတ်၏။

'ဟုတ်ကဲ့....အမိန့်ရှိပါ ဖခင်ဂိုဏ်းချုပ်ကြီး'

'ငါ ကျုံရွာပတ်ဝန်းကျင်မှာ ငါ့ဂိုဏ်းသားတွေ ခြေရှုပ်အောင် လုပ်ထားတယ်၊ ကျန်လုဂိုဏ်းသားတွေဟာ ကျုံရွာတစ်ဝိုက်ကို ဖြိုဆင်းလာလိမ့်မယ်၊ အဲဒီအခါကျမှ ကျန်လုဂိုဏ်းရဲ့ ဌာနချုပ်ကို ဖျက်ဆီးပစ်မယ်၊ ငါနဲ့ခမည်းလဲ့ ကျော်သတောင်ကျော်သွားမယ်၊ ငါ့ပြိုင်ဘက်တွေလဲ ဒုက္ခရောက်သွားမယ်၊ သမီးကြီးကတော့ ဟောဒီ အကျဉ်းသားကိုခေါ်ပြီး ကျုံရွာကို လိုက်သွားရမယ်၊ အဲဒီမှာ ကျန်လုဂိုဏ်းနဲ့ အကြီးအကျယ် တိုက်ခိုက်ကြရလိမ့်မယ်'



'ဟုတ်ကဲ့၊ ဖခင်ဂိုဏ်းချုပ်ကြီးရဲ့အမိန့်ကို ဦးထိပ်မှာ ပန်ဆင်ပြီး အသက်ကို တန်ဖိုးမထားဘဲ တိုက်ခိုက်ပါ့မယ်'

ကွန်လုံဝမ်က ခေါင်းညိတ်၏။

'ကောင်းတယ်'

ထိုစဉ် အပြာရောင်ဝတ်စုံဝတ်ဆင်ထားသည့် လူကစ်ယောက် အပြေးအလွှား ရောက်ရှိလာသည်။

ထိုသူသည် နိုင်ချစ်နော်ကိုဦးညွှတ်ဂါရဝပြုပြီး အရေးတကြီး အမိန့်တောင်းခံလေ၏။

'သခင်မ....ထူးဆန်းတဲ့ မြင်းရဲသားတစ်စီး ဆိုက်ရောက်လာပါတယ်၊ ကျန်လုဂိုဏ်းရဲ့ အထူး ဧည့်သည်တော်လို့ ပြောပါတယ်'

ထိုဂိုဏ်းသားသည် ကွန်လုံဝမ်၏ လက်အောက်ခံ တပည့်ဂိုဏ်းသားတစ်ဦးဖြစ်သော်လည်း ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်နှင့် အဆင့်ချင်းကွာလှသဖြင့် ကွန်လုံဝမ်ကို မြင်ဖူးခြင်း မရှိကြပေ။

www.burmeseclassic.com

ထို့ကြောင့် သူ့ရှေ့၌ ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ် ရှိနေသော်လည်း အရိုအသေပေးရကောင်းမှန်းမသိဘဲ ဖြစ်နေသည်။

နိုင်ချစ်နော်သည် ထိုအဖြစ်ကို နားလည်သဘောပေါက်ပြီး ဖြစ်၍ အပိုစကားမပြောတော့ဘဲ လိုရင်းကိုသာ မေးလိုက်၏။

'သူတို့ ဘယ်နှစ်ယောက် လာသလဲ'

'လူညီးမောင်းတဲ့လူ အပါအဝင် အားလုံးလေးယောက်ပါ'

'ကောင်းပြီ... သူတို့ကို အထဲကြွပါလို့ ပင့်ဖိတ်လိုက်ပါ၊ ဒီအခန်းထဲကို လာကြပါစေ'

ထိုဂိုဏ်းသားသည် သေခင်းမျက်နှာနှင့် တူလှသော သူ၏ ဂိုဏ်းချုပ်ကြီး၏မျက်နှာကို ကြောက်ကြောက်ရွံ့ရွံ့ဖြင့် တစ်ချက် မျှကြည့်ပြီး ပြန်လည်ထွက်ခွာသွားလေ၏။

နိုင်ချစ်နော်က ကွန်လုံဝမ်အား ရှိသေစွာ မေးမြန်းသည်။

'ဖခင်ဂိုဏ်းချုပ်ကြီး၊ အဲဒီဧည့်သည်တော်နဲ့တွေ့ဆုံဦးမလား'

'ငါနဲ့ မတွေ့ဘူး၊ ဟိုဘက်အခန်းထဲမှာ ငါစောင့်နေမယ်၊ သမီးကြီးကို သူ ဘာဆွေးနွေးမလဲဆိုတာ ငါစောင့်နားထောင်မယ်'

'ဖခင်ဂိုဏ်းချုပ်ကြီး'



နိုင်ချစ်နော်က နာမည်ကို ခေါ်ပြီးမှ မပြောဘဲ ရပ်ဆိုင်းသွား၏။

'သမီးကြီး...ဘာပြောချင်လို့လဲ'

'အခုလာတဲ့ဧည့်သည်ဟာ ကျွန်မစိတ်ထင် ကျွန်လုဂိုဏ်းသားထဲက ပညာရှိသန့်ရှင်ပဲ ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်၊ သူဟာ သိုင်းပညာ လုံးဝမတတ်ပါဘူး'

'ငါသိတယ်'

'ကျွန်မ တွေ့လိုက်ရမှာလား'

'အေး...တွေ့လိုက်၊ဟိုဘက်အခန်းထဲကငါစောင့်နားထောင်မယ်'

စကားဆုံးသည်နှင့် ကွန်လုံဝမ်သည် တစ်ဖက်ခန်းထဲသို့ ဝင်သွားလေတော့၏။

မကြာမီ အချိန်အတွင်းမှာပင် အဖာအထေးများစွာ ရှိနေသည့် နက်ပြာရောင်ဝတ်စုံကို ဝတ်ထားသည့် ပညာရှိထန့်ရှင်သည် ခေါက်ယပ်တောင်ကြီးကို ဖြည်းညင်းစွာခတ်ရင်း အခန်းထဲသို့ ဝင်လာတော့သည်။

သူ၏နောက် တစ်ဖက်တစ်ချက်၌ ဓားတစ်ချောင်းစီ သိုင်းလွယ်ထားသော လူငယ်နှစ်ဦး ပါလာသည်။

www.burmeseclassic.com



သိုင်းလောက၌ ကျော်ကြားနေသော လက်ယာရံလူငယ်နှင့် လက်ဝဲရံလူငယ်တို့ဖြစ်သည်မှာ မလွဲချေ။

ထန်ရှင်က နိုင်ချစ်နော်ကို ဂါရဝပြု၏။

'မမျှော်လင့်ဘဲ ရောက်လာတဲ့အတွက် မိန်းကလေး အံ့သြနေမလား မသိဘူး'

'မအံ့သြပါဘူး....ဆရာကြီးရဲ့ သတ္တိကိုတော့ ချီးကျူးပါတယ်'

ထန်ရှင်က အေးချမ်းစွာ ရယ်သည်။

'ဘာသတ္တိရှိစရာလိုသလဲ၊ ကျုပ်က ကျန်လူဂိုဏ်းရဲ့တမန်ပဲ၊ နောက်ပြီး ဧည့်သည်လဲ ဖြစ်ပါသေးတယ်၊ ဘာဘေးအန္တရာယ်ရှိမှာလဲ'

နိုင်ချစ်နော်က ဦးညွှတ်ဂါရဝပြုလျက်....

'ထိုင်ပါဆရာကြီး'

ပညာရှိထန်ရှင်သည် ထိုင်ခုံလေးတစ်ခု၌ ဝင်ထိုင်သည်။

လူငယ်နှစ်ယောက်သည် သူ့နောက်ပါး၌ ကပ်၍ရပ်နေ၏။

နိုင်ချစ်နော်သည် ဤလူငယ်နှစ်ယောက်ကို အထင်မသေးချေ။



ပညာရှိထန်ရှင်သည် ဤလူငယ်နှစ်ယောက်၏ စွမ်းရည်ကို စိတ်မချဘဲ ဤကျားခံတွင်းထဲသို့ ဝင်လိမ့်မည် မဟုတ်ကြောင်း နိုင်ချစ်နော် သိသည်။

'ဆရာကြီး ရှင်ဟာ ကျားပါးစပ်ထဲကို ဝင်လာတာပါ'

'မိန်းကလေး ထင်နေလို့ပါ'

ထန်ရှင်က ဆန်ကွမ်းချီ၏ မျက်လုံးများကို သေချာစွာကြည့်ပြီး....

'ဟောဒီလူငယ်ဟာ အဆိပ်မိနေတယ်'

နိုင်ချစ်နော်သည် ဆန်ကွမ်းချီနှင့် ပတ်သက်သည့်အကြောင်းအရာများကို ဤနေရာ၌ ထုတ်ဖော် မပြောလိုပေ။

တစ်ဖက်ခန်းထဲ၌ ကွန်လုံဝမ်ရှိနေရာ ထိုအကြောင်းများကို ကြားသိသွားပြီး ဆန်ကွမ်းချီအား ယနေ့ပင် သတ်ဖြတ်ပစ်လိုက်မည်ကို စိုးရိမ်နေသည်။

'ရှင်....တံခါးပေါက်မှာ သွားစောင့်နေစမ်း'

သူမသည် ဆန်ကွမ်းချီအား နာမည်မခေါ်ဘဲ အမိန့်ပေးလိုက်၏။

ဆန်ကွမ်းချီ ရှိုပ်ခနဲ ခုန်ထွက်သွားသည်။

ထန်ရှင်၏ သက်တော်စောင့် လူငယ်နှစ်ယောက်၏ မျက်လုံးများသည် ဆန်ကွမ်းချီ ထွက်သွားရာသို့ လိုက်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

ခန္ဓာကိုယ်ကမူ လုံးဝလှုပ်ရှားခြင်း မရှိကြပေ။

ဆန်ကွမ်းချိုသည် တံခါးဝ၌ရပ်ကာ ကျောက်ရုပ်ကြီးလို ရပ်နေတော့သည်။

ထန်ရှင်ကမူ ခေါက်ယပ်တောင်ကို ဖြည်းညင်းစွာ လှုပ်ခတ်ရင်း ခပ်ပြုံးပြုံး မေးလေ၏။

'မိန်းကလေးက ကျုပ်ကို ကျားပါးစပ်ထဲ ဝင်လာတဲ့လူလို့ ထင်နေသလား'

'ဆရာကြီး တစ်ခုသိထားဖို့က ကျွန်မတို့ဂိုဏ်းဟာ အထက်လမ်းဂိုဏ်း မဟုတ်ဘူး ဆိုတာပဲ၊ ဘယ် အောက်လမ်းဂိုဏ်းရဲ့ ကတိကိုမှ မယုံရဘူးဆိုတာ ဆရာကြီးသိထားမယ်လို့ ယုံတာပဲ'

ထန်ရှင်က ရယ်၏။

'ကျုပ်လဲ မယုံပါဘူး'

'ဒါဖြင့်....ဘာဖြစ်လို့....'

'ကျွန်လုဂိုဏ်းရဲ့ လေးဆယ့်ရှစ်အဖွဲ့ဟာ ဒီအိမ်ကိုဝိုင်းထားတယ်၊ ကျုပ်ဆီက အချက်ပေးသံကြားရင် သူတို့အားလုံး မုန်တိုင်းတိုက်သလို ဝင်လာကြလိမ့်မယ်'



နိုင်ချစ်နော် အနည်းငယ်တုန်လှုပ်သွား၏။

ဤအိမ်ထဲ၌ ခုခံနိုင်သူ အနည်းငယ်သာရှိသည်။

ဂိုဏ်းချုပ်ကြီးကွန်လုံဝမ်နှင့် ဆန်ကွမ်းချိုတို့ ရှိနေကြသော်လည်း လေးဆယ့်ရှစ်အဖွဲ့၏ စွမ်းရည်ကို မသိရသေးသဖြင့် အောင်ရန်ကို လုံးဝကာင်းချင်းသည်ဟု အမဝန်ခံ မခံနိုင်ချေ။

'ကျွန်မစိတ်ထင် ကျွန်မလှုပ်ရှားလိုက်ရင် ဆရာကြီးအနေနဲ့ ဘာမှ အချက်ပြနိုင်ခွင့်ရှိတော့မယ် မထင်ဘူး'

ထန်ရှင်က အသာပြုံးရင်း ခေါက်ယပ်တောင်ကို သိမ်းလိုက်လေ၏။

'ဒါတွေ ထားလိုက်စမ်းပါ၊ ကျုပ်က လူတစ်ယောက်ကို လာစုံစမ်းတာ'

'ဘယ်သူ့ကို လာစုံစမ်းတာလဲ'

'ကွန်လုံဝမ်'

နိုင်ချစ်နော်က မျက်ခုံးပင့်တင်ရင်း....

'ရှင်....ဘယ်သူ့ကိုတွေ့ချင်တယ်၊ ပြန်ပြောစမ်းပါဦးရှင့်'

'ကွန်လုံဝမ်'

'ဘာကိစ္စလဲ'

www.burmeseclassic.com

www.burmeseclassic.com



'လူတစ်ယောက်အကြောင်း စုံစမ်းချင်လို့ပါ'

နိုင်ချစ်နော်က မရှင်းလင်းသဖြင့် ပြန်မေး၏။

'ဘယ်သူလဲ၊ ကွန်လုံဝမ်ကို စုံစမ်းချင်တာလား၊ တခြားလူတစ်ယောက်ကို စုံစမ်းချင်တာလား'

'အဲဒီကိစ္စက ကွန်လုံဝမ်နဲ့တွေ့ရင် ရှင်းသွားပါလိမ့်မယ်၊ မိန်းကလေးကို ရှင်းပြလို့ မဖြစ်နိုင်ဘူး၊ အကြောင်းရပ်တွေက သိုပ်ပြီး ရှုပ်ထွေးလွန်းတယ်၊ ရှေးသရောအခါက ပြန်စရလိမ့်မယ်'

နိုင်ချစ်နော်က အေးစက်စက်ရယ်လေ၏။

'ဆရာကြီး အလာမှားနေပြီ၊ ကွန်လုံဝမ်ကို လွယ်လွယ်တွေ့ခွင့်မရဘူး၊ စည်းကမ်းချက် နှစ်ခုရှိတယ်'

'ဘာစည်းကမ်းတွေလဲ'

'ကွန်လုံဝမ်ကို တွေ့နိုင်တဲ့ ပထမစည်းကမ်းကတော့ ကျွန်မတို့ဂိုဏ်းထဲကို ဂိုဏ်းသားအဖြစ်ဝင်ရမယ်၊ ကျွန်မတို့ဂိုဏ်းထဲမှာ တစ်သက်လုံး သစ္စာရှိဂိုဏ်းသား လုပ်သွားရမယ်'

ထန်ရှင်သည် ယပ်တောင်ကိုဖြန့်၍ ဖြည်းညင်းစွာ ခတ်လေသည်။



'နောက်စည်းကမ်းတစ်ခုကရော'

'ဒုတိယစည်းကမ်းကတော့ ရှင်းတယ်၊ တွေ့ပြီးတာနဲ့ သေရမယ်'

ထန်ရှင်က ပြုံး၍ခေါင်းခါ၏။

'နှစ်ခုစလုံး ကျုပ်ဆန္ဒနဲ့မကိုက်ညီဘူး၊ ဒီပြင်စည်းကမ်းမရှိတော့ဘူးလား'

'အခြားစည်းကမ်း မရှိတော့ဘူး၊ ကျွန်မပြောတဲ့ စည်းကမ်းနှစ်ချက်ကိုလိုက်နာပြီး တွေ့ဆုံရင်တော့ တွေ့ဆုံခွင့်ရမယ်၊ အဲဒီနှစ်ချက်ကို မလိုက်နာနိုင်ရင်တော့ ဆရာကြီးပြန်ပေတော့'

ထန်ရှင်က ခပ်အေးအေးပင် ပြောသည်။

'ကျုပ် သူနဲ့တွေ့ရဖြစ်မယ် မိန်းကလေး'

နိုင်ချစ်နော်က ခပ်မာမာပြော၏။

'ကွန်လုံဝမ်ကို ရှင်က ဘယ်လိုလူစားမျိုးမှတ်နေသလဲ၊ ရှင်တွေ့ချင်တိုင်း တွေ့လို့ရမယ် ထင်နေသလား'

ထန်ရှင်ကပြုံး၍ တစ်ဖက်အခန်းသို့ ယပ်တောင်ဖြင့် ထိုး၍ ညွှန်ပြလေ၏။

'မိန်းကလေး...ကျုပ်သာ အထင်အမှားမဟုတ်ဘူးဆိုရင် ကွန်လုံဝမ်ဟာ ဟိုဘက်အခန်းမှာ ရှိနေပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်၏ ခန့်မှန်းချက်မှာ သေချာထွက်အောင် မှန်ပေသဖြင့် နိုင်ချစ်နေ၏မှာ တုန်လှုပ်သွားသည်။

'သူ့ကို လုံးဝညာလို့ မရပါကလား'

ထိုစကားကို စိတ်ထဲ၌ကျိတ်၍ ပြောနေမိသည်။

သူမက....

'ဆရာကြီး....ရှင့်ကို ပရိယာယ်ဝေဝုစ်ကောင်းတယ်၊ ဉာဏ်နီဉာဏ်နက်များတယ်လို့ သိုင်းလောကထဲက ချီးကျူးကြတယ်၊ ကျွန်မတို့ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်ကတော့ သိုင်းပညာမှာ ပြိုင်ဘက်ကင်းတယ်၊ ဉာဏ်ကောင်းပြီး သိုင်းပညာ လုံးဝမတတ်မြောက်တဲ့ ဆရာကြီးအနေနဲ့ ကွန်လုံဝမ်ကို ဘယ်လိုတွေ့ဆုံမှာလဲ'

ထန်ရှင်က ရယ်သည်။

'စာပေတတ်ကျွမ်းမှုနဲ့ သိုင်းပညာ တတ်ကျွမ်းမှုဟာ သူ့နေရာနဲ့သူ အသုံးဝင်တာပဲ၊ လောကကြီးထဲမှာ အရာရာကို သိုင်းပညာနဲ့ မဖြေရှင်းနိုင်ဘူး'

'ဪ....ဒီလိုလား'

သူမသည် ဆန်ကွမ်းချီကို လက်ခုပ်တီး၍ လှမ်းခေါ်လိုက်၏။



'သိုင်းပညာကိုအထင်သေးတဲ့ ဟောဒီဆရာကြီးကို နည်းနည်းလောက် ဆုံးမလိုက်စမ်း'

ဆန်ကွမ်းချီသည် ထန်ရှင်၏ရှေ့သို့ ခုန်ဝင်လာ၏။

သို့သော်....

သူနှင့်ပြိုင်တူ လှုပ်ရှားသူမှာ ထန်ရှင်၏ နောက်ပါး၌ရပ်နေသည့် လူငယ်နှစ်ဦးပေတည်း။

[illegible]လှုပ်ရှားမှုကလည်း မြန်လှသည်။

ဆန်ကွမ်းချီအဖို့ ထန်ရှင်အား ဘေးရန်ပြုချိန် မရတော့ပေ။

'ဝုန်း'

ဆန်ကွမ်းချီက လူငယ်နှစ်ဦးအား လက်ဝါးဖြင့်ရိုက်၏။

လူငယ်နှစ်ဦးကလည်း နှစ်ကိုယ်တစ်စိတ် ပူးပေါင်းကာ တားဆီးခံကြလေ၏။

ပြည်ဟိန်းသော အသံနှင့်အတူ ဆန်ကွမ်းချီရော လူငယ်နှစ်ဦးပါ နောက်ဆုတ်သွားရ၏။

လူငယ်နှစ်ဦးတို့၏ ပူးပေါင်းအားကား မသေးငယ်လှချေ သော။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

## မေးနှင့် ကြိုးကွင်း

'ရင်လိုက်ကြစမ်း'

အခန်းတွင်းမှ ကွန်လုံဝမ်၏ အသံသည် ဟိန်း၍ထွက် သည်။

နိုင်ချစ်နော်သည် ဆန်ကွမ်းချီအား ကပျာကယာ ရှ ပေးလိုက်ရသည်။

ဆန်ကွမ်းချီသည် နိုင်ချစ်နော်၏နောက်ပါးသို့သွားရပ်

ထန်ရှင်သည် အစိမ်းရောင်ဝတ်ရုံ ဝတ်ဆင်ထားပြီး ရှ သေကြီးဖြင့် အခန်းထဲမှထွက်လာသော ကွန်လုံဝမ်အား သည့်အနေဖြင့် မတ်တတ်ရပ်ကာ ဂါရဝပြုလိုက်သည်။



ထို့နောက် သူ၏သက်တော်စောင့်လူငယ်နှစ်ဦးအားတီးတိုး အမိန့်ပေးလိုက်၏။

'မင်းတို့နှစ်ယောက် အပြင်မှာ သွားစောင့်နေကြ'

ကွန်လုံဝမ်က နိုင်ချစ်နော်အား လှမ်း၍အမိန့်ပေးသည်။

'မင်းလဲ ထွက်သွား၊ အခန်းအပြင်မှာပဲ စောင့်နေ'

နိုင်ချစ်နော်က ဦးညွှတ်အရိုအသေပြုပြီး ဆန်ကွမ်းချီအား အသ ခေါ်ဆောင်ကာ ထွက်သွားသည်။

အခန်းထဲ၌ ပညာရှိထန်ရှင်နှင့် ကွန်လုံဝမ်တို့သာ ကျ တော့၏။

ထန်ရှင်က သူ့ယပ်တောင်ကို ခေါက်သိမ်းလိုက်၏

သူ့ရင်ခွင်အတွင်း၌ လျှို့ဝှက်ယူလာသော စာ ကို ထုတ်လိုက်သည်။ သာ စကားသံ

ထိုစာသား နိုင်ချစ်နော် ပျောက်ဆုံးခဲ့သည့် 'အ ခား' ပင်တည်း။

'ညီတော်က နောင်တော်တို့ ပျောက်ဆုံးနေပြီလို့ ယူဆတဲ့ အမိန့်ပေးစာကို လာပြန်ပို့တာပါ'

ထန်ရှင်၏စကားကို ကြားသောအခါ ကွန်လုံဝမ်က လ ထံမှစာကို လှမ်းကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမယူသေးဘဲ မေးခွန်းထုတ်သည်။

'ဘယ်သူ့ကို နောင်တော်လို့ ခေါ်တာလဲ၊ ခင်ဗျားနဲ့ ကျုပ်က လူစိမ်းတွေပဲ၊ ရန်သူတွေဆိုရင် ပိုမှန်ပါလိမ့်မယ်၊ အခုတော့ ကျွန်လု ဂိုဏ်းသားတွေနဲ့ ကျုပ်ဂိုဏ်းသားတွေ တိုက်နေကြပြီပဲ'

ထန်ရှင်က ပြုံးချို၍ပြော၏။

'ကျွန်လုံဝမ်ကို နောင်တော်လို့ ခေါ်တယ်'

ကျွန်လုံဝမ်က ခေါင်းခါ၏။

'စိမ်းတစ်ယောက်ကို နောင်တော်လို့ မခေါ်သင့်ဘူး'

'ဘူ ညီအစ်ကိုနှစ်ယောက်အနက်က ညီဖြစ်သူက အစ်ကို နောင်တော်လို့ မခေါ်သင့်ဘူးလား'

'ဘယ်လိုလုပ် ဆရာတူ ညီအစ်ကိုဖြစ်မလဲ၊ ယုတ္တိမရှိတဲ့စကား မပတ်သက်ချင်စမ်းပါနဲ့'

'ဘာဖြစ်လို့ ယုတ္တိမရှိရမှာလဲ၊ ခုလို တိုတောင်းတဲ့ အချိန်အတွင်းမှာ ဂိုဏ်းသစ်ကြီးတစ်ခု တည်ထောင်နိုင်ခဲ့တဲ့ လူဟာ ကျွန်တော့်ရဲ့ ဆရာတူ နောင်တော်မဟုတ်လို့ တခြားဘယ်သူ ဖြစ်နိုင်မှာလဲ'

ကျွန်လုံဝမ်က ရယ်သည်။



သူ့မျက်နှာမှ အရေပြားများက မတွန့်သဖြင့် ရယ်မောသော်လည်း ရယ်မောသည်နှင့် မတူချေ။

'တကယ်တော့ ဆွေမျိုးအစပ်ကောင်းတာပဲ၊ ကျွန်လုဂိုဏ်းရဲ့ ပညာရှိထန်ရှင်နဲ့ တွေ့ရတဲ့အတွက် ကျုပ်ဂုဏ်ယူပါတယ်၊ တခြား ရယ်စရာ စကားတွေကိုတော့ မပြောစေချင်ပါဘူး'

'နောင်တော်...မူလမျက်နှာကို မျက်နှာဖုံးနဲ့ ဖုံးကွယ်ထားနိုင်ပေမယ့် နောင်တော်ဟာ အသံကိုတော့ မဖျက်ခဲ့ဘူး၊ ဒီအသံကို ညီတော် ကောင်းကောင်း မှတ်မိပါတယ်'

ကျွန်လုံဝမ် ငြိမ်သက်သွား၏။

ထန်ရှင်က အမိန့်ပေးဓားကို လှမ်းပေး၏။

'နောင်တော်...အမိုးဟန်ဓားကို ပြန်ယူပါ'

ကျွန်လုံဝမ်ထံမှ အေးစက်မာကျောပြီး ရန်လိုသောစကားသံ ထွက်ပေါ်လာလေတော့၏။

'ထန်ရှင်...မင်းကို လက်ညှိုးတစ်ချက် ထောက်ရုံနဲ့ သတ်ပစ်နိုင်တယ်ဆိုတာ သိရဲ့လား'

ထန်ရှင်က ပြုံးပြုံးရွှင်ရွှင်ပင် ပြော၏။

'ညီတော် သိပါတယ်၊ ဒါပေမယ့် ညီတော် သေပြီးရင် နောင်တော် စိတ်ညစ်ရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာကြောင့်လဲ'

'ညီတော်သေရင် နောင်တော်ဟာ သိင်းလောကမှာ ကေရာဇ်တစ်ပါး ဖြစ်တော့မယ်၊ အဲဒီအခါကျမှ ပြိုင်ဘက်မရှိရင် သိင်္ဂ စိတ်ညှစ်ရလိမ့်မယ်'

'မင်းက ဒီအသွေးအသားလေးတွေနဲ့ ကျွန်လုဂိုဏ်းသား အဖြစ် မ ျှော်ကြားနေတာကိုး'

'ညီတော်က နောင်တော်နဲ့လာက် လျှမ်းလျှမ်းတောက်လဲ မနေကျ ကြားပါဘူး'

'အား....ဒါပေမယ့် မင်းကိုယ်မင်း ငါ့ကို ပြိုင်ဘက်လို့ သတ်မှတ်ထားတာမဟုတ်လား၊ ဒီတော့ ငါ့အနေနဲ့ ငါ့ပြိုင်ဘက်ကို အသက်ရှင်လျက် မထားနိုင်ဘူး'

ကွန်လုံဝမ် ရွှေ့သို့တိုးလာ၏။

ထန်ရှင်ကို အကာအကွယ်ပေးသည့် လက်ဝဲရံ လက်ယာရံ လူငယ်နှစ်ဦး မရှိတော့သဖြင့် သိုင်းပညာ လုံးဝ မတတ်သော ထန်ရှင်အဖို့ သေဖွယ်ရာသာ ရှိတော့သည်။

ထန်ရှင်သည် လုံးဝ မကြောက်ရွံ့မှုမက ယပ်တောင်ကို ပြန်ထုတ်ပြီး ယပ်ခတ်နေလိုက်သေး၏။

ကွန်လုံဝမ်၏ အမိန့်ပေးခေါ်မှုမှ ခုံပေါ်၌ ရောက်ရှိသွား ပေပြီ။



'နောင်တော်က ယော်စိတ်မပျောက်သေးပဲကိုး၊ ညီတော်ကို သုံးဖြည်းမှသတ်လဲ ရပါတယ်'

ကွန်လုံဝမ်က ခေါက်မြှောက်လိုက်၏။

ထန်ရှင်က ဆက်ပြောနေသည်။

'နောင်တော်လဲ သိသားပဲ၊ ညီတော်ကသိုင်းပညာ ...ပဲ၊ အခုလဲ တတ်ပါဘူး၊ လက်နုပ်ထဲကနေရာ ...တော်က ပြန်မျှားကြောက်နေသလား'

'မင်းက အရဲကိုးပြီး ...ရဲတောကို တိုးလာတာ ...အပြစ်မရှိဘူး'

သန်ရှင်က ပြုံး၏။

'နောင်တော်လဲ ညီတော့်အကြောင်းသိသားပဲ၊ ညီတော် ...ဘယ်တုန်းကမှ မသေချာတဲ့ အလုပ်ကို လုပ်လိုလဲ၊ ...နောင်တော် ဆီရောက်ရင် နောင်တော်က ညီတော့်ကို ...မယ် ကြိုတင်သိထားတာပဲ၊ အဲဒါကိုမှ ညီတော်က အကာ ...ကွယ်မလုပ်ခဲ့ဘူးဆိုရင် ညီတော်လောက်မိုက်တဲ့လူ ဘယ်ရှိ ...တော့မလဲ'

'ဟား....ဟား....ဟား....မင်း အကာအကွယ်ကို ငါ ...ရှိ ...တ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ညီတော်မသိလို့ မေးစမ်းပါရစေဦး၊ ညီတော်မှာ ဘာ အပြစ်ရှိလို့ သတ်မှာလဲ'

တစ် 'ဘာအပြစ်ရှိလို့လဲ ဟုတ်လား၊ အေး...အရှင်းဆုံး ပြော

စိတ်ညှင်တော့ မင်းဟာ ကျုန်လုဂိုဏ်းကို အလုပ်အကျွေး ပြုနေ

ခဲ့'

အပြစ် ဘုန်းရှင်က ပြုံး၍ပြော၏။

'ညီတော့သတ်တာလဲ သတ်တာပေါ့သော၊ ခလောလောဆယ်ဆယ် မကျေခဲ့တော့ နောင်တော် ခြေလေးငါးလှမ်းလောက် ဆုတ်ပေး

ပေါ'

မှတ်ယာ 'ဘာလဲ...ဒီခြေလေးငါးလှမ်းဆုတ်ပေးလိုက်ရင် မင်းကျွ အသက်ရှင်သွားမယ်ထင်သလား၊ မထင်ပါနဲ့၊ ငါ့ရဲ့ လေခုတ် လက်ဝါ ယိုင်းဟာ ခြေလှမ်းဆယ်လှမ်းအကွာက ကျောက်ခဲကို ကြေ သွားစေနိုင်တယ်၊ မင်းကို ခြေလှမ်း ဆယ်လှမ်း ဆုတ်ပေး မင်း မလွတ်နိုင်ဘူး'

'ရပါတယ်၊ ညီတော်ပြေးမယ် ကြံတဲ့အခါ အဲဒီသိုင်းကို သုံးပါ၊ ခုတော့ နောက်ဆုတ်ပေးပါ'

ကွန်လုံဝမ်က တဖြည်းဖြည်း နောက်ဆုတ်ပေးသည်။

'နောင်တော်...ကျွန်တော်တို့ နှစ်ယောက်ရဲ့ ကျေးဇူးရှင် ဆရာကြီးဟာ ကျွန်တော့်ကို အရေးကြီးတဲ့ စကား တစ်ခွန်း ပြောခဲ့တယ်၊ နောင်တော့်ကို ပြောခဲ့သလားတော့ မသိဘူး



'ငါ့ကိုတော့ ဘာမှမပြောဘူး'

'ဆရာကပြောခဲ့တယ်၊ ဆရာ အသက်မထွက်ခင် ကလေးမှာ ပြောခဲ့တာပါ၊ နောင်အနှစ်နှစ်ဆယ် ကြာတဲ့အခါမှာ မင်းနဲ့ မင်းနောင်တော်ဟာ သေရေးရှင်ရေးတိုက်ပွဲကြီး တိုက်ကြလိမ့် မယ်တဲ့၊ ဆရာပြောခဲ့တဲ့စကားဟာ တကယ်မှန်ကန်တယ်ဆိုတာ အခု အနှစ်နှစ်ဆယ်ကြာတော့မှပဲ သိတော့တယ်'

ကွန်လုံဝမ်က လှောင်ပြောင်သလို သရော်သလိုရယ်လိုက် ၏။

မျက်နှာပေါ်၌ အရေပြားတူရှိနေသဖြင့် သာမန်လူများ ရယ်သည်နှင့် မတူတော့ပေ။

'ဟင်း...ဟင်း...ဟင်း...သူက အနာဂတ်ကို ကြိုတင်သိနေ တယ်လို့ ဆိုပါတော့'

'သိလား မသိလားတော့ ကျွန်တော် အတတ်မပြောနိုင်ပေ မယ့် တောတောကစကားကိုတော့ သေသေချာချာပြောခဲ့တယ်'

'ဟင်း...အလကားစကားတွေ၊ သူသိရင် ဘာဖြစ်လို့ ငါ့ကို သူ့တပည့်အဖြစ် လက်ခံခဲ့လဲ'

'ဆရာဟာ သိုင်းပညာသာမက နက္ခတ်ဗေဒင် အစရှိတဲ့ ပညာတွေကိုပါ တတ်တယ်၊ ကျွန်တော့်ကိုလဲ ဒါတွေသက်ဆိုင် သင်ပေးခဲ့တာပဲ၊ နောင်တော့်ကို လက်ခံခဲ့တာကတော့ ကံ

www.burmeseclassic.com

www.burmeseclassic.com



တရားကြောင့်ပဲ၊ ဆရာဟာ ကံကြမ္မာရဲ့ ဖန်တီးစေချက်ကို တော့ ဘယ်တော့မှ မငြင်းပယ်ပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ လောကမှာ ကံကြမ္မာသာ စွမ်းအားအရှိဆုံးလို့ ဆရာက ယူဆ ခဲ့လို့ပဲ၊ ဒါပေမယ့် ကံကြမ္မာရဲ့ အဆိုးရွားဆုံးဖန်တီးနိုင်မယ့် အချက်တွေကိုတော့ တတ်နိုင်သမျှ လျော့ပါးအောင် လုပ်နိုင် တယ်လို့လဲ ယုံကြည်ထားပါတယ်၊ ဒါကြောင့်လဲ ကျွန်တော့် ကို သာကတ်ခွဲမြားထားတဲ့ ပညာ ဗေဒသုတ၊ နက္ခတ်၊ ဗေဒင် အစရှိတဲ့ ပညာအားလုံးကို ဆရာစားမချန် သင်ကြားပေးခဲ့ တာပဲ'

ကွန်လုံဝမ်က ရယ်သည်။

'မင်းကတော့ သူ့ လက်ချင်းဘပည့်ဆိုပါတော့လေ၊ ငါက တော့ ဓာပည့်ဆိုး ဆိုပါတော့လေ ဟား...ဟား...ဟား'

'ဆရာဟာ နောင်တော့်အကြောင်းကို သိပါတယ်၊ နောင် တော်ဟာ စိတ်ဓာတ်သေးသိမ်တယ်၊ ခက်ထန်ကြမ်းကြုတ်တယ်၊ ရက်စက်တယ်၊ အပြောင်းအလဲမြန်တယ်၊ ကြီးမြင့်လိုစိတ်ရှိတယ်၊ အဲဒီမကောင်းမှုစိတ်ထားတွေ ပေါင်းဆုံခြင်းအားဖြင့် နောင် တော်ဟာ လူသတ်ကောင်ကြီး ဖြစ်လာလိမ့်မယ်လို့ ဆရာက အတပ်ပြောခဲ့တယ်၊ မင်းကိုလဲ နောင်တော်က သတ်ဖို့ကြံလိမ့် မယ်လို့ ဆရာက ပြောခဲ့ပါတယ်'

ကွန်လုံဝမ် မရယ်တော့ချေ။



အံ့ကြိတ်သည့် လေသံဖြင့် ထန်ရှင်အား တစ်လုံးချင်းပြောပေသည်။

'ဟုတ်တယ်...မင်းဟာ စာပေ ဗဟုသုတနဲ့ ပတ်သက်ရင် အင်မတန်ဉာဏ်ရည်ထက်တယ်၊ ဆရာ့လက်အောက်မှာ အတူ တကွပညာသင်ကတည်းက ငါဟာ မင်းကိုမနာလိုဖြစ်ခဲ့တယ် မင်းကိုသတ်ချင်တဲ့စိတ်ဟာ အခုမှပေါ်ပေါက်တာ မဟုတ်ဘူး၊ အဲဒီကတည်းက ပေါ်ပေါက်ခဲ့တယ်၊ ငါ အောင်မြင်ထမြောက် လာတော့ မင်းကိုငါ သိပ် သတ်ချင်တယ်၊ မင်းကို ရှာလို့မရ ဘူး၊ ဘယ်ရှာလို့ရမလဲ မင်းက ကျွန်လုဂိုဏ်းထဲဝင်ပြီး ဇာတ် မြှုပ်နေလိုက်တာကိုး၊ အတော်အကြံပိုင်တဲ့ အကောင်ပဲ၊ ဘာပဲ ဖြစ်ဖြစ် အခုတော့ မင်းဟာ ငါ့ရှေ့ကို အလိုအလျောက်ရောက် လာပြီ၊ ဒါဟာ မင်းအတွက် ကံကြမ္မာ ဖန်တီးပေးလိုက်တဲ့ ဆိုးရွားတဲ့ အကွက်ကြီးပေါ့'

ထန်ရှင်သည် ကွန်လုံဝမ်၏ ခြိမ်းခြောက်စကားကို လုံးဝ မကြောက်ရွံ့ပေ။

ထို့အတွက် ကွန်လုံဝမ်သည် အံ့ဩနေသည်။

ထန်ရှင်က...

'ကျွန်တော်ကတော့ နောင်တော့်ကို ဘေးအန္တရာယ်ပြုလိုတဲ့ စိတ် မြူတစ်မှုန်ကလေးတောင် မရှိပါဘူး၊ ဒါပေမယ့် ကိုယ့် အတွက်တော့ သတိအမြဲထားပါတယ်၊ အသက်ကိုဉာဏ်စောင့် ဆိုတဲ့ စကားပုံလဲ ရှိတယ်မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလို့ မင်းက အကာအကွယ်တွေ လုပ်လာတယ်လို့ ဆို ချင်တာလား'

'အကာအကွယ်မရှိဘဲနဲ့ ညီတော်က နောင်တော့်ကိုဘယ်လို လာတွေ့ရဲမှာလဲ၊ ကျွန်တော်က သိုင်းပညာ လုံးဝ မတတ် မြောက်တဲ့လူပဲ'

ကွန်လုံဝမ်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောသည်၊

'ငါဟာ ဒီနေ့ သိုင်းလောကမှာ အောင်မြင်မှု သရဖူကို ဆောင်းစပြုနေပြီ၊ သိုင်းလောကရဲ့ ကေရာဇ်ဖြစ်ဖို့ ငါ့ခရီးလမ်း မှာ မင်းဟာ ဆူးငြောင့်ခလုတ်ပဲ၊ မင်းကို မသတ်ရရင် ငါဟာ စားမဝင် အိပ်မပျော်ဖြစ်ပြီး သေရလိမ့်မယ်'

ထန်ရှင်က ပြုံးပြုံးရွှင်ရွှင် ဖြစ်နေ၏၊

သူ့ပုံစံမှာ ကွန်လုံဝမ်အား ရန်သူတစ်ယောက်အဖြစ်သဘော ထားသည်ထက် ကွဲကွာနေသည့် နောင်တော်တစ်ယောက်ကို ပြန်လည်တွေ့ဆုံရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပုံရ၏၊

'ကျွန်တော် ယုံပါတယ်၊ အခုအချိန်မှာတော့ နောင်တော် ဟာ ဘာမှညာနေမှာ မဟုတ်ဘူး'

'မှန်တယ်၊ ငါတကယ်ပြောနေတာပဲ၊ မင်းကို အခွင့်အရေး တစ်ခုပေးမယ်၊ မင်းမသေခင် မင်းလိုချင်တာတစ်ခုကို တောင်းဆို



နိုင်တယ်၊ နောက်ပြီး မင်း ဘယ်နည်းနဲ့ သေချင်သလဲ၊ ကြိုက်တဲ့ နည်းလမ်းကို ရွေးနိုင်တယ်၊ အဲဒီအခွင့်အရေးကို ဘာကြောင့် ငါပေးတယ်ထင်သလဲ'

'ကျွန်တော် မထင်တတ်ပါဘူး'

'မင်းလိုဉာဏ်များတဲ့အကောင်က ဘာဖြစ်လို့ မထင်တတ်ရ မှာလဲဟေ့၊ မင်းနဲ့ငါဟာ ဆရာတူတပည့်တူ ဖြစ်ခဲ့လို့ပေါ့... ဟုတ်ရဲ့လား'

'အင်မတန် ကျေးဇူးတင်စရာကောင်းတဲ့ လိုက်လျောမှုပဲ'

ကွန်လုံဝမ်သည် သူ့ခါးကြားမှ ဓားတိုတစ်ချောင်းကို ဆွဲ ထုတ်လိုက်ပြီး စားပွဲပေါ်သို့ တင်လိုက်၏၊

ထို့နောက် ခါးစည်းကြိုးအစိမ်းကို ဖြေယူလိုက်၏၊

ထိုကြိုးကလေးကို ဖြန့်လိုက်သောအခါ အတော်ကလေးရှည် လျားကြောင်း တွေ့ရ၏၊

သူသည် ထိုကြိုးကို ကွင်းလျှောလုပ်လိုက်၏၊

ထိပ်အထက် ထုပ်တန်း၌ ကြိုးတစ်စကိုပစ်၍ ချည်လိုက်၏၊

လည်ပင်းစွပ်နိုင်သည့် ကြိုးကွင်း ဖြစ်သွားပေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီခေါးမှာ အင်မတန် ပြင်းတဲ့အဆိပ် သုတ်ထားတ
ဝါ အကြံပေးချင်တာကတော့ ကြိုးကွင်းစွပ် အသေခံတာထ
ခေါးနဲ့အဆုံးစီရင်တာက ပိုကောင်းတယ်၊ ဝေဒနာကို ကြာကြ
မခံစားရဘူးလေ၊ ကြိုးကွင်းဆိုရင် မင်း ဝေဒနာ နည်းနည်
ပါးပါး ခံစားနေရဦးမယ်'

ကွန်လုံဝမ်သည် ခြေသုံးလှမ်းခန့် နောက်ဆုတ်သွား၏

'မင်းကို ထမင်းအိုးတစ်လုံး ဆူလောက်တဲ့အချိန်အထိ
စားဖို့ အချိန်ပေးထားတယ်၊ အဲဒီအချိန်အတွင်းမှာမှ ကြိုးကွ
ခေါးကို ရွေးမရသေးဘူးဆိုရင်တော့ ငါကို ရက်စက်တယ
အပြစ်မပြောနဲ့'

ထန်ရှင်က....

'ထမင်းအိုးတစ်လုံး ဆူလောက်တဲ့အချိန်ဆိုရင်တော့ အခ
ကလေး စဉ်းစားချိန်ရတာပဲ၊ ကျွန်တော် မသေခင်မှာ
တော် ပကတိမျက်နှာကို မြင်သွားချင်ပါတယ်၊ ညီတော်
ကြည့်ခွင့်ပြုပါ'

'ဒါဟာ မသေခင် မင်းအလိုချင်ဆုံး တောင်းဆိုချက်

'ဟုတ်ပါတယ် နောင်တော်'

'ကောင်းပြီ'

ကွန်လုံဝမ်သည် သူ့မျက်နှာဖုံးကို ခွာချပစ်လိုက်လေ



မုက်နှာ တစ်ပြင်လုံး အနီရောင်သမ်းနေသော၊ ရက်စက်ကြမ်း
ကြုတ်ဟန် အပြည့်ရှိသော၊ ကြမ်းတမ်းအရုပ်ဆိုးသော မျက်နှာ
ကြီး ပေါ်လာ၏။

ထန်ရှင်သည် ဒူးထောက်ထိုင်ချကာ ဂါရဝပြုလေ၏။

'အနှစ်နှစ်ဆယ်လောက် ကြာပြီးတဲ့နောက် အခုတစ်ကြိမ်ဟာ
နောင်တော် မျက်နှာကို ပထမဆုံး တွေ့မြင်ရခြင်းပါပဲ၊ ညီတော်
ဂါရဝပြုပါတယ် နောင်တော်'

'မင်းရဲ့စကားကို ပြင်ပြောစမ်းပါ၊ ပထမဆုံး အကြိမ်နဲ့
နောက်ဆုံးအကြိမ် တွေ့မြင်ရခြင်းဖြစ်တယ်လို့ ပြင်ပြောစမ်းပါ'

ထန်ရှင် ဂါရဝပြုပြီး ပြန်မော့ကြည့်လိုက်သောအခါ ကွန်လုံ
ဝမ်၏ မူလမျက်နှာ ပျောက်ကွယ်သွားခဲ့ပေပြီ။

မျက်နှာတုကြီးက သူ့မျက်နှာပေါ် ပြန်လည် ရောက်ရှိနေ
သည်။

ထန်ရှင်သည် ဖြည်းညင်းစွာ ထရပ်လိုက်၏။

ထို့နောက် စားပွဲပေါ်ရှိ ခေါးအိမ်နှင့်တကွသော ခေါးကို
လှမ်းယူသည်။

ကွန်လုံဝမ်က....

'ခေါးကို ဆွဲထုတ်ကြည့်စမ်း'

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်က မားကိုဆွဲထုတ်လိုက်သည်။

မားသည် မားအိမ်အတွင်းမှ ရှူးခနဲ ထွက်လာ၏။

ရွှေရောင် တပြောင်ပြောင် တဝင်းဝင်းနှင့် အလွန်တရာလှပသော မားမြှောင်တစ်ချောင်း ဖြစ်ပါသည်။

'နောင်တော်....ဒီမားမှာ အဆိပ်လူးထားသလား'

'လူးထားဘယ်၊ ဒီမားဟာ သိပ်ထက်တယ်၊ ငှမ်းမို့ကို မားသွားပေါ်တင်ပြီး လေနဲ့ မှုတ်ထုတ်ရုံနဲ့ ငှမ်းမို့ ပြတ်တောက်သွားလိမ့်မယ်၊ မားသွားက မင်းအသားကို မနာကျင်စေရဘဲ အသည်းနှလုံးအထိ လွယ်လွယ်ကူကူ ရောက်သွားလိမ့်မယ်'

'တော်တော်ကောင်းတဲ့ မားပဲ'

ထန်ရှင်က မှတ်ချက်ချပြီးနောက် ခပ်ဘိုးတိုး ရေရွှတ်လေသည်။

ကျွန်လုံဝမ်က စိတ်မရှည်ဟန်ဖြင့် ခပ်ခေါက်ခေါက် ပြောသည်။

'ဟာ....မင်း အချိန်ဆွဲမနေနဲ့၊ သေမလား မသေဘူးလား တစ်ခွန်းပဲပြော'

ထန်ရှင်သည် ရင်ခွင်ထဲမှ ပစ္စည်းတစ်ခုကို နှိုက်ထုတ်ပြန်၏။

ကျောက်ဘူးကလေး တစ်ဘူးသာ ဖြစ်၏။



'နောင်တော်....ဒီပစ္စည်းကလေးကို မှတ်မိသလား'

ကျွန်လုံဝမ်က အသေအချာ ကြည့်၏။

'ဘူးထဲမှာ ဆရာရဲ့ 'ထိန်ကျွန်ကျမ်းစာအုပ်' ရှိတယ်မဟုတ်လား'

'နောင်တော် မှတ်မိသေးတာပဲ'

'အဲဒီဘူးကို ချထားပြီး မင်း နောက်ကို သုံးလှမ်းလောက် ဆုတ်လိုက်စမ်း'

ထန်ရှင်သည် သူ့အမိန့်အတိုင်း ကျောက်ဖြူဘူးကို စားပွဲခုံးပေါ်တင်ကာ နောက်ဆုတ်သွားလေ၏။

သို့သော်....

'နောင်တော်....ဆရာအသက်ထွက်ကာနီးတုန်းက ဒီကျောက်ဘူးကို ကျွန်တော့်လက်ထဲအပ်ပြီး စကားတစ်ခွန်း ပြောသွားတယ်၊ မင်းတို့ ညီအစ်ကိုနှစ်ယောက် ရန်သူအဖြစ် ရင်ဆိုင်တွေ့ပြီဆိုရင် ဒီကျောက်ဘူးကို ဖွင့်ပါတဲ့၊ နောင်တော်ကို ရင်ဆိုင်နိုင်တဲ့ နည်းလမ်းတွေကို ဒီထိန်ကျွန်သိုင်းကျမ်းပေါ်မှာ ရေးသားထားတယ်လို့ ဆရာက မှာကြားသွားပါတယ်'

ကျွန်လုံဝမ်က ဟက်ဟက်ပက်ပက် ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း တစ်ယောက်တည်း ရှိနေတုန်း ဇီခကျောက်ဖြူဘူးကို တစ်ခါမှ ဖွင့်မကြည့်ခဲ့ဘူးလား'

ထန်ရှင်က ခေါင်းခါ၏။

'ဆရာပြောတဲ့ စကားထဲမှာ သတိမှတ်ချက်ပါတယ်၊ မင်းနဲ့ မင်းနောင်တော် ရန်သူကြီးဖြစ်တဲ့အခါမှ ဇီကျောက်ဘူးကို ဖွင့်ပါဆိုတဲ့ စကားပါတယ်၊ နောင်တော်နဲ့ ကျွန်တော် တည့်တည့် လင်းလင်း ရန်သူမဖြစ်သေးတဲ့အခါမှာ ဆရာ့စကားကို သွေဖည်ပြီး ဇီကျောက်ဘူးကို မဖွင့်ခဲ့ပါဘူး၊ အခုလဲ ဇီကျောက်ဘူးကို မဖွင့်....'

ကွန်လုံဝမ်က ကြားဖြတ်ဆိုသည်။

'သြော်...မင်းကိုယ်မင်း ပညာဉာဏ်ကြွယ်ဝတယ်၊ ပရိယာယ် ကြွယ်ဝတယ်ဆိုပြီး ဇီကျမ်းကိုကြည့်ဖို့မလိုဘူး၊ ကိုယ့်ဉာဏ်စွမ်းနဲ့ ကိုယ် ယှဉ်ပြိုင်မယ် ဆိုလိုတာပေါ့'

သူသည် စကားဆုံးသည်နှင့် လျှပ်တစ်ပြက် ခုန်ဝင်ပြီး ထန်ရှင်၏ ပခုံးကို လက်ဖြင့် အသာပုတ်လိုက်၏။

ထို့နောက် ပြန်လည် ခုန်ထွက်သွားသည်။

သူ့လှုပ်ရှားပုံ လျင်မြန်လှသဖြင့် ထန်ရှင်မှာ အံ့သြခင်းနေ ရုံမှအပ ဘာမျှမလုပ်နိုင်ဘဲ [illegible]သွား၏။



တကယ်လည်း သူ မခုခံနိုင်ချေ။

ထန်ရှင်၌ သိုင်းပညာဟူ၍ လုံးဝ မရှိခဲ့သည်မှာ အားလုံး သိပင်မဟုတ်ပါလား။

ထန်ရှင်၏ပခုံး၌ ကျဉ်ခနဲ ဖြစ်သွားပြီး လက်မောင်းအဆစ် ပြုတ်ကျသွားတော့သည်။

လက်ထဲမှ ခေါက်ယပ်တောင်လည်း ပြုတ်ကျသွားသည်။

နာကျင်လှသောကြောင့် နဖူးမှ ချွေးသီးပေါက်ပေါက်ကျ လာသော်လည်း ထန်ရှင်သည် တစ်ချက်ကလေးမျှ ညည်းညူ ခြင်း မပြုပေ။

'နောင်တော်ရဲ့ သိုင်းပညာက တကယ် ထက်မြက်တာပဲ၊ ခက်ကနလေးနဲ့ အသာကလေး ပုတ်ရုံနဲ့ ကျွန်တော့် လက်မောင်း အဆစ်ဖက် ပြုတ်ကျသွားတယ်၊ ကြာလေ ထက်မြက်လေပါပဲလား'

ကွန်လုံဝမ်က အေးစက်စက်ရယ်၏။

'ဒါက ပဏာမပဲ ရှိသေးတယ်၊ မင်းရဲ့လက်သီးလက်မောင်း အဆစ်တွေ ခြေထောက်အဆစ်တွေ အားလုံး ပြုတ်ပစ်မယ်၊ နောက်ပြီး ချိုးပစ်မယ်'

ထန်ရှင်သည် ဒဏ်ရာသက်သာစေရန် ထိုင်ခုံတစ်လုံးပေါ်၌ ငြိမ်းညင်းစွာ ထိုင်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်က....

'ထန်ရှင်....ကျောက်ဖြူဘူးထဲမှာ တကယ်ပဲ ထိန်ကျန်သိုင်ကျမ်း ပါသလား'

'ကျွန်တော် တစ်ခါမှ ဖွင့်မကြည့်ဘူးလို့ အထဲမှာ ဘာပ[illegible]သလဲဆိုတာ သေသေချာချာ မသိပါဘူး'

'မှန်မှန်ပြော'

ကွန်လုံဝမ်သည် ဒေါသဖြင့် ဟိန်းဟောက်လိုက်သည်။

ထို့နောက် ထန်ရှင်ရှိရာသို့ ခုန်ဝင်လာပြီး လည်ပင်းက[illegible] လက်ညှိုးဖြင့် ထောက်လိုက်၏။

အနည်းငယ် လှုပ်ရှားရုံမျှဖြင့် ထန်ရှင် သေရပေတော့မည်

'မှန်မှန်ပြောစမ်း၊ အထဲမှာ ဘာပါသလဲ'

ထန်ရှင် မသိမသာ လှုပ်ရှားသွား၏။

သို့သော် သူ သိုင်းပညာ မတတ်မှန်းသိ၍ ကွန်လုံဝမ်က လုံးဝမမှုချေ။

သူသည် လက်ညှိုးဖြင့် မထောက်တော့ဘဲ ထန်ရှင်ကို ခြေ[illegible] ထောက်ဖြင့် ကန်လိုက်ရာ ထိုင်ခုံပေါ်မှ လိမ့်ကျသွား၏။

ထန်ရှင်၏ ရင်ဘတ်ပေါ်တွင် ခြေထောက်ဖြင့် အသာနင်း ထားပြီး အေးစက်စွာ ပြောတော့သည်။



'လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ဆရာတူတပည့် ဖြစ်ခဲ့ကြပေမယ့် ဒီနေ့အဖို့တော့ အများကြီး ကွဲပြားနေပြီ၊ တကယ်လို့ ဒီနေ့ မင်းကို မသတ်ခဲ့ရင် ငါနောင်ရေး ရင်အေးစရာမရှိဘူး'

ထန်ရှင်မှာ အခြေအနေ ဆိုးလှ၏။

လက်မောင်းတစ်ဖက် အဆစ်ပြုတ်ခံရရုံမျှမက ကြမ်းပြင်၌ လဲကျကာ ကွန်လုံဝမ်၏ ခြေနင်းထားမှုကို ခံနေရသေးသည်။

သို့သော် သူ့မျက်နှာ၌ ကြောက်ရွံ့ထိတ်လန့်မှုကား လုံးဝမရှိပေ။

'နောင်တော်တော့ မှားပြီ'

ထန်ရှင်က လှမ်းပြော၏။

ကွန်လုံဝမ်က ရယ်သည်။

'မင်းကိုသတ်တဲ့အတွက် ငါဘယ်တော့မှ မမှားဘူး'

'အဝေးက လက်နက်တစ်ခုခုနဲ့ သတ်လိုက်ရင်တော့ မမှားပါဘူး၊ ဒါပေမယ့် ခု အနီးကပ်သတ်ဖို့ ကြံလိုက်တဲ့အတွက်တော့ နောင်တော် အကြီးအကျယ် မှားသွားတယ်'

ကွန်လုံဝမ် ထိတ်ခနဲ ဖြစ်သွား၏။

'မင်း သေခါနီး သွေးရူးသွဲ့တန်း လျှောက်ပြောမနေနဲ့'

'ကျွန်တော် ဘယ်တုန်းက မဟုတ်တာ ပြောဖူးလို့လဲ၊ အားကိုလဲ ဘယ်တုန်းကမှ ပေါ့ပေါ့တန်တန် မပြောခဲ့ဖူးဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ငါ မင်းရဲ့လက်ချက် မိသွားပြီလို့ ဆိုလိုတာလား၊ မင်းဟာ သိုင်းပညာမတတ်တာကို ငါသိနေတာပဲ'

ထန်ရှင်က ပြုံး၍ပြော၏။

'နောင်တော် ကျေးဇူးပြုပြီး နောင်တော်ရဲ့ ဘယ်ဘက်လက်မောင်းကို ခေတ္တခဏလောက် စစ်ဆေးကြည့်ပါ'

ကွန်လုံဝမ်သည် သူ၏အင်္ကျီစရှည်ကို ကပျာကယာ လှန်လှော၍ကြည့်၏။

စိတ်ထဲ၌လည်း အနည်းငယ် စိုးရိမ်သွားသည်။

သို့သော်....

မည်သည့်ဒဏ်ရာမျှ မတွေ့ချေ။

ဇာဒဂ်စိတ်အေးသွားခိုက် ထန်ရှင်၏ရင်ဘတ်ပေါ် နင်းထားသည့် ခြေသလုံး၌ ဆစ်ခနဲ ဖြစ်သွားတော့သည်။

ထန်ရှင်၏ တိုးညင်းသောရယ်သံကို ကြားလိုက်ရသည့်အခါ သူသည် ထန်ရှင်၏ ပရိယာယ်သောင်ချောက်၌ အမိခံသွားရပြီဟု ချက်ချင်း သိလိုက်မိသည်။

'နောင်တော်ညီတော်ဟာ သိုင်းပညာ လုံးဝမတတ်မြောက်ပါဘူး'



ကွန်လုံဝမ်သည် သူ့ခြေထောက်ဖျားဆီသို့ မတက်နိုင်တော့ပေ။ နှင့် ပြောနေ၏။

ကဲ့ မတွေ့ဘာ အတော်

'မင်း ဒီတစ်ယနှစ်လအတွင်း သိုင်းပညာ စကားပြောခွင့်ရဖို့ဆိုတာ မှာပေါ့'

'သင်ရင်လဲ နောင်တော့် ခြေဖျားကို မမီပါဘူး'

'ဒါကို မင်းသိရင်ပြီးတာပဲ'

'ဒါပေမယ့် ဒဏ်ရာကျတော့ နောင်တော်ဟာ ကျွန်တော့်ကို မမီပါဘူး'

ကွန်လုံဝမ်သည် ဗလောင်ဆူနေသည့်စိတ်ကို ထိန်းသိမ်းရင်း အေးအေးဆေးဆေး မေးလေ၏။

'ငါ့ခြေထောက်ကို မင်း ဘာလုပ်လိုက်သလဲ'

ထန်ရှင်သည် ချွေးပြန်နေသော်လည်း ပြုံးရယ်နေသည်။

'နောင်တော် ကျေးဇူးပြုပြီး ကျွန်တော့် လက်မောင်း အဆစ်တွေကို ပြန်ဆက်ပေးပါလား'

ကွန်လုံဝမ်မှာ မတတ်သာတော့ပေ။

ထန်ရှင်၏ အဆစ်ပြုတ်နေသည့် လက်မောင်းကို ပြန်၍ညှင့်တင်ပေးလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



'ငါ မင်းရဲ့လက်ချက် ငါ့
သိုင်းပညာမဲ့ဘဲတာကို ခဲ့....

ထန်ရှင်က ပြုံး၍ ခြံထောက်ကို တင်စုံတစ်ခု ပြုလုပ်ပြီး

နောင်တော် စ၍ ထန်ရှင်ကို သူ့အနေဖြင့် အထင်းစီး မောင်းကို ခွေ့ပေ၊

ကွန်လုံဟူရည်တူသာ ဆက်ဆံရမပေတော့မည်။

ထန်ရှင်သည် ညာဘက်လက်မောင်း နေလားကျမကျ စမ်းသပ်ကြည့်ပြီးနောက် ပဝါအစ်ထည်ထုတ်ကာ နဖူးမှ ချွေးများကို သုတ်လိုက်သည်။

သူ့ ယပ်တောင်ကိုလည်း ကောက်ယူပြီး ယပ်ခတ်လိုက်၏။

ကွန်လုံဝမ်က....

'ကဲ...ထိုင်ပါ၊ ငါတို့ အေးအေးဆေးဆေး စကားပြောကြတာပေါ့'

'ကျွန်တော်လဲ ဒီလိုပဲ မျှော်လင့်ပါတယ်'

ကွန်လုံဝမ်နှင့် ထန်ရှင်တို့သည် ထိုင်ခုံအသီးသီး၌ ထိုင်လိုက်ကြသည်။

ကွန်လုံဝမ်သည် သူ့ညာခြေထောက် ဆစ်ခံနဲ့ ဖြစ်သွားစတည်းက ညာခြေထောက် သွေးကြောများကို ပိတ်ပြီး ဖြစ်သည်။



ခြေထောက်မှ အဆိပ်များ နှလုံးဆီသို့ မတက်နိုင်တော့ပေ။

'ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် မတွေ့တာ အတော်ကြာနေပြီ၊ ခုလို အေးအေးဆေးဆေး စကားပြောခွင့်ရဖို့ဆိုတာ မလွယ်လှဘူး'

ကွန်လုံဝမ်က....

'ကဲ...မင်းနဲ့ဆရာက ငါ့ထက်ပိုရင်းနှီးတယ်၊ ငါနဲ့ပတ်သက်တဲ့ ဆရာ့သဘောထားကို ပြောပြပါလား'

ကွန်လုံဝမ်၏စကားမှာ မနူးညံ့ဖွေး နူးညံ့နေ၏။

ထန်ရှင်က....

'မှန်ပါတယ် ဆရာဟာ နောင်တော် ထက်စာရင် ကျွန်တော့်ကို ပိုပြီးအခွင့်အရေးပေးပါတယ်၊ ဒါဟာ အကြောင်းမဲ့မဟုတ်ပါဘူး၊ နောင်တော်က သိုင်းပညာနဲ့ ပတ်သက်ရင် အင်မတန် ဉာဏ်ရည်ထက်တယ်၊ ဆရာသင်ရင် သင်သလောက် ရအောင်သင်ယူနိုင်တယ်၊ သိုင်းပညာ ပါရမီတော်ထိခံရှိတယ်၊ ကျွန်တော်ကတော့ နောင်တော်နဲ့ ဆန့်ကျင်ဘက်ပဲ၊ ဒီတော့ သိုင်းပညာချွန်းအားနဲ့ အနိုင်စက် မခံရအောင် ကျွန်တော့်ကို ဉာဏ်စွမ်းနဲ့ ပရိယာယ်ဝေဝုစ် အတတ်ပညာတွေမှာ ပိုပြီး သင်ကြားခဲ့ပေးပါတယ်'

ကွန်လုံဝမ်က....

'အဆိပ်ပညာနဲ့ ပတ်သက်ရင် မင်းလဲ ဆရာဆီက ပညာကုန်ရလိုက်တာပဲ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'နောင်တော်လဲ ရလိုက်တာပဲ မဟုတ်လား'

'အဲဒီအတွက်လဲ မင်းကို သတ်ချင်နေရတာပဲပေါ့၊ ငါသုံးတဲ့ အဆိပ်မှန်သမျှကို မင်းဖြေနိုင်တယ်၊ မင်းမရှိရင် ငါ့အဆိပ်ကို ဖြေနိုင်မယ့်လူ မရှိတော့ဘူး၊ ဒါကြောင့် မင်းကို အခုသတ်ပစ်ရမယ်၊ ငါကတော့ အလွန်ဆုံး ခြေထောက်တစ်ချောင်း ဆုံးရှုံးရုံပါပဲ'

'ကျွန်တော့်ကိုသတ်ရင် နောင်တော် မှားသွားပါလိမ့်မယ်၊ ကျွန်တော်သေပြီးလို့ မကြာခင်မှာပဲ နောင်တော်လဲ ကျွန်တော့်နောက်လိုက်ရမှာပဲ'

'ဟား...ဟား...ဟား ငါမသေနိုင်ပါဘူးကွ၊ ငါက ခြေတစ်ချောင်း ဆုံးရှုံးရုံပါပဲ'

'နောင်တော် မယုံဘူးလား၊ အတွင်းအားသုံးပြီး သွေးကြောတွေကို လှည့်ပတ်စမ်းသပ်ကြည့်ပါဦး၊ ကျွန်တော်ပြောတာ မှန်မမှန် နောင်တော် သိလိမ့်မယ်'

'ဟား...ဟား...ဟား၊ မင်းဟာ မြေခွေးထက်တောင် ညာတာ များသေးတယ်၊ သွေးကြောတွေ ငါတစ်ကိုယ်လုံး လှည့်ပတ်တဲ့အခါ အဆိပ်တွေ နှလုံးဆီကို မြန်မြန်ရောက်သွားအောင် ဒီလို တိုက်တွန်းတာ မဟုတ်လား၊ ဘယ်တော့မှ အဲဒီလိုငါမလုပ်ဘူး'



'ထားလိုက်ပါတော့လေ၊ နောင်တော်မယုံရင်လဲ ကျွန်တော် မတိုက်တွန်းပါဘူး၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်သေပြီးရင် နောင်တော်လဲ သေရမှာပဲ၊ ဒါမှ ဆရာ့စကားကို ကျွန်တော်တို့ မဖြေမကျ နားထောင်ရာကျမယ်'

'ဘာကွ၊ ဆရာက ငါ့ကို သေအောင်သတ်ရမယ်လို့ မှာခဲ့လို့လား'

'အဲဒီလို တစ်ဖက်သတ်ကြီး မှာကြားခဲ့တာတော့ မဟုတ်ပါဘူး၊ ကျွန်တော့်ကို နောင်တော်က သတ်ဖို့ကြံရင် နောင်တော်ကိုပါ တမလွန်ဘဝရောက်အောင် အပါခေါ်ရမယ်လို့ ဆရာ မှာကြားခဲ့ပါတယ်၊ ဒါကြောင့်မို့ ဒီစကားတွေ ပြောနေရတာပါ'

ကွန်လုံဝမ်သည် အလွန်တရာ အေးစက်စက်နေသူ ဖြစ်၏။

သို့သော်....

ထန်ရွှင်၏စကားကို ကြားလိုက်ရသောအခါတွင်မူ အလွန်တရာ ရယ်စရာကောင်းသည့် စကားများကို ကြားနေရသကဲ့သို့ ဟားဟား အော်ဟစ်ရယ်မောနေတော့၏။

အခန်းပြင်ပ၌စောင့်နေသော နိုင်ချစ်နော်သည်ပင်လျှင် သူ့ဖခင် ဂိုဏ်းချုပ်ကြီး၏ ဟားဟား အော်ရယ်သံများအတွက် အလွန်တရာ အံ့သြထူးဆန်းနေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ခင်းလျှခုအရိုးမရှိတိုင်းမလျှာကိပြောမနေနဲ့၊ ဆရာက အဲဒီလို ဘာယ်တော့မှ မမှာဘူး'

'ဩော်....ခက်ပါတိ 'နောင်ခတော်ရယ်'

'ဘာမှမခက်ဘူး'

'ကျွန်တော့်မှာ ဆရာရေးပေးခဲ့တဲ့ အမှတ်အသား ပစ္စည်းရှိတယ်ဆိုရင် နောင်တော် ယုံမလား'

ကွန်လုံဝမ်မှာ ရုတ်တရက် တိတ်ဆိတ် ငြိမ်သက်သွားတော့သည်။

❖

## အခန်း (၃၈)

## လှည့်ကွက် တစ်ကွက်

ကွန်လုံဝမ်သည် အတန်ကြာစဉ်းစားပြီးမှ ယတိပြတ်ပြောကြားလေ၏။

'ဆရာက ဒီလိုစာရွက်စာတမ်းနဲ့ ရေးပေးခဲ့မယ်ဆိုတဲ့စကားကို ပိုပြီး မယုံသေးတယ်'

'ကောင်းပြီ....နောင်တော်မယုံချင် ကျွန်ုပ်ဘော် လက်တွေ့သက်သေပြမယ်'

ထန်ရှင်သည် သူ့အိတ်ထဲမှ ပဝါဖြူကလေး ကစ်ဘည်ကို ဆွဲထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပဝါဖြူကလေးကို ဖြန့်ချ ဖြတ်ကိုက်သောအခါ ဆရာ့လက်ရေးများသည် ထိုပဝါဖြူပေါ်၌ ငှက်ကလေးများပျံသန်းနေသကဲ့သို့ ထင်ရှားစွာ ရှိနေလေ၏။

ကွန်လုံဝမ်သည် အံ့ဩသွား၏။

သို့သော် ချက်ချင်းပင် ငြင်းချက်ထုတ်သည်။

'ငါယုံဘူး။ ဒီပဝါကို မင်း အတုလုပ်လို့ရတာပဲ၊ မင်းကို နောက်ဆုံးတစ်ခုပြောမယ်၊ မင်းနဲ့ငါဟာ ဆရာတူတပည့် ဖြစ်တယ်၊ မင်းသာ ကျွန်လုဂိုဏ်းက ထွက်ပြီး ငါ့လက်အောက်ကို ဝင်ရင် မင်းကို ငါ့လက်ထောက်အဖြစ်ခန့်ထားမယ်၊ မင်းသာ ဒီအချက်ကို သဘောတူရင် သိုင်းလောကထဲက အဓိပတိကြီးတွေကို သတ်ဖို့ကိစ္စဟာ သစ်ကိုင်း ချိုးရတာလောက် မခက်ပါဘူး'

ထန်ရှင်က စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်၏။

'ကျွန်တော်က ဘယ့်နှယ် ပါးကွက် အာဏာသားရဲ့ လက်ထောက် လုပ်နိုင်မှာလဲ'

'ဟေ့ကောင်'

ကွန်လုံဝမ်၏အော်သံသည် မိုးခြိမ်းသံကဲ့သို့ ဟိန်း၍ ထွက်သွား၏။



သူ့အား ပါးကွက်အာဏာသားဟု စော်ကားလိုက်သဖြင့် ဒေါသထွက်သွားခြင်း ဖြစ်ပေသည်။

'မင်းဟာ အတော်မိုက်ရိုင်းပါလား။ ငါ့လိုလူမျိုးကို ဒီလို ပြောတဲ့အတွက် မင်းကို ဒီနေ့ သတ်ကိုသတ်ရမယ်'

'နောင်တော်မသတ်နိုင်ပါဘူး၊ ဟို ကျောက်ဖြူဘူးကလေးထဲမှာ ထိန်ကျန် ကျမ်းစာအုပ်ရှိတယ်၊ အဲဒီထဲက နည်းတွေထဲမှာနောင်တော်ကို သတ်သင့်နိုင်တဲ့နည်းတွေပါ ပါလိမ့်မယ်'

'မင်း ဖွင့်ကြည့်ပြီးပြီပေါ့'

'ဟင့်အင်း...တစ်ခါမှ ဖွင့်မကြည့်ရသေးဘူး၊ ဒါပေမယ့် နောင်တော်နဲ့ ကျွန်တော်ဟာ အခု သူသေကိုယ်သေတိုက်ခိုက်ရမယ့်သဘောမျိုး ဖြစ်နေပြီ၊ ကျွန်တော် နောက်ဆုံးလက်နက်ကို ဖွင့်ကြည့်ရတော့မှာပဲ'

ကွန်လုံဝမ်သည် တဟားဟားအော်ရယ်ရင်း စားပွဲပေါ်မှ ကျောက်ဖြူသေတ္တာကလေးကို အမိအရ လှမ်းယူလိုက်၏။

'ဟား...ဟား...ဟား...မင်းကိုတော့ ငါ ဂရုမစိုက်ဘူး ဒါပေမယ့် ဆရာ့စကားကိုတော့ ငါဂရုစိုက်တယ်၊ ဒီထဲမှာ ထိန်ကျန် ကျမ်းစာအုပ် တကယ်ကော ပါရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာက ဘယ်တုန်းက ညာခဲ့ဘူးလို့လဲ၊ ကျွန်တော် ဖွင့်မကြည့်ဘူးပေမယ့် ထိန်ကျန် ကျမ်းစာအုပ် ပါရှိတယ်ဆိုတာ တော့ ကျွန်တော် ယုံတယ်'

'ဟား...ဟား...ဟား၊ ဒါဆိုသိပ်ကောင်းတယ်၊ ဒီကျောက် သေတ္တာကို ငါဖွင့်ကြည့်ပြီးမှ မင်းကိုသတ်မယ်'

ထန်ရှင်က စိုးရိမ်တကြီး ပြောလေ၏။

'နောင်တော် သတ္တိ မရှိဘူးလား၊ သိုင်းပညာ မတတ် ကျွန်တော် လိုလူမျိုးကိုတောင်မှ 'ဒီသေတ္တာကလေး ပြန်အပ်ပြီ ရင်မဆိုင်ရဲဘူးလား၊ ကျောက်ဖြူ သေတ္တာကလေးကို ကျွ တော် ထက်ထဲပြန်အပ်ပြီး ရဲရဲဝံ့ဝံ့ရင်ဆိုင်ပါ'

'ဟား...ဟား...ဟား...ငါအရူးမဟုတ်ဘူး၊ မင်းလို ညာ များတဲ့ကောင်ရဲ့လက်ထဲ ဒီသေတ္တာကို ဘယ်တော့မှမအပ်ဘူး အခုပဲ ငါဖွင့်ကြည့်မယ်၊ ကြည့်ပြီးရင် မင်းကိုသတ်မယ်'

ကွန်လုံဝမ်သည် ပြောပြောဆိုဆိုဖြင့် ကျောက်သေတ္တာ ကလေးအား ချိတ်ပိတ်ထားသလို ပိတ်ထားသည့် အရာကလေ ကို ဆွဲခွာပစ်လိုက်၏။

ထို့နောက် အဖုံးကို ဖွင့်လိုက်သည်။

'ဟင်....'

မြည်ဟိန်းသောအသံထွက်လာပြီးနောက် အခန်းထဲ၌ အ ငွေ့များ တခဲမှုတ်ချင်း မှုံနှံ့လာတော့သည်။



အဖြူငွေ့များ ထွက်ပေါ်လာပုံမှာ အလွန်တရာ လျင်မြန် လှသဖြင့် အလွန်တရာ် သံသယကြီးသော ကွန်လုံဝမ်သည်ပင် လျှင် ကျောက်သေတ္တာကို အလျှင်အမြန် မပိတ်နိုင်ဘဲရှိလေ၏။

'နောင်တော်....အဆိပ်ငွေ့တွေဖြစ်မယ်၊ အသက်မရှူပါနဲ့'

ထန်ရှင်၏စကားသံကို ကြားလိုက်ရပြီးသည်နှင့် ကွန်လုံဝမ် သည် ကျောက်သေတ္တာကိုလွှတ်ချပြီး နောက်ဆုတ် သွား၏။

ထိုအချိန်၌ ကွန်လုံဝမ်နှင့် ထန်ရှင်တို့သည် တစ်ယောက်ကို တစ်ယောက် မမြင်ကြရတော့ချေ။

ကွန်လုံဝမ်သည် ပထမပိုင်း၌ ထန်ရှင်ပြောသလို အဆိပ်ငွေ့ မှတ်သဖြင့် အသက်မရှူဘဲ အောင့်ထားမိသည်။

သို့သော် ချက်ချင်း သံသယရှိလာသဖြင့် အသက်ရှူကြည့် ရာ အဆိပ်ငွေ့မဟုတ်မှန်း သိလိုက်ရတော့သည်။

'အခန်းအပြင်ကသမီးကြီး၊ ထန်ရှင်ထွက်လာရင် သတ်ပစ် လိုက်စမ်း'

'ထွက်မလာပါဘူး ဖခင်ဂိုဏ်းချုပ်ကြီး၊ အဖြူငွေ့တွေပဲ အန်ထွက်လာနေတယ်'

နိုင်ချစ်နော်က လှမ်းအော်ပြောသည်။

ကွမ်လုံဝမ်သည် ကျောက်သေတ္တာကိုရှာပြီး အဖုံးပိတ်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အခန်းထဲ၌ရှိ အငွေ့များ ကွယ်ပျောက်သွား စေရန် အင်္ကျီလက်ရှည်ဖြင့် တဝုန်းဝုန်း လှုပ်ယမ်းလိုက်သည်

ကွန်လုံဝမ်သည် အလွန်တရာ အတွင်းအားကောင်းသူဖြစ် အခန်းထဲမှ အငွေ့များ အခန်းပြင်သို့ ဝေ့ထွက်သွားတော့

အခန်းဝ၌ နိုင်ချစ်နော်နှင့် ဆန်ကွမ်းချီတို့ ရပ်နေသည် သာ တွေ့ရတော့သည်။

'ဖခင်ဂိုဏ်းချုပ်ကြီး....ဟို လက်ဝဲရံ လက်ယာရံ လူငယ်နှစ် လဲ အပြင်ကို တွက်ပြေးသွားကြပါပြီ'

နိုင်ချစ်နော်က အစီရင်ခံလိုက်၏။

ကွန်လုံဝမ်သည် ပြတင်းပေါက် တံခါးကို လှမ်းကြည့် တောက်ခေါက်လိုက်၏။

'ထန်ရှင်ဟာ ပြတင်းပေါက်ကထွက်ပြေးသွားတာပဲ၊တော တော်တော်လူလည်ကျတဲ့ အကောင်ပဲ၊ ဒီတဝမှာတော့ သူ သတ်ဖို့ ဒီလောကဲလွယ်ကူတဲ့ အခွင့်အရေးမျိုး မရနိုင်တော့

နိုင်ချစ်နော်က တောင်းပန်လိုက်၏။

'ကျွန်မအပြစ်ပါ ဖခင်ဂိုဏ်းချုပ်ကြီး၊ အဲဒီတံခါးပေါက် ကျွန်မ ဖွင့်ထားခဲ့မိတာပါ'



ကွန်လုံဝမ်သည် အံကြိတ်ရင်း စားပွဲခုံကြီးကို လက်ဝါးဖြင့် ကျ၏။

ခုံကျိုး အပိုင်းအစများ လွင့်စဉ်ထွက်သွားလေတော့သည်။

'မင်းအပြစ်မဟုတ်ဘူး ငါ့အပြစ်၊ ငါဟာ သူ့လှည့်ကွက်ထဲ ဝင်သွားမိခဲ့တယ်၊ ဒီကောင် အလွတ်ပြေးသွားနိုင်ခဲ့ပြီ'

သူသည် အံကြိတ်ရင်း သူ၏ ခေါင်းဘီရှည် အဝတ် ထိပ်တင်လိုက်သည်။

ခြေသလုံး၌ သေးငယ်သော အပ်ကလေးတစ်ချောင်း စိုက် နေကြောင်း တွေ့ရလေ၏။

နိုင်ချစ်နော်လည်း မြင်သည်။

သူမ ထိတ်လန့်သွား၏။

'ဖခင်ဂိုဏ်းချုပ်ကြီး....အဆိပ်အပ်'

'ဟုတ်တယ်၊ ဟို ခွေးသူတောင်းစား ကောက်ကျစ်ယုတ်မာ သွားတာပဲ'

'ကျွန်မ နုတ်ယူလိုက်ရမလား'

'နုတ်လိုက်၊ ငါ့သွေးကြောတွေကို ပိတ်ထားပြီးပြီ၊ ဆုံးရှုံး ရှိရင် ညာဘက်ခြေတစ်ချောင်းပဲ ဆုံးရှုံးမယ်'

www.burmeseclassic.com

www.burmeseclassic.com



နှိုင်ချစ်နော်သည် အပ်ကလေးကို နုတ်ယူပြီး ကွန်လုံဝမ်အား လက်ထဲသို့ ရှိသေစွာ လှမ်းထည့်ပေးသည်။

ကွန်လုံဝမ်ကဲ့သို့သောလူမျိုးကို သိုင်းပညာ လုံးဝမတတ်သူ ဖန်ရှင်ကဲ့သို့သောလူမျိုးက အဆိပ်အပ်ဖြင့် ထိုးစိုက်သွားခဲ့ခြင်းအတွက် နှိုင်ချစ်နော်မှာ အံ့ဩမဆုံး ဖြစ်နေရတော့သည်။

ကွန်လုံဝမ်သည် အပ်ကလေးကို စစ်ဆေးကြည့်၏။

ရွှေရောင်တောက်ပသော အပ်ကလေးဖြစ်သည်။

'အဆိပ်စိမ်ထားပုံတော့ မရချေ။

ကွန်လုံဝမ်က တအံ့တဩပြော၏။

'ဒါက ရိုးရိုးရွှေအပ်ပဲ၊ အဆိပ်လဲ မပါပါဘူး၊ ဒီကော ငါ့ကို လှည့်စားသွားပြန်ပြီ'

ကွန်လုံဝမ်သည် ဒေါသထွက်ခေါက်ရင်း မခံချိနိုင်မချိမ်းနိုင် ဖြစ်နေသည်။

နှိုင်ချစ်နော်က အလန့်တကြား ပြောလေ၏။

'ဖခင်ဂိုဏ်းချုပ်ကြီး၊ စားပွဲပေါ်မှာ စာ....စာ....စာကလေးတစ်စောင်'

ကွန်လုံဝမ်လှမ်းကြည့်လိုက်သောအခါ စာရွက်ဖြူအခေါက်ကလေးတစ်ခုကို တွေ့လိုက်ရသည်။



'တောက်....ငါသာ သူ့ကို မယုံစားဘဲ သတ်ပစ်လိုက်ရင် သူဟာ အခုဆို ငရဲပြည် ရောက်နေရော့မယ်၊ အခုတော့ ငါ့ကို လှောင်တဲ့စာတောင် ရေးသွားခဲ့ပြီ'

သူသည် စာရွက်ကို ဖြန့်လိုက်၏။

နောင်တော်.... ဒီအပ်ဟာ အထူးစီမံပြုလုပ်ထားတဲ့ ရွှေအပ်လေးသာ ဖြစ်ပါတယ်၊ အဆိပ်ဆိုလို့ မြူမှုန်တစ်မှုန်စာတောင် ဒီရွှေအပ်မှာ ကပ်မနေပါဘူး။

ကွန်လုံဝမ်သည် ပြတင်းပေါက်သို့ လှမ်းကြည့်ပြီး....

'ဟင်း....ငါ ကောင်းကောင်း အလိမ်ခံလိုက်ရတာပဲ'

သူသည် စာကို ဆက်ဖတ်လေ၏။

ဒီအပ်မှာ တကယ် အဆိပ်လူးထားရင် နောင်တော် တကယ် သေသွားနိုင်တာပေါ့၊ ကျွန်တော်နဲ့ နောင်တော်တာ ဆရာတူ တပည့်တွေပဲ၊ ဒီလိုနည်းမျိုးနဲ့တော့ နောင်တော်ကို မသတ်ချင်ပါဘူး။

နောင်တော်က ကျွန်တော့်အပေါ် ခမတ္တာပျက်ပေမယ့် ကျွန်တော်က အဲဒီလောက် မရက်စက်ပါဘူး၊ နောင်တော် လုပ်ရပ်တွေကို ရပ်တန့်က ရပ်ပါ၊ မရပ်ရင် နောင်တော် အသေဆိုးနဲ့ သေမှာပဲ၊ ဒါက စေတနာနဲ့ ပြောတဲ့စကားပါ။

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်သည် စာကိုဆုံးအောင် မဖတ်တော့ဘဲ လက်ထဲ၌ ဆုပ်ချေမွပစ်လိုက်သည်။

'သမီးကြီး....ဒီကောင် လှည်းနဲ့လာတယ်၊ သူ့လှည်းဆီမှ ပြန်ရမယ်'

နိုင်ချစ်နော်သည် အရိပ်ပြ အကောင်ထင်သူဖြစ်၍ ချက်ချင်းပင် ဖြတ်တင်းပေါက်မှ ခုန်ထွက်သွားလေတော့၏။

နိုင်ချစ်နော် ထွက်သွားသည်နှင့် ကွန်လုံဝမ်သည် အပ်အစိုက်ခံရသည့်နေရာကို အသေအချာ စစ်ဆေးကြည့်၏။

ဆည်သည့်အဆိပ်မျှ မရှိကြောင်း သေချာမှ သူ့သွေးကြောများကို ပြန်ဖွင့်သည်။

ကွန်လုံဝမ်သည် သူ ဤသို့ စစ်ဆေးခြင်းကို နိုင်ချစ်နော် မတွေ့စေလိုပေ။

ထို့ကြောင့် တစ်ဖက်လှည့်၍အပြင်ထုတ်လိုက်ခြင်းဖြစ်လေ၏။

နိုင်ချစ်နော်သည် မြင်းရထား လမ်းကြောင်းကို ကြည့်၍ တစ်ဟုန်ထိုးပြေးလိုက်သည်။

မြင်းရထားကို ပျပျမြင်သည့်အချိန်တွင် သူ့အား တစ်စုံတစ်ယောက်က ဖြတ်ကျော်တက်သွားကြောင်း သိလိုက်ရ၏။



ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်ပေတကား။

နိုင်ချစ်နော် လှည်းဆီသို့ရောက်သောအခါ ကွန်လုံဝမ်သည် လှည်းဘီးကို အသာဆွဲကားကြောင်း တွေ့ရသည်။

လှည်းသည် ရှေ့သို့ မထွက်နိုင်တော့ပေ။

နိုင်ချစ်နော်က လှည်းတံခါးကိုဆွဲဖွင့်ရန် ကြံလိုက်သည်။

'မလုပ်နဲ့....မဖွင့်နဲ့'

ကွန်လုံဝမ်၏ အော်ဟစ် သတိပေးသံကြောင့် နိုင်ချစ်နော် တွန့်သွား၏။

နောက်ဆုတ်သွားသည်။

ကွန်လုံဝမ်က လှည်းထဲသို့ လှမ်းပြော၏။

'ထန်ရှင် မင်းပြေးလို့ မလွတ်တော့ပါဘူး၊ အေးအေးဆေးဆေး ထွက်ခဲ့စမ်း'

သူသည် ထန်ရှင်ထွက်လာသည်နှင့် တစ်ချက်တည်းဖြင့် ရိုက်သတ်ရန် အတွင်းအားကို စုစည်းထားသည်။

သို့သော်....

လှည်းထဲမှ မည်သူမျှ ထွက်မလာပေ။

'ထန်ရှင် မင်းဟာ ရှေ့အပ်မှာ ဘာအဆိပ်မှ လူးမထားခဲ့ဘူး၊ အဲဒီကျေးဇူးကို ထောက်ထားပြီး မင်းအသက်ကို ချမ်းသာပေးမယ်လို့ ဆုံးဖြတ်ထားတယ်၊ အေးအေးဆေးဆေးထွက်ခဲ့

www.burmeseclassic.com



နိုင်ချစ်နော်က ငင်၍ သတိပေး၏။

'ဖခင်ဂိုဏ်းချုပ်ကြီး ကျွန်မတို့ အလိမ်ခံရပြန်ပြီလား မသိဘူး၊ ကျွန်မ တံခါးဖွင့်ကြည့်လိုက်မယ်'

'အေး...ဖွင့်စမ်း၊ မင်းကိုအန္တရာယ်ပြုနိုင်ရင် ငါအဆင်သင့်ကာကွယ်ပေးထားမယ်'

နိုင်ချစ်နော်သည် တံခါးကို ဆွဲဖွင့်လိုက်၏။

တံခါးသည် လွယ်လွယ်ကူကူ ပွင့်သွားသည်။

လှည်းအတွင်းမှ...

'ဘုရား...ဘုရား၊ လူ့လောကဟာ တကယ်ပဲ ပြဿနာတွေများတာပဲနော်၊ ဘုရား...ဘုရား'

နိုင်ချစ်နော်မှာ ဟယ်ခနဲဖြစ်သွားတော့၏။

လှည်းထဲမှ ထွက်လာသူကား ထန်ရှင်မဟုတ်ချေ။

တက်မုဆရာတော်သာ ဖြစ်ချေသည်။

တက်မုဆရာတော်သည် လက်အုပ်ချီပြီး နှုတ်ဆက်လေ၏။

'ဒကာကြီးဟာ ကွန်လုံဝမ်မဟုတ်လား၊ ဒကာကြီးနာမည်ကျော်ကြားနေတာကိုတော့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက သိရှိခဲ့ပါတယ်၊ လူကိုတော့ တစ်ခါမှ မတွေ့ဖူးခဲ့ဘူး'



ကွန်လုံဝမ်သည် တက်မုဆရာတော်ကို အေးစက်စက် စိုက်ကြည့်နေလေ၏။

တက်မုဆရာတော်က လက်အုပ်ချီရင်း သူ့ကိုယ်သူ မိတ်ဆက်နေပြန်လေ၏။

'ကျုပ်ကတော့ တက်မုဆရာတော်ပါ၊ ရှောင်လင်ကျောင်းတော်ကပါပဲ'

ကွန်လုံဝမ်မှာ လွန်စွာ စိတ်မသက်မသာ ဖြစ်သွား၏။

အဘယ်ကြောင့်ဆိုသော်....

ထန်ရှင်က သူ့အား အကြိမ်ကြိမ် အထပ်ထပ် လှည့်စားသွားသောကြောင့်ပေတည်း။

တက်မုဆရာတော် ထွက်လာပြီးနောက် ပိန်ပိန်ပါးပါးဖြင့် ခန့်ညားသော ရုပ်ရည်ရှိသည့် အဘိုးကြီးတစ်ယောက် ထွက်လာပြန်သည်။

သူသည် လက်သီးဆုပ်ကာ ကွန်လုံဝမ်ကို ဂါရဝပြု၏။

ထို့နောက် သူ့ကိုယ်သူ မိတ်ဆက်ပြန်သည်။

'ကျုပ်ကတော့ ကျွန်လုဂိုဏ်းရဲ့ ခေါင်းဆောင်ဖြစ်တဲ့ အိုယန်ထိုပါပဲ၊ နောင်တော်ကွန်လုံဝမ်နဲ့ တွေ့ဆုံခွင့်ရတဲ့အတွက် အထူးပဲ ဝမ်းသာလှပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ် မနေသာတော့ပေ။

ဤပုဂ္ဂိုလ်ကြီးများသည် သိုင်းလောက၏ အဓိကရပုဂ္ဂိုလ်ကြီးများပင် မဟုတ်ပါလား။

ထို့ကြောင့်....

လက်သီးနှစ်ဖက်ဆုပ်ပြီး နှစ်ဦးစလုံးကို ပြန်လည် ဂါရဝပြုလိုက်ရ၏။

'ကျုပ်နှစ်ယောက်စလုံးအကြောင်းကောင်းကောင်းကြားဖူးပါတယ်'

အိုယန်ထိုက....

'နောင်တော် ကွန်လုံဝမ်ကို အမြိုးသားဖော်တတ်တဲ့ နဂါးကြီးလို့ အများကဆိုကြတယ်၊ အခုလို ဦးခေါင်းပါ တွေ့ရတဲ့အတွက် ကျုပ်တို့ကံထူးတယ်လို့ ဆိုကြမှာပါပဲ'

အိုယန်ထိုက စကားကို ခေတ္တနားပြီးနောက် ဆက်ပြော၏။

'ဒါပေမယ့် မျက်နှာဖုံးအတုစွပ်ထားတဲ့အတွက်တော့ ကျုပ်တို့ စိတ်မကောင်းပါဘူး။ ကျုပ်တို့က နဂိုမျက်နှာနဲ့ တွေ့ဆုံနှုတ်ဆက်ချင်ပါတယ်'

ကွန်လုံဝမ်က ရယ်ရင်း....

'ကျုပ်မျက်နှာကို မြင်ဖူးပြီးသူပဲ တွေ့မြင်စေရမယ်၊ အခြားလူသစ်တွေတော့ လုံးဝ မတွေ့စေရဘူး'



တက်မုဆရာတော်က....

'တွေ့တော့ ဘာဖြစ်သလဲ ဒကာကြီး၊ ကျုပ်တို့က သာမညလူတွေမှမဟုတ်ဘဲ'

အိုယန်ထိုက ဝင်ပြောသည်၊

'ကျုပ်တို့ကတော့ တွေ့အောင်ကိုကြိုးစားရမှာပဲ'

ကွန်လုံဝမ်က လှောင်ရယ်ရယ်သည်၊

'ဘာလဲ၊ ခင်ဗျားတို့နှစ်ယောက်က ကျုပ်ကို အနိုင်ရမယ် ထင်နေသလား၊ တစ်ခါတလေ အထင်နဲ့အမြင်ဟာ မတူဘူးဆိုတာလဲ သတိထားကြပါဦး'

တက်မုဆရာတော်က ဝင်မပြောတော့ပေ။

အိုယန်ထိုကသာ....

'တိုက်ပွဲဆိုတာ ကြိုတင်ခန့်မှန်းနိုင်ဖို့ မလွယ်ပါဘူး'

'ဟား....ဟား....ဟား၊ ကျုပ်အဖို့တော့ လွယ်ပါတယ်၊ အမြဲတမ်း ကျုပ်အနိုင်ရတာချည်းပဲ'

တက်မုဆရာတော်က ချောင်းတစ်ချက်ဟန့်ပြီး ရှုတ်တရက်ပြန်မေးသည်။

'ဒကာကြီးကွန်လုံဝမ်၊ ကျုပ်တစ်ခုလောက်မေးစမ်းပါရစေ'

'မေးပါ၊ ဘာမေးချင်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အခု မကြာမီ ရက်ပိုင်းအတွင်းမှာပဲ သိုင်းသမား အကျော်အမော် ထိပ်သီးအတော်များများ သိုင်းလောကထဲက ပျောက်ကွယ်သွားခဲ့တယ်၊ ဖကာကြီးရဲ့လက်ချက်ပဲလား'

ကွန်လုံဝမ်ကခပ်ဖြေဖြေ ရယ်နေသည်။

တက်မုဆရာတော်က ဆက်ပြော၏။

'ဖကာကြီး၊ ကျုံရှာ သူရဲကောင်းငါးဖော် ရှိသေးသလား'

ကွန်လုံဝမ်က ရယ်၍ဖြေသည်။

'သေပြီ'

'ကျွန်နိုင်ဂိုဏ်းရဲ့ခေါင်းဆောင် လွှင်ချိုလုံကော'

'သူလဲ သေပြီ'

'ရှောင်လင် ကျောင်းတော်ရဲ့ ဒုတိယဂိုဏ်းအုပ် ဆရာတော်ကြီးကိုယတ်ဟာလဲ မင်းပဲမဟုတ်လား'

ကွန်လုံဝမ်က အေးစက်စက်ပြောလေ၏။

'ကျုပ်ဟုတ်တော့ဘာဖြစ်သလဲ၊ မဟုတ်တော့ဘာဖြစ်သလဲ'

'သူစွာဖောက်'

တက်မုဆရာတော်သည် မိုးခြိမ်းသံကဲ့သို့ အော်ဟစ်ပြီး ကွန်လုံဝမ်ရှိရာသို့ တစ်ရှိန်ထိုး ခုန်ဝင်လာလေတော့၏။



ကွန်လုံဝမ်သည် သိုင်းသမားအဓိပတိကြီးနှစ်ဦးနှင့် ရင်ဆိုင်တွေ့ဆုံနေရသည်ဖြစ်၍ သတိလက်လွှတ်နေသူမဟုတ်ပေ။

သူက ပြန်လည် ခုခံလိုက်သောအခါ ကျယ်လောင်သောလက်ဝါးရိုက်သံ ထွက်ပေါ်လာလေ၏။

အိုယန်ထုံသည် ရန်သူ၏ အတွင်းအား ကြီးမားပုံကို တွေ့ရသောအခါ အရေးတကြီး လှမ်းအော်သတိပေးလေ၏။

'ဆရာတော် ခေတ္တရပ်ဆိုင်းပါ'

တက်မုဆရာတော် နောက်သို့ ပြန်လည်ခုန်ဆုတ်လာ၏။

'ဂိုဏ်းချုပ်ကြီး ဘာပြောချင်လို့လဲ'

ကွန်လုံဝမ်က အေးစက်စက်ပြောလေ၏။

'တစ်ယောက်က ရှောင်လင်ကျောင်းရဲ့ ဝါဥကြီးဆရာတော်၊ တစ်ယောက်က သိုင်းလောကသားတွေ ဦးညွှတ်တဲ့ ကျွန်လုဂိုဏ်းချုပ်၊ ဘာဖြစ်လို့ နောက်ဆုတ်သွားရတာလဲ၊ နှစ်ယောက်စလုံး ဝင်တိုက်ကြပါလား၊ ရှောင်လင်နဲ့ ကျွန်လုဂိုဏ်းရဲ့ သိုင်းပညာစွမ်းကို စစ်ဆေးကြည့်ရတာပေါ့'

'နောင်ကြီး ကွန်လုံဝမ်၊ ခင်ဗျားကို ဘယ်သူမှ မကြောက်ပါဘူး၊ ကျုပ်တို့ တိုင်ပင်စရာရှိလို့ပါ၊ ကျုပ်တို့ တိုင်ပင်ဆွေးနွေးပြီးမှ တိုက်ခိုက်ရင်လဲ အကြောင်းမဟုတ်တော့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထုံသည် တက်မုဆရာတော်ဘက်သို့ လှည့်လိုက် တက်မုဆရာတော်၏ ခန္ဓာကိုယ်မှာ တဆတ်ဆတ်တုန်နေ အလွန်တရာ ဒေါသထွက်နေသည်မှာ ထင်ရှားလှသည်။

အို့ယန်ထုံက တိုးတိုးပြော၏။

'ဆရာတော် စိတ်ထိန်းပါဦး၊ ရန်သူဟာ အင်အားကြ ရန်သူဖြစ်ပါတယ်၊ စိတ်မတည်ငြိမ်တဲ့ တိုက်ခိုက်ရင် တပ တော်တို့ပဲ နစ်နာပါလိမ့်မယ်'

တက်မုဆရာတော်မှာ အတွေ့အကြုံ ရင့်ကျက်သော ဆ တော်ဖြစ်၏။

အို့ယန်ထုံ၏သတိပေးချက်ကို ကြားလိုက်ရသောအခါ ကိုယ်သူ ပြန်လည်ဆင်ခြင်မိသွားပြီး ဒေါသကို ပြန်လည်ထိ ချုပ်လေ၏။

'ဂိုဏ်းချုပ်ကြီး....ကျုပ် ဒေါသထွက်မိတာကတော့ အ ပါပဲ၊ ဒါပေမယ့် အခုတော့ ဒေါသကို သိမ်းဆည်းနိုင်ပါ ဒီကောင်ဟာ သစ္စာဖောက်ဖြစ်တယ်၊ သူ့ကို မဆုံးမလို့မ ဘူး၊ အပြစ်မပေးလို့ မဖြစ်ဘူး'

'ဆရာတော် စကားအရ ကွန်လုံဝမ်ရဲ့ နောက်ကြော ရာဇဝင်ကို ဆရာတော်သိထားသလိုပဲ'



တက်မုဆရာတော်က အံကြိတ်၍ ပြောလေ၏။

'ဟုတ်တယ်... သူက နှယ်နှယ်ရရ လူဆိုးကြီး မဟုတ်ဘူး ရှောင်လင်ကျောင်းရဲ့ သစ္စာဖောက်တစ်ယောက် ဖြစ်တယ်'

အို့ယန်ထုံမှာ ပါးစပ်အဟောင်းသား ဖြစ်သွားးလေတော့ ၏။

'ရှောင်လင်ကျောင်းရဲ့ သစ္စာဖောက် ဟုတ်လား'

တက်မုဆရာတော်က ခေါင်းညိတ်၏။

'ဟုတ်တယ်....ရှောင်လင်ကျောင်းရဲ့ သစ္စာဖောက်ပဲ'

တက်မုဆရာတော်သည် အေးစက်မာကျောသော သံမဏိ ချက်လုံးမျာ်းဖြင့် ကွန်လုံဝမ်ကိုကြည့်ပြီး အို့ယန်ထုံအားလှည့်၍ တောင်းပန်လေ၏။

'ဂိုဏ်းချုပ်ကြီး....ဒီသစ္စာဖောက်ကို ကျုပ်ကိုယ်တိုင် သုတ် သင်ရှင်းလင်းပါ့မယ်၊ ကျုပ်သေရင်လဲ သေမှာပေါ့၊ ဒါပေ မယ့် အေးကကူမယ့်သူ မဝင်ရအောင်တော့ ဂိုဏ်းချုပ်ကြီးက အားဆီးပေးပါ'

'အေးကတားဆီးပေးဖို့ မခက်ပါဘူး၊ ဆရာတော်သာ....'

'ကျုပ်ကိုစောင့်ဘာမှမပူနဲ့၊ ကျုပ်သေရင်သေ၊ မသေရင် သူ့ကို အရှင်ဖမ်းပြီး ရှောင်လင်ကျောင်းတော်ကို ခေါ်သွား မယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကွန်လုံဝမ်ကြားသည်။

ထို့ကြောင့် ဟာဟားဟား အော်ဟစ်ရယ်မောတော့သည်။

'ကျုပ်က ကျုပ်ရဲ့ပြိုင်ဘက် မဖြစ်နိုင်ဘူးဆိုတာသိလို့ ယှဉ်ပြိုင်ရမှာစိတ်ပျက်နေတယ်၊ အခုလို စကားကြီးစကားကျယ် ကြားလိုက်ရတော့ သိပ်ပြီး ရယ်ချင်တယ်'

တက်မုဆရာတော်က အေးစက်စက် မေးမြန်းလိုက်သည်။

'မင်းက ငါ့ကို ပြိုင်ဘက် မကုတ်ဘူးလို့ ပြောရအောင် ရှောင်လင်သိုင်းကွက် ဘယ်နှစ်ကွက်များ တတ်သွားလို့လဲ'

ကွန်လုံဝမ် မည်သို့မျှ ပြန်မပြောချေ။

ထိုအချက်က သူသည် ရှောင်လင်ကျောင်းထွက်တစ်ဦးဖြစ်ကြောင်း သက်သေပြနေသလိုဖြစ်နေ၏။

ကွန်လုံဝမ်သည် တက်မုဆရာတော်၏စွပ်စွဲချက်ကို ခြွင်းချက်မရှိ လက်ခံလိုက်သေ၏။

ကွန်လုံဝမ်သည် အတန်ကြာငြိမ်သက်နေပြီးမှ တက်မုဆရာတော်နှင့် အို့ယန်ထုတ္တိကို လက်ညှိုးထိုးပြီး ပြော၏။

'ခင်ဗျားတို့ နှစ်ယောက်စလုံး အတူတူတက်ခဲ့ကြ၊ တစ်ယောက်ချင်းတက်ရင် စေ့စေ့စီးစီး သေနေလိမ့်မယ်'

'အာ'



တက်မုဆရာတော်၏ ဒေါသသည် ဆပ်မံ ပေါက်ကွဲလာပြန်၏။

အို့ယန်ထုက တောင်းပန်ပြန်လေ၏။

'ဆရာတော်...သည်းခံပါ၊ သူဟာ တပည့်တော်တို့ဒေါသထွက်ပြီး ဆင်ခြင်တုံတရားကင်းအောင် လုပ်နေပါတယ်'

ကွန်လုံဝမ်က အေးစက်စက်ရယ်၍ပြော၏။

'ဒီမှာ...ခင်ဗျားတို့ သိအောင်ပြောထားမယ်၊ ဘယ်သူမဆို ကျုပ်နဲ့ သိုင်းကွက် သုံးဆယ်ပဲတိုက်နိုင်တယ်၊ သုံးဆယ်ကျော်အောင် ဘယ်သူမှမတိုက်ခိုက်နိုင်ဘူး၊ ကျုပ်နဲ့ တိုက်တဲ့လူ မှန်သမျှလဲ အားလုံး သေကုန်တာပဲ'

အို့ယန်ထုသည် ကွန်လုံဝမ်၏ရုပ်ရည်အစစ်အမှန်ကို မတွေ့ဖူးသော်လည်း သူ၏ရက်စက်မှု ဂုဏ်သတင်းဆိုများကို ကြားသိခဲ့ပြီးဖြစ်၍ ထိုစကားကို ယုံကြည်လက်ခံလေ၏။

ထိုအခိုက်မှာပင် နိုင်ချစ်နော်သည် ကွန်လုံဝမ်၏ ဘေးသို့ရောက်ရှိလာခလေ၏။

'ဖခင်ဂိုဏ်းချုပ်ကြီး၊ ဒီပွဲမှာ ဖခင်ကြီးရဲ့ပညာကို ထုတ်ပြဖို့ သင့်သေးပါဘူး၊ ကျွန်မပဲ ဖခင်ကြီးကိုယ်စား တိုက်ခိုက်လိုက်ပါရစေ'

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်က....

'သမီးကြီး....ဒီတရုတ်ဘုန်းကြီးဟာ ရှောင်လင်ကျောင်းမှ
အဆင့်မြင့် သိုင်းသမားတစ်ယောက် ဖြစ်တယ်၊ သူ့ကို အထ
သေးရင် မှားသွားလိမ့်မယ်၊ သမီးအဒနနဲ့ သူ့ကိုမယှဉ်နိုင်ဘူး

'သမီး....ဒီတရုတ်ဘုန်းကြီးရဲ့ သိုင်းပညာကို တွေ့ပြီးပါပြ

'အဲဒီပညာက အကုန်မဟုတ်ဘူး၊ တချို့တစ်ဝက်ပဲ ဖြ
လိမ့်မယ်'

သို့သော် နိုင်ချစ်နေဘ်သည် ရှတ်တရက်ထွက်လာပြီး တက်
ဆရာတော်နှင့် ယှဉ်ပြိုင်ရန် ရှေ့သို့ တက်လာ၏။

တက်မှုဆရာတော်က....

'ငါက ရှောင်လင်ကျောင်းရဲ့ သစ္စာဖောက်ကို သုတ်သင်
လာတာ၊ မင်းလို သူငယ်နုပ်စားမိန်းကလေးနဲ့ ယှဉ်ပြိုင်ဖို့လာ
တာ မဟုတ်ဘူး၊ ဖယ်ပေးစမ်း'

နိုင်ချစ်နေဘ်က အေးစက်စက် ရယ်ရင်း....

'ကျွန်မကို အရင်နိုင်အောင်တိုက်စမ်းပါဦး၊ ပြီးမှ ကျွန်
ဖခင်ကြီးနဲ့ တိုက်ပါ'

အို့ယန်ထုံက....

'မိန်းကလေး ဘေးဖယ်ပါ'



နိုင်ချစ်နေဘ်က အေးစက်ရွှဲ အမိန့်ပေးသည်။

'ရှေ့ကိုတက်လာခဲ့'

ထိုအမိန့်သံဆုံးသည်နှင့် ဆန်ကွမ်းချီ ရှေ့သို့တက်လာတော့
သည်။

စောစောက နိုင်ချစ်နေဘ် ပျောက်ကွယ်နေခြင်းမှာ ဆန်ကွမ်း
ချီကို ပြန်ခေါ်နေခြင်းသာဖြစ်သည်။

နိုင်ချစ်နေဘ် အမိန့်ပေးလိုက်၏။

'ဒီတရုတ်ဘုန်းကြီးကော ဟိုအဘိုးကြီးကော မလွတ်စေနဲ့'

ဆန်ကွမ်းချီသည် စကားဆုံးသည်နှင့် လျှင်တစ်ပြက် ခုန်ဝင်
သာတော့၏။

တက်မှုဆရာတော်ကို တိုက်ခိုက်သည်၊

တက်မှုဆရာတော်မှာ ဟင်ခနဲ ဖြစ်သွားပြီး အလျှင်အမြန်
ခံလိုက်ရ၏။

ရှောင်လင်လက်သီးဖြင့် ဆန်ကွမ်းချီ၏ ပခုံးကို ထိုးသည်။

တက်မှုဆရာတော်သည် ကွန်လုံဝမ်ကို ဒေါသထွက်နေသည့်
ဖြစ်ရာ အလွန်ပြင်းထန်သော သိုင်းကွက်များကို ထုတ်သုံးပြီး
ဆန်ကွမ်းချီနှင့် ယှဉ်ပြိုင်လေ၏။

ဆန်ကွမ်းချီမှာ မူလစိတ် မရှိတော့သော်လည်း သိုင်းကွက်
များကိုမူ အမှားအယွင်းမရှိဘဲ ရိုက်ထုတ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ တိုက်ကွက်များမှာ အလွန်တရာ အလှည့်အပြောင်းများလှသဖြင့် သာမန် သိုင်းသမားတစ်ယောက်အနေဖြင့် ထိုအကွက်များကို မြင်နိုင်စွမ်းရှိမည် မဟုတ်ပေ။

ကွန်လုံဝမ်၊ အိုယန်ထုံတို့မှာ သိုင်းအကျော်အခံမော်များဖြစ်ပြီး နိုင်ချစ်နော်မှာလည်း ထိပ်တန်းအဆင့်ရှိသူဖြစ်၍ ဆန်ကွမ်းချီနှင့် တက်မုဆရာတော်တို့ သုံးသည့် သိုင်းကွက်များကို ကောင်းစွာ သိမြင်ကြရသည်။

ထိုစဉ် တက်မုဆရာတော်က ဆန်ကွမ်းချီ၏ လက်ကောက်ဝတ်ကို ဖမ်းကိုင်၏။

ဆန်ကွမ်းချီက လက်ကိုအောက်သို့နှိမ့်ချပြီး ညာခြေထောက်ဖြင့် ဆရာတော်၏ ဆီးစပ်သို့ ဆောင့်ကန်သည်။

ထိုတိုက်ကွက်မျိုးကို ထိပ်တန်း သမ္မာရင့် မည်သည့်သိုင်းသမားမျှ မသုံးပေ။

ဆန်ကွမ်းချီမှာ မူလအသိဉာဏ် ပျောက်နေသဖြင့် မသုံးသင့်သော သိုင်းကွက်များကိုပင် သုံးစွဲနေမိပေသည်။

ဆန်ကွမ်းချီသည်အဆိပ်သင့်ခံရပြီးနောက် အပြောင်းလဲကြီး ပြောင်းလဲနေခဲ့သည်။

သူနှင့် တိုက်ခိုက်နေသူမှန်သမျှကို လုံး၀ ကြောက်ရွံ့ခြင်းမရှိဘဲ အတင်းတရကြမ်း တိုက်ခိုက်လေတော့၏။



တက်မုဆရာတော်၏ အတွင်းအားသည်လည်း တဖြည်းဖြည်း နက်ရှိုင်းသည်ထက် နက်ရှိုင်းလာ၏။

တိုက်ကွက်များလည်း ပြင်းထန်သည်ထက် ပြင်းထန်လာ၏။

အနည်းငယ် မှားယွင်းသွားသည်နှင့် ဆန်ကွမ်းချီသည်ပင် လျှင် နောက်သို့ သုံးလေးလှမ်း ဆုတ်ပေးရသည်။

ကွန်လုံဝမ်သည် တက်မုဆရာတော်၏ သိုင်းကွက်များကို လုံး၀ မကြည့်ပေ။

ဆန်ကွမ်းချီသုံးသည့် သိုင်းကွက်များကိုသာ မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေ၏။

သူ ချက်နှာ၌ မျက်နှာတ ဖွပ်ထားသဖြင့် မျက်နှာထား ပြောင်းလဲပုံကို မရှုတွေ့ရသော်လည်း မျက်လုံးများ အရောင်တောက်နေပုံက လွန်စွာ ကြောက်မက်ဖွယ် ကောင်းနေသည်။

ဆန်ကွမ်းချီအတွက် အန္တရာယ်ကြီးသော မျက်လုံးအကြည့်များပင် ဖြစ်နေပေတော့သည်။

ထိုအခိုက်တွင် တက်မုဆရာတော်၏ မာန်သွင်းသံ ပေါ်လာပြီး လက်ညိုး လက်ခလယ် စသည်တို့ဖြင့် ရှေ့သို့ဆန့်တန်းထုတ်လိုက်၏။

ထိုသိုင်းကွက်သည် ချောင်လင်သိုင်းကွက် ခုနစ်ဆယ့်နှစ်ကွက်အနက် ထူးဆန်းသော သံဓာတ်လက်ချောင်း သိုင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် ထိုသိုင်းကွက်ကို အနှစ်သုံးဆယ်မျှ အောင်မြင်အောင် ခလေ့ကျင့်နိုင်ခဲ့ပြီ ဖြစ်သည်။

အော်ရှုံဘန်ရဲ့ ကျောက်တုံး ကျောက်ပြားများကို ထိုလက်ချောင်းများဖြင့် ထိုးဖောက်နိုင်စွမ်းရှိခဲ့ပေသည်။

'သဘီထား'

နိုင်ချစ်နေဘ်သည် မည်သို့ဖြစ်သွားသည်မသိ။

ဆန်ကွမ်းချီကို အော်ဟစ် သတိပေးလိုက်မိလေ၏။

ဆန်ကွမ်းချီသည် လျှင်မြန်ဖျတ်လတ်စွာ ဘေးသို့ ခုန်ရှောင်လိုက်၏။

တက်မုဆရာတော် လျှင်မြန်သလို ဆန်ကွမ်းချီလည်း လျှင်မြန်လှသည်။

တက်မုဆရာတော်၏ လက်ချောင်းများသည် ဆန်ကွမ်းချီ၏ နားထင်ဘေးမှ ပွတ်ကာသီကာ လွဲချော်သွားသည်။

ထိုအခါကျမှ—နိုင်ချစ်နေဘ် ဟင်းခနဲ သက်ပြင်းချနိုင်တော့သည်။

နိုင်ချစ်နေဘ်သည် တက်မုဆရာတော်၏ သိုင်းပညာ မြင့်မားလှပုံကို တစစသိမြင်လာသဖြင့် ဆန်ကွမ်းချီအတွက် ရင်ပူလာ၏။ စိုးရိမ်လာ၏။



တက်မုဆရာတော်ကလည်း အသာစီးရသွားသည်နှင့် တရစပ် တိုက်ခိုက်သည်။

ဆန်ကွမ်းချီမှာ ခံစစ်ဖြစ်နေရတော့၏။

တက်မုဆရာတော်သည် ရှောင်လင်ကျောင်းထွက် ဆရာတော်တစ်ပါးဖြစ်၍ သိုင်းပညာထက်မြက်သူဖြစ်သော်လည်း မည်သည့်အခါမျှ တစ်ဖက်ရန်သူကို ရက်ရက်စက်စက် တိုက်ခိုက်ခဲ့မရှိပေ။

ကြင်နာတတ် စာနာတတ်သည်။

သို့သော် ဆရာတော်သည် ယခုအခါ လုံးဝအခွင့်မပေး အညှာမပေးတဲ တိုက်ခိုက်လျက် ရှိနေပေသည်။

ထိုအချိန်တွင် သိုင်းကွက်ပေါင်း ၄၀ ဆယ်ကျော်သွားလေပြီ။

ထိုကဲ့သို့သော တိုက်ပွဲမျိုးမှာ သိုင်းလောကဌ် မြင်ရခဲသော တိုက်ပွဲဖြစ်၏။

ထို့ကြောင့် အို ယန်ထုံသည် သတိဝီရိယထားလျက် ဂရုစိုက်ကြည့်နေမိခြင်း ဖြစ်သည်။

တိုက်ပွဲသည် အရှုံးအနိုင်ပေါ်မည့် အခြေအနေမရှိကြောင်း အို ယန်ထုံ သတိပြုမိ၏။

ထိုအချိန်မှာပင် အဝိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော ဘွန်လိုဝမ်ထံမှ မိုးခြိမ်းသံကဲ့သို့သော တားမြစ်သံ ဟိန်း၍ထွက်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ရပ်လိုက်တော့.... မင်းတို့နှစ်ယောက် ဆက်တိုက်ဖို့ မလိုတော့ဘူး'

နိုင်ချစ်နော်သည် ပွဲတင်ထပ်သလို လိုက်၍အော်လိုက်၏။

'ရပ်လိုက်တော့၊ ရှင် ဆက်မတိုက်နဲ့တော့၊ ကျွန်မဖခင်ကြီး အမိန့်ပေးနေပြီ'

ဆန်ကွမ်းချီရော တက်မုဆရာတော်ပါ သူတို့၏ သိုင်းကွက်များကို ရပ်သိမ်းလျက် နောက်ပြန် အသီးသီး ခုန်ဆုတ်သွားကြလေ၏။

## အခန်း (၃၉)

### မကောင်းဆိုးရွား ဂိုဏ်းချုပ်ကြီး

နိုင်ချစ်နော်သည် ဆန်ကွမ်းချီအား စိုးရိမ်ဘကြီး ကြည့်နေရာမှ သူမ၏ မွေးစားဖခင် ကွန်လုံဝမ်ကို အမှတ်မထင် လှမ်းကြည့်မိ၏။

ကွန်လုံဝမ်၏ တောက်ပနေသော မျက်လုံးများသည် ဆန်ကွမ်းချီအား ကြောက်မက်ဖွယ်ရာ စူးစိုက်ကြည့်နေကြောင်း တွေ့မြင်လိုက်ရသည့်အတွက် နိုင်ချစ်နော် ရင်ထိတ်သွားရတော့၏။

သူမသည် ဝမ်ဂေဟာ၌ သွားရောက်တာဝန်မထမ်းဆောင်ရသေးသည့်ကာလက ကွန်လုံဝမ်အား အနီးကပ် ပြုစုခဲ့ရသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ကွန်လုံဝမ်၏ မိဘ်ခုနသဘောထားကို အခြားသူများထက် ပို၍ သိမြင်ခွင့်ရခဲ့သည်။

ကွန်လုံဝမ်၏ မျက်လုံးနှစ်လုံး ဤသို့အရောင်တောက်လာလျှင် သွေးဆာနေပြီဖြစ်ကြောင်း ယခင်အတွေ့အကြုံများအရ နိုင်ချစ်နေဘ် သိမြင်ခဲ့ပြီးဖြစ်သည်။

ယခုလည်း ထိုမျက်လုံးများသည် ဆန်ကွမ်းချီအား စူးစူးစိုက်စိုက် ကြည့်ရှုနေလေပြီ။

ကွန်လုံဝမ်သည် တက်မုဆရာတော်နှင့် ကျုန်လုဂိုဏ်းချုပ်ကြီးအို့ယန်ထုံတို့သာ ဤနေရာ၌ ရှိမနေလျှင် ဆန်ကွမ်းချီကို မုချသတ်ပြီးနေပေပြီ။

ဆန်ကွမ်းချီ၏ဆန်းပြားလှသော သိုင်းပညာများက သူ့အား မနာလို ဝန်တိုစိတ်ကို ဖြစ်ပေါ်စေခဲ့လေပြီ။

သို့သော် ယခုကာလ၌ သူချည်းမဟုတ်သဖြင့် တက်မုဆရာတော်ဘက်သို့ ပြန်၍ဦးညွှတ်လိုက်သည်။

တက်မုဆရာတော်သည် ကွန်လုံဝမ်အား မျက်တောင်မခတ်စိုက်ကြည့်နေသူဖြစ်ရာ သူ့ဘက်သို့ လှည့်လာသည်နှင့် ချက်ချင်းလှမ်းမေးလိုက်၏။

'သစ္စာဖောက်၊ အသွားထဲကလောက်ထွက် ငါနဲ့တိုက်ခိုက်ဖို့ အဆင်သင့်ဖြစ်ပြီလား'



'ဟား...ဟား...ဟား၊ ခင်ဗျားက အတော်သေမင်းငင်နေတာပဲ၊ ကျုပ်နဲ့ပြိုင်ဘက်မဟုတ်ဘူးလို့ ပြောထားတာပဲ၊ မယုံရင်စမ်းကြည့်လေ'

'ဒီလိုလား'

တက်မုဆရာတော်သည် လေထဲ၌ ခုန်ပျံရင်း လက်ဝါးနှစ်ချက်ရိုက်ထုတ်၏။

ထိုလက်ဝါးနှစ်ချက်မှာ အလွန်တရာ လျင်မြန်လှသဖြင့် တစ်ချက်တည်း ရိုက်ထုတ်သကဲ့သို့ ထင်မှတ်ရ၏။

ကွန်လုံဝမ်သည် ဘေးသို့ရှောင်သည်။

လက်ဝဲလက် လက်ယာလက်ကို နှစ်ဖက်ခွဲဖြာထုတ်လျက် ခုခံကာကွယ်လိုက်လေသည်။

တက်မုဆရာတော်သည် ရှေ့သို့လွန်ထွက်သွားသော်လည်း သူ၏ခြေထောက်က လေထဲ၌ နောက်ပေါက်ကန်ပြီးသားဖြစ်နေ၏။

ကွန်လုံဝမ်က လက်ယာလက်ကို နှစ်ဆင့်လှုပ်ရှားပြီး ခြေထောက်ကို ပုတ်ထုတ်လိုက်ရ၏။

တက်မုဆရာတော်သည် တစ်ပတ်ကျွမ်းပစ်ပြီး တစ်ဖက်၌ မတ်တတ်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် ရင်ဘတ်ရှေ့၌ လက်အုပ်ချီရင်း ကွန်လုံဝမ်ကို ထပ်မံရင်ဆိုင်သည်။

သည်တစ်ကြိမ် တိုက်စစ်ဆင်သူမှာ ကွန်လုံဝမ်ဖြစ်သည်။

သူသည်ဆရာတော်၏ပခုံးကို သံဇကာလက်သည်းကုတ်ဖြင့် ဖမ်းကုတ်၏။

လက်ဝဲလက်ကမူ ဆရာတော် ဟန်ပြန်မည့်တိုက်ကွက်ကို ဖျက်ဆီးရန် အသင့်ပြင်ထားသည်။

ကြီးမားသောရန်သူကို လက်တစ်ဖက်တည်းဖြင့် တိုက်ခိုက်ရန် ဆိုသည်မှာ လွယ်ကူသောအလုပ် မဟုတ်ပေ။

သိုင်းပညာစွမ်းအား အကယ်ကြီးမားသူသည် ဤသို့ တိုက်ခိုက်နိုင်ပေသည်။

တက်မုဆရာတော်သည် ကိုယ်တစ်ခြမ်းစောင်းလိုက်၏။

ကွန်လုံဝမ်၏ကုတ်ချက်မှာဟန်ပြသာဖြစ်၍တက်မုဆရာတော် ရှောင်သည့်ဘက်သို့ သံဇကာလက်သည်းကုတ် တိုက်ကွက်သည် ထက်ကြပ်မကွာ လိုက်ပါလာသည်။

ဆရာတော် ထိတ်သွား၏။ ခိုင်ခိုင်မြဲမြဲရပ်ထားသည့် ခြေ ထောက်ကို ခရွေ့၍ မရတော့ချေ။



ထိုရွှေ့သည့်နေရာအထိ လက်သည်းကုတ် လိုက်လာမည်ကို း ရှိမိရသဖြင့် မုန်တိုင်းကျောက်တောင်ကာ သိုင်းကွက်ဖြင့် က်ထုတ်ရသည်။

လက်ဝဲလက်ကလည်း ကွန်လုံဝမ်၏ ရင်ဘတ်ဆီသို့ လှ ာရာ ိုး၏။

ကွန်လုံဝမ်မှာ ထိုအကွက်ကိုဖြိုဖျက်ရန် အသင့်ပြင်ဆင် း ဖြစ်ရာ တက်မုဆရာတော်၏လက်သီးကို လွယ်ကူစွာ ဖယ ပေ ားနိုင်ခဲ့သည်။

ထိုသူနှစ်ယောက်၏လှုပ်ရှားမှုမှာ အလွန်တရာ လျင်မြန်လှ သဖြင့် ကြည့်မြင်နေရသူများအဖို့ တစ်ကွက်တည်း တိုက်ခိုက်နေ သလို ထင်မှတ်ရ၏။

အို့ယန်ထုံမှ သမ္မာရင့်ကိုဏ်းချုပ်ကြီးဖြစ်သဖြင့် ထိုအကွက် များအားလုံးကို အစအဆုံး စေ့စေ့စပ်စပ် သိမြင်ခဲ့ပေသည်။

ကွန်လုံဝမ်နှင့် တက်မုဆရာတော်တို့သည် ပူးလိုက်၊ ခွာလိုက်၊ က်လိုက်၊ ကန်ကျောက်လိုက်၊ တစ်ဦး၏ ဦးခေါင်းပေါ်မှ ်ဦးက ခုန်ကျော်ပျံသန်းတိုက်ခိုက်လိုက်ဖြင့် အဆက်မပြတ် က်ခိုက်နေကြ၏။

တက်မုဆရာတော်၏ သက်နှီးစကလည်း ကြွေကျရော ာင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



လေထဲ၌ တဟူးဟူး တဖျပ်ဖျပ်ခါ၍ယမ်းသွားတိုင်း ကွန်လုံဝမ်မှာ သတိကြီးစွာဖြင့် ရှောင်တိမ်းနေရပေသည်။

တစ်ချီတွင်....

'ဝုန်း....'

ဖမ်းကွန်လုံဝမ်နှင့်တက်မုဆရာတော်တို့ လက်ဝါးချင်း ယှဉ်ရိုက်၏။

ဖျက် မြည်းဟည်းသော လက်ဝါးရိုက်သံနှင့် အတူ ကွန်လုံဝမ်က၊ တက်မုဆရာတော်ပါ နောက်ဆုတ် သွားကြရသည်။

သို့သော် တိုက်ပွဲက မဆုံးသေးပေ။

ကွန်လုံဝမ်က အေးစက်စက် ရယ်လိုက်၏။

'ဒီလိုစမ်းချင်သလား၊ စမ်းချင်ရင် ရပါတယ်'

'ရတယ်....ရတယ်'

တက်မုဆရာတော်ကလည်း အားကျမခံ ပြန်ပြော၏။

ထို့နောက် လက်ဝါးချင်း ဆိုင်ရိုက်ကြပြန်သည်။

သည်တစ်ကြိမ်တွင်တော့ မည်သူမျှ နောက်မဆုတ်ကြတော့ပေ။

လက်ဝါးချင်းယှဉ်ကပ်ရင်း အတွင်းအားချင်း ယှဉ်ပြိုင်ကြတော့၏။



သူတို့၏အတွင်းအားယှဉ်ပြိုင်မှု မည်မျှပြင်းထန်သနည်းဆိုမူ သူတို့နင်းထားသည့် မြေသားပင် အနည်းငယ် နိမ့်ဝင်သွားရသည်။

ဤအဆင့်မှာ ဝါရင့်သိုင်းသမားကြီးများ တိုက်ခိုက်ရာတွင် နောက်ဆုံးသုံးသည့် အဆင့်ဖြစ်၏။

ဤအဆင့်ရောက်ပြီးလျှင် တစ်ယောက်ယောက်သေလျှင်သေ မသေလျှင် အတွင်းဒဏ်ရာရသည့် အခြေသို့ ဆိုက်ရောက်ရပေတော့သည်။

အချိန်ကြာလာသည်နှင့်အမျှ တက်မုဆရာတော်၏ အသက်ရှူသံ ပြင်းထန်လာ၏။

ဆရာတော်၏ ဦးခေါင်းထက်မှ ချွေးများ ယိုစီးကျလာနေသည်။

ဤသို့ဆိုလျှင် ကွန်လုံဝမ်ကော၊ ကွန်လုံဝမ်ကား တက်မုဆရာတော်လို အခြေအနေ မဆိုးသေးပေ။

သာမန်အခြေအနေအတိုင်းပင် ရှိနေသေးသည်။

မောဟိုက်ခြင်းမရှိ၊ ချွေးပြန်ခြင်းမရှိ၊ အသက်ရှူပြင်းထန်ခြင်း မရှိသေးပေ။

တက်မုဆရာတော်သည် ရှောင်လင်ကျောင်းမှ ဝါစဉ်ကြီးသိုင်းသမားအကျော် ဆရာတော်ဖြစ်၏။

www.burmeseclassic.com



ထို့ကြောင့် အတွင်းအားပညာသည် အလွန်ကောင်း

သို့သော် ကွန့်လုံဝမ်က သူ့ထက် အတွင်းအားပညာတော်
နေသည်ကို ယခုပြိုင်ပွဲက သက်သေခံလျက် ရှိနေပေသည်။

ကျန်လုဂိုဏ်းချုပ်ကြီး အို့ယန်ထုံမှာ အကြီးအကျယ်တိုး
ထိတ်သန့်နေ၏။

တက်မုဆရာတော် အခြေအနေမဟန်တော့သည်ကို သူ
ရပြီ မဟုတ်ပါလား။

'ဟင်း....ငါသာ ဆရာတော်ကို ဝင်မကူရင်တော့ ဆရာတော
ရေတိမ်နစ်တော့မှာပဲ၊ ဝင်ကူရင်လဲ ဆရာတော်သိက္ခာကို
ပစ်လိုက်သလို ဖြစ်မှာစိုးရိမ်ရဘယ်'

အို့ယန်ထုံ တွေးသည်မှာ မှန်ပါသည်။

အကယ်၍အို့ယန်ထုံကသာ ကြေညာပြီး ဝင်ရောက်ကူ
ပါက တက်မုဆရာတော်အနေဖြင့် လုံးဝလက်ခံလိမ့်မည်မဟု
ချေ။

ထို့ကြောင့် ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် ဝင်က
ကောင်းနိုးနိုး၊ မကူဘဲနေရကောင်းနိုးနိုးဖြင့် ဝေခွဲမရဘဲ
နေသည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ ချီတုံချတုံ ဖြစ်နေစဉ်မှာ
တက်မုဆရာတော်၏မျက်နှာမှာ တဖြည်းဖြည်း သွေးဆုတ်
ရော်လာသည်။



'ကဲ....မဖြစ်တော့ဘူး၊ ဒီအတိုင်းဆိုရင် ဆရာတော် ပျံလွန်
ပျံလွန် မပျံလွန်ရင် အတွင်းဒဏ်ရာ ရမှာသေချာတယ်၊ ငါ
င်ကူမှပဲ'

အို့ယန်ထုံသည် ထိုသို့ဆုံးဖြတ်ပြီးသည်နှင့် ဆရာတော်၏
နောက်ဘက်သို့ဝင်သွားပြီး သူ့လက်ဝါး တစ်ဖက်ဖြင့် ကပ်
ထားလိုက်၏။

သူ့အတွင်းအားများကို ဆရာတော်၏ ကျောရိုးမှ တစ်ဆင့်
ခန္ဓာကိုယ်အတွင်း စီးဝင်စေကာ ဖြည့်ဘင်း ကူညီပေးတော့
သည်။

ဆရာတော်မှာ သုပ်လည်းစူး၊ စားလည်းရှူးဆိုသည့် အခြေ
အနေသို့ ဆိုက်ရောက်နေသဖြင့် အို့ယန်ထုံ၏ ကူညီမှုရသည်နှင့်
ခန္ဓာကိုယ်ကိုလှုပ်ကာ လက်ဝါးချင်း ခွာထုတ်လိုက်သည်။

ကွန့်လုံဝမ်၏ အေးစက်စက် ရယ်သံမဆုံးမီမှာပင် တက်မု
ဆရာတော်မှာ ဝေါခနဲ သွေးများ ထိုးအန်တော့သည်။

ထိုသို့ အန်ခြင်းမှာ ဆရာတော်အတွက် အသက်သာဆုံး
အခြေအနေပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး အို့ယန်ထု အချိန်မီဝင်ကူလိုက်သဖြင့် ...သ ဒဏ်ရာရခြင်း ဖြစ်သည်။

အို့ယန်ထုံသာ ကြေညီပ က ဆရာတော်အဖွဲ့ ရှောင်... ကျောင်းတော်သို့ အသက်နှင့် ခန္ဓာကိုယ်တွဲလျက် ပြန်နိုင်... အကြောင်းမရှိတော့ပေ။

တက်မုဆရာတော်၏ အတွင်းအားသည် အမှန်တကယ်... နက်ရှိုင်းလှသည်။

ကွန်လုံဝမ်၏ အတွင်းအားက အလွန်တရာ ကောင်း... သောကြောင့်သာ သူရှုံးနိမ့်ရခြင်း ဖြစ်သည်။

သို့သော်....

အို့ယန်ထုံ၏ ဖြည့်တင်းပေးသော အကူအညီကို ရသ... ကွန်လုံဝမ်၏ ဆယ်ပိုးသာသောက် ဖိနှိပ်သည့် အတွင်းအား... ကို တစ်ပိုးသာမျှလောက်သာ ခံစားရတော့သည်။

ကွန်လုံဝမ်သည် အို့ယန်ထုံအား လွန်စွာ ...

သွား၏။

သို့သော်....

ပညာရှိအမျက် အပြင်မတွေ့က်ဆိုသည့်အတိုင်း သရော်... ပြောင်ခြင်းဖြင့် အို့ယန်ထု ကို ချိုးနှိမ်လေ၏။



'တောခေစာကတည်းက ပြောသားသဲ၊ အချိန်ကုန်သက်သာ... အောင် နှစ်ယောက်စလုံး ပြိုင်တူဝင်ပါလို့၊ ခုတော့မှ တယ်နှယ် ...ယ်ယောက် ဝင်ပူးနေရတာလဲ၊ ကျုပ်ပညာကို စမ်းသပ်ရမှာ ...အားနာနေလို့နဲ့ တူတယ်'

အို့ယန်ထု သည် တက်မုဆရာတော်အား တေးသို့ မေးမ... ...ါ ထုတ်သွား၏။

'ဆရာတော်....သက်သာခဲ့လား'

တက်မုဆရာတော်က ခေါင်းညိတ်ပြ၏။

'ခံသာပါတယ် ဂိုဏ်းချုပ်ကြီး'

'အတွင်းအားထုတ်ပြီး ဒဏ်ရာကို ကုသလိုက်ပါ၊ တပည့်... ...တော်လဲ သူနဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းလိုက်ပါဦးမယ်'

ဂိုဏ်းချုပ်ကြီး အို့ယန်ထု သည် တက်မုဆရာတော်၏စကား မစောင့်တော့ဘဲ ရှေ့ဘနဲ့ ခုန်ထွက်သွား၏။

ကွန်လုံဝမ်နှင့် ရင်ဆိုင်တိုက်ခိုက်တော့သည်။

ကွန်လုံဝမ်က အေးစက်စက်ရယ်ရင်း....

'အင်း....ဒီတစ်ကြိမ် ခင်ဗျား ဒဏ်ရရင်တော့ ဟို....အကျော်... ...န်းကြီးက ဝင်ကူနိုင်တော့မှာ မဟုတ်ဘူး၊ စဉ်းစားပြီးမှ တိုက်ပါ... ...ဉ်'

www.burmeseclassic.com



အို့ယန်ထုကလည်း ရယ်ရင်းပြန်ပြောသည်၊

'အစအဆုံး စောင့်ကြည့်ပါဦးလေ'

မှန်သည်၊

ဂိုဏ်းချုပ်ကြီးအို့ယန်ထုသည် ကွန်လုံဝမ်နှင့် တက်မုဆ
တော်တို့၏ပွဲကို အသေအချာ ကြည့်ရှုထားသဖြင့် ကွန်လုံဝမ်
ဟာကွက်များနှင့် တက်မုဆရာတော်၏ဟာကွက်များကို သုံးသ
တွေ့မြင်ခဲ့ပြီး ဖြစ်သည်၊

ထို့ကြောင့်....

ကွန်လုံဝမ်၏ သိုင်းပညာစွမ်း ကြီးမားသည်ကို သိလျက်နှ
ရဲရဲဝံ့ဝံ့ဝင်တိုက်ခြင်း ဖြစ်တော့သည်၊

နောက်တစ်ကြောင်းမှာ....

ကျွန်လုဂိုဏ်းချုပ်ကြီး တည်းဟူသော ဂုဏ်ပုဒ်ကြီးကြေ
ဖြစ်၏။

ယခုတိုက်ပွဲမှာ ဂိုဏ်းချုပ်ကြီးအဆင့် ရှိသူများ၏ တိုက်
ဖြစ်၍ တိုက်ကွက်များမှာ အလွန်တရာ အပြောင်းအလဲမြန်

အင်အားပါသည်ဟု မထင်ရသော်လည်း ချက်ကော
တစ်ချက်မိသည်နှင့် သေမင်းရယ်သံ သောင်းသောင်းညံသွားေ
လိမ့်မည်၊



တိုက်ပွဲအချိန် ကြာလာသည်နှင့်အမျှ အို့ယန်ထုသည် ကွန်လုံဝမ်၏ သိုင်းပညာကို လေးစားသည်ထက် လေးစားလာရ တော့၏၊

သူသည် ကွန်လုံဝမ်ကို တိုက်စစ်မဆင်နိုင်တော့ပေ၊

ခံစစ်ဖြင့်သာ နခံရတော့သည်၊

တက်မုဆရာတော်သည် အတွင်းဒဏ်ရာကို သွေးများအဆက် မပြတ် လည်ပတ်စေခြင်းဖြင့် ကုသနေကာ အတော်ကလေး သက်သာသောအခါ အို့ယန်ထုနှင့် ကွန်လုံဝမ်တို့၏ တိုက်ပွဲကို မျက်စိမှင့်ကြည့်သည်၊

'ဟင်....ကွန်လုံဝမ်ဆိုတဲ့ကောင်ရဲ့ သိုင်းကွက်တွေက ရှောင်လင်ကျောင်းရဲ့ သိုင်းကွက်တွေမှ မဟုတ်ဘဲ၊ တစ်ခါတစ်ရံ တူတဲ့ အကွက်တွေတော့ ပါတယ်၊ ထပ်တူထပ်မျှတော့ မဟုတ်ဘူး၊ သူသုံးတဲ့အကွက်တွေက ပိုပြီး ဆန်းကြယ်တယ်၊ ပိုပြီး မြန်ဆန်တယ်၊ သူ ဘယ်ကသင်လာတဲ့ ပညာတွေလဲမသိဘူး၊ ဒါမှမဟုတ် ရင် သူ့ကို အထင်မှားစွပ်စွဲမိပြီနဲ့တူတယ်'

တက်မုဆရာတော်သည် တိုက်ပွဲကိုကြည့်ပြီး စိတ်ထဲမှ ပြော နေမိ၏၊

ကွန်လုံဝမ်၏တိုက်ကွက်များမှာ အလွန်ကောင်း၍ တစ်ခါ တစ်ရံ ရှောင်လင်ကျောင်းတော်၏ တိုက်ကွက်များနှင့် တိုက်၏၊

www.burmeseclassic.com

www.burmeseclassic.com



ထိုတိုက်ကွက်များကို အသေအချာ စစ်ဆေးသောအခါတွင် ရှေးလင်ကျောင်းတော်၏ တိုက်ကွက်စစ်စစ် မဟုတ်ပြန်ပေ။

ဤသို့ဖြင့် ခုန်လွန်၊ ဟုတန်း၊ ဝါမေ၊ စိတ်ကျိုးညွှန့်ဂိုဏ်း အစရှိသည်တို့၏ သိုင်းပညာများဖြင့် တိုက်ခိုက်၏။

ထိုဂိုဏ်းများ၏ သိုင်းကွက်စစ်စစ်လည်းမဟုတ်ဘဲ ဖြစ်နေပြန်သည်။

ထိုမျိုးစုံသော ရှုပ်ထွေးသော သိုင်းကွက်များကို ညင်သာစွာ ဆက်စပ်ဖော်ထုတ် ကစားနိုင်ခြင်းအတွက် ကွန်လုံဝမ်ကို အသူးချီးကျူးသင့်သည်။

အိုယန်ထုသည် အမှန်တကယ်လည်း ချီးကျူး၏၊

ထို့ပြင်....

ဤလူသည် သိုင်းလောကကြီးတစ်ခုလုံးကို ဇောက်ထိုးမိုးမျှော်ဖြစ်အောင် လုပ်နိုင်တော့မည်ဟူသော အတွေးဖြင့်လည်း ထိတ်သန့်ကြောက်ရွံ့မိခဲ့လေသည်။

တိုက်ပွဲ အခြေအနေအရ အိုယန်ထုသည် ကွန်လုံဝမ်ကို တိုက်စစ်မဆင်နိုင်တော့ချေ။

ခံစစ်ဖြင့်သာ ခုခံနေရသည်။

ထို့ကြောင့်....



အိုယန်ထု ရှုံးပြီဟု အတိအကျ အဆုံးအဖြတ်မပေးနိုင်သော်လည်း ယေဘုယျသဘောအားဖြင့်မူ အိုယန်ထုသည် ကွန်လုံဝမ်အား မနိုင်နိုင်တော့ပြီဟု ယူဆ၍ရပေသည်။

အိုယန်ထုသည် တက်မုဆရာတော်ကဲ့သို့ စောစောစီးစီး မရှုံးနိမ့်ခြင်းမှာ ခံစစ်ကစား၍သာ ဖြစ်သည်။

မာန်နှင့် ဒေါ်သကိုရှေ့ထားပြီး သိုင်းကွက်များကို သောဖယ်လျက် ခုတ်ချင်းအားချင်း ယှဉ်ပြိုင်ပါက သူလည်း တက်မုဆရာတော်ကဲ့သို့ပင် ရှုံးနိမ့်မည်မှာ သေချာသည်။

ကွန်လုံဝမ်က အေးစက်စက်လေသံဖြင့် ရန်စကားပြော၏။

"တိရစ္ဆာန်တောင်မှ သူ့ ယိုရင် ပြန်ကိုက်သေးတာပဲ၊ ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ကို ပြန်တိုက်စစ်မဆင်တာလဲ"

အိုယန်ထုက ရယ်ရင်း....

"ကျုပ်က လူပဲ၊ နောက်ပြီး ကျုပ်ရဲ့ ခံစစ်ကို ခင်ဗျားကိုယ်တိုင် ပေါက်အောင် မချိုးဖျက်နိုင်သေးပါဘူးလေ"

"ကောင်းပြီ၊ ခင်ဗျားကို ကျုပ်တိုက်ပြမယ်"

ကွန်လုံဝမ်သည် အိုယန်ထုံအား တိုက်စစ်ဆင်နေရာမှ နှိုင်ချဖ်နေ့ဘ်အား လှမ်း၍ အမိန့်ပေးလိုက်လေ၏။

"သမီးကြီး....ဟို တရုတ်ဘုန်းကြီး ဒဏ်ရာမပြင်း သင့်ပစ်လိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ ဖခင်ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ကို နာခံပါမယ်'

နိုင်ချစ်နေဘ်သည် ဆန်ကွမ်းချီအား လှည့်၍အမိန့်ပေးလေ၏၊

'အဲဒီတရုတ်ဘုန်းကြီးကို သတ်ပစ်လိုက်'

ဆန်ကွမ်းချီမှာ အဆိပ်မိထားသူဖြစ်၍ နိုင်ချစ်နေဘ်၏စကားဆုံးသည်နှင့် အတွင်းအား ထုတ်လျက် ဒဏ်ရာကုသနေသော တက်မုဆရာတော်ဆီသို့ ခုန်ဝင်သွားတော့သည်၊

တက်မုဆရာတော်မှာ ငြိမ်၍ မနေသာတော့ဖေ၊

ဆန်ကွမ်းချီအား ပြန်လှန်ခုခံနေရတော့သည်၊

ဆရာတော်မှာ အတွင်းဒဏ်ရာရထားသူဖြစ်၍ ဆန်ကွမ်းချီ၏ ပြင်းထန်သော ထိုးနှက်မှုများကို ကြံ့ကြံ့ခိုင် မခုခံနိုင်ဘဲဖြစ်လာတော့သည်၊

ပါစ်ဆုတ်တည်း ဆုတ်ပေးနေရသည်၊

'သတ်လိုက်....ဒီတရုတ်ဘုန်းကြီးကို သတ်ပစ်လိုက်'

'သတ်လိုက်....ဒီတရုတ်ဘုန်းကြီးကို သတ်ပစ်လိုက်'

နိုင်ချစ်နေဘ်၏ အမိန့်ပေးသံသည် ပတ်ဝန်းကျင်တစ်ခုလုံးတွင် သိမ့်သိမ့်တုန်နေ၏၊



ထိုအမိန့်ပေးသံကြောင့် ဆန်ကွမ်းချီ၏ တိုက်ကွက်များမှာ ကမူးရှူးထိုးနိုင်လာတော့သည်၊

တက်မုဆရာတော်အား သတ်ပစ်ရန် ပို၍ကြိုးပမ်းလာတော့သည်၊

တက်မုဆရာတော်နှင့် အိုယန်သိုတို့မှာ တောင်မင်း မြောက်မင်း မကယ်နိုင်သကဲ့သို့ အကျဉ်းအကျပ်ကျနေရသည်၊

ထိုအချိန်မှာပင် သူတို့အား ကယ်တင်လိုက်သည့် ပလွေသံ ထွက်ပေါ်လာလေ၏၊

သူတို့၏ ပတ်ဝန်းကျင်သို့ ပလွေသံရောက်လာသည်နှင့် ဆန်ကွမ်းချီမှာ တိုက်ခိုက်နေခြင်းမှ ရုတ်ခြည်း ရပ်ဆိုင်းသွားတော့သည်၊

နိုင်ချစ်နေဘ်က အရေးတကြီး အမိန့်ပေးလေ၏၊

'ဘာ....ငိုင်နေတာလဲ၊ မြန်မြန်တိုက်လေ'

ဆန်ကွမ်းချီသည် နိုင်ချစ်နေဘ်အား ခပ်ကြောင်ကြောင် ပြန်ကြည့်၏၊

သူ၏ မျက်လုံးများ၌ နားမလည်သည့် အရိပ်အယောင်များ ထွက်ပေါ်လာသည်၊

ပလွေသံကား ဆက်လက် ထွက်ပေါ်နေဆဲ၊

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အရပ်မှ ပလွေသံထွက်ပေါ်လာနေသည်ကို မည်သူမျှ မသိကြပေ။

ထိုအခိုက် အတွင်းမှာပင် ဆန်ကွမ်းချို၏ မှုန်မှိုင်းနေခဲ့သော မျက်လုံးများသည် ကြည်လင်တောက်ပလာ၏။

သူသည် တက်မုဆရာတော်အား မတိုက်ခိုက်ဘဲနေရုံမျှမက ကွန်လုံဝမ်နှင့် နိုင်ချစ်နော်တို့ မည်သို့မျှ ထူးခြားပါမည် မဟုတ်ချေ။

ယခုသော် ထိုသို့ ငြိမ်နေခြင်း မရှိတော့ဘဲ အခြေအနေချုံးနိမ့် လုလုဖြစ်နေသည့် အိုယန်ထုံဘေးသို့ ခုန်ဝင်ကာ ကွန်လုံဝမ်အား တိုက်ခိုက်လေတော့၏။

နိုင်ချစ်နော်နှင့် ကွန်လုံဝမ်တို့မှာ အကြီးအကျယ် မျက်နှာပျက်သွား၏။

ကွန်လုံဝမ်သည် ဆန်ကွမ်းချိုနှင့် ပထမတစ်ကြိမ် တိုက်ခိုက်ခဲ့ဖူး၏။

ထိုအချိန်ကတည်းက ဆန်ကွမ်းချို၏ သိုင်းပညာ လွန်စွာ ထက်မြက်ကြောင်း ရိပ်မိခဲ့သည်။

ယခုတစ်ချီ တိုက်ရာတွင် စောစောက တိုက်ခိုက်ခဲ့သည်ထက် ပိုမိုပြင်းထန်နေကြောင်း အံ့သြဖွယ်ရာ တွေ့ရှိရသည်။



ဆန်ကွမ်းချို၏ နှလုံးထုတ် သိုင်းကွက်သည် ကွန်လုံဝမ်ကိုသာမက အိုယန်ထုံနှင့် တက်မုဆရာတော်တို့ပါ အံ့ဩထိတ်လန့်မဆုံးလေ၏။

'ဒီသူငယ်ရဲ့ ပညာက တကယ် ကြောက်စရာပါပဲလား'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံ၏ အာမေဍိတ်သံ လွှတ်ခနဲ ထွက်သွားမိသည်။

ကွန်လုံဝမ်မှာ အိုယန်ထုံ ဝင်မတိုက်တော့သဖြင့် အကြီးအကျယ် သက်သာရာရသွားသည်ဟု မဆိုနိုင်ပေ။

အဘယ်ကြောင့်ဆိုသော် ဆန်ကွမ်းချို၏ တိုက်ခိုက်ပုံမှာ အိုယန်ထုံ တိုက်ခိုက်သည်ထက် နှစ်ဆမျှပြင်းထန်နေသောကြောင့်ပင်တည်း။

လေထဲ၌ လွင့်ပျံနေသော ပလွေသံကလည်း သံစဉ်အမျိုးမျိုး ပြောင်းနေသည်။

ဆန်ကွမ်းချို၏ တိုက်ကွက်များလည်း ထိုပလွေသံနှင့်အတူ လိုက်၍ပြောင်းနေ၏။

နိုင်ချစ်နော်သည် ဆန်ကွမ်းချို၏ ပညာရပ်ကို မြင်တွေ့ရသောအခါ တစ်ကြိမ်ထက်တစ်ကြိမ် အစွမ်းထက်လာသကဲ့သို့ ထင်မှတ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ခမ္မစားဖခင်ကြီးဘက်မှ ဝင်ရောက်ကူညီတိုက်ခိုက်ပေးရန် စဉ်းစားနေစဉ်မှာပင် ကွန်လုံဝမ်၏ အဓိဋ္ဌာန်ပေးသံ ထွက်ပေါ်လာ၏။

'သမီးကြီး....သေးကာခနဲ ပန်းတိုက်ခမ်း'

သူမသည် ခမ္မစားဖခင် ကွန်လုံဝမ်အကြောင်း ကောင်းစွာသိ၏။

ဆန်ကွမ်းချီအား နှစ်ဦးသား ညှပ်ပူးညှပ်ပိတ် တိုက်ပြီး အသေသတ်ဖြတ်ပေတော့မည်။

ထိုအချိန်မှာပင် လေထဲ၌ပလွေသံသည် ရုတ်တရက်ချက်ချင်း ရပ်ဆိုင်းသွားလေတော့သည်။

စောစောက လန်းလန်းဆန်းဆန်း တိုက်ခိုက်နေသည့် ဆန်ကွမ်းချီသည် ချက်ချင်းလိုလိုပင် ထုံထိုင်းသွားတော့သည်။

ကွန်လုံဝမ်သည် ထိုအချက်ကို အခွင့်ကောင်းယူ၍ တစ်ချက်တည်း ရိုက်သတ်ရန် စိတ်ကူးလိုက်၏။

ထိုစဉ်၌ ဘေးပတ်ဝန်းကျင်မှ ကျယ်လောင် မြည်ဟိန်းသော အသံကြီး ထွက်ပေါ်လာတော့သည်။

'ဟေး....'



သစ်ပင်များပေါ်မှ လည်းကောင်း၊ ချုံဖုတ်များကြားမှ လည်းကောင်း ရုတ်တရက် ကိုယ်ယောင်ပြလာသည့် လျှို့ဝှက်အဖွဲ့သားများကို မြင်တွေ့လိုက်ရသောအခါ ကွန်လုံဝမ်မှာ ဆန်ကွမ်းချီအား မသတ်ဖြစ်တော့ဘဲ မျက်မှောင်ကြုတ်၍ ပတ်ဝန်းကျင်ကို လှည့်ကြည့်မိလေ၏။

ဂိုဏ်းချုပ်ကြီး အိုယန်ထုံက....

'ကွန်လုံဝမ်'

ကွန်လုံဝမ်က ပြန်မထူးပေ။

ငြိမ်ငြိမ်သက်သက်ပင် ရပ်နေ၏။

'ကွန်လုံဝမ်....ခင်ဗျားကိုဖမ်းဖို့ အသင့်စောင့်နေတဲ့ကျုပ်ရဲ့ အဖွဲ့ပဲ။ သူတို့ဟာ အချိန်အခါ မရောက်ရင် ဘယ်တော့မှ မလှုပ်ရှားဘူး၊ အင်မတန်သည်းခံစောင့်ဆိုင်းတတ်တဲ့ အကျင့်ရှိပါတယ်'

'ခင်ဗျားလို ဂိုဏ်းချုပ်လိုလူမျိုးကိုတောင် ကျုပ်က ဂရုမစိုက်တာပဲ၊ ခင်ဗျားရဲ့အဖွဲ့သားတွေကိုတော့ စကားထဲ ထည့်ပြောမနေနဲ့တော့'

အိုယန်ထုံက ကျေနပ်စွာရယ်လေတော့၏။

'မှန်ပါတယ်၊ ဟုတ်ပါတယ်လို့ သူတို့ကို တစ်ယောက်ချင်း သတ်နိုင်မယ်ဆိုရင် သူတို့အားလုံး ခင်ဗျားပြိုင်ဘက် မဟုတ်ဘူးပေါ့၊ ဒါပေမယ့် အဲဒီလေးဆယ့်ရှစ်ယောက်စလုံးက ဝိုင်းပေါင်းတိုက်ခိုက်ရင်တော့ ခင်ဗျား သူတို့ကိုမနိုင်နိုင်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



အိုယန်ထုံက ဆက်ပြော၏။

'ခင်ဗျားအနေနဲ့ ဒီလေးဆယ့်ရှစ်အဖွဲ့ကို ဂရုမစိုက်ဘူးဆို တော့ အကြောင်း မဟုတ်ဘူးပေါ့ဗျာ၊ နောက်တော့မှသ အများနဲ့ဝိုင်းပြီး အနိုင်ကျင့်တယ်လို့ မပြောပါနဲ့'

ကွန်လုံဝမ်က အေးစိမ့်စွာ ရယ်သည်။

'ကျုပ်က ဘယ်သူ့ကိုမှဂရုမစိုက်ဘူး၊ ကျုပ်နဲ့တွေ့တဲ့လူဟာ ခသမင်းနဲ့ တွေ့ရတယ်လို့မှတ်ထားနိုင်ရင် အဲဒီလူဟာအခန့်မှ ကောင်းတဲ့လူလို့ ဆိုနိုင်တယ်'

'ခင်ဗျားထင်လို့ပါလေ၊ မြက်ပင်တစ်ပင်တည်းကို ခင်ဗျား ဖြုတ်နိုင်ပေမယ့် မြက်ပင် တောင်ပေါင်းများစွာကို သိမ်ကျုံး ထားတဲ့ကြိုးကိုတော့ လွယ်လွယ်ကူကူ ခင်ဗျား ဖြုတ်နိုင်မှာ မဟုတ်ပါဘူး၊ ဒီလေးဆယ့်ရှစ်အဖွဲ့ဟာ ပူးပေါင်း တိုက်ကွက် တစ်ခုကိုနှစ်ရှည်လများ လေ့ကျင့်ထားကြတဲ့ လူတွေဖြစ်တယ်'

'ဟား....ဟား....ဟား....အဲဒီ လေးဆယ့်ရှစ်ယောက် ထဲ တစ်ယောက်ကိုသတ်နိုင်ရင် ခင်ဗျားရဲ့ ပူးပေါင်း တိုက်ကွက် ပျက်ပြီပေါ့၊ တစ်ယောက်သတ်ပြီးရင် ကျန်တဲ့ လေးဆယ့်ခုနစ် ယောက်က သေဖို့ပေါ့၊ ဘာမှမထူးဆန်းပါဘူး'

ကွန်လုံဝမ်သည် အိုယန်ထုံ ကို ရယ်ရင်း ပြောနေစဉ် နိုင်ချစ်နော်ဘက်သို့ လှည့်လိုက်၏။



'သမီးကြီး....ပလွေသံကို သတိထား၊ ပလွေသံ ကြားရင် ဒီလူဟာ သမီးရဲ့ထိန်းချုပ်မှုအောက်မှာ မရှိတော့ဘူး၊ ပလွေသံ မကြားရတဲ့ အချိန်မှာ သမီးသူ့ကို ထိန်းနိုင်တယ်၊ ဟိုတစ်ရုတ် ဘုန်းကြီးရယ်၊ အိုယန်ထုံ ဆိုတဲ့လူရယ်ကို သမီးနဲ့သမီးတပည့် နှစ်ယောက်ထိန်းထားလိုက်၊ ဟိုကြီးကြီးကျယ်ကျယ်ပြောနေတဲ့ လေးဆယ့်ရှစ်အဖွဲ့ဆိုတာကို ငါသတ်ပစ်မယ်'

ကွန်လုံဝမ်သည် နိုင်ချစ်နော်အား လက်ယပ်ခေါ်လိုက်၏။

နိုင်ချစ်နော် ကပ်လာသည့်အခါ တိုးတိုးပြော၏။

'သမီးကြီး၊ ဒီနေ့တိုက်ပွဲဟာအရေးကြီးတယ်၊ ဘယ်သူနိုင် မယ်၊ ဘယ်သူရှုံးမယ်ဆိုတာ ငါလဲ တပ်အပ်သေချာ မပြော နိုင်ဘူး၊ သမီးဆီမှာလက်နက်ပါလာရင် ထုတ်ပြီးတိုက်၊ နောက် ထပ် တစ်နာရီလောက် အတွင်းမှာတော့ ငါ့စစ်ကူတွေရောက် လာနိုင်တယ်၊ ဒီတော့ တစ်နာရီလောက် တောင့်ခံထားနိုင်ဖို့ အရေးကြီးတယ်၊ အဆိပ်အပ်တွေ ပါလာရင်လဲ သုံးသာသုံး၊ သိုင်းစည်းကမ်းတွေဘာတွေ ဂရုစိုက်မနေနဲ့'

'ဟုတ်ကဲ့၊ ဖခင်ဂိုဏ်းချုပ်ကြီးရဲ့အမိန့်ကို တစ်သဝေမတိမ်း နာခံပါမယ်'

ထိုအချိန်မှာပင် လေးဆယ့်ရှစ်အဖွဲ့မှ တပ်သားများသည် မြေပြင်ကွက်လပ်၌ ဖန်တီးကွက်ပမာ တန်းစီ ရောက်ရှိလာကြ လေတော့၏။

www.burmeseclassic.com

ကျွန်လုံဝမ်က ကျယ်လောင်စွာရယ်ရင်း ပြောကြားလိုက်ပေသည်။

'ဟား...ဟား...ဟား...ဒါက ချိမ့်ကျိုကုန်း သိုင်းကွက်[illegible] လူအများနဲ့တိုက်ခိုက်တဲ့ပုံစံပြောင်းထားတာပဲ၊ ဒါ ဘာများ[illegible] ဆန်းလို့လဲ'

သူသည် ကျေနပ်စွာရယ်ရင်း ဆက်ပြောလေ၏။

'အို ယန်ထု၊ ကျုပ်ပြောလိုက်မယ်၊ ဟောဒီချိမ့်ကျိုကုန်း[illegible] သိုင်းကွက်ကို ဒီလေးဆယ့်ရှစ်ယောက်ရဲ့ ပူးပေါင်းတိုက်ကွက်[illegible] ဖြစ်အောင် တီထွင်ပေးထားတဲ့လူဟာ ထန်ရှင်မဟုတ်လား'

အို ယန်ထု စိတ်ပူသွားသည်။

ကျွန်လုံဝမ်က ဆက်ပြောသည်။

'ဒီသိုင်းကွက်ဟာ ကျုပ်ကို ယှဉ်ပြိုင်ဖို့ ထန်ရှင်တီထွင်ပေး[illegible] ထားတာပေါ့၊ ကျုပ်ကသဲ ခင်ဗျားရဲ့ ကျန်လုဂိုဏ်းကိုပြင်ဆင်[illegible] နည်းလမ်း နှစ်ဆယ်လောက် ကြိုတင်ကြံဆထားပါတယ်'

အို ယန်ထုသည် ချိမ့်ကျိုကုန်း သိုင်းကွက်ဟု ပြောလိုက်[illegible] ကတည်းက သူ့အဖွဲ့အတွက် တအားလျော့သွားမိသည်။



ကျွန်လုံဝမ်အနေဖြင့် ထိုသိုင်းကွက်ကို ထိထိမိမိ လေ့လာသွားနိုင်ခဲ့လျှင် ဤလေးဆယ့်ရှစ်ယောက်သည် ကောက်ပင်ရိတ်လှီးခံရသကဲ့သို့ အားလုံး သေဆုံးသွားနိုင်လေသည်။

ထို့ကြောင့် ကျွန်လုံဝမ်အနေဖြင့် သိုင်းကွက်ကို အမှန်တကယ် လေ့လာထားမထား အမှန်တကယ် တတ်ကျွမ်းထားခြင်း ရှိမရှိ အစ်အောက် မေးမြန်းစုံစမ်းရန်အတွက် ခေတ္တမျှ ငေးမောစဉ်းစားနေမိလေ၏။

www.burmeseclassic.com

## အခန်း ( ၁၀ )

## လေးဆယ့်ရှစ်အဖွဲ့၏ စွမ်းအင်

'ချီမွန်ကျိုကုန်းတိုက်ကွက်ဟာ ဝင်လယ်က ဒီလှိုင်းတွေလိုပဲ တစ်လုံးပြီးတစ်လုံး အဆက်မပြတ်ရိုက်ခတ်တတ်တယ်၊ တိုက်ကွက်တွေဟာ ဆက်နေတယ်၊ ချီမွန်ကျိုကုန်းတိုက်ကွက်ကို ခံနိုင်ဖို့ ခင်ဗျားဆီမှာ စွမ်းအား တော်တော်များများ ရှိနေဖို့လိုအပ်တယ်'

အို့ယန်ထုံက ဖြည်းညင်းစွာ ရှင်းပြနေ၏။

ကွန်လုံဝမ်က ရယ်ရင်း...

'ချီမွန်ကျိုကုန်းတိုက်ကွက်ဟာ ထန်ရှင်တီထွင်ထားတဲ့တိုက်ကွက်ဆိုတာ ကျုပ်သိနေတယ်၊ သူ့သိုင်းပညာမတတ်ဘူး ဆိုတာလဲ ကျုပ် သိနေတယ်၊ ချီမွန်ကျိုကုန်းကို ကျုပ်က ဘာကြောက်ဖို့လိုတော့မလဲ'



အို့ယန်ထုံသည် ဟင်းခနဲ သက်ပြင်းချလိုက်လေ၏။

ကွန်လုံဝမ်သည် တစ်စုံတစ်ခုသော အကြောင်းကြောင့်သာ တိုက်ကွက်နာမည်ကို သိနေခြင်းဖြစ်သည်။

တိုက်ကွက်သဘောတရားကိုမူ သိဟန်မရှိသေးကြောင်း အို့ယန်ထုံ နားလည်သဘောပေါက်သွားလေ၏။

ထိုသို့ဆိုလျှင် ကွန်လုံဝမ်ကို ကြောက်ရန် အကြောင်းမရှိတော့ဟု အို့ယန်ထုံ ဆုံးဖြတ်လေ၏။

'သိုင်းလောကကြီးဟာ ဆူပူတင်လှည့် အေးချမ်းတစ်လှည့် ရှိခဲ့ပေမယ့် အချိန်အတော်များများဟာ အေးချမ်းတဲ့ အချိန်အခါတွေပဲ ဖြစ်ခဲ့တယ်၊ ဒီအထဲမှာ သိုင်းလောကကို ငါမှငါဆိုပြီး ကောရာဇ်တယ်ပါးလို ကိုးမိုးလိုတဲ့လူတွေ အများကြီး ထွက်ပေါ်ခဲ့တယ်၊ ခင်ဗျားလဲ ဒီလိုလူတွေထဲက လူတစ်ယောက်ပဲ၊ ခင်ဗျားအရင် ထွက်ပေါ်ခဲ့တဲ့လူ ဘယ်နှစ်ယောက် အောင်မြင်တာ တွေ့ခဲ့သလဲ'

ကွန်လုံဝမ်မှာ ထိုစကားကိုကြားသည်နှင့် ဆတ်ဆတ်ခါ ဖြစ်သွားလေ၏။

ယခင်က အေးဆေးတည်ငြိမ်မှုများ ချက်ချင်း ပျောက်ကွယ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဓိပ္ပာယ်မရှိတဲ့ စကားတွေကို ပြောမနေစမ်းပါနဲ့၊ကျုပ်မကြားချင်ဘူး'

ကွန်လုံဝမ်သည် နိုင်ချစ်နော်အား လှမ်း၍ သတိပေး၏။

'သမီးကြီး...သမီးရဲ့လူကို ထိန်းချုပ်နိုင်ရဲ့လား'

'ရပါတယ် ဖခင်ဂိုဏ်းချုပ်ကြီး'

'ဒါနဲ့ ဖိုခုံလောက်ဆိုင်ရုပ်ဖို့ သတိပေးလိုက်၊ ရန်သူတွေကို ငါတို့သိုးယောက်ပဲ ခုခံကြရမယ်'

ကွန်လုံဝမ်၏အမိန့်အရ နိုင်ချစ်နော်က ဆန်ကွမ်းချီအား အမိန့်ပေးလိုက်သည်။

ဆန်ကွမ်းချီ၊ နိုင်ချစ်နော်တို့နှင့် အတူ ကျောချင်းကပ်၍ ဖိုခုံလောက်ဆိုင်း ရပ်လိုက်ကြသည်။

နိုင်ချစ်နော်သည် သူမ၏မွေးစားဖခင်ကြီးအား စကားတစ်ခွန်းချင်း မေးချင်၏။

သို့သော် မမေးဝံ့ပေ။

သူမ မေးချင်သောစကားမှာ ကွန်လုံဝမ်အနေဖြင့် ချီမွန်ကျိုကုန်း သိုင်းကွက်ကို တစ်ယောက်တည်း၏စွမ်းအားဖြင့် မဖျက်ဆီးနိုင်ဘူးလားဟူသည့် ခမ်းခွန်းပင်။



နိုင်ချစ်နော်နှင့်ဆန်ကွမ်းချီတို့အဆင်သင့် ပြင်ဆင်ပြီးချိန်တွင် အိုယန်ထုံက သူ့လေးဆယ့်ရှစ်အဖွဲ့ကို စတင်လှုပ်ရှားရန်အချက်ပြလိုက်လေတော့၏။

လေးဆယ့်ရှစ်အဖွဲ့မှ တပ်သား လေးဆယ့်ရှစ်ယောက်တို့သည် သူတို့၏ လက်နက်များကို ဆွဲထုတ်ပြီး တက်ညီလက်ညီ တိုက်ခိုက်ကြတော့၏။

လေးဆယ့်ရှစ်အဖွဲ့၏ တိုက်ခိုက်ပုံမှာ အိုယန်တာ ပြောသလို ဒီလိုင်းများအလား တစ်သုတ်ပြီးတစ်သုတ် တိုက်ခိုက်နေခြင်းဖြစ်၍ နားသူကာ နားချိန်ရှိသည်။

ထိုအချက်ကြောင့် ကွန်လုံဝမ်၊ နိုင်ချစ်နော်နှင့် ဆန်ကွမ်းချီတို့မှာ သိုင်းပညာထက်မြက်ကြပါလျက် တစ်ပေါင်းတစ်စု ညီညွတ်ခြင်းကို မပယ်ဖျက်နိုင်ဘဲ ဖြစ်နေကြပေသည်။

ကွန်လုံဝမ်က....

'ချီမွန်ကျိုကုန်း သိုင်းကွက်ဟာ အိုယန်တုံပြောသလို ပင်လယ်ဒီလှိုင်းတွေလို အဆက်မပြတ် တိုက်ခိုက်လာလိမ့်မယ်၊ ကိုယ်အလဲ ကျောက်ဆောင်၊ ချောက်ကမ်းပါးတွေလို တည်ငြိမ်ငြိမ်နဲ့ ပြန်လည်ခုခံကြရမယ်၊ ကျောက်ဆောင်ပေါ်မှာ ဒီလှိုင်းတွေ ပြိုကွဲသွားသလို ချီမွန်ကျိုကုန်းလဲ ပြိုကွဲသွားရမယ်'

www.burmeseclassic.com



ကွန်လုံဝမ်သည် ထိုလေးဆယ့်ရှစ်ယောက်ထဲမှ တစ်ယောက်ကိုသတ်နိုင်လျှင် အကွက်ပျက်ပြယ်သွားမည်ဟု ယူဆ၏။

ထို့ကြောင့်....

တပ်သားတစ်ယောက်ကို အနိုင်အရသတ်ဖြတ်နိုင်ရန် ကြိုးစားသည်၊

တစ်ယောက်ကို သတ်ဖြတ်မည်လုပ်တိုင်း ခေါင်းမှလုံနှစ်ခေါင်းသို့မဟုတ် ခေါင်းနှစ်ချောင်းက သူ့လည်မျိုသို့ အဆက်မပြတ် ဝင်လာသဖြင့် မည်သူ့အစ်ဦးတစ်ယောက်ကိုမှ သတ်ခွင့်မကြုံဘဲဖြစ်နေသည်၊

နိုင်ချစ်နေဝ်သည် သူ့ကိုယ်သူ ကာကွယ်ရုံမျှမက ဆန်ကွမ်းချိုကိုပါ အထူးသတိထား၍ ကူညီသည်၊

ထိုအချက်ကို တိုက်ရင်းခိုက်ရင်းမှ ကွန်လုံဝမ်က သတိပြုမိလေ၏။

'သမီးကြီးက သူ့ကို သိပ်သံယောဇဉ် ရှိနေသလား'

နိုင်ချစ်နေဝ် ထိတ်ခနဲဖြစ်သွား၏။

'မ....မရှိပါဘူး ဖခင်ဂိုဏ်းချုပ်ကြီး၊ ကျွန်....ကျွန်မတို့မှာ အင်အားက သုံးယောက်တည်း ဖြစ်နေတော့ မတော်တဆ သူ



ကျဆုံးသွားရင် ဖခင်ဂိုဏ်းချုပ်ကြီးနဲ့ ကျွန်မတို့ တိုက်ပွဲစည်းတည်း ကျွန်ရစ်ခဲ့မှာမို့ပါ၊ ရန်သူတွေကို အနိုင်ရဖို့ဘတ်ဆိုခုလိုဂရုစိုက်နေရတာပါ'

'အရေးမကြီးဘူး၊ သူ့သိုင်းပညာက နမူနာပါ၊ ထက်သလိုဖြစ်နေတယ်၊ ထက်မြက်လွန်းအားကြီးနေကယ်၊ သမီးကြီးစိတ်သာ ကိုယ့်ကိုယ်ကို မထိခိုက်အောင် ကာကွယ်ပါ'

ထိုစကားကို သူတို့ အေးအေးဆေးဆေး ပြောနိုင်သည် မဟုတ်ပါ၊

တိုက်ခိုက်ရင်း ခုခံရင်း အပြေးအလွှား ပြောနေရခြင်းဖြစ်သည်၊

လေးဆယ့်ရှစ်အဖွဲ့၏ လှံသွား၊ ဓားသွားများသည်တစ်လက်လက် မဟုတ်ပနေသည်၊

ပြိုးပြိုးပြက်ပြက် လှုပ်ရှားနေသည်၊

နာရီဝက်ကျော်မျှ ကြာသွားသည့်တိုင် ထိုလေးဆယ့်ရှစ်အဖွဲ့မှ မည်သည့်တပ်သားမျှ မေ့ပန်းဟန်မရှိသေး၊

နိုင်ချစ်နေဝ်သည် ချီမွန်ကျိုကုန်းတိုက်ကွက်၏ သဘောတရားကို ရေးရေးမျှသိမြင်လာ၏။

ကွန်လုံဝမ်တို့သို့သော လူမျိုးကိုယ်တိုင် တစ်ယောက်ကိုမျှ ဒဏ်ရာရအောင် မလုပ်နိုင်ခြင်းမှာ ချီမွန်ကျိုကုန်း တိုက်ကွက်

www.burmeseclassic.com



ကျွန်လုံဝမ်တိုက်ခိုက်သူတစ်ယောက်ကို အခြားအစ်နစ်ယောက်ကိုသတ်နိုင်လျှင်ယောက်က ဝင်၍ဝင်၍ အကာအကွယ်ပေးသွားဖြစ်ပေသည်။

ထို့ကြောင့်...

လေးဆယ့်ရှစ်အဖွဲ့မှ တပ်သားတစ်ယောက်သည် သူ့အသက်ကို ပဓာနမထားဘဲ တိုက်ခိုက်ထိုးခုတ်ရသည်။

သူ့အား သူ့နောက်၌ သူ့အတွက် အကာအကွယ်ပေးမည့် သူ နှစ်ယောက် သို့မဟုတ် လေးယောက်တို့က အမြဲတမ်း ပါရှိနေသည် မဟုတ်ပါလား။

ထို့ပြင် ထိုလေးဆယ့်ရှစ်အဖွဲ့၏ အခြားပရိယာယ် တစ်ခုမှာ နှစ်ဆယ့်လေးယောက် ခွဲပြီး နှစ်ဆယ့်လေးယောက် တိုက်ခိုက်ခြင်း ဖြစ်၍တည်း။

ဤမျှ များပြားသော လူအင်အားကို လျင်မြန်စွာ စုနိုင် ခွဲနိုင်ခြင်းသည်လည်း လေးဆယ့်ရှစ်ယောက်နှင့် သုံးယောက်တိုက်ခိုက်သည့် တိုက်ပွဲသည် အင်အားနည်းပါးသည့် သုံးယောက်အဖို့ မည်မျှပင်ပန်းနွမ်းနယ်နိုင်သည်ကို ခန့်မှန်းကြည့်ရုံမျှဖြင့် သိနိုင်ပေသည်။

အချိန်ကြာလာသည်နှင့်အမျှ သုံးယောက်အစုမှာ သေဆုံး ခက်ခဲရနိုင်ပေသည်။



ဇက်ဗိုင်းကဲ့သို့ လည်ပတ် တိုက်ခိုက်နေသည့် တိုက်ပွဲစည်း အတွင်းဝယ် လှံရှည်တစ်ချောင်းသည် နိုင်ချစ်နောင်၏ရင်ဘတ်ဆီသို့ တည့်တည့်မတ်မတ်ကြီး ဝင်လာ၏။

နိုင်ချစ်နောင် မျက်လုံးများ ပြာသွားသည်။

အခြားတိုက်ကွက်များကို ခုခံနေရဆဲဖြစ်၍ သူမှာ [illegible] ထိုလှံရှည်ကို မရှောင်ရှားနိုင်ပေ။

'သမီးကြီး...ယတိအား'

အလွန်တရာ ကျက်ကျက်ကြမ်းကြုတ်ပြီး အသနား အကြင်နာ ကင်းလှသည်ဟု နိုင်ချစ်နောင်ကိုယ်တိုင်က ယူဆထားသည့် ဖခင် ဂိုဏ်းချုပ်ကြီးထံမှ သတိပေးစကားကို ကြားလိုက်ရသောအခါ နိုင်ချစ်နောင်မှာ ကြက်သီးဖျန်းဖျန်း ထသွားလေတော့၏။

ကျွန်လုံဝမ်သည် လှံအား ပတ်လည်ဝိုင်းနေသည့် မန်းသူ ငါးယောက်ကြားမှ လျှောခနဲထွက်လာပြီး နိုင်ချစ်နောင်၏ရင်ဝသို့ တန်းတန်းမတ်မတ် သွားနေသည့် လှံရှည်ကို လက်ဖြင့် လေး ရိုက်ထုတ်လိုက်၏။

'ဖြန်း'

www.burmeseclassic.com

www.burmeseclassic.com



လုံ့ရှည်ကိုင်တပ်သား၏ စွမ်းရည်ကသည်း မသေးပေ။

လုံ့ရှည်ကို လွှတ်မချဘဲ ထိထိမိမိကိုင်တွယ်ကာ တစ်ပတ် ကျွမ်းပစ် ခုန်ထွက်သွားလေ၏။

မည်သို့ပင်ဖြစ်စေ...

နိုင်ချစ်နော်မှာ ပထမဆုံးအကြိမ် ဒေသဘောမှ သီသီကလေး ချော်ကင်းလွတ်ခွင့် ရသွားပေသည်။

အခြားတပ်သားနှစ်ဦးသည် လုံ့ရှည်သမားအား ခုခံ ကာ ကွယ်ရန် ခုန်ဝင်သွားသည်။

ကွန်လုံဝပ်၏လည်မျိုအား လုံ့ရှည်နှစ်ချောင်းဖြင့်လျှပ်တစ်ပြက် ဝင့်ထိုးလိုက်ရာ ကွန်လုံဝမ်မှာ ပထမဆုံးအကြိမ် မြေပေါ်သို့ လှိမ့်ချရှောင်တိမ်းလိုက်ရသည်။

ထိုအချိန်မှစ၍ ချီမွန်ကျိုကုန်းဗျူဟာသည် မို့၍ပို၍ သွက် လက်ကာ ကွန်လုံဝမ်၊ နိုင်ချစ်နော်နှင့် ဆန်ကွမ်းချီတို့ကို အထက် စီးမှ အဆက်မပြတ် တိုက်ခိုက်လာတော့သည်။

ထက်မုဆရာဘော်သည် ကျွန်လုဂိုဏ်း၏ လေးဆယ့်ရှစ်အဖွဲ့ အကြောင်းကို ကြားဖူးထား၏။

သို့သော်....

ထိုတပ်ဖွဲ့၏ တိုက်ခိုက်ပုံကို လုံးဝမမြင်ဖူးပေ။



ယခုမူ ရင်သပ်ရှုမောဖွယ်ကောင်းလောက်အောင် စွမ်းရည် ထက်နေကြောင်း ခတွေ့နေရသဖြင့် ချီးကျူးစကားပင် မပြော နိုင်ဘဲ ပါးစပ်အဟောင်းသားဖြင့် ငေးမော ကြည့်နေမိတော့ သည်။

ဆန်ကွမ်းချီမှာ ဆေးမိထားသူ ဖြစ်၍တစ်ကြောင်း၊ နိုင်ချစ် နော်၏ အမိန့်များကို ထပ်မံမရရှိ၍လည်းကောင်း သူ့အား မထိခိုက်ရုံသာ ခုခံကာကွယ်နေသည်။

သူတို့သုံးယောက်အနက် အပင်ပန်းဆုံး အင်အားကုန်ခန်း နေသူမှာ နိုင်ချစ်နော်ပင် ဖြစ်သည်။

နောက်ထပ် နာရီဝက်ခန့် ဆက်တိုက်သျှင်၊ သူမအနေဖြင့် အကြီးအကျယ် ဒုက္ခရောက်ပေတော့မည်။

ယခုလည်း ကွန်လုံဝမ်က အရေးတကြီး ဝင်ကူနေ၍သာ အသက်နှင့်ခန္ဓာ အိုးစားမကွဲခြင်းဖြစ်ပေသည်။

သူတို့သုံးယောက် တိုက်စွမ်းရည်ကျလာလေလေ၊ လေးဆယ့် ရှစ်အဖွဲ့က ဖိစီးတိုက်လေလေဖြစ်၍ ကွန်လုံဝမ်အနေဖြင့် အကြီး အကျယ် သိက္ခာကျမည့်ကိန်းသို့ ဆိုက်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် ထူးခြားသည်မှာ လေးဆယ့်ရှစ်အဖွဲ့သည် ကွန်လုံဝမ်နှင့် နိုင်ချစ်ခနော်အား တိုက်ခိုက်သည့်အခါသာ ခေတ္တင်းကို ရွေးချယ်ပြီး တိုက်ကြသည်။

ဆန်ကွမ်းချီကို တိုက်ခိုက်သည့်အခါတွင်မူ မည်သည့်အခါမျှ ခေတ္တင်းကို မတိုက်ခိုက်ကြခြင်း ဖြစ်ပေသည်။

သိုင်းလောကကြီး၏ ကြီးကျယ်သော တိုက်ပွဲကြီးတစ်ပွဲဟု မှတ်တမ်းတင်ထိုက်သည့် ပွဲကြီး၏အရှိန်အဟုန်အမြင့်ဆုံးရောက်နေချိန်တွင် လေးဆယ့်ရှစ်တပ်ဖွဲ့အား မြင်းဇက်ကြိုးဆွဲသကဲ့သို့ ဆိုင်းရပ်တန့်သွားစေသည့် အမိန့်ပေးသံတစ်သံ ထွက်ပေါ်လာလေတော့သည်။

'လေးဆယ့်ရှစ် ရပ်လိုက်'

ထိုသို့ အမိန့်ပေးသူကား မည်သူနည်း။

အိုယန်ထု မဟုတ်ပေ။

ယပ်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း တိုက်ပွဲစည်းအတွင်းသို့ ချဉ်းနင်းဝင်လာသည့် ထန်ရှင်သာ ဖြစ်ပါလေ၏။

ထန်ရှင်၏အမိန့်ကြောင့် လေးဆယ့်ရှစ်အဖွဲ့မှ တပ်သားများသည် အသီးသီးနောက်ဆုတ်သွား၏။

ကွန်လုံဝမ်က အေးစက်သောအကြည့်ဖြင့် ကြည့်သည်။



နိုင်ချစ်ခနော်က သက်ပြင်းရှည်ကြီးချသည်။

ဆန်ကွမ်းချီကမူ ငေးငိုင်မြဲ။

'ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်'

ထန်ရှင်က အဝေးမှလှမ်းခေါ်ပြီး ဦးညွှတ်ဂါရဝပြုလေ၏။

ကွန်လုံဝမ်ကမူ ထန်ရှင်ကို မည်သို့မျှ တုံ့ပြန်ဂါရဝမပြုပေ။

သို့သော်....

'ထန်ရှင်'

'တာလဲ ဂိုဏ်းချုပ်ကြီး'

'မင်းရဲ့ လေးဆယ့်ရှစ်တပ်ဖွဲ့နဲ့ ငါ့ကို အနိုင်ယူနိုင်မယ် ထင်လို့ သလား'

'မထင်ပါဘူး'

'ဒါဖြင့် ဘာဖြစ်လို့ အချိန်ကုန်ခံနေရသလဲ'

'ချီမွန်ကျိုးကုန်းရဲ့သဘောတရားကို ဂိုဏ်းချုပ်ကြီးကွန်လုံဝမ် နည်းနည်းပါးပါး တီးခေါက်မိပြီလား'

'အများကြီး တီးခေါက်ပြီးပြီ'

'လွယ်လွယ်နဲ့ ဖောက်ထွက်နိုင်ဘူးဆိုတာကို လက်ခံသလား'

www.burmeseclassic.com

www.burmeseclassic.com



'မင်းရဲ့အဖွဲ့ကလဲ ငါ့ကိုလွယ်လွယ်နဲ့ မဖမ်းနိုင်ဘူးဆိုတာ လက်ခံသလား'

'ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်'

ထန်ရှင်၏စကားဖြင့် ကွန်လုံဝမ်အား နောင်တော်ကွန်လုံဝမ် ဟူ၍ မပါရှိတော့ပေ။

ဂိုဏ်းချုပ်ကြီးကွန်လုံဝမ်ဟူ၍သာ ပါရှိသည်။

ဤသည်မှာ ညီတော်နောင်တော်အဆင့်၊ ဆရာတပည့် အဆင့်ကိုဖြတ်တောက်လိုက်ပြီဖြစ်ကြောင်း ပြဆိုသည့်သက်သေခံ ပင် ဖြစ်တော့သည်။

'ဂိုဏ်းချုပ်ကြီးကွန်လုံဝမ်၊ ဂိုဏ်းချုပ်ကြီးနဲ့ ကျွန်တော်ဟာ တစ်ယောက်ယောက်သေပြီးမှပဲ ယှဉ်ပြိုင်ပွဲကြီး အလိုလိုရပ်ဆိုင်း သွားမှာ ဖြစ်ပါတယ်၊ တစ်ယောက် ယောက် မသေသေးသမျှ တော့ ဘယ်သူနိုင်တယ်၊ ဘယ်သူရှုံးတယ်ဆိုတာ ဘယ်သူမှ အတိ အကျ မပြောနိုင်သေးပါဘူး'

ထန်ရှင်၏စကားက မှန်လှသည်။

ကွန်လုံဝမ်ကလည်း လက်ရုံးရည်ကောင်းသည်။

ထန်ရှင်က နှလုံးရည်ကောင်းသည်။

လက်ရုံးရည်နှင့်နှလုံးရည်တိုက်ပွဲသည် ယခုမှစခြင်းဖြစ်သည်။

အရှုံးအနိုင် မပေါ်သေးပေ။ အချိန်စောင့်ရပေလိမ့်မည်။



ကွန်လုံဝမ်က အေးစက်စက်ရယ်ပြီး....

'နောက်နာရီဝက်သာဆိုရင် ငါ့ဘက်တော်သားတွေ ရောက် လာတော့မယ်၊ မင်းရဲ့ လေးဆယ့်ရှစ်အဖွဲ့ကို ငါဘယ်လိုချေမှုန်း နိုင်တယ်ဆိုတာ မင်းတွေ့ရမယ်'

ထန်ရှင်က ယမ်းတောင် တဖျပ်ဖျပ်ခတ်ရင်း....

'လေးဆယ့်ရှစ်အဖွဲ့ဟာ အသေခံအဖွဲ့ပါ၊ သူတို့ကိုယ်တိုင် သူတို့ရဲ့အသက်ကို ပေးလှူထားကြတာပါ၊ သိုင်းလောကရဲ့ ဆူး ကြောင့်ခလုတ်တွေကို နှိမ်နင်းရင် သူတို့ အသေခံရကျိုးနပ်ပါ တယ်'

'ထန်ရှင်....ဝိညာဉ်ဖမ်း သိုင်းကွက်ရဲ့ နာမည်ကို ကြားဖူး သလား'

'ကျွန်တော် သိုင်းပညာစတင်ပေမယ့် ဆရာ့စကားထဲမှာ တော့ ဒီပညာအကြောင်း ကြားဖူးထားပါတယ်'

'မင်းနဲ့ ငါဟာ သိပ်မဝေးဘူး၊ မင်းကို ခုချက်ချင်း ငါ သတ်နိုင်တယ်'

ထန်ရှင်က လိုက်လှဲစွာ ရယ်မောလေ၏။

'ဂိုဏ်းချုပ်ကြီးကွန်လုံဝမ်....ခင်ဗျားနဲ့ လက်တစ်ကမ်းအကွာ မှာနေတောင် ကျွန်တော် လွတ်အောင် ထွက်လာနိုင်သေးတာပဲ၊ ဒီနေရာမှာ ကျွန်တော်သေရင် ခင်ဗျားအဖို့လဲ မလွယ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်သည် ပင်ပန်းနွမ်းနယ်ဟန်ရှိသည့် နိုင်ချစ်နော် အနီးသို့ ဖြည်းညင်းစွာ လျှောက်သွားပြီး နောက်ကျော၌ ရှိနေသည့် ဝူရင်သွေးကြောကို လက်ဖြင့် ပုတ်ပေးလိုက်သည်။

နိုင်ချစ်နော်မှာ တစ်ကိုယ်လုံး တုန်ခါသွားပြီး လှုပ်လှုပ် ရှားရှား ဖြစ်သွားလေ၏။

ထန်ရှင်က ရယ်ရင်း....

'ခြော်....ခင်ဗျားက ခင်ဗျားရဲ့ သမီးကို ဝူရင်သွေးကြော ပုတ်ပေးပြီး လန်းဆန်းအောင် လုပ်ပေးတယ်ပေါ့၊ ကျွန်တော် ရယ်ချင်တယ်၊ ချီမွန်ကျိုကုန်းဗျူဟာနဲ့ တွေ့ရင် ခင်ဗျားရဲ့သမီး တင်မကဘူး၊ ခင်ဗျားပါ ပင်ပန်းနွမ်းနယ်ရမယ် မှတ်ပါ'

ထိုစဉ် အနီးဝမှ စူးရှသော လေချွန်သံများကို စတင် ကြားရသည်။

ကွန်လုံဝမ်က....

'ကဲ.... ငါတို့ပည့်တွေ ရောက်လာပြီ၊ အချိန်အနည်းငယ် အတွင်းမှာ အခြေအနေတွေ ပြောင်းပြန် ဖြစ်ကုန်တော့မယ်'

ပြောကားမဆုံးမီပင် ကွန်လုံဝမ်သည် လျှပ်ပြက်သကဲ့သို့ ... သွားထွက်လာပြီး ထန်ရှင်၏ လက်ကောက်ဝတ်ကို ဖမ်းကိုင် လိုက်၏။

ထန်ရှင် ယပ်တောင် ပြုတ်ကျသွားတော့သည်။



သို့သော် သူနှင့်ထပ်တူ လှုပ်ရှားသူတစ်ယောက်လည်း ရှိသေး သည်။

ထိုသူကား ကျွန်ုဂိုဏ်းချုပ်ကြီး အိုယန်ထု ပင်တည်း။

အိုယန်ထု၏ လက်ညှိုး သက်ခလယ်သည် ကွန်လုံဝမ်၏ ကျောရိုးရှိ အသက်သွေးကြောကို ဖမ်းဆောက်ထားပြီး ဖြစ်နေ သည်။

'ထန်ရှင်....မင်း တယ်လှောက်ဉာဏ်များများ ဒီတစ်ချီတော့ မင်းမလွတ်နိုင်ပါဘူး'

ထန်ရှင် ရယ်၏။

အိုယန်ထုကလည်း ရယ်သည်။

ကွန်လုံဝမ်အနေဖြင့် အိုယန်ထုက သူ့အား အချိန်မီ ထိန်းချုပ်လိုက်ခြင်းကို မသိ၍မဟုတ်ပေ။

ခြိမ်းခြောက်လက်စဖြင့် ဆက်၍ခြိမ်းခြောက်ခြင်းသာဖြစ်၏။

ထန်ရှင်သည် ကွန်လုံဝမ်အား အရေးလုပ်၍ စကားမပြော တော့ပေ။

ဂိုဏ်းချုပ်ကြီး အိုယန်ထုကိုသာ လှမ်းပြောသည်။

'ဂိုဏ်းချုပ်ကြီး....ကျွန်တော့် အသက်ကို နှမြောမနေပါနဲ့ တော့၊ လုပ်သင့်လုပ်ထိုက်တာကိုသာ လုပ်လိုက်ပါတော့'

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်၏စကားမှာ ဂိုဏ်းချုပ်ကြီး အိုယန်ထု အနေဖြင့် ကွန်လုံဝမ်အား သတ်ပစ်လိုက်ရန် သတိပေးပြောဆိုခြင်းဖြစ်၏။

ကွန်လုံဝမ်က သူ့အား သတ်ချင်သတ်ပါစေ သိုင်းလောက၏ ဆူးပြောင့်ခလုတ်ဖြစ်သော မကောင်းဆိုးရွား ကွန်လုံဝမ်အား အမြန်ဆုံး သတ်ပစ်လိုက်ပါဟု ပြောဆိုခြင်းဖြစ်ပေသည်။

ကွန်လုံဝမ်က အေးစက်စက် ပြောလေ၏။

'ဘာလဲ၊ ငါက မင်းကို မသတ်ရဲဘူး ထင်လို့လား'

အိုယန်ထုက အကြောကို လက်ဖြင့် ထောက်ရင်း ကွန်လုံဝမ်အား သတိပေးလေ၏။

'ခင်ဗျား သေရဲရင် လုပ်လိုက်ပါ၊ ကျုပ်ကတော့ ကျုပ် နှောင်တော်ထန်ရှင်အသက်ကို အဆုံးခံပြီး ခင်ဗျားကို မသ... ပါဘူး၊ နှောင်တော်ထန်ရှင်ကို လွှတ်ပေးရင် ခင်ဗျားတို့ ... ယောက်စလုံးကို ဒီနေရာက ဘေးမသီရန်မခ ထွက်ခွာခွင့်ပေး မယ်'

ကွန်လုံဝမ်က အေးစက်စက် ရယ်သည်။

'ကောင်းပြီ၊ ကျုပ် သူ့ကို လွှတ်လိုက်မယ်၊ ခင်ဗျား ဆုတ်တော့'



အိုယန်ထုက...

'ခင်ဗျားသာ နှောင်တော်ထန်ရှင်ကို အရင်လွှတ်လိုက်ပါ။ ဂေါ်စ္စက ခင်ဗျားက အရင်စတဲ့ကိစ္စပါ'

ကွန်လုံဝမ်မှာ မတတ်သာတော့ဘဲ ထန်ရှင်၏လက်ကို လွှတ်ပေးလိုက်ရ၏။

ထန်ရှင်သည် မြေပေါ်၌ကျနေသည့် လူ့ယပ်တောင်ကလေးကို ပြန်ကောက်ကာ တက်မုဆရာတော်အနီးသို့ ဆုတ်ခွာသွားလေ၏။

ထန်ရှင် တေားကင်းရာသို့ ရောက်သောအခါမှ အိုယန်ထု ဆုတ်လာသည်။

ကျွန်လုဂိုဏ်းဆိုသည်မှာ တရုတ်ပြည်၌ အစဉ်အလာကြီးမားသော ဂိုဏ်းကြီးဖြစ်၍ ကတိတစ်လုံးကို အပျက်ခံသူများ မဟုတ်။ အိုယန်ထုသည် ကွန်လုံဝမ်အား လုံးဝဒုက္ခမပေးခဲ့ချေ။

သို့သော် လေးဆယ့်ရှစ်ယောက် အဖွဲ့သားများကမူ ကွန်လုံဝမ်တို့ သုံးယောက်အား စူးရှသောမျက်လုံးများဖြင့် ကျွန်ုပ် အကဲခတ်နေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်သည် လေးဆယ့်ရှစ်အဖွဲ့ကို အထင်မသေးရဲတော့ပေ။

အိုယန်ထုံအား မေးငေါ့ပြရင်း....

'ခင်ဗျားတပ်သားတွေကို ဖယ်ရှားပေးပါ'

ဟု အချက်ပြလေ၏။

'လေးဆယ့်ရှစ်အဖွဲ့၊ ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်ကို ထွက်လမ်းပေးလိုက်ကြပါ'

လေးဆယ့်ရှစ်အဖွဲ့သည် လက်ဝဲလက်ယာ နှစ်ခုကွဲသွား၏

ကွန်လုံဝမ် ခုန်ထွက်သွားသည်။

'သမီးကြီး...သမီးကြီးရဲ့တပည့်ကိုပါ ခေါ်ထုတ်ခဲ့'

ထန်ရှင်က လှမ်းအော်၍ ပြောလေ၏။

'ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်၊ နောင် ဘယ်အချိန်မှာပြန်ဆုံမလဲဆိုတာတော့ ကျုပ်တော်မသိဘူး၊ အခုအချိန်မှာတော့ နှုတ်ခွန်း ဆက်သလိုက်ပါတယ်'

ကွန်လုံဝမ်၏နောက်သို့ နိုင်ချစ်နော် အပြေးလိုက်ပါသွားသည်။



သူမလည်း ဆန်ကွမ်းချီကို လက်မှဆွဲ၍ ပြေးလိုက်သွားခြင်းဖြစ်၏။

'အေး...နောက်တစ်ခါတွေ့ရင်တော့ မင်းသေပြီလို့ မှတ်လိုက်ပေတော့'

ထိုအသံသည် အဝေးမှပျံ့လွင့်လာခြင်းဖြစ်သည်။

ထန်ရှင် လှမ်းကြည့်လိုက်သောအခါ လုံးဝ မမြင်ရတော့ချေ။

ထန်ရှင်က ခပ်တိုးတိုး ရေရွတ်လေ၏၊

'အင်း...နောက်တစ်ခါတွေ့ရင် ခင်ဗျားသေဖို့ မပြည့်ဝမှာပဲ စိုးရိမ်ပါတယ်လေ'

'နေခင်တော် ထန်ရှင်၊ စောစောက အဖမ်းခံရတုန်းက အနည်းအကျဉ်း ထိခိုက်မိသေးသလား'

အိုယန်ထုံက မေးမြန်းခြင်းဖြစ်၏။

ထန်ရှင်က အိုယန်ထုံအား ဦးညွှတ် ဂါရဝပြုရင်း....

'ဂိုဏ်းချုပ်ကြီးပေးထဲ့အသက်ပဲရှိပါတော့တယ်၊ ဂိုဏ်းချုပ်ကြီးရဲ့ လှုံ့ဆော်ရှားပုံဟာ ကွမ်လုံဝမ်နဲ့ထပ်တူ လျှန်မြန်လှပါပေတယ်'

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထု က ညည်းညည်းညူညူ ပြော၏။

'ကွန်လုံဝမ်ဟာ တကယ့်မကောင်းဆိုးရွားဂိုဏ်းချုပ်ကြီးပဲ၊ မကောင်းဆိုးရွား ဂိုဏ်းတစ်ဂိုဏ်း'

'ဟား....ဟား...ဟား'

အို့ယန်ထု မှာ စကားဆုံးအောင် မပြောနိုင်ဘဲ ဖြစ်သွားသည်။

ကွန်လုံဝမ်၏ ရယ်မောသံကြီးကို ကြား လိုက် ရ သ ဖြင့် စကားစကိုဖြတ်ပြီး လှမ်းကြည့်မိသည်။

ကွန်လုံဝမ်သည် အမှန်ဘကယ်ပင် ပြန်လည် ရောက်ရှိလာသည်။

အဖော်မပါ တစ်ကိုယ်တည်းသာတည်း။

အို့ယန်ထု က....

'ခင်ဗျား ပြန်လာသလား၊ နောက်တစ်ကြိမ် လွှတ်ပေးဦးမယ်လို့ ကျုပ်က ကတိမပြုခဲ့ဘူးနော်'

ကွန်လုံဝမ်က ထပ်မံရယ်မောပြီး....

'ကျုပ်က ထန်ရှင်နဲ့ နည်းနည်းပါးပါး စကားပြောခွင့်ရအောင်ပြန်လာတာပါ၊ ခင်ဗျားလွှတ်ဘာမလွှတ်တာကိုကျုပ်က လုံးဝဂရုမစိုက်ဘူး'



ထန်ရှင်သည် ယပ်တောင်တဖျပ်ဖျပ်ခတ်ရင်း ရှေ့သို့ တက်လာ၏။

တက်မုဆရာတော်က လှမ်း၍ သတိပေးသည်။

'ဒကာကြီးထန်ရှင် သတိထားပါဦး၊ စောစောကလို....'

ထန်ရှင်သည် ဆရာတော်ကို ဦးညွှတ်ဂါရဝပြုပြီး နှစ်သိမ့်မှုပေး၏။

'ကျေးဇူးတင်ပါတယ် ဆရာတော်၊ သူလဲ ဂိုဏ်းချုပ်ကြီးတစ်ဦးပေပဲ၊ ဒုတိယအကြိမ် အောက်တန်းကျတဲ့ အပြုအမူကို ပြုမူတော့မယ် မထင်ပါဘူး'

သူသည် ရဲဝံ့စွာပင် ကွန်လုံဝမ်၏ရှေ့သို့ လျှောက်သွား၏။

လက်တစ်ကမ်းအကွာတွင် ရပ်သည်။

အို့ယန်ထု မှာ လုံးဝစိတ်မချနိုင်သဖြင့် ထန်ရှင်နှင့်ကပ်၍ လိုက်ပါသွားရသည်။

ထန်ရှင်နှင့် ကွန်လုံဝမ် တို့သည် တစ်နေ့တည်း၌ ဒုတိယအကြိမ်မြောက် ရင်ဆိုင်မိကြပြန်သည်။

ထန်ရှင်က....

'ကျွန်တော်တို့ဟာ ဆရာတူဘပည့်ဖြစ်ခဲ့ကယ်၊ ခင်ဗျားက နက်စက်ပေမယ့် ကျွန်တော်ကတော့ ခင်ဗျားကို မနှိပ်စက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် ခုနက ပြန်လွှတ်ပေးလိုက်တယ်၊ ဘာဖြစ်လို့ ဒုတိယအကြိမ် ပိုက်ကွန်ထဲကို ပြန်လာရတာလဲ'

ကွန်လုံဝမ်က....

'မင်းကို ငါ့ရဲ့ စိတ်ကူးစိတ်သန်းတွေကို ပြောပြဖို့ ပြန်လာတာပဲ'

'ကျွန်တော်တင် မကဘူး၊ ဂိုဏ်းချုပ်ကြီး 'အို့ယန်ထူ'နဲ့ဝက်မုဆရာတော်တို့ကိုပါ သိစေချင်လို့မဟုတ်လား'

'မင်း ဘယ်လို ခန့်မှန်းသလဲ'

'ခင်ဗျားဆီ လှည်းနဲ့ရောက်ခဲ့စဉ်က ခင်ဗျားရဲ့ စိတ်ကူးစိတ်သန်းအားလုံးကို ပြောပြရင်ရတာပဲ၊ အဲဒီတုန်းကခင်ဗျားပြောမှမပြောဘဲ၊ လားပါတော့ အခု ခင်ဗျား ဘာတွေပြောချင်သလဲ၊ ကျွန်တော် စိတ်ထင်တော့ ဘာမှအသစ်အဆန်း ပြောမယ် မထင်ဘူး'

ကွန်လုံဝမ်သည် ချောင်းတစ်ချက်ဟန့်ပြီး....

'လက်ရှိ သိုင်းလောကကြီးရဲ့ လည်ပတ်ပုံစနစ်၊ အုပ်ချုပ်ပုံစနစ်ကို ပြောင်းလဲပစ်ဖို့ ငါဆုံးဖြတ်ထားတယ်'

ထန်ရှင်က ရယ်ပြီး....

'အဲဒါပြောတာပေါ့၊ အသစ်အဆန်း မပါဘူးလို့ ခင်ဗျားသိုင်းလောကကို လက်ဝါးကြီးအုပ် ကြီးစိုးဖို့ ကြံစည်နေတာ



ဆိုတာ အားလုံးသိပြီးသားပါ၊ ရိုးရိုးသားသား ဂိုဏ်းသစ်တစ်ဂိုဏ်း တည်ထောင်တဲ့လူဆိုရင် ကျွန်တော်တို့အနေနဲ့ ဘာမှစွက်ဖက်စရာ မရှိပါဘူး၊ အခုတော့....'

ကွန်လုံဝမ်က....

'သိုင်းလောကကြီးဟာ ငြိမ်သက်နေတယ်၊ သိုင်းပညာအသစ်တီထွင်မှုမရှိဘူး၊ တိုက်ပွဲမရှိဘူး၊ ပဋိပက္ခမရှိရင် ဘာမှတိုးတက်မှုမရှိနိုင်ဘူး'

'ခင်ဗျားအကြောင်းပြချက်က မခိုင်လုံပါဘူး၊ သိုင်းလောကရဲ့ ဂိုဏ်းချုပ်ကြီးတွေဟာ သိုင်းပညာအသစ်တွေကို အမြဲတမ်းတီထွင်ကြံဆနေကြတယ်၊ ပြောစမှတ်တွင်လောက်တဲ့ တိုက်ပွဲကြီးတွေဟာလဲ အယက်လမ်းဂိုဏ်းနဲ့ အောက်လမ်းဂိုဏ်းတွေအကြားမှာ ဖြစ်ပေါ်နေတယ်၊ အတူးသဖြင့် လျှို့ဝှက်သိုင်းကျမ်းတွေကို သူရဖို့ငါရဖို့ ကြိုးစားရင်းဖြစ်ကြရတဲ့ တိုက်ပွဲတွေပဲ၊ ခင်ဗျားလို ခေါင်းဆောင်ပြီး အက်သက်လူလျှောက်သတ်တဲ့ တိုက်ပွဲမျိုးတော့ မဟုတ်ဘူး၊ ခင်ဗျားမှာ ဘယ်လို စိတ်ထားမျိုး ရှိတယ်ဆိုတာဆရာပြောခဲ့လို့တစ်ကြောင်း၊ ကျွန်တော် ကိုယ်တိုင် သိမြင်လို့တစ်ကြောင်း၊ ခင်ဗျားကြောင့် သိုင်းလောကကြီး သွေးချောင်းမစီးစေဖို့ ကြိုတင်ပြင်ဆင်မှုတွေ ကျွန်တော် အများကြီး လုပ်ထားခဲ့ပါတယ်'

'ဆယ်နှစ်လုံးလုံး ငါ့ကို အတိုက်အခံလုပ်ဖို့ ကိစ္စတွေပဲ မင်းစဉ်းစားပြင်ဆင်နေတယ် ဆိုပါတော့'

www.burmeseclassic.com

www.burmeseclassic.com



'မမှားဘူး၊ ဒီချိုမှုန်ကျိုကုန်း တိုက်ကွက်ဟာလဲ ခင်ဗျားရဲ့ အကြံအစည်တွေကို တားဆီးမယ့် နည်းလမ်းတွေ အများကြီး ထဲက တစ်ခုအပါအဝင်ပေါ့'

'မင်းရဲ့တိုက်ကွက်က ဘယ်လောက် စွမ်းမလဲ၊ ငါ့အဆိပ် လောက် စွမ်းမလား'

'ဟား....ဟား....ဟား၊ ခင်ဗျားဟာ ရှေ့က ပိုးကောင် ကလေးကိုမဲလိုက်နေတဲ့ စာပေါက်စကလေးလိုပါပဲ၊ စာပေါက် စကလေးကို ကျီးကန်းက နောက်ကလိုက်နေတာတော့ ဒီစာ ပေါက်စကလေးဟာ မသိဘူး၊ အခု ခင်ဗျားလဲ စာပေါက်စ ကလေးအတိုင်းပဲ၊ ရှေ့ကအစာပဲ မဲနေတယ်၊ နောက်ရန်ကို မမြင်ဘူး၊ ကျုပ်တော်တို့ကတော့ ခင်ဗျားကို ဒုက္ခပေးချင်လို့ မဟုတ်ပေမယ့် ခင်ဗျားရဲ့ မကောင်းဆိုးဝါး ဂိုဏ်းအကြောင်း တော့ အတော်ကလေး လေ့လာထားပြီးနေပါပြီ'

'ဟား....ဟား....ဟား၊ အတော်လာတဲ့ ထန်ရှင်ပဲ၊ ကဲ.... မင်း ဘာတွေလေ့လာထားသလဲ'

'ခင်ဗျားရဲ့ဂိုဏ်းမှာ အရှေ့၊ အနောက်၊ တောင်၊ မြောက် အစရှိတဲ့ အလံအဖွဲ့ခေါင်းဆောင် လေးယောက်ရှိတယ်၊ သိုင်း ပညာ ထိုက်သင့်သလောက်ရှိတဲ့ မွေးစားသမီး လေးယောက် ရှိတယ်၊ ဒီလူတွေဟာ အတော်ကလေးအားကိုးရတယ်၊ ဒါပေ မယ့် သူတို့ဟာ ခင်ဗျားကို ချစ်ကြောက်ရိုသေကြတာ မဟုတ် ဘူး၊ ရက်စက်တဲ့အတွက်၊ အဆိပ်ဆေးသုံးတဲ့အတွက် ခင်ဗျား ကို ရွံကြောက်ကြီး ဖြစ်နေကြတာ'



ကွန်လုံဝမ်က အေးစက်စွာ မြေသလေ၏။

'မင်းကို လွှန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်ကတည်းက ရက် ရက်စက်စက် သတ်ပစ်ဖို့ကောင်းခဲ့တယ်'

ထန်ရှင်က ရယ်ရင်း....

'ခင်ဗျား ကျုပ်တော်ကိုသတ်ဖို့တောင် ကြံသေးတာပဲမဟုတ် လား၊ ကျုပ်တော်က ရှေ့ရေးကိုမြင်ပြီး ကျုပ်လုဂိုဏ်းထဲ ဝင် ထားပေလို့ ခုလို အသက်ချမ်းသာရခဲ့တာပဲ၊ အခု အချိန်က စပြီး နောင် တွေ့မယ့်အချိန်တွေမှာတော့ ကျုပ်တော်လဲ ရန်သူ ကို မီးလိုနေလို့ ကျင့်ဖေတော့မှာပဲ၊ ခင်ဗျားရဲ့ ရည်ရွယ်ချက်တွေ ကို ကျုပ်တော်တို့ သိထားပြီးဖြစ်တဲ့အတွက် ခင်ဗျားအကြံအစည် မှန်သမျှ မပျက်ပျက်အောင် ဖျက်မယ်လို့ သန္နိဋ္ဌာန်ချထားပြီးပါ ပြီ၊ ကဲ....ခင်ဗျား သွားလိုရာ သွားပါတော့'

ကွန်လုံဝမ်သည် ဒေါက်တစ်ချက်ခေါက်ပြီး....

'ကောင်းပြီ၊ နောက်တစ်ခါ မင်း ငါ့လက်ထဲ မကျရောက် အောင် ကြိုးစားပါ၊ ကဲ....ငါသွားမယ်'

စကားဆုံးသောအခါ ကွန်လုံဝမ်လည်း ပြေးထွက်သွား တော့သည်။

ကိုယ်ဖော့ပညာက ကောင်းလွန်းလှသဖြင့် ထိုတခဏအတွင်း မှာပင် အဝေးသို့ရောက်ရှိပြီးနောက် ပျောက်ကွယ်သွားတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



တက်မှုဆရာတော်က ပညာရှိသန်ရှင်အား လှမ်းပြော၏။

'ဓကာကြီးထန်ရှင်...သူ့ကို ခုလိုလွှတ်ပေးတာ မှားတယ်လို့ ထင်တယ်'

ထန်ရှင်က ခေါင်းခါ၏။

'လွှတ်ရမှာပဲ ဆရာတော်၊ သူဟာ ချိမ့်န်ကျိုကုန်းတိုက်ကွက်ရဲ့ သော့ချက်ကိုသိဖို့ အချိန်နည်းနည်းပဲလိုတော့တယ်၊ အဲဒီ သော့ချက်သိသွားရင် တပည့်တော်တို့ ဆယ်နှစ်နီးပါး လေ့ကျင့်ပေးထားတဲ့ လေးဆယ့်ရှစ်အဖွဲ့ဝင်တွေအားလုံး အသက်ဆုံးရှုံးသွားနိုင်ပါတယ်၊ အခု သူ့ကို လွှတ်ပေးလိုက်တဲ့အတွက် သူဟာ လေးဆယ့်ရှစ်အဖွဲ့ကို အတော်ကလေး ကြောက်ရွံ့သွားမှာသေချာပါတယ်'

အို့ယန်ထုံက လေးလေးနက်နက် ဝင်ပြော၏။

'ဒီလူ့ရဲ့သိုင်းပညာက အတော်ရှုပ်ထွေးတာပဲ၊ သိုင်းလောကက ဝါစဉ်ကြီး သိုင်းဆရာတွေ ရှိရှိသမျှထဲမှာ သူ့တပည့်ခံဖူးတဲ့ပုံစံမျိုး ဖြစ်နေတယ်၊ အမျိုးအစား မတူတဲ့ သိုင်းကွက်တွေကို အဆင်ပြေပြေ ရောနှောပေါင်းစပ်နိုင်တဲ့ စွမ်းရည်ဟာ အတော်ကို ချီးကျူးဖို့ ကောင်းပါတယ်'

ကွန်လုံဝမ်၏ သိုင်းပညာစွမ်း နက်နဲပုံကို တက်မှုဆရာတော်ကလည်း လက်ခံဟန်ဖြင့် ခေါင်းတညိတ်ညိတ် လုပ်နေလေ၏။

## အခန်း (၁၁)

## ကွန်လုံဝမ်၏ ရာဇဝင်

'ဓကာကြီးထန်ရှင်၊ ကျုပ် တစ်ခုလောက် မေတ္တာရပ်ခံချင်ပါတယ်'

တက်မှုဆရာတော်က စကားပလ္လင်ခံသည်။

'ဘာများလဲ ဆရာတော်'

'ဓကာကြီးဟာ သိုင်းပညာ လုံးဝမရှိဘဲနဲ့ သိုင်းလောကထဲ ဝင်လာခဲ့တယ်၊ သိုင်းလောက သမိုင်းတစ်လျှောက်မှာ သိုင်းပညာမတတ်တဲ့ သိုင်းသမားရှိခဲ့တယ်လို့ ဘယ်တုန်းကမှ မကြားခဲ့ဖူးဘူး၊ အခုတော့မှ ကိုယ်တွေ့ကြုံခဲ့ရတယ်၊ ဒီအတွက် ဓကာကြီးထန်ရှင်ကို တကယ်ချီးကျူးတယ်၊ နောက်ပြီး...'

www.burmeseclassic.com



တက်မှုဆရာတော် စကားမဆုံးမီ ထန်ရှင်က ဖြတ်၍ပြော ကြား လျှောက်ထားလေ၏။

'တကယ်တော့ တပည့်တော်အနေနဲ့ သိုင်းလောကထဲ ဝ လိုတဲ့ဆန္ဒ မရှိပါဘူး၊ ဒါပေမယ့် ကျေးဇူးရှင်ဖြစ်တဲ့ ဆရာကြီး ရဲ့ မိန့်မြွက်မှာကြားချက်အရ တပည့်တော်ဟာ သိုင်းလောက ဝင်ခဲ့ရပါတယ်'

'ဒကာကြီးရဲ့ဆရာက ကွန်လုံဝမ်ရဲ့ အန္တရာယ်ကို နှိမ်နင်း ဒကာကြီးကို သိုင်းလောကထဲ ဝင်ခိုင်းခဲ့တာ မဟုတ်လား'

'မှန်ပါတယ် ဆရာတော်'

'ကွန်လုံဝမ်ရဲ့အန္တရာယ်ဟာ အခုမှ စရုံရှိသေးတယ်၊ ဒကာ ကြီးထန်ရှင်က ကျန်လုဂိုဏ်းထဲက အနားယူတော့မယ်ဆိုတော့'

တက်မှုဆရာတော်သည် ထန်ရှင်အား ကျန်လုဂိုဏ်းထဲ အနားမယူရန် မေတ္တာရပ်ခံလိုခြင်း ဖြစ်ပေသည်။

သို့သော်....

ဆရာတော်သည် ဆက်၍ပြောရန် မသင့်ဟု ယူဆသ စကားစကို ဖြတ်တောက်ပစ်လိုက်သည်။

အိုယန်ထိုက သက်ပြင်းချပြီး....



'အင်း....ရှေ့နောင်ကြီးထန်ရှင် အနားယူသွားတဲ့ အချိန်မှာ ကျုပ်တစ်ယောက်တည်း ကွန်လုံဝမ်ရဲ့ရန်ကို ဖြိုဖျက်ရတော့မှာ တကယ်လို့ အဲဒီတာဝန်ကို ကျေပွန်အောင် မထမ်းနိုင်ဘူး ရင်တော့ သိုင်းလောကထဲမှာ ကျုပ်ရဲ့မျက်နှာကို မပြရဲလောက် အောင် ဖြစ်ရတော့မှာပေါ့လေ'

ထန်ရှင်သည် မည်သည့်သဘောထား မှတ်ချက်မျှ မပေးဘဲ မဆိတ်ပင် နေနေလေ၏။

အိုယန်ထုမှာ ထန်ရှင်ထံမှ စကားပြန်မရသဖြင့် စိတ် ကောင်းပေ။

သူသည် သိုင်းပညာထက်မြက်သူ ဖြစ်ငြားသော်လည်း ဝမ်၏ သိုင်းစွမ်းရည်ကို တွေ့ပြီးကတည်းက ကွန်လုံဝမ်ကို လွယ်ကူကူယှဉ်၍မရနိုင်ကြောင်း နားလည်သဘောပေါက် ဖြစ်ပေသည်။

ကွန်လုံဝမ်အား တကယ်တမ်း ယှဉ်ပြိုင်လျှင် လက်ရုံးရည် ရည် ပြည့်စုံသူများ စုပေါင်းပြီး ယှဉ်ပြိုင်မှသာ အနိုင်ရ ကြောင်း အိုယန်ထုံ နားလည်သဘောပေါက်ပေသည်။

တက်မှုဆရာတော်သည် ကွန်လုံဝမ်နှင့် ထန်ရှင်တို့ စကား ဆိုပုံကိုကြည့်ပြီး ဤသူများသည် ရှေးယခင် ပဝေသဏီ ည်းက ဆက်နွယ်ပတ်သက်ခဲ့ ဖြစ်ရမည်ဟု တွေးဆ မှန်းနိုင်ခဲ့သည်။

www.burmeseclassic.com



ထို့ကြောင့်....

'ဒကာကြီး ထန်ရှင်.... ကွန်လုံဝမ်နဲ့ ဒကာကြီး ထန်ရှင်[...] ဘယ်လိုပတ်သက်ခဲ့သလဲ၊ တစ်ခုခုတော့ ပတ်သက်ခဲ့မယ်လို့ ထ[...]တယ်၊ ကျုပ်အနေနဲ့ကတော့ ကွန်လုံဝမ်ကို ရှောင်လင်ကျောင်း[...] သစ္စာဖောက်လို့ ထင်နေပါတယ်၊ တကယ်လို့ ဒကာကြီးထန်ရှ[...] ကော ကွန်လုံဝမ်ရဲ့ နောက်ကြောင်းကို သိခွင့်ရမယ်ဆိုရင်တော[...] ဒီနတ်ဆိုးဟာ ရှောင်လင်ကျောင်းရဲ့ သစ္စာဖောက် ဟုတ်မဟု[...] [...]မှန်းလို့ ရလာနိုင်လိမ့်မယ်'

ဒကာကြီးထန်ရှင်က မာင်းခနဲ သက်ပြင်းချလိုက်သည်၊

'အင်း....ဒီအဖြစ်အပျက်တွေကို ဘယ်သူမှတော့ မပြော[...] သေးဘူး၊ အခုတော့ ပြောရတော့မှာပေါ့လေ'

တက်မှုဆရာတော်က အလွန်အမင်း ကျေးဇူးတင်သွား[...]

'ဒကာကြီးထန်ရှင်ကသာ ထုတ်ဖော်ပြောဆိုရင် ရှောင်လ[...] ကျောင်းမှာဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်နဲ့ ကွန်လုံဝမ်နဲ့ပတ်သ[...] မပတ်သက်ဆိုတာ ခန့်မှန်းလို့ ရနိုင်ပါတယ်'

တက်မှုဆရာတော်၊ အိုးယန်ထုံနှင့် ထန်ရှင်တို့ ချပ်၍ စကား[...] ပြောဆိုနေရာမှာ ကွန်လုံဝမ်နှင့် တိုက်ပွဲဆင်ခဲ့သည့် မြေ[...] ရှိပင် ဖြစ်သည်၊

[...]ဘက်တော့

သူတို့မျက်မမြင်သည့် [...]ပ်ရှစ် အဖွဲ့ဝင်များ ရှိနေ[...] သေးသည်၊ [...] ပြင်းချပြီး....



ထန်ရှင်က သူ၏ ယပ်တောင်ကို ထုတ်ပြီး ယပ်ခတ်သည်၊

'တပည့်တော်နဲ့ ကွန်လုံဝမ်ဟာ ကျိဖုန်းဆရာကြီးရဲ့ တပည့် ဖြစ်ပါတယ်၊ ကျိဖုန်းဆရာကြီးကို ဆရာတော်ကြားဖူးပါသလား'

'ဟင့်အင်း....မကြားဖူးပါဘူး'

'ဘယ်ကြားဖူးမလဲ၊ ကျိဖုန်းဆရာကြီးဟာ သိုင်းလောက ထဲကို မဝင်ဘဲနဲ့ အပြင်မှာ ဇာတ်မြှုပ်နေတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်နေတာကိုး'

'ဒကာကြီး ထန်ရှင်တို့ကိုတော့ ဘာဖြစ်လို့ တပည့်အဖြစ် လက်ခံရတာလဲ'

'အဖြစ်က ဒီလိုပါ၊ ဆရာဟာ တပည့်တော်ကို တပည့်အဖြစ် လက်ခံတယ်၊ လက်ခံတာက သိုင်းပညာသင်ပေးဖို့ မဟုတ်ပါဘူး၊ သင်္ချာပညာ၊ နက္ခတ်ပညာနဲ့ အထွေထွေ ပညာရပ်တွေကို သင်ပေးဖို့ပါ၊ ဆရာ့တပည့်ဦးဟာ တပည့်တော်ပါပဲ၊ ကွန်လုံဝမ်ကတော့ နောက်မှရောက်လာတဲ့ တပည့်ပါ'

'ကွန်လုံဝမ်ကို ဘာဖြစ်လို့ တပည့်အဖြစ် လက်ခံတာလဲ၊ သူ့ရဲ့ နဖူးရေဒူးရေကို မကြည့်ဘူးလား'

'ဒီလိုပါ၊ တပည့်တော်ဟာ ဆရာ့ဆီမှာ အဲဒီပညာတွေ သင်နေရင်း ဆရာ့ရဲ့ အံ့မခန်း သိုင်းပညာတွေကို တဖြည်းဖြည်း သိမြင်လာခဲ့ပါတယ်၊ ဒီတော့ တပည့်တော်က ဆရာ့ ဆရာ့

www.burmeseclassic.com



ပညာတွေ ဒီမြေကမ္ဘာပေါ်က ပျောက်ကွယ်သွားရင် နှမြောစရာ ကောင်းလှပါတယ်၊ တပည့်တော်ကို မှစခဲ့ပါလို့ တောင်းပန်ခဲ့ပါတယ်'

'ဒကာကြီးရဲ့ ဆရာက သင်ပေးသလား'

'ဟင့်အင်း....မသင်ပေးပါဘူး၊ တပည့်မှာ သိုင်းပညာသင်ဖို့ ပါရမီမရှိဘူးလို့ဘဲ ပြောပါတယ်၊ ဒါပေမယ့် တပည့်တော်က သုံးကြိမ်တိုင်တိုင် ခွင့်တောင်းတော့ ဆရာဟာ တပည့်တော်ကို စိတ်ကျေနပ်အောင် သင်ပေးပါတယ်၊ တပည့်တော်ကလဲ ကြိုးစား သင်ပါတယ်၊ ဒါပေမယ့် ဆရာပြောတဲ့အတိုင်း တပည့်တော်ဟာ အဝ သိုင်းပညာသင်လို့ မရခဲ့ပါဘူး၊ နောက်ဆုံး တပည့်တော် ကိုယ်တိုင်ပဲ လက်မြှောက်ခဲ့ပါတယ်'

'ကွန်လုံဝမ်က ဘယ်လိုရောက်လာတာလဲ'

'တပည့်တော်ရဲ့ တောင်းပန်ချက်ကြောင့် ဆရာက လက်ခံလိုက်တာပါ၊ တပည့်တော် အကြောင်းပြတာကတော့ ဆရာ့ရဲ့ ထူးခြားတဲ့ သိုင်းပညာတွေ ဒီမြေကမ္ဘာပေါ်က မပျောက်ကွယ်သင့်ပါဘူးဆိုတဲ့ အကြောင်းပြချက် တစ်ခုတည်းနဲ့ပါ'

'ဒီလိုဆိုရင် ကွန်လုံဝမ်က ဒကာကြီး ထန်ရှင်ရဲ့ ဂိုဏ်းတူ ညီလို့ ဆိုရမှာပေါ့'

'ဟင့်အင်း....ဆရာက သူ့ကို ဂိုဏ်းတူအစ်ကိုအဖြစ် သတ်မှတ်ပေးပါတယ်'



တက်မုဆရာတော်က တအံ့တသြပြော၏။

'ဟာ...ဒါက အတော်ဆန်းကြယ်တဲ့ကိစ္စပဲ၊ သိုင်းလောကမှာ ဝါစဉ်ပဲ စကားပြောတယ်၊ အသက်က စကားမပြောဘူး၊ ဒကာကြီးထန်ရှင်က ဝါစဉ်ကြီးရင် ဒကာကြီးပဲ ဂိုဏ်းတူအစ်ကို ဖြစ်ရမယ်'

'ဟင့်အင်း....ဒီဆိုမဟုတ်ပါဘူး၊ ဆရာက သူ့ကို သိုင်းပညာ သင်ပေးဖို့ လက်ခံတာဆိုတော့ သူက အစ်ကိုကြီးပဲ ဖြစ်ရမှာတဲ့၊ တပည့်တော်က သိုင်းပညာသင်ယူဖို့မှ မဟုတ်တာကိုး၊ တပည့်တော်ကို သိုင်းလောက စည်းကမ်းနဲ့ မတိုင်းတာဘူး၊ ဒါက ဆရာ့အယူအဆပါ'

တက်မုဆရာတော်က ခေါင်းညိတ်ရင်း....

'အင်း....ဒီလိုလဲ ဖြစ်နိုင်တာပါပဲလေ'

'ဒါနဲ့ ကွန်လုံဝမ်ဟာ တပည့်တော်ရဲ့ ဂိုဏ်းတူအစ်ကိုကြီး နေရာ ရောက်ခဲ့တယ်၊ သူဟာ သိုင်းပညာသင်ကြားတဲ့ နေရာမှာ ဝီရိယရှိသလို ဗီဇပါရမီလဲ ရှိတယ်၊ သိပ်ထက်မြက်လွန်းတော့ ဆရာဟာ သိပ်ပြီး အားရကျေနပ်တယ်၊ သူ့ပညာ အမွေကို ဆက်ခံနိုင်သူပေါ်ပြီလို့ ယူဆခဲ့တယ်'

'ကွန်လုံဝမ်ရဲ့ စိတ်ဓာတ်ကို ဒကာကြီးတို့ရဲ့ ဆရာက ပိုးဝ ခန့်မှန်းနိုင်သေးတဲ့ သဘောပေါ့'

www.burmeseclassic.com

'မှန်ပါတယ်၊ မခန့်မှန်းနိုင်သေးတဲ့အချိန်ပါ၊ ကွန်လုံဝမ်
လဲ အင်မတန်ဟန်ဆောင်ကောင်းတယ်၊ တပည့်တော်နဲ့တန်း
ဝတ်ကြီးဝတ်ငယ်ပြုစုတယ်၊ တစ်နေ့ကျတော့....'

တစ်ချိန်လုံးငြိမ်သက်စွာ နားထောင်နေခဲ့သည့်အို ယန်
က 'စိတ်ဝင်စားစွာ လှမ်းမေးသည်။

'တစ်နေ့ကျတော့ ဘာဖြစ်သွားသလဲ'

'တစ်နေ့ကျတော့ ကျွန်တော်ရယ်၊ ဆရာရယ်ဆေးမြစ်
ဖို့ ရက်သတ္တတစ်ပတ် ခရီးထွက်ကြတယ်၊ ကျွန်တော်တို့
ခြောက်ယတစ်ခါ ဒီလိုခရီးထွက်စမြဲပဲ၊ ပြန်လာတော့ ဆ
တာ မျက်စိမျက်နှာမကောင်းဘူး၊ ကျွန်တော် ရှေ့မှာပဲ
လုံဝမ်ကိုခေါ်စစ်တယ်၊ ကျွန်တော်တို့ နေတဲ့ဂူထဲမှာ တ
နေရာတွေ ခြေရာလက်ရာပျက်နေတယ်၊ ပစ္စည်းတစ်ခုခုကို
ဖွဖွထားတယ်ဆိုတာ ပေါ်လွင်နေတယ်၊ ဂူထဲမှာလဲ ကွန်
ဝမ်ဘစ်ယောက်တည်း ကျန်ရစ်ခဲ့တာကိုး'

'သူ ဘာရှာတာလဲ'

'ဆရာကတော့ ကျွန်တော် ကို မပြောပါဘူး၊ ဒါပေ
ကျွန်တော် စိတ်ထင် သိုင်းကျမ်းကိုရှာတာနဲ့တူတယ်၊ ဆရာ
သိုင်းပညာသိပ်ထက်မြက်တော့ ဆရာ့ဆီမှာ သိုင်းကျမ်းတစ်
ရှိရမယ်လို့ ယူဆ ထားပုံရပါတယ်'



'ဒကာကြီး တန်ရှင်ရဲ့ အရှေ့ဆီမှာ သိုင်းကျမ်း ရှိတယ်လို့
တော့ ကြားမိသလား'

'ရှိပါတယ်....လောင်မီးအစောင်းအားသိုင်းဆိုတာ သားရေ
ချပ်ပေါ်မှာ ရေးထားတဲ့ သိုင်းကျမ်းပဲ၊ ဆရာဟာ အဲဒီသိုင်း
ကျမ်းကို ခက်ခက်ခဲခဲနေရာမှာမထားဘူး၊ တပည့်တော် သင်
ယူတဲ့ သချ်ာကျမ်း၊ နက္ခတ်ကျမ်းတွေကြားထဲမှာ စည်ထား
တယ်၊ တပည့်တော်က သိုင်းပညာသင်ယူသူမဟုတ်တော့ အဲဒီ
သိုင်းကျမ်းကို သိပ်စိတ်မဝင်စားပါဘူး၊ ဆရာက သိပ်ညာဏ်
ကောင်းတယ်၊ သူတန်ဖိုးထားတဲ့အရာကို သိပ်ခက်ခက်ခဲခဲ ဝှက်
မထားဘူး၊ လိုချင်မျက်စိရှိသူတို့က ဒီလိုပစ်စလက်ခတ် ထား
လိမ့်မယ်လို့ ဘယ်သူမှ မထင်ကြဘူး'

'နောက်တော့....'

'ကွန်လုံဝမ်ကပြင်းတယ်၊ သူ ဘာမှမရှာပါဘူးလို့ ပြော
တယ်၊ ဆရာက နောက်တစ်လကြာတော့ သူ့ကို အပြင် ခရီး
ထွက်ခိုင်းတယ်၊ ခရီးထွက်တာနဲ့ ပြဿနာပေါ်တာပဲ'

'ဘယ်လို ပြဿနာ ပေါ်တာလဲ'

'ကျူင်းမိန်းဂိုဏ်းဆိုတာ ကြားဖူးမှာသလား'

'အောက်လမ်းဂိုဏ်း တစ်ဂိုဏ်းပဲ'

www.burmeseclassic.com



'အဲဒီဂိုဏ်းသားငါးနယောက်ကို သူ သတ်ပစ်ခဲ့တယ်၊ ကျော်မိန်းဂိုဏ်းဟာ အောက်လမ်းဂိုဏ်းဆိုပေမယ့် လူသတ်တဲ့ဂိုဏ်းတော့ မဟုတ်ပါဘူး၊ အာမခံ အဖွဲ့တွေဆိုကာ ပစ္စည်းလုတာလောက် လုပ်တဲ့ဂိုဏ်းပါ၊ အဲဒီဂိုဏ်းခေါင်းဆောင်ဟာ ကျွန်တော်တို့နေတဲ့ဂူကိုရှာဖွေပြီး ကွန်လုံဝမ်ရဲ့ ရက်စက်မှုကို လာတိုင်ကြားတယ်'

'ကွန်လုံဝမ်ရဲ့ မင်းသားခေါင်း ဆောင်းထားတဲ့ ဘီလူးခေါင်းကို အဲဒီဘော့မှ သိတော့တယ် ဆိုပါတော့'

'ဆရာဟာ ကွန်လုံဝမ်ရဲ့ စိတ်နေသဘောထားကို ရိပ်မိတဲ့အချိန်မှာ အချိန်လွန်နေပြီ၊ သူ့ရဲ့ အခြေခံပညာ အားလုံးကို သင်ကြားပေးပြီးဖြစ်နေပြီ၊ ဉာဏ်ထက်မြက်တဲ့လူဟာ ကိုယ့်ဘာသာ တီထွင်ကြံဆကြိုးစားသွားရုံနဲ့ ဒီပညာတွေကို နက်နက်နဲနဲ တတ်မြောက်သွားနိုင်တယ်'

'အင်း....ကျွတ်....ကျွတ်'

တက်မုဆရာတော်ရော အိုယန်ထုံပါ စုတ်သပ်မိကြသည်၊

ထန်ရှင်က ဆက်ပြော၏။

'တစ်နေ့မှာ ဆရာဟာ ကျွန်တော့်ရှေ့မှာပဲ လောင်မီးအတွင်းအားသိုင်းကျမ်းကို မီးထဲပစ်ထည့်လိုက်တယ်၊ ဆရာကမှတ်သားစရာ စကားတစ်ခုကိုလဲ ပြောပြတယ်၊ အဆိပ်ဖြစ်



သော်ငြားလဲ အမားလက်ထဲရောက်သွားရင် ဆေးဖြစ်ပြီး ဆေးဖြစ်သော်ငြားလဲ လူမိုက်လက်ထဲရောက်သွားရင် အဆိပ် ဖြစ်သွားတတ်တယ်တဲ့၊ သူ ကွန်လုံဝမ်ကို တပည့်အဖြစ် လက်ခံလာတာ မှားပြီလို့ဆိုပါတယ်'

'ကွန်လုံဝမ်ကို နှင်ထုတ်မပစ်ဘူးလား'

'နှင်ထုတ်ပစ်တယ်၊ တပည့်အဖြစ်က မှယ်ထုတ်ပစ်လိုက်တယ်၊ ဒါပေမဲ့'

'ဒါတောင် သူ ဒီအထိတတ်မြောက်လာသေးတယ် နော်'

'မှန်ပါတယ်ဆရာတော်၊ သူကစိတ်ဓာတ်မကောင်းပေမယ့် သိုင်းပညာ ပါရမီအခံတော့ သိပ်ကောင်းတယ်၊ ဆရာက တပည့်တော်ကိုပြောတယ်၊ နောက်အနှစ်နှစ်ဆယ်လောက်ကြာရင် ကွန်လုံဝမ်ဟာ သိုင်းလောကကို ကြီးစိုးဖို့ ကြိုးစားလိမ့်မယ်၊ သိုင်းလောကမှာ သွေးချောင်းစီးအောင် သတ်ဖြတ်မယ့် မရဏဒေတမန် ဖြစ်လာလိမ့်မယ်၊ သူ့ကို တပည့်အဖြစ် လက်ခံအောင် ကူညီတိုက်တွန်းပေးတဲ့မင်းကော တပည့်အဖြစ် လက်ခံပြီး ပညာသင်ပေးတဲ့ငါကော ဘာဝန်ရှိတယ်လို့ ဆရာက ပြောကြားပါတယ်'

တက်မုဆရာတော်က....

'ဒကာကြီးရဲ့ဆရာက ဘာတွေစီစဉ်ပေးခဲ့သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာဟာ သချင်္ာအတတ်ပညာနဲ့ တွဲပြီး တိုက်ကွက်ပညာကို ရော စပ်သင်ကြားပေးပါတယ်၊ တပည့်တော်က သိုင်းပညာ တတ်ပေမယ့် အဲဒီပညာတွေကို အသုံးပြုပြီး ချိမွန်ကျကုန်းလိုပူးပေါင်းတိုက်ကွက်တွေကိုတော့ တီထွင်ပေးနိုင်ပါတယ်'

တက်မုဆရာတော်သည် လက်အုပ်ချီပြီး သာဓု သုံးကြိမ်ခေါ်လေ၏။

ထန့်ရှင်က ဆက်၍ပြောလေ၏။

'ဆရာဟာ ကွန်လုံစမ်အကြောင်း ကောင်းကောင်း သိတယ်၊ သူမရှိတဲ့အခါမှာ တပည့်တော်ကို လာနှိပ်စက်မယ်လို့ ကြိုတင်ပြောထားပါတယ်'

'ဘာဖြစ်လို့လဲ'

အိုယန်ထုက မေးမြန်းလေ၏။

'သူက ပစ်ပယ်ခံရတဲ့တပည့်လေ၊ ကျွန်တော်ကတော့ ဆရာက ချစ်ခင်တဲ့တပည့်မဟုတ်လား၊ ကျွန်တော့်ကို ဘာပညာတွေ အမွေပေးခဲ့သလဲဆိုတာ သူ စိတ်ဝင်စားလိမ့်မယ်လို့ ဆရာက ပြောတယ်'

ဇကာကြီးရဲ့ဆရာ ပြောတဲ့အတိုင်း မှန်ကန်တာပဲ မဟုတ်လား'



'မှန်ကန်ပါတယ်၊ ဆရာက ကွန်လုံစမ်ကို သိုင်းပညာ သင်မပေးခဲ့မိတဲ့အတွက် အင်မတန်အဲ ယူကျုံးမရဖြစ်ခဲ့ပါတယ်၊ အဲဒီစိတ်နဲ့ပဲ ကွယ်လွန်သွားခဲ့ရတယ်လို့ တပည့်တော် ထင်တယ်၊ ဆရာဟာ သူသေခါနီးအချိန်မှာ ဝါဆန်းတောင်မှာ ခြောက်လနေဖို့ စေလွှတ်လိုက်ပါတယ်'

'ဟင်...ဒါဖြင့် သူ့ထဲစ်ယောက်တည်း ကျန်ရစ်ခဲ့တာပေါ့'

'ကျန်ရစ်တာပေါ့၊ တပည့်တော်ကပြောတယ်၊ ဆရာ့ကိုပြုစုမယ့်လူမရှိဘဲ ဖြစ်နေပါလိမ့်မယ်၊ ကျွန်တော် အနီးကပ် နေပါရစေလို့၊ ဒါပေမယ့် ဆရာက လက်မခံဘူး၊ ဝါဆန်းတောင်ကို သွား၊ အဲဒီမှာ ငါသင်ပေးတဲ့ ပညာတွေကိုလေ့ကျင့်၊ အထူးသဖြင့် ဝက်ပါအတတ်ပညာကို လေ့ကျင့်လို့ ရာဇသံပေးပါတယ်'

တက်မုဆရာတော်က တအံ့တသြ မေး၏။

'ဇကာကြီးဟာ ဝက်ပါအတတ်ပညာပါ တတ်မြောက်ထားသလား'

ထန့်ရှင်က ခေါင်းညိတ်၏။

'ဆရာတော်...တပည့်တော်ကတော့ သိုင်းပညာ ကျွမ်းကျင်သူမဟုတ်လို့ သိုင်းပညာ ကျွမ်းကျင်သူတွေရဲ့အမြင်မှာ ဝက်ပါအတတ်ပညာကို ဘယ်လိုမြင်သလဲ မသိပါဘူး၊ တပည့်တော်အမြင်မှာတော့ ဝက်ပါပညာဟာ သချင်္ာပညာ တရပ်ပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



တက်မုဆရာတော်က ခေါင်းညိတ်ပြီး ထောက်ခံလေ၏။

'ဖြစ်နိုင်ပါတယ်လေ၊ သူလဲ တွက်ချက်ရတာပဲဥစ္စာ'

ထန်ရှင်က ဆက်ပြောသည်။

'တပည့်တော်လဲ ဆရာ့အမိန့်ကို မလွန်ဆန်သာတဲ့ အတွက် ဝါဆန်းတောင်ကို ထွက်သွားရပါတယ်၊ နှစ်လောက်လဲကြာရော ဝါဆန်းတောင်ကို ကွန်လုံဝမ် ရောက်ရှိလာပါတယ်၊ ဆရာဆုံးပြီဆိုတဲ့ သတင်းစကားကို လာပြောပါတယ်'

တက်မုဆရာတော်ကော အို့ယန်ထုပါ ဟင်ခနဲ ဖြစ်သွားကြသည်။

'သူက ဘယ်လိုလုပ်ပြီး ဒကာကြီးရဲ့ ဆရာ့သတင်းကို သိရတာလဲ'

'သူသိတာပေါ့၊ သူက ဆရာ့ဂူနားမှာ တရစ်ဝဲဝဲ နေနေတာကိုး'

'ဆက်ပြောပါဦး'

'သူ ဝါဆန်းတောင်ရောက်လာတာ အကောင်းရောက်လာတာ မဟုတ်ပါဘူး၊ တပည့်တော် တတ်ထားတဲ့ ပညာတွေကို သူ့ကို သင်ပေးရမယ်လို့ လာအကျပ်ကိုင်တာပါ'

တက်မုဆရာတော်မှာ ဘုရားတသွားမိတော့သည်။



'ဘုရားရေ...တကယ့်လူပါပဲလား၊ အတော် အကြံကြီးတဲ့ လူပဲ၊ ဒီတော့ ဒကာကြီးထန်ရှင်က သင်ပေးလိုက်ရတော့တာပဲလား'

'သင်ပေးရတာပေါ့၊ မသင်ရင် သူက သတ်တော့မှာကိုး၊ တပည့်တော်က ဘာ့သိုင်းပညာမှ မတတ်တဲ့ဥစ္စာ'

'အဲဒီတော့....'

'တပည့်တော်တတ်ထားတဲ့ ပညာမှန်သမျှ သူ့ကို သင်ပေးခဲ့ပါတယ်၊ ဒါပေမယ့် အားလုံးတော့ မဟုတ်ဘူး၊ အရေးကြီးအပိုင်းမှန်သမျှ တပည့်တော်က ချန်ထားခဲ့တာချည်းပဲ'

'နောက်ဆုံး ဘယ်လိုဖြစ်သွားသလဲ'

'နောက်ဆုံး သူသင်ဖို့ ကုန်ပြီထင်တော့ ဝါဆန်းတောင်ဘေးပတ်လည်မှာ ထောင်ချောက်တွေ ဆင်ထားခဲ့တယ်၊ ဝါဆန်းတောင်က ထွက်ချင်ရင် တပည့်တော် သေမယ်လို့ ပြောခဲ့တယ်'

'ဟင်...အတော်ယုတ်မာတဲ့ လူပါလား၊ ဒကာကြီးက ဘယ်လို လွတ်မြောက်လာတာလဲ'

ထန်ရှင်သည် အို့ယန်ထုံအား ပြုံး၍ကြည့်လိုက်၏။

'ဆရာတော်၊ တပည့်တော်ကို ဝါဆန်းတောင်ပေါ်က လာ ဘယ်တဲ့လူကတော့ ကျွန်လုဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ ပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်....'

ဆရာတော်မှာ အံ့ဩသွားရပြန်လေ၏၊

ထန်ရှင်တစ်ယောက် အဘယ်ကြောင့် ကျွန်လုဂိုဏ်းမှာ ဆယ်နှစ်တိတိ ဂိုဏ်းသားအဖြစ် ဝင်ရောက် အမှုထမ်းဆောင်သည်ကို ရှုးတေးတေး သဘောပေါက်လာလေ၏။

'ဪ....ဂိုဏ်းချုပ်ကြီး အိုယန်ထုံက ဒကာကြီးထန်ရှင်ကို ပြီးကယ်တင်ခဲ့တာကိုး၊ ဒါထက် မေးစမ်းပါဦး၊ ဂိုဏ်းချုပ်ကြီး ယန်ထုံနဲ့ ဒကာကြီးထန်ရှင်တို့က ဘယ်လို အဆက်အသွယ်ရှိနေကြလို့လဲ'

ကျွန်လုဂိုဏ်းချုပ်ကြီး အိုယန်ထုံက ပြုံးလိုက်၏။

'ဒီလိုပါ၊ အဲဒီတုန်းကဆိုရင် တပည့်တော်ဟာ ကျဆုံးပြိုကွဲလုဆဲဆဲဖြစ်နေတဲ့ ကျွန်လုဂိုဏ်းကြီးကို ရေရှည် တည်တံ့နိုင်ဖို့ အဖြင်းအထန် ကြိုးစားနေချိန် ဖြစ်ပါတယ်'

တက်မုဆရာတော်က ခေါင်းညိတ်၏။

'ဟုတ်တယ်....ကျုပ်လဲ အဲဒီတုန်းက သာမန် သိုင်းပညာတော်ရှင် ရှိပါသေးတယ်၊ ကျွန်လုဂိုဏ်းကြီး ပြိုကွဲလုဆဲဆဲ ဖြစ်နေပြီဆိုတဲ့ သတင်းကို အဲဒီကာတည်းက ကျုပ် ကြားနေခဲ့ရပါတယ်'



'အဲဒီလိုဖြစ်နေချိန်မှာ တပည့်တော်ဆီကို ကျေးတောသားလူငယ်တစ်ယောက် ရောက်ရှိလာပါတယ်၊ တပည့်တော် ကျွန်လုဂိုဏ်းချုပ်ကြီးမှန်းလဲသိရော သူက စာတစ်စောင် ထုတ်ပေးပါတယ်၊ စာက ဆရာကြီးကျီဖုန်းရဲ့ စာပါပဲ'

'ဟင်...ဆရာကြီး ကျီဖုန်းက ဂိုဏ်းချုပ်ကြီး အိုယန်ထုံကို သိနေလို့လား'

စိတ်

'မသိပါဘူး၊ ဆရာကြီးကျီဖုန်းက တပည့်တော်နာမည် ကြားဖူးတယ်၊ ဒါပေမယ့် စာကတော့ တပည့်တော်ကို တစေ့ ရေးထားတယ်၊ စာပါအကြောင်းအရာကတော့ စွမ်းဆန်းတောင်ထိပ်မှာ သူ့တပည့်ရင်းဖြစ်တဲ့ ထန်ရှင် ဒုက္ခရောက်နေလိမ့်မယ်ဆိုတာရယ်၊ ထန်ရှင်ကို ကျေးဇူးပြုပြီး ကယ်တင်ပေးပါဆိုတာရယ်၊ သူကတော့ စာဖတ်နေတဲ့အချိန်မှာ သက်ရှိထင်ရှား ဖြစ်မနေတော့ပါဘူးဆိုတာရယ် ရေးထားပါတယ်'

တက်မုဆရာတော်မှာ အံ့ဩသွားပြန်သည်။

'ဆရာကြီးကျီဖုန်းဟာ ဒီစာကို မသေခင်မှာ ရေးထားတဲ့သဘောပေါ့'

'တပည့်တော်လဲ အဲဒီလူငယ်ကို စစ်မေးကြည့်ပါတယ်၊ ဒီစာကို ဆရာကြီး တစ်ယောက်က တစ်လကြိုတင် ပေးထားတဲ့အကြောင်း၊ တစ်လကြာတဲ့အခါမှာ ကျွန်လုဂိုဏ်းချုပ်ကြီးလက်ထဲ ပေးအပ်ဖို့ မှာကြားခဲ့ကြောင်းကို ရှင်းပြပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ဆရာကြီးကျိုဖုန်းဟာ ဒကာကြီးထန်ရှင် ဒုက္ခရောက်မယ်ဆိုတာကို ကြိုတင်သိထားတဲ့ သဘောပေါ့'

ထိုအခါ ထန်ရှင်က ဝင်၍ရှင်းပြလေ၏။

'ဆရာဟာ ကွန်လုံဝမ်ရဲ့ စိတ်သဘောထားကို သိပြီးတဲ့ ...က် တပည့်တော်အတွက် အမြဲမှာပန်ခဲ့ပါတယ်၊ မင်း သိုင်း ... မတတ်မြောက်ခြင်းဟာ မင်းအသက်ကို မင်းကယ်ခြင်းပဲ ... ကြာခဏ ပြောဆိုခဲ့ဖူးပါတယ်'

...မှုဆရာတော်က အိုယန်ထုံအား မေးမြန်းလေ၏။

'...ဂိုဏ်းချုပ်ကြီး၊ ကွန်လုံဝမ်ဟာ သူပြောတဲ့အတိုင်း ဒကာ... ...န်ရှင်ရဲ့ အေးပတ်လည်မှာ ထောင်ချောက် ဆင်ထားခဲ့ ...ား'

အိုယန်ထုံက ခေါင်းညိတ်၏။

'ဆင်ထားပါတယ်၊ ဆရာကြီး ကျိုဖုန်းက သွားကယ်မါ ဆို ...ကတည်းက အေးအန္တရာယ်ရှိတယ်ဆိုတာ သိထားလို့ တပည့်လေးယောက်နဲ့အတူ ထောင်ချောက်တွေကို ရှာဖွေဖျက်ဆီးပြီး နောင်ကြီးထန်ရှင်ကို ကယ်တင်ခဲ့ရပါတယ်'

'ကယ်တင်ပြီးပြီးချင်း ဒကာကြီးထန်ရှင်ဟာ ကျွန်လုဂိုဏ်းထဲကို ဝင်ခဲ့သလား'



'ဟင့်အင်း....မဝင်သေးပါဘူး၊ အကြာကြီးအချိန်ယူစဉ်းစားခဲ့ပါတယ်၊ ဆယ်နှစ်ကျော်လောက် ကြာပြီးမှ ကျွန်လုဂိုဏ်းထဲ ဝင်ခဲ့တာပါ၊ ပထမဆယ်နှစ်မှာ ကျွန်လုဂိုဏ်းရဲ့ ဧည့်သည်တော်ပေါ့၊ ကျန်တဲ့ဆယ်နှစ်ကတော့ ကျွန်လုဂိုဏ်းသားပေါ့၊ ယခုဆိုရင် ဆယ်နှစ်တောင် ပြည့်တော့မှာပေါ့ဒလ'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံသည် အမှန်တကယ်အားဖြင့် စိတ်ခတ်ပျော့ညံ့သူ မဟုတ်ပါ။

သူ၏ကျွန်လုဂိုဏ်းကြီး ပြိုကွဲလုလုအခြေအနေကို သူ့အစွမ်းအစဖြင့် ခိုင်မာအောင် စည်းရုံးနိုင်စွမ်းရှိခဲ့သူ ဖြစ်ပါသည်။

ပညာရှိထန်ရှင်၏ပညာကို အထင်ကြီးလေးစားခြင်းကြောင့်လည်းကောင်း၊ ခင်မင်၍ သံယောဇဉ် ကြီးမားခြင်းကြောင့်လည်းကောင်း ထန်ရှင် ကျွန်လုဂိုဏ်းမှထွက်မည့်ကိစ္စရောက်တိုင်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့ရသည်။

ထန်ရှင်မရှိလျှင် မဖြစ်တော့။

ကျွန်လုဂိုဏ်းကြီး ပျက်စီးတော့မည်ဟူသော အတွေးမျိုးတော့ မရှိပေ။

ထိုစဉ်မှာပင် အဝေးမှ အချက်ပေး တုံးခေါက်သံများ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တက်မုဆရာတော်က....

'ဂိုဏ်းချုပ်ကြီး အိုယန်ထု .... ဒီအချက်ပေးသံဟာ ဂိုဏ်းချုပ်ကြီးတို့ဂိုဏ်းရဲ့ အချက်ပေး ဘုံးခေါက်သံလား'

အိုယန်ထုက ခေါင်းခါ၏။

'မဟုတ်ပါဘူး'

'ဒါဆိုရင် ကွန်လုံဝမ်ရဲ့ စစ်ကူတွေ ရောက်လာတာပဲ ဖြစ်ရမယ်'

ထန်ရှင်က ရယ်ပြီး....

'ဆရာတော် စိတ်သာချပါ၊ သူတို့ တကယ်တိုက်ချင်ရင် ဒီအသံမပေးပါဘူး၊ သူတို့ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ဒုက္ခရောက်ပြီး ဆဲဆဲ ဖြစ်သွားဖို့နေရာကို ကွန်လုံဝမ်မပါဘဲ သူတို့ မလာပါဘူး'

တက်မုဆရာတော်သည် သက်ပြင်းတစ်ချက် ချလိုက်မိလေ၏။

ထန်ရှင်အား လှမ်းခေါ်၏။

'ဟင်....ကျုပ်တစ်ခု မေးချင်တယ်'

ထန်ရှင်က....

'ဆရာတော် ဘာများ မေးချင်လို့ပါလဲ၊ မေးပါ'



'ဒကာကြီးမှဲ့ သစ္စာဖောက် နောင်တော်ရဲ့မျက်နှာကို ပကတိအတိုင်း မြင်ခဲ့ရဖူးရဲ့လား'

'လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းကလဲ မြင်ဖူးတယ်၊ တိုဒေါ်ပက အိမ်ထဲမှာ တွေ့ဆုံတုန်းကလဲ မြင်ခဲ့ရပါတယ်၊ ဘာဖြစ်လို့လဲ'

'သူ့ညာဘက်ပါးပေါ်မှာ အမာရွတ်တစ်ခု ရှိသလား'

ထန်ရှင်မှာ ဟင်ခနဲ ဖြစ်သွား၏။

'ဆရာတော် ဒါကို ဘယ်လိုလုပ် သိမနေတာလဲ၊ မြင်ဖူးလား'

ဆရာတော်သည် မိုးခြိမ်းသံကဲ့သို့ အော်ဟောက် ကြိမ်းဝါးလိုက်သည်။

'သစ္စာဖောက်၊ ဒီကောင်ပဲ ဖြစ်နေတာကိုး'

တက်မုဆရာတော်၏ မျက်နှာ၌ ဒေါသအရိပ်အယောင်များ ပဲ့လွှမ်းလာပြီး တဖြည်းဖြည်း ခြေကြွကွဲသော အမူအရာများ ပေါ်လာ၏။

'ဆရာတော်....ဆရာတော်'

ထန်ရှင်က သတိပေးလိုက်၏။

တက်မုဆရာတော်က ဖြည်းညင်းစွာ ခေါင်းခါပြီး....

www.burmeseclassic.com

www.burmeseclassic.com



'လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်ကျော်ခလောက်မှာ ကျုပ် ရှောင်လင်တစ်ကျောင်းလုံး ထိတ်လန့် တုန်လှုပ်ခဲ့ရတဲ့ အဖြ အဖျက်ကြီးတစ်ခု ဖြစ်ပေါ်လာခဲ့တယ်'

ထန်ရှင်က....

'ကွန်လုံဝမ်နဲ့များ ပတ်သက်နေသလား ဆရာတော်'

ဘက်မှုဆရာတော်က ကြေကွဲစွာ ဆက်ပြော၏။

ရမ်း

'ကျုပ်ရဲ့နောင်တော် ချိန်မုဆရာတော်ဆိုတာ ရှိတယ်၊ သိုင်း ပညာလဲ့ အင်မတန် ထက်မြက်ပါတယ်၊ နောင်တော် ချိန်မု သူ့ ကပ္ပိယ တသည့်ရဲ့ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရပါတ ကပ္ပိယတပည့်လဲ လွတ်မြောက်သွားခဲ့ပါတယ်'

'ကပ္ပိယတပည့်ဟာ ကွန်လုံဝမ်ပဲဆိုပါတော့၊ သူက ဘာ လို့ ချိန်မုဆရာတော်ကို သတ်ခတာလဲ'

'နောင်တော် ချိန်မုဟာ အဲဒီ ကပ္ပိယတပည့်ကို သိ ချစ်ခင်ပါတယ်၊ သူ့ သိုင်းပညာ တချို့ကိုလဲ သင်ကြားပေ ပါတယ်၊ တစ်ခုတော့ ရှိတာပေါ့လေ၊ ရှောင်လင်ကျေ တော်ရဲ့ လျှို့ဝှက်တဲ့ ပညာတွေကိုတော့ သင်ခွင့်မရပါ နောင်တော်ချိန်မုအနေနဲ့ သင်ပေးနိုင်ခွင့် မရှိပါဘူး'

'သူက ဘယ်လိုသတ်သွားတာလဲ'



'အဆိပ်နဲ့ လုပ်ကြံတယ်၊ နောင်တော်ချိန်မုဟာ အဆိပ်ဖျက် ကို အတွင်းအားနဲ့ ဖြိုဖျက်ဖို့ ကြံနေတုန်း နောက်ကျောကနေ အသက်သွေးကြောကို သံဂေါ်သက်ဝါးနဲ့ မှိုက်ပြီး သတ်ဖြတ် သွားတာပဲ'

'ဘုရား....ဘုရား၊ တကယ်ကြောက်စရာကောင်းတဲ့ လူပါပဲ လား'

ဂိုကျိုးချုပ်ကြီး အို့ယန်ထုံမှာ ဘုရားတ၍ပြီး ညည်းညူလိုက် မိတော့သည်၊

'သူက ဘာဖြစ်လို့ လုပ်ကြံတာလဲ'

'သူဟာ နောင်တော် ချိန်မုဆီမှာ ရှောင်လင် သိုင်းကွက် တစ်ကွက်တက်ပေးဖို့ တောင်းပန်ခဲ့တယ်၊ နောင်တော်ချိန်မုဟာ ရှောင်လင်ကျောင်းတော်ရဲ့ စည်းကမ်းကို အပတိအကျ လိုက်နာတဲ့ လူမို့ ကပ္ပိယတပည့်ရဲ့ တောင်းပန်ချက်ကို ငြင်းပယ်ခဲ့တယ်၊ အဲဒီအတွက် ငြိုးထားပြီး လုပ်ကြံတာပဲ'

ထန်ရှင်က ခေါင်းညိတ်သိုက်၏၊

'ကွန်လုံဝမ်ပဲဖြစ်မှာ သေချာပါတယ်၊ သူဟာ အင်မတန် ရက်စက်ကြမ်းကြုတ်သူ ဖြစ်ပါတယ်'

တက်မှုဆရာတော်က....

www.burmeseclassic.com

www.burmeseclassic.com



'သိပ်ပြီးသေချာတာပေါ့၊အဲဒီကဗျာ ယူထပည့်ဟာ အင်မတန် ရှုပ်ရှည်ကြမ်းတမ်းတယ်၊ အင်္ဂလိပ်စာ သဘောအရကို ဒီလိုလူမျိုးကို တပည့်အဖြစ် လက်မခံသင့်ဘူး၊ နောက်ပြီး ညာဘက်ပါးမှာ အမာရွတ်တစ်ခုရှိနေတယ်၊ ဒီသစ္စာဖောက်ဟာ ကွန်လုံဝမ်ဆိုတာ သိပ်ပြီး သေချာနေပါတယ်'

ထန်ရှင်သည် စကားမပြောနိုင်ဘဲ တစ်စုံတစ်ခုကို တွေးတောနေသည်၊

တက်မုဆရာတော်သည် ထန်ရှင် ငိုင်နေသည်ကို တွေ့ရသောအခါ ရုတ်တရက် လှမ်းမေးလိုက်လေသည်၊

'ဒကာကြီး ထန်ရှင်....ဘာကို တွေးမိလို့လဲ'

'တပည့်တော် ဝါဆန်းတောင် သွားနေစဉ်အတွင်းမှာ ကွန်လုံဝမ်ဟာ တပည့်တော်ရဲ့ ဆရာကို သတ်ဖြတ်ပစ်နိုင်ပါသယ်'

အို့ ယန်ထု ရော တက်မုဆရာတော်ပါ အကြီးအကျယ် ထိတ်လန့်သွားတော့သည်၊

'ဖြစ်နိုင်တယ်'

နှစ်ဦးစလုံးက တစ်ပြိုင်တည်း ပြောမိကြသည်၊

ထို့သော် တက်မုဆရာတော်က ချက်ချင်း ပြန်မေး၏



'ဒကာကြီးထန်ရှင်ရဲ့ ဆရာ ဆရာကြီးကျိဖုန်းဟာ အိပ်ရာထဲမှာ လဲနေသလား'

'မလဲပါဘူး'

'အင်း....စဉ်းစားရတော့ ကျပ်တယ်'

ဆရာကြီးကျိဖုန်းကို ကွန်လုံဝမ် သတ်နိုင် မသတ်နိုင်ဆိုသည့် အချက်နှင့်ပတ်သက်ပြီး လူတိုင်းကိုယ်စီ စဉ်းစားခန်း ဝင်နေသဖြင့် စောစောက စကားသံများဖြင့် ဝေစီနေခဲ့သော ကျောင်းနေရာကလေး၌ လုံးဝ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈၂ )

### ပညာရှိ ထန်ရှင်၏ ကတိစကား

သူတို့အားလုံး တိတ်ဆိတ် ငြိမ်သက်နေစဉ် အဝေးမှ မြင်း တစ်စီး အပြင်းနှင်လာကြောင်း တွေ့လိုက်ကြရသည်။

ထန်ရှင်က မျက်မှောင်ကုတ်ကြည့်ပြီး ခပ်တိုးတိုး မှတ်ချက် ချသည်။

'ကျွန်ုပ်တို့ ခိုင်းလိုက်တဲ့ ပေါ့ကိုးပေါင်ပဲ'

အိုယန်ထုံက ခေါင်းညိတ်၏။

'ဟုတ်တယ်၊ ပေါ့ကိုးပေါင်ပဲ'



တက်မုဆရာတော်က...

'သူ့ကို ဂိုဏ်းချုပ်ကြီးတို့ ကျွန်နုန်ကိုလွှတ်လိုက်တာ မဟုတ် လား၊ အတော်မြန်မြန်ဆန်ဆန် ခရီးသွားနိုင်တဲ့လူပဲ'

မကြာမီ မြင်းစီးသမားသည် သူတို့အနီးသို့ ရောက်ရှိလာ၏။

ဂိုဏ်းချုပ်ကြီးအိုယန်ထုံ၏ သက်တော်စောင့်နှစ်ယောက် အနက်မှ တစ်ယောက်ဖြစ်သည့် ပေါ့ကိုးပေါင် ဖြစ်ပေ သည်။

မြင်းကြီးသည် ချွေးအူး စီးကျနေ၏။

ပေါ့ကိုးပေါင်ကိုယ်တိုင်မှာလည်း သဲမှုန့် ဖုန်မှုန့်များဖြင့် ညစ်ပတ်ပေရေနေ၏။

ပြင်းပြင်းထန်ထန်ခရီးနှင်လာခဲ့ကြောင်း ဤအဖြစ်က သက် သေပြနေပေသည်။

သူသည် မြင်းပေါ်မှခုန်ဆင်းပြီး ဂိုဏ်းချုပ်ကြီးအိုယန်ထုံ အား ရှေးဦးစွာ ဂါရဝပြု၏။

ထို့နောက် ပညာရှိ ထန်ရှင်နှင့် တက်မုဆရာတော်တို့အား ဂါရဝပြုသည်။

အိုယန်ထုံက...

'ဟွင်ကြိုလို့နဲ့ တွေ့ခဲ့ရဲ့လား ပေါ့ကိုးပေါင်'

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကုံးပေါင်သည် လက်သီးနှစ်ဖက်ဆုပ်ကာ အရှိအခဲ မေး၍ လေးစားစွာ ပြန်ဖြေကြား၏။

'ယွင်ကြိုလုံနဲ့ မတွေ့ပါဘူး၊ သူ့ဇနီးနဲ့တော့ တွေ့ခဲ့ပါတယ်'

အို့ယန်ထု မျက်မှောင်ကုတ်သွား၏။

'သူ့ဇနီးကို တွေ့ခဲ့တယ် ဟုတ်လား'

'ဟုတ်ကဲ့'

'သူ့ဇနီးဟာ အပြင်လူနဲ့ ဘယ်တော့မှတွေ့ဆုံလေ့ မရှိဘူး၊ ငါဟာ ယွင်ကြိုလုံနဲ့ အတော်ကလေးရင်းနှီးတယ်၊ ဒါတောင် သူ့ဇနီးကို တစ်ခါမှမတွေ့မြင်ခဲ့ဖူးဘူး၊ သူ့ဇနီးကို ဘယ်လိုတွေ့ခဲ့သလဲ ပြောပြစမ်းပါဦး'

'ကျွန်တော်လဲ လွယ်လွယ်တော့ တွေ့ရတာမဟုတ်ပါဘူး၊ သူတို့ ဌာနချုပ်ကို ရောက်သွားတော့ အစောင့်တစ်ယောက်က အကျိုးအကြောင်း မေးမြန်းပြီး အခန်း တစ်ခန်းထဲမှာ အနားယူစေပါတယ်'

အို့ယန်ထုသည် ဆက်၍မမေးဘဲ တိတ်ဆိတ်စွာ နားထောင်နေလိုက်သည်။



'အဲဒီလူဟာ ကျွန်တော့်ကို အခန်းထဲမှာထားပြီး ဂိုဏ်းချုပ်ကြီးတို့ ပေးလိုက်တဲ့စာကို ယူသွားပါတယ်၊ ကျွန်တော့်ကိုတော့ ဒီအခန်းထဲက ဘယ်မှမသွားပါနဲ့လို့တောင် မှာခဲ့သေးတယ်'

ပေါ်ကုံးပေါင်က ဆက်ပြော၏။

'ဂိုဏ်းချုပ်ကြီး၊ ယွင်ကြိုလုံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဂိုဏ်းချုပ်ကြီးရဲ့စာအရ တစ်ယောက်ယောက်ကတော့ လက်ခံတွေ့ဆုံသင့်တာပဲ၊ ကျွန်တော်ဟာ သုံးနာရီလောက် ကြာအောင် စောင့်ဆိုင်းခဲ့တယ်၊ မနက်ကနေမွန်းတည့်တဲ့ အချိန်အထိ ရောက်ရော၊ ဘာမှ ပြန်ကြားစကားမပြောဘူး'

'ဆက်ပြောပါဦး'

'အဲ...နေမွန်းတည့်တော့မှ အိမ်ဖော်မလေးနှစ်ယောက်က ကျွန်တော့်အတွက် မနက်စာလာပို့ကြတယ်၊ အစားအသောက်ကတော့ ဖွယ်ဖွယ်ရာရာပါပဲ၊ ကျွန်တော်ကတော့ စိတ်ဆိုးပြီး အဲဒါတွေအားလုံး ပုတ်ထုတ်ပစ်လိုက်တယ်'

ပေါ်ကုံးပေါင်သည် သူဟစ်ပါး၏စခန်း၌ ကျွံသို့မိုက်မိုက်ရှိုင်းရှိုင်း ပြုမူသည့်အတွက် ဂိုဏ်းချုပ်ကြီး အို့ယန်ထုထံမှ အပြစ်တင်စကား ကြားရလေမည်လားဟု စိုးရိမ်ပြီးစကားကို အသာ ငုံ့လိုက်၏။

ဂိုဏ်းချုပ်ကြီးအို့ယန်ထုံကာ မည်သို့မျှ ဝင်မပြောပေ။

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ုးပေါင်က ဆက်ပြော၏၊

'ကျွန်တော်က တမင် အဲဒီလိုလုပ်လိုက်တာမဟုတ်ပါ၊ ကျွန်တော် အဆူပူပူလုပ်ရင် သူတို့ကျွန်တော်ကို လက်ခံတွေ့ဆုံလိမ့်မယ်လို့ ထင်ခဲ့တယ်၊ ဒါပေမယ့်....'

ထန်ရှင်က ယပ်ခတ်ရင်း ဝင်ပြောလေ၏၊

'ဒါပေမယ့် သူတို့က မင်းကို ဂရုစိုက်ဘူး မဟုတ်လား'

ပေါက်ုးပေါင် ခေါင်းညိတ်၏၊

'သူတို့ဆီက အိမ်ထိန်းကြီးရောက်လာပြီး မစောင့်နိုင်ရင် ထွက်သွားပါလို့ လာပြောတယ်၊ ကဲ....ကောင်းကြသေးရဲ့လား ခင်ဗျာ'

တက်မှုဆရာတော်က ဝင်၍ မှတ်ချက်ချ၏၊

'ယွင်ကြိုလုံရဲ့တပည့်တွေက တကယ် ရိုင်းစိုင်းတာပဲ'

အို ယန်ထုံ၏စိတ်ထဲတွင် ယွင်ကြိုလုံနှင့် ရှောင်လင်ကျောင်းတော်တို့၏ ရန်ငြိုးရန်စကို သိရှိထား၏၊

ထို့ကြောင့် ယွင်ကြိုလုံဘက်မှ ဖေးဖေးမမ တာကွယ်၍ ပြောသည်၊



'ယွင်ကြိုလုံရဲ့ တပည့်တွေကသာ ဆိုးတာပေါ့ ဆရာတော်၊ ယွင်ကြိုလုံကိုတော့ သိုင်းလောကရဲ့ သူရဲကောင်းအဖြစ် သိုင်းသမားတွေက လေးစားကြပါတယ်'

တက်မှုဆရာတော် နှုတ်ဆိတ်သွားသည်၊

ထန်ရှင်က...၊

'ပြီးတော့ ဘာပြောသေးသလဲ'

ပေါက်ုးပေါင်သည် မိမိပြောသည့်စကားကို ဆရာကြီးထန်ရှင်အာရုံဖြင့် အလွန်တရာ စိတ်ဝင်စားနေကြောင်း ရိပ်မိသဖြင့် ပို၍ အားတက်သွားသည်၊

'အိမ်ထိန်းကြီးက အဲဒီလိုပြောတော့ ကျွန်တော်လဲစိတ်ဆိုးပြီး အခန်းထဲက ပန်းအိုးတွေ၊ စားပွဲကုလားထိုင်တွေ အားလုံးကို ဖျက်ဆီးပစ်လိုက်တာပဲ၊ ဒါပေမယ့် အဲဒီအိမ်ထိန်းကြီးဟာ ကျွန်တော့်ကိုတော့ ဘာမှမလုပ်ဘူး၊ ကျွန်တော် ဖျက်ဆီးသမျှတွေကို စောင့်ကြည့်နေတယ်'

'ပြီးတော့ကော'

'အားလုံးဖျက်ဆီးပြီးတော့မှ လာလိုက်ခဲ့လို့ခေါ်ပြီး ရှေ့ကထွက်သွားတယ်၊ သူက လမ်းခုလတ်မှာပြောပြတယ်၊ ဂိုဏ်းချုပ်ကြီး ကသော်ဟာ ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံရဲ့ကိုယ်စား ဧည့်သည်ကိုမှ တွေ့ဆုံလေ့မရှိဘူးတဲ့၊ ဒါပေမယ့် ဒီတစ်ခါတော့ ခြွင်းချက်နဲ့ တွေ့ဆုံလိမ့်မယ်လို့ ပြောပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထူက....

'ယွင်ကတော်ကို တွေ့ခဲ့ရဲ့လား'

'ကျွန်တော့်ကို အနောက်ဘက် အဆောင်ထဲ ခေါ်သွားတယ်၊ အခန်းကျယ်ကြီးတွေ အများကြီးကို ဖြတ်ကျော်သွားရတယ်၊ နောက်ဆုံး စာဖတ်ခန်းတစ်ခုထဲ ကျွန်တော့်ကို ဝင်ထိုင်ခိုင်းတယ်၊ အိမ်ထိန်းကြီး ပြန်ထွက်သွားကယ်'

ထန်ရှင်က မြူး၍မေး၏။

'အဲဒီလိုလဲ ထိုင်ပြီးရော အိမ်ဖော်ကောင်မလေးတွေ ရောက်လာပြီး လက်ဖက်ရည်အိုးတွေနဲ့ ဧည့်မခံဘူးလား'

ပေါ့ကုံးပေါင် အံ့သြသွားသည်။

'ဟင်....ဆရာကြီး ဘယ်လိုလုပ် သိဘာလဲဟင်'

'အဲဒီလက်ဖက်ရည်ကို သောက်မိသေးသလား'

'လက်ဖက်ရည်ထဲမှာ အဆိပ်များ ရှိနေသလားခင်ဗျာ'

'မသောက်မိရင်တော့ ဘာမှမဖြစ်နိုင်ပါဘူး'

'မသောက်မိပါဘူး ဆရာကြီး'

'အော်....ဒါဆိုပြီးတာပဲ၊ နောက်တော့ ဘာဖြစ်သေးသလဲ'



'ဆရာကြီးပြောသလိုပါပဲ ဝတ်စုံအစိမ်းရောင် ဝတ်ထားတဲ့ မိန်းကလေးရောက်လာပြီး လက်ဖက်ရည်နဲ့ ဧည့်ခံပါတယ်၊ ကျွန်တော် လုံးဝ မသောက်ပါဘူး၊ နောက် တစ်နာရီလောက် ထိုင်စောင့်ရတယ်၊ အဲဒီတော့မှ ဝါးယင်းလိပ်ကလေး တဖြည်းဖြည်း ယိပ်တက်သွားပြီး ဝတ်စုံဖြူ ဝတ်ဆင်ထားတဲ့ အမျိုးသမီးတစ်ယောက်နဲ့ သူ့ကို ဘေးတစ်ဖက်တစ်ချက်က ခြံရံထားတဲ့ ဝတ်စုံစိမ်း အမျိုးသမီးနှစ်ယောက်ဟာ ကြွားခနဲ ပေါ်လာတယ်'

'အဲဒီအမျိုးသမီးရဲ့ ရုပ်ရည်က ဘယ်လိုရှိသလဲ'

ပေါ့ကုံးပေါင် နှုတ်ဆလေးသွား၏။

'ဂိုဏ်းချုပ်ကြီးခင်ဗျာ၊ အဲဒီအမျိုးသမီးရဲ့ မျက်နှာကို ကျွန်တော် သေသေချာချာ တွေ့ခွင့်မရပါဘူးခင်ဗျာ၊ သူ့မျက်နှာကို ပိတ်ဖြူပါးကလေး အုပ်ဆိုင်းထားလို့ပါပဲ'

ထန်ရှင်ကမူ မျက်မှောင်ကြုတ်၍ စဉ်းစားနေ၏။

အို့ယန်ထူက...

'နောက်တော့ကော....'

'အဲဒီဝတ်စုံဖြူ အမျိုးသမီးဟာ သူ့အင်္ကျီလက်စရှည်ထဲက စာတစ်စောင်ထုတ်ပြီး ဘေးကအခြံအရံအမျိုးသမီးကိုပေးတယ်၊ အဲဒီအမျိုးသမီးကတစ်ဆင့် လက်ကမ်းပြီး ကျွန်တော့်ကို ပေးတယ်၊ မပျောက်ပျက်အောင် ထိန်းသိမ်းပြီး ဂိုဏ်းချုပ်ကြီး အို့ယန်ထူ လက်ထဲ ထည့်ပေးပါလို့လို့ ပြောကြားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



အိုယန်ထုံက လက်ဖြန့်အောင်းလိုက်၏။

'အဲဒီစာ ဘယ်မှာလဲ'

ပေါ့ကုံးပေါင်က ရင်ခွင်ထဲမှစာကို ဆွဲထုတ်ယူပြီး လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ လှမ်းပေး၏။

'ကောင်းပြီ... မင်းလဲ ပင်ပန်းလာတယ်၊ ဘေးနားမှာ သက်သောင့်သက်သာ ခဏ နားနေပေတော့၊ စခန်းကိုရောက်တော့မှ ကောင်းကောင်း အနားယူပေါ့'

ပေါ့ကုံးပေါင်သည် လက်နှစ်ဖက် ဆုပ်ကာ ဂါရဝပြုပြီး အသာ နောက်သို့ ဆုတ်သွား၏။

မလှမ်းမကမ်း၌ သွားထိုင်ကာ အနားယူနေသည်။

ထန်ရှင်က ယပ်တောင်ကို အသာသိမ်းဆည်းလိုက်၏။

ထို့နောက် အိုယန်ထုံအား ရိုသေစွာ လှမ်းပြောသည်။

'ဂိုဏ်းချုပ်ကြီးခင်ဗျာ'

'နောင်တော် ထန်ရှင်....ဘာပြောချင်လို့လဲ'

'ဂိုဏ်းချုပ်ကြီးကို တစ်ခုလောက် မေတ္တာရပ်ခံချင်ပါတယ်'

'ဘာများလဲ'

'ဂိုဏ်းချုပ်ကြီး ခွင့်ပြုမယ်ဆိုရင်....'



'ခပြောသာပြောပါ နောင်တော်ထန်ရှင်'

'အဲဒီစာကို ဂိုဏ်းချုပ်ကြီး မဖောက်ခင် ကျွန်တော် ဖောက်ကြည့်ချင်ပါတယ်'

အိုယန်ထုံ အံ့ဩသွားကာ...,

အတန်ကြာမှ....

'နောင်တော်ထန်ရှင် ဖတ်ချင်ရင်လဲ ဖတ်ပါလေ၊ ကျုပ်အနေနဲ့ နောင်တော်ထန်ရှင်ကို ဘာမှလျှို့ဝှက်စရာ မလိုပါဘူး'

အိုယန်ထုံက စာကို လှမ်းပေးလိုက်၏။

ထန်ရှင်က လှမ်းမယူသေးဘဲ....

'ဂိုဏ်းချုပ်ကြီး....ယွင်ကတော်ကြီးရဲ့ လက်ရေးကို သိထားပါသလား ခင်ဗျာ'

အိုယန်ထုံက ခေါင်းညိတ်ပြ၏။

ထန်ရှင်က....

'အင်း...ယွင်ကတော်ကြီးရဲ့ လက်ရေးဆိုပေမယ့်ထဲ ယုံလို့မဖြစ်သေးဘူး၊ အဲဒီစာကို ဖောက်မဖတ်တာ အကောင်းဆုံးပါပဲ'

အိုယန်ထုံ အံ့ဩသွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ ဒနောင်ကြီး၊ ထန်ရှင်၊ အဆိပ်တွေ ဘာတွေ ပါခဲ့နမယ် ထင်ထားလို့လားဗျာ'

'ချက်ချင်းတော့ ဆုံးဖြတ်လို့ မရသေးပါဘူး ဂိုဏ်းချုပ်ကြီး၊ ဒါပေမယ့် သတိဆိုတာ လိုဘယ်သာ ရှိပါတယ်၊ ပိုတယ်ဆိုတာ မရှိပါဘူး'

ထန်ရှင်သည် ထိုစကားကို ပြောပြီး ပေါ်ကုံးပေါင်ကို လှမ်းခေါ်လိုက်၏။

'ပေါ်ကုံးပေါင်—

'ဟုတ်ကဲ့၊ လာပါပြီခင်ဗျာ'

ပေါ်ကုံးပေါင် ခုန်ပျံရောက်ရှိလာ၏။

ဂိုဏ်းချုပ်ကြီး၏ သက်တော်စောင့် ဖြစ်နေသည်မှာ အံ့ဩစရာမရှိလှပါ။

ကိုယ်ဖော့ပညာ အလွန်ကောင်းလှပေသည်။

ပေါ်ကုံးပေါင်က....

'ဆရာကြီး....အမိန့်ရှိပါ'

ထန်ရှင်သည် အိုးယန်ထုံသက်ထဲမှ စာကိုယူပြီး ပေါ်ကုံးပေါင်၏လက်ထဲသို့ ပြန့်ထည့်ပေးလိုက်၏။



'ရော့....ဒီစာကိုယူထားပါ၊ ငါ့ခွင့်ပြုချက်မရဘဲနဲ့ ဘယ်သူ့ကိုမှ ပေးမဖတ်နဲ့'

ပေါ်ကုံးပေါင် ငိုင်သွားသည်။

'ဆရာကြီး'

ပေါ်ကုံးပေါင် ခြောက်ကပ်စွာ ခေါ်၏။

'ဘာလဲ၊ ပေါ်ကုံးပေါင်'

'ဂိုဏ်းချုပ်ကြီးက ဖတ်ချင်တယ် ဆိုရင်ကော'

အိုးယန်ထုံက မသက်မသာပြုံးရင်း....

'ငါပါ အပါအဝင် မှတ်လိုက်ပေါ့ကွာ'

ထန်ရှင်က ပေါ်ကုံးပေါင်အား နောက်ဆုတ်ရန် အချက်ပြလိုက်သဖြင့် ပေါ်ကုံးပေါင် နောက်ဆုတ်သွား၏။

တက်မုဆရာတော်သည် ကျွန်လှုဂိုဏ်း၌ ပညာရှိထန်ရှင် မည်သူ ဩဇာရှိပုံ၊ ဂိုဏ်းချုပ်ကြီးကိုယ်တိုင်က မည်မျှလိုက်လျောပုံတို့ကို တွေ့ရသောအခါ ထန်ရှင်အား ကျိတ်၍ ချီးကျူးမိတော့သည်။

'ပညာရှိထန်ရှင်ဟာ တော်တော် ကို ဩဇာရှိနေတာပဲ၊ ဂိုဏ်းချုပ်ကြီးကတောင် သူ့စည်းကမ်းကို ပြန်လိုက်နေရတယ်'

www.burmeseclassic.com

www.burmeseclassic.com



တက်မှုဆရာတော်သည် စကားလမ်းကြောင်းပြောင်း၍ မေ

လိုက်၏။

'အဘကြီးထန်ရှင်၊ ကွန်လုံဝမ်လိုလူမျိုး လူ့လောကမှာ

နေတာ အတော့်ကို သဘာဝမကျတာဘဲ၊ သူ့ကို အသက်

ရှင့် မပေးထားသင့်ဘူး၊ ပေးထားရင် သူဟာ သွေးချောင်း

သတ်ပွဲကြီးတွေ ဆင်နွှဲလိမ့်မယ်'

ထန်ရှင်က စဉ်းစဉ်းစားစားပြော၏။

'တပည့်တော်လဲ အဲဒီအချက်ကို သဘောပေါက်ပါတယ

စောစောက ချီမွန်ကျိုကုန်းတိုက်ကွက်မှာ ဝက်ပါကိုးခန်း

ပေမယ့် ကွန်လုံဝမ်ဟာ မကြာခင်မှာပဲ ရိမ်မိသွားနိုင်တာ

တွေးမိလို့ တပည့်တော်က အနိုင်နဲ့ပိုင်းပြီး ပြန်လှတ်လိုက်

ပါ'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက ဝင်၍ဆွေးနွေး၏။

'ချီမွန်ကျိုကုန်းတိုက်ကွက်နဲ့ တိုက်နေတုန်း ကျုပ်နဲ့ တ

ဆရာတော် ဝင်တိုက်လိုက်ရင် ကွန်လုံဝမ်ဟာ အတော်က

ချောက်ကျမှာတော့ သေချာမယ်လို့ ထင်ဘယ်'

ထန်ရှင်က....

'ဂိုဏ်းချုပ်ကြီး....စိတ်အေးအေးထားပါခင်ဗျာ၊ ကွန်လုံ

ဒီလူ့လောက ကမ္ဘာမြေက ပျောက်ကွယ် သွားအော



ကျွန်တော် စီမံပေးပါမယ်၊ သူမသေသေးသမျှ ကျွန်တော်လဲ

ကောင်းကောင်းအိပ်၊ ကောင်းကောင်းစားရမယ် မထင်ပါဘူး၊

ခင်ဗျာ'

ထိုစကားကို ကြားလိုက်ရသောအခါ အို့ယန်ထုံမှာ အလွန်

အမင်း ဝမ်းသာသွား၏။

လက်သီးနှစ်ဖက်ဆုပ်ကာ ထန်ရှင်ကို ဂါရဝပြုလေ၏။

'ကျွန်လုဂိုဏ်းမှာ နောက်တက်လာမယ့် ဂိုဏ်းချုပ်ကြီး သုံး

ဆက်ကိုယ်စားနဲ့ ကျုပ်ကိုယ်တိုင် ကျေးဇူးတင်ကြောင်း ပြော

လိုက်ပါရစေ နောင်ကြီးထန်ရှင်'

ထန်ရှင်သည် ကပျာကယာ ဒူးထောက်ထိုင်ပြီး ဂါရဝပြု

သည်။

'ဂိုဏ်းချုပ်ကြီးခင်ဗျာ၊ ကျွန်တော့်ကို ဒီလောက်ကျေးဇူး

တင်ဖို့ မလိုပါဘူး ခင်ဗျာ၊ ဂိုဏ်းချုပ်ကြီးရဲ့ ကျေးဇူးတွေဟာ

ကျွန်တော့်အပေါ်မှာ ဝါဆန်းတောင်မှုမက မြင့်မား များ

ပြားစွာ တင်ရှိနေပါတယ်'

အို့ယန်ထုံက ထန်ရှင်ကို ဆွဲထူပေး၏။

'ထပါ နေ့ဝင်တော်ထန်ရှင်'

www.burmeseclassic.com

www.burmeseclassic.com



အို့ယန့်ထု သည် မျက်ရည်ဝိုင်းသော မျက်လုံးများဖြင့်ကြည့်ကာ ဆက်ပြောသည်။

'ကျွန်လုဂိုဏ်း ဒီနေ့အထိ အောင်မြင်နေတာဟာ နောင်တော်ထန်ရှင်ရဲ့ ကြီးမားတဲ့ကူညီမှုကြောင့်ပါ၊ နောင်တော်ဟာ ကျုပ်ရဲ့ မျက်စိနှစ်ကွင်းလဲဖြစ်ပါတယ်၊ ကျုပ်ရဲ့ လက်မောင်းနှစ်ဖက်လဲ ဖြစ်ပါတယ်၊ နောင်တော်သာ ကျွန်လုဂိုဏ်းက ထွက်ခွာသွားခဲ့ရင် ကျုပ်အဖို့ မျက်စိနှစ်လုံးစုံလုံးကန်းပြီး လက်နှစ်ဖက်လဲ အပြတ်ခံရသလို ဖြစ်သွားပါလိမ့်မယ်'

ထန်ရှင်က အို့ယန့်ထု၏လက်ကို ဆုပ်ကိုင်ရင်း ရှိသေလှိုက်လှဲစွာ ပြော၏။

'ဂိုဏ်းချုပ်ကြီးရဲ့စကားဟာ ကျွန်တော့်ကို အလွန်အမင်း ချီးမြှောက်ရာ ကျနေပါတယ်ခင်ဗျား၊ ကျွန်တော် ဒီလောက် အသုံးမဝင်ပါဘူး၊ ဂိုဏ်းချုပ်ကြီးရဲ့စွမ်းအင်နဲ့ အမြော်အမြင်ကြီးမှုကို ကျွန်တော် ဘယ်လိုမှ လိုက်လို့မမီပါဘူး ခင်ဗျား၊ ခေါင်းဆောင်ကောင်းဆိုတာ သူကိုယ်တိုင် ဝင်လုပ်နေဖို့ မလိုပါဘူး၊ တော်တည့်ဖြောင့်မှန်ပြီး အမှန်ကို အမှန်အတိုင်း တင်ပြရဲသားကြီးစားစွာ လုပ်တတ်တဲ့ နောက်လိုက်ကောင်းကို ရွေးချယ်တတ်ဖို့ပဲ လိုပါတယ်'

အို့ယန့်ထုက လှိုက်လှဲစွာ ပြော၏။

'မဟုတ်သေးပါဘူးလေ၊ နောင်တော်ရဲ့ ချီးမွမ်းကျူးကုန်းမှုညာမျိုးကို ကျုပ်ဘယ်လိုမှ မတီထွင်နိုင်....'



အို့ယန့်ထုသည် စားပွဲတော်လည့်ဉ်ရှိနေသည့် လေးဆယ့်ရှစ် အဖွဲ့ဝင်များအား ညင်သာစွာ အမိန့်ပေးလိုက်၏။

'တပည့်တို့၊ မင်းတို့ဟာ လေးဆယ့်ရှစ် အဖွဲ့ဝင်တွေအဖြစ် ဂုဏ်ယူနိုင်လောက်အောင် ထက်မြက်နေကြပါတယ်၊ မင်းတို့ ဘယ်သူ့ကို ကျေးဇူးတင်ကြရမလဲကွယ်'

လေးဆယ့်ရှစ် အဖွဲ့သား လေးဆယ့်ရှစ်ယောက်တို့သည် ချက်ချင်းထူးထောက်ပြီး ပညာရှိထန်ရှင်ကို ဂါရဝပြုကြလေ၏။

'ဆရာကြီးထန်ရှင် ဆက်ပြီး ကျွန်လုဂိုဏ်းမှာ ကူညီဦးမယ်ဆိုတာ သိရတဲ့အတွက် ကျွန်တော်တို့ထပ်ပြီး ဝမ်းသာကြရပါတယ်၊ ကျွန်လု ဂိုဏ်းကြီးအတွက်၊ ဆရာကြီး ထန်ရှင် အတွက် ကျွန်တော်တို့အသက်ကို စွန့်လွှတ်ဖို့ ဝန်မလေးပါဘူး ခင်ဗျာ'

ထန်ရှင်သည် ဂိုဏ်းချုပ်ကြီး အို့ယန့်ထု၏ လှိုက်လှဲသော အပြုအမူနှင့် လေးဆယ့်ရှစ်အဖွဲ့ဝင်များ၏ အားမာန်ကို တွေ့လိုက်ရသောအခါ မျက်ရည်များ စီးလာ၏။

'လေးဆယ့်ရှစ် သူရဲကောင်းတွေ မတ်တတ်ရပ်ကြပါတော့ သက်သာသလို နေကြပါတော့'

လေးဆယ့်ရှစ် အဖွဲ့ဝင်များသည် ဒူးထောက် ထိုင်နေရာမှ ထရပ်ပြီး နောက်ဆုတ်သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တက်မုဆရာတော်က လက်အုပ်ချီပြီး ခမ်းခြမ်းကာ စကား ပြောကြားသည်။

'ဒကာကြီးထန်ရှင် ကျန်လှူဂိုဏ်းမှာ ဆက်ပြီး တာဝန်ထမ်း ဆောင်ဦးမှာ သိရတဲ့အတွက် ကျုပ်အများကြီး ကျေနပ်ဝမ်း မြောက်မိပါတယ်'

ထန်ရှင်ကလည်းတက်မုဆရာတော်ကိုလက်အုပ်ချီ၍ပြန်လည် ရှိခိုးသည်။

ကျေးဇူးတင်ကြောင်း လျှောက်ထားသည်။

တိုက်ပွဲမြေပြင်၌ ရှိနေသည့် တက်မုဆရာတော်နှင့် ကျန်လှူ ဂိုဏ်းသား အားလုံးသည် ပညာရှိထန်ရှင် ဆက်လက် တာဝန် ထမ်းဆောင်တော့မည်ဆို၍ အားလုံး တက်တက်ကြွကြွဖြစ်လာ ကြသည်။

ထန်ရှင်သည် အဝေးသို့ လှည့်ကြည့်ပြီး....

'ခုအချိန်ကစပြီး မကောင်းဆိုးဝါးဂိုဏ်းချုပ် ကွန်လုံဝမ်နဲ့ ကျန်လှူဂိုဏ်းကြီးဟာ ရင်ကြားစေ့ပြီးနေပါပြီ၊ ကွန်လုံဝမ်ဟာ သိုင်းလောကတစ်ခုလုံး သွေးချောင်းစီးအောင်လုပ်မှာလဲ သေ ချာပါတယ်၊ ဒီဆယ်ရက်အတွင်းမှာ ကွန်လုံဝမ်ဟာ ကျန်လှူ ဂိုဏ်းကို စောင့်တိုက်မှာ သေချာပါတယ်'



အို ယန်ထူ အံ့သြသွားကာ....

'ဒီဆယ်ရက်အတွင်းလား'

ထန်ရှင်က ခေါင်းညိတ်၏။

'မှန်ပါတယ် ဂိုဏ်းချုပ်ကြီး၊ ကွန်လုံဝမ်ဟာ အင်မတန်စိတ် သဘောထား သေးသိမ်တဲ့လူ ဖြစ်ပါတယ်၊ သူ ချီမွန်ကျိုးရှန်း ကို အနိုင်မရလိုက်တဲ့အတွက် အခဲကျေမှာ မဟုတ်ပါဘူး၊ သူဟာ ကျွန်တော်တို့ကျန်လှူဂိုဏ်းကြီးကို ရင်ထဲအသည်းထဲက မုန်းတီး သွားပါပြီ'

တက်မုဆရာတော်က....

'ကျုပ်က ပထမတော့ ရှောင်လင်ကျောင်းတော်ကို ပြန်မလို့ ပါပဲ၊ အခုတော့ ပြင်ဆင်ဆုံးဖြတ်လိုက်ပြီ၊ ဒီကျန်လှူဂိုဏ်းမှာ စောင့်ပြီး ကွန်လုံဝမ်ကို ရင်ဆိုင်ပါမယ်'

ထန်ရှင်က ကျေနပ်စွာ ပြောလေ၏။

'အဲဒီလို ဆုံးဖြတ်လိုက်တဲ့အတွက် ဆရာတော်ကို တပည့် တော်တို့ ကျန်လှူဂိုဏ်းကြီးက အတိုင်းမသိကျေးဇူးတင်ကြောင်း ပြောကြားပါတယ်၊ ဆရာတော်ရှိနေတဲ့အတွက် တပည့်တော်တို့ တအားတိုးတာပဲ ဆရာတော်၊ ကွန်လုံဝမ်ဟာ တခြားသိုင်း ဂိုဏ်းကြီးတွေ သွေးချောင်းစီးအောင် ကြံဆောင်ဦးမယ်ဆိုတာ သေချာနေပါသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



တက်မုဆရာတော်က စဉ်းစဉ်းစားစား ပြော၏။

'တခြားသိုင်းဂိုဏ်းကြီးတွေကို သူလုပ်ချင်တိုင်း လုပ်လို့ရမယ်တော့ မထင်ဘူး'

ယန့်ရှင်က ပြုံး၍ပြော၏။

'ဆရာတော် ထင်လို့ပါ။ သိုင်းလောကသားတွေဟာ တော်ရုံတန်ရုံရတနာပစ္စည်းဆိုရင်တော့ သိပ်လှုပ်ကြတာမဟုတ်ပေမယ့် သိပ်ထူးဆန်းတဲ့ ရတနာတွေ၊ အင်မတန် ကြီးမားတဲ့ ရတနာသိုက်တွေ၊ အင်မတန်ဆန်းကြယ်တဲ့သိုင်းကျမ်းတွေရဲ့ အကြောင်းနားစွန်နားဖျား ကြားရုံနဲ့ အင်မတန် လှုပ်ရှားတတ်ကြတယ်'

'ဒကာကြီး....ဆက်ပြောပါ'

'တကယ်လို့ရှောင်သင်ကျောင်းတော်ဟာ လက်ဟောင်းတပည့်တစ်ယောက်ယောက်ကများ အင်မတန် ထူးခြားဆန်းကြယ်တဲ့ ရတနာ သုံးမျိုးအကြောင်း ဆရာတော်တို့ဆီ လာပြီး တော့ အကြောင်းကြားရင် ဆရာတော်တို့ ဒီအတိုင်း ငြိမ်ပြီး ထိုင်နေကြမှာလား'

တက်မုဆရာတော် ဖြည်းညင်းစွာ ခေါင်းညိတ်၏။

'အင်း...ကျုပ်တို့လဲ လိုက်ပြီး စုံစမ်းမှာပေါ့လေ၊ ကျုပ်သဘောပေါက်ပါပြီ၊ ကွန်လုံဝမ်က ရတနာသုံးမျိုး သတင်းနဲ့ သိုင်းဂိုဏ်းကြီးတွေ ပြဿနာပေါ်အောင် လုပ်မယ်ဆိုပါတော့'



'တပည့်တော်တော့ အဲဒီလိုပဲ ထင်မိတာပဲ'

'ဖြစ်နိုင်ပါတယ်လေ'

'အဲဒါကြောင့် ဆရာတော့်ကို ဒီမှာ ရှိနေစေချင်တာပါ၊ သိုင်းလောကထဲက ဂိုဏ်းကြီးတွေ ပြဿနာဖြစ်ပေါ်ရင် ဆရာတော်အနေနဲ့ ဖြေရှင်းပေးနိုင်ပါတယ်၊ ဆရာတော့်ရဲ့ ဂုဏ်သိက္ခာကို အားလုံးက လေးစားကြမှာပါ'

ဆရာတော်သည် ဂိုဏ်းချုပ်ကြီး အို ယန့်ထုံ အား တစ်ချက် လှမ်းကြည့်ပြီး....

'ဒကာကြီး ယန့်ရှင်....အဲဒီလိုတော့ မပြောပါနဲ့လေ၊ ဂိုဏ်းချုပ်ကြီးအိုယန့်ထုံ ရဲ့ ဂုဏ်သိက္ခာက ကျုပ်ထက်အဆယ်ဆလောက် မြင့်ပါတယ်'

'ဒီလိုပါ၊ ကွန်လုံဝမ်ဟာ ပထမဆုံး ရင်ဆိုင်ဖျက်ဆီးချင်တာက တပည့်တော်တို့ ကျန်လုဂိုဏ်းပါ၊ သူ့ပရိယာယ်ကြောင့် တခြားဂိုဏ်းတွေက ကျန်လုဂိုဏ်းကို အမုန်းပွားချင် ပွားကြပါလိမ့်မယ်၊ အဲဒီအခါမျိုးမှာ တပည့်တော်တို့ရဲ့ ဂိုဏ်းချုပ်ကြီးက ဖြေရှင်းတာထက် ဆရာတော်ဝင်ဖြေရှင်းပေးရင် တခြားဂိုဏ်းတွေဟာ တပည့်တော်တို့ ဂိုဏ်းအပေါ် သံသယရှင်းပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



တက်မုဆရာတော်သည် ပညာရှိဘုန်းရှင်၏ အမြင်ကျယ်ပုံကို ချီးကျူးပြီး၏၊

'ဒကာကြီး...အမြော်အမြင်ကြီးပါပေတယ်၊ ကျုပ်လဲ ကွန်လုံဝမ်ရဲ့ကိစ္စ မပြတ်မချင်း ဒကာကြီးတို့နဲ့ ပူးပေါင်းနေပါမယ်၊ ကဲ...အခု ဒီမှာ အချိန်ဖြုန်းစရာ မလိုတော့ဘူးနဲ့တူတယ်'

ထန်ရှင်က...

'ဟုတ်ကဲ့၊ ကျွန်တော်တို့ စခန်းကိုပြန်ရင်း ထပ်မံစဉ်းစားကြတာပေါ့၊ ကွန်လုံဝမ်ကို ရင်ဆိုင်ဖို့သေ'

'ဟုတ်တယ်၊ ကွန်လုံဝမ်ဟာ သိုင်းပညာစွမ်း တော်တော်ကောင်းတယ်၊ သူ့ကို ဖမ်းမိဖို့ အတော်စဉ်းစားရဦးမှာပဲ'

'တပည့်တော်တို့အမှားက သူ့ကို အရှင်ဖမ်းချင့်တဲ့ အချက်ပါပဲ၊ အဲဒီအချက်ကို တပည့်တော်တို့ အကောင်အထည်ဖော်ဖို့ မလွယ်ဘူး'

'ဒကာကြီးတာ အဲဒီလိုပြောတော့ ကျုပ်တို့အဖို့ ပိုပြီး ရှက်စရာကောင်း ကောင်းသေးတယ်'

တက်မုဆရာတော်သည် ကွန်လုံဝမ်အား သူ့အနေဖြင့် မယှဉ်နိုင်ခြင်းကို ရည်ရွယ်၍ ပြောလိုက်မိလေ၏။



ထန်ရှင်က တက်မုဆရာတော်ကို လက်အုပ်ချီ၍ လျှောက်ထားလေ၏။

'တပည့်တော် အမှန်အတိုင်း ပြောရရင်တော့ ကွန်လုံဝမ်ကို ဆရာတော်ကော ဂိုဏ်းချုပ်ကြီးကော သိုင်းပညာအရ မယှဉ်နိုင်ပါဘူး၊ ဒါကို ဆရာတော်တို့ ပိုပြီးသိပါလိမ့်မယ်၊ တပည့်တော်အနေနဲ့ကလဲ ကွန်လုံဝမ်ကို တစ်ဦးချင်း ယှဉ်ပြိုင်အနိုင်ယူဖို့ စိတ်မကူးပါဘူး၊ ချီမွန်ကျိုကုန်းလို ဗျူဟာတွေဆင်ပြီး ပိုက်ကွန်နဲ့ အုပ်ဖမ်းသလိုဖမ်းပြီး အနိုင်ယူချင်ပါတယ်၊ စောစောက ချီမွန်ကျိုကုန်းဗျူဟာကို သူလေ့လာနိုင်ခွင့် ရသွားတာဟာ ဟိုလူငယ်ကြောင့်ပါပဲ၊ အဲဒီလူငယ်ဟာ ကွမ်းစုန်စင် ပြောသလို သိုင်းပညာက အလွန်အမင်း ထက်မြက်နေတာကိုး'

တက်မုဆရာတော်က ခေါင်းညိတ်၏၊

'မှန်တယ်၊ အဲဒီလူငယ်ရဲ့ သိုင်းပညာကို ဝမ်ဝေဟာကြီးမှာကတည်းက ကျုပ် တွေ့မြင်ခဲ့ပါတယ်၊ အတော်ကြောက်စရာကောင်းတဲ့ သိုင်းပညာပါပဲ၊ ဒီလောက် အရွယ်ငယ်ငယ်နဲ့ ဒီလောက် ထက်မြက်နေတာဟာ အံ့သြစရာ သိပ်ကောင်းတယ်၊ သူဟာ ကွန်လုံဝမ်ကို ကောင်းကောင်း ယှဉ်ပြိုင်နိုင်လိမ့်မယ်'

'မှန်ပါတယ် ဆရာတော်၊ အဲဒီလူငယ်ရဲ့ သိုင်းပညာသာ မကောင်းရင် ကွန်လုံဝမ်ဟာ ချီမွန်ကျိုကုန်းဗျူဟာကို အခု

www.burmeseclassic.com

www.burmeseclassic.com



လောက် ကြာရှည်ခံခွင့် မရပါဘူး၊ အချိန်အခတော်ကြာကြာ ခံနိုင်တော့ ဗျူဟာခင်းကျင်းပုံနဲ့ သော့ချက်ကို လေ့လာခွင့် ပိုရသွားတာပေါ့'

ထန်ရှင်က သက်ပြင်းရှည်ကြီးချကာ....

'အင်းလေ....နောက်ဆုံး သတ္တုချကြည့်ရင်တော့ တပည့်တော် အသုံးမကျတာပါပဲ၊ တပည့်တော်ရဲ့ ချီမွန်ကျီကုန်း ဗျူဟာကို ရေမှက်မဝင်အောင် စီစဉ်ထားသင့်တယ်'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံက ဝင်၍နှစ်သိမ့်မှုပေးလေ၏။

'နောင်တော်ထန်ရှင်၊ ဒီပွဲအတွက် ကျုပ်တို့ဘာမှ စိတ်မကောင်း မဖြစ်သင့်ဘူး၊ ဒီပွဲဟာ ကွန်လုံဝမ်လဲ မနိုင်ဘူး၊ ကျုပ်တို့လဲ မနိုင်ဘူး၊ သရေပွဲပဲ၊ သရေပွဲဆိုတာတောင် ကျုပ်တို့က နည်းနည်းပါးပါး အသာစီးရလိုက်ပါသေးတယ်၊ ကွန်လုံဝမ် အနေနဲ့ ကျန်လုဂိုဏ်းကို လုပ်ချင်တိုင်း လုပ်လို့မရဘူးဆိုတာ သိသွားတာပေါ့'

ထန်ရှင်က....

'အဲဒီအချိန်ကပဲ သူ့သတိကို ပိုကြီးထွားစေတာပဲ၊ သူဟာ ကျန်လုဂိုဏ်းကို ရင်ဆိုင်ရင် ပိုပြီး ဂရုတစိုက် ပြင်ဆင်လာတော့မယ်'



အိုယန်ထုံက....

'အခုလဲ ပြင်ဆင်လာတာပဲ မဟုတ်လား'

'မဟုတ်သေးပါဘူးဂိုဏ်းချုပ်ကြီး၊ ကွန်လုံဝမ်ဟာကျန်တော့်ကို သတ်ဖို့လိုက်လာရင်း မမျှော်လင့်ဘဲ ကျွန်တော်တို့ပိုက်ကွန်ထဲ တိုးဝင်လာတာပါ'

'နောင်ကြီးထန်ရှင် ဘာမှအားမလျှော့ပါနဲ့၊ ကွန်လုံဝမ် နောက်တစ်ခါ ကျုပ်တို့ပိုက်ကွန်ထဲ တိုးဝင်လာရင် ခုလို လွတ်မသွားနိုင်အောင် ပြင်ဆင်ထားရတော့မှာပေါ့၊ ပိုက်ကွန်ဟာ ကြီးလဲကြီးရမယ်၊ ခိုင်လဲခိုင်ခံ့ရမယ်၊ နောက်တစ်ကြိမ်မှာ တိုဆေးမိထားပုံရတဲ့ လူငယ်ပါလာချင်မှ ပါလာတော့မှာပါ'

'ဟုတ်ကဲ့၊ ဒီလိုပဲ မျှော်လင့်ထားရတာပဲ'

'ကဲ....ကျုပ်တို့လဲ စခန်းကိုပြန်ဖို့ ပြောကြပြီးမှ စကားဆက်ကောင်းနေတယ်၊ စခန်းရောက်တဲ့အခါကျမှ ထပ်ဆွေးနွေးကြတာပေါ့'

အိုယန်ထုံက ထန်ရှင်ဘက်သို့ လှမ်းပြောလိုက်၏။

'နောင်ကြီးထန်ရှင်၊ လေးဆယ့်ရှစ်အဖွဲ့ကို ဒီအတိုင်းပဲ ထားခဲ့မလား'

www.burmeseclassic.com

www.burmeseclassic.com



'မချခဲ့ဘူး ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်တို့နဲ့အတူ စခန်းကို ပြန်ခေါ်ခဲ့ရမှာပဲ'

မကြာမီ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ၊ တက်မုဆရာတော် ပညာရှိယန်ရှင်၊ ပေါ်ကုံးပေါင်နှင့် လေးဆယ့်ရှစ်အဖွဲ့တို့သည် ထိုနေရာမှ ထွက်ခွာသွားကြလေတော့၏။

## အခန်း ( ၈၃ )

## ကွန်လုံဝမ်ကို အစခံသူ

သိုင်းလောကရှိ သိုင်းဂိုဏ်းကြီးများ၏ ဂိုဏ်းချုပ်ကြီးများထဲ၌ အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်သူ အလွန်နည်းသည်။

ကွန်လုံဝမ်ကမူ အစိမ်းရောင်ဝတ်စုံကို ရွှဲရွှဲမြဲမြဲ ဝတ်ဆင်ခဲ့ပေသည်။

သူသည် ထန်ရှင်၏ ချီမွန်ကျိကုန်း တိုက်ကွက်ကို တွေ့ရသောအခါ ထန်ရှင်အား မသတ်မဖြစ် သတ်ရတော့မည် ဖြစ်ကြောင်း နားလည်လာလေ၏။

ချီမွန်ကျိကုန်းတိုက်ကွက်နှင့် တိုက်ခိုက်စဉ်က နိုင်ချစ်နော်နှင့် ဆေးမိထားသောလူငယ်သာ မပါလျှင် သူ့အနေဖြင့် ဆုံးရှုံးသွားနိုင်ကြောင်း သူနားလည် သဘောပေါက်ထားသည်။

သူသည် နိုင်ချစ်နော်နှင့် ဆေးမိထားသော လူငယ်တို့အား တောင်ဘက်စူးစူးအရပ်သို့ ခေါ်ဆောင်လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နော်သည် သူတို့ပြေးလာကြသည့် ခရီးလမ်းမှာ သူတို့လာခဲ့သည့် လမ်းမဟုတ်သဖြင့် စိတ်ထဲ၌ သံသယဖြစ်လာသည်။

သူမသည် ကွန်လုံဝမ်နှင့် နှစ်ပေါင်းအတော်ကြာ နီးနီးကပ်ကပ် နေခွင့်ရခဲ့သဖြင့် ကွန်လုံဝမ်၏ စိတ်နေသဘောထားနှင့် ထူးဆန်းသော အပြုအမူများကိုလည်း အခြားသော မွေးစားသမီးသုံးယောက်ထက် ပို၍ သိခွင့်ရခဲ့သည်။

ထို့ကြောင့်....

သေချာပေါက်သည့် ခရီးလမ်းဘက် ပြေးထွက်လာခြင်းအတွက် စိတ်ထဲ၌ မပူပန်ဘဲ မနေနိုင်တော့ပါ။

သူမ၏ မွေးစားဖခင်ကြီး ကွန်လုံဝမ်သည် ဆန်ကွမ်းချီနှင့် မတ်သက်၍ ဘဝင်မကျသေးဘဲ ဖြစ်နေသည်ကို ရိပ်မိ၏။

သို့သော်....

မည်သည့်အတွက် ဤဘက်သို့ ထွက်လာခဲ့ခြင်းဖြစ်ကြောင်းကိုမူ တိတိကျကျ တွေးတောနိုင်ခြင်း မရှိသေးပေ။

နိုင်ချစ်နော် တွေးတောနေစဉ်မှာပင် ကွန်လုံဝမ် အပြေးရပ်လိုက်သဖြင့် သူမလည်း ချက်ချင်းရပ်လိုက်ရသည်။

ဆန်ကွမ်းချီကိုလည်း ရပ်ရန် အချက်ပြလိုက်သည်။

နိုင်ချစ်နော်သည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်၏။

အုတ်ဂူအပြိုအပျက်များကို တွေ့လိုက်ရသည်နှင့် သင်္ချိုင်းဟောင်းတစ်ခုသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိလိုက်ရသည်။

ကွန်လုံဝမ်က...

'သမီးကြီး၊ မင်းဟာ ဒါ့အပေါ် ဘယ်လိုသဘောထားသလဲ'



ကွဲတိုးကြီး မေးမြန်းလိုက်သည့် စကားကြောင့် နိုင်ချစ်နော်မှာ ရုတ်တရက် မည်သို့ ပြန်ဖြေရမှန်း မသိအောင် ဖြစ်သွားလေ၏။

အတန်ကြာမှ....

'ဖခင်ကိုက်ိုးချုပ်ကြီး ကျွန်မရဲ့ဖခင်အရင်းလိုပဲ သဘောထားပါတယ်'

'ကောင်းပြီ၊ သမီးတွေဟာ ဖခင်ရဲ့စကားကို မြေဝယ်မကျနားထောင်သင့်သလား၊ နားမထောင်သင့်ဘူးလား'

'သားသမီးတွေဟာ ဖခင်ရဲ့စကားကို မြေဝယ်မကျ နားထောင်သင့်ပါတယ်'

'ကောင်းပြီ၊ ဒါဆိုရင် မင်းကိုယ်တိုင် မြေကျင်းတစ်ကျင်းတူးလိုက်စမ်း'

နိုင်ချစ်နော် ငိုင်သွား၏။

ကွန်လုံဝမ်၏ အမိန့်စကားကို ဖယ်ရှား၍ မဖြစ်ကြောင်းသူမ သဘောပေါက်ပါသည်။

'သမီးမှာ ဘာလက်နက်မှ ပါမလာဘူး၊ အဲဒါ...'

ကွန်လုံဝမ်က အေးစက်စက် ရယ်၏။

'မင်းမှာ လက်နှစ်ဖက် ပါနေတာပဲ၊ အဲဒီ လက်နှစ်ဖက်နဲ့ တူးပေါ့၊ လက်ဆိုတာ လက်နက်ပဲ'

နိုင်ချစ်နော်မှာ စိတ်ဓာတ်ပျော့ညံ့သူမိန်းကလေး မဟုတ်ပေ။ သို့သော်....

www.burmeseclassic.com



ယခုကဲ့သို့ အကြင်နာကင်းမဲ့လှသော မေ့စားဖခင်ကြီး၏ စကားကို ကြားလိုက်ရသောအခါ ရင်ထဲ၌ ဆို့နစ်သွားလေတော့သည်။

'သမီး နာခံပါ့မယ်ရှင်'

သူမသည် သူမ၏ လက်ချောင်းကလေး ဆယ်ချောင်းကို အသုံးပြုကာ မြေကြီးများကို ယက်တူးရလေတော့၏။

မြေကြီးကို လက်ဖြင့်ယက်တူးရခြင်းမှာ လွယ်ကူသောအလုပ် မဟုတ်ပေ။

သိုင်းသမား၏လက် ဖြစ်ငြားသော်လည်း အသွေးအသား ဖြင့်သာ ဖွဲ့စည်းထားခြင်းဖြစ်ရကား မကြာမီပင် လက်မ ပေါက်ပြဲပြီး သွေးများ ထွက်လာရလေတော့၏။

ထိုအဖြစ်အပျက်သည် ကွန်လုံဝမ်၏ နှလုံးသားကို မည်သို့ အကြင်နာတရား မပေါ်စေခဲ့ပေ။

'မင်းရဲ့ သိုင်းပညာ အရင်ကထက် အများကြီး ကောင်းလာ တာပဲ၊ သိုင်းပညာကို အားလပ်တဲ့အချိန်တိုင်း လေ့ကျင့်ထား နဲ့ တူတယ်'

နိုင်ချစ်နေဝ်က ကြောက်ရွံ့စွာ ရယ်လိုက်၏။

'ဖခင်ကိုကျားချုပ်ကြီး ပြောတာ ဟုတ်ကောင်း ဟုတ်နိုင် တယ်၊ ဒါပေမယ့် ကျွန်မကတော့ ဘာမှ ဟုတ်တိပတ်တိ မလေ့ ကျင့်နိုင်ခဲ့ပါဘူး၊ ဖခင်ကိုကျားချုပ်ကြီး ရေးတာလဲ ဘာပညာ သင်ယူနိုင်ခွင့် မရှိခဲ့ပါဘူး'

'မင်းကို ငါ သင်ပေးနေ့တာတွေလဲများနေပါပြီ၊ ကဲ...ကဲ ကျင်းကိုသာ မြန်မြန်တူးပါ'



နိုင်ချစ်နေဝ်မှာ စကားကို ဆက်မပြောနိုင်တော့ဘဲ ကျင်းတွင် သာ ဆက်၍တူးရတော့သည်။

မြေကြီးသည် မြေပျော့မဟုတ်ချေ။

ကျောက်ခဲများ ရောထွေးနေသည့်မြေဖြစ်နေသဖြင့် နိုင်ချစ် နေဝ်အဖို့ ခွေးသီးခွေးပေါက်ကျအောင် လက်ဖြင့် တူးယက်ခဲ့ ရသည်။

သူမ၏လက်များပေါက်ပြဲ၍ သွေးများ ယိုစီးကျလာသဖြင့် သူမသည် ကွန်လုံဝမ်၏ သနားကြင်နာမှု ရရှိလိုရရှိငြားလက် ကို မသိမသာ မြှောက်ပြပြီး ခပ်တိုးတိုးပြောလေ၏။

'ကျွန်မ လက်တွေလဲ ပေါက်ပြဲကုန်ပါပြီ၊ သိုင်းပညာ လေ့ ကျင့်စဉ်တုန်းကလိုတောင် မဟုတ်တော့ပါဘူး'

ကွန်လုံဝမ်က အေးစက်စက် ပြောလေ၏။

'ဒါကိုလဲ သိုင်းပညာလေ့ကျင့်နေတာလို့ပဲ သဘောထား ပေါ့၊ အာရုံစူးစိုက်မှု အခံရေးကြီးတယ်၊ အာရုံကောင်းရင် ကိုယ့် အတွက် အကျိုးရှိတာပဲ'

နိုင်ချစ်နေဝ်မှာ ခေါင်းငိုက်စိုက်ကျသွား၏။

ကွန်လုံဝမ်သည် သူမအား တစ်စုံတစ်ခု အခကြောင်းပြ၍ အပြစ်ပေးတော့မည်ဖြစ်ကြောင်း ရိပ်မိသလေ၏။

သို့သော်...

ယခုအချိန်အထိ သူ၏ အမျက်ဒေါသကို အတည့်အလင်း ဖော်ထုတ်ပြသခြင်း မပြုသေးပေ။

သူမသည် ကျင်းတူးရင်း ဆန့်ကွမ်းချီအား မြေသေးမတိုင် ကျွေးမိသည့်အဖြစ်အတွက် နောင်တရ၍မဆုံး ဖြစ်နေမိသည်

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဆန်ကွမ်းချိုအား ဖြေဆေးတိုက်ကျွေးထားပါက ကွန်လုံဝမ်အား ပြန်လှန်ခုခံနိုင်မည်ဟု တွေးနေသည်။

စင်စစ် သူမသည် စိတ်ထိခိုက်လွန်းသဖြင့် အခြေအနေအမှန်ကို မတွေးမိခြင်းသာ ဖြစ်သည်။

ယခု ဆေးမိထားသည့် အခြေအနေ၌ပင် ကွန်လုံဝမ်အား တိုက်ခိုက်ရန် အမိန့်ပေးနိုင်ပေသည်။

ထိုအချက်ကို နိုင်ချစ်နော် မေ့လျော့နေခဲ့လေ၏။

သို့သော်....

သူမ၏စိတ်ထဲ၌ အခွင့်သင့်သည်နှင့် ဆန်ကွမ်းချိုအား ကယ်တင်မည်ဟု ဆုံးဖြတ်ထားသည်။

ကွန်လုံဝမ်သည် အလွန်လျာ မသင်္ကာစိတ်ကြီးမားသူဖြစ်၍ သူမအား သေချာစွာ စောင့်ကြည့်နေမည် ဖြစ်ကြောင်း ရိပ်မိသဖြင့် နိုင်ချစ်နော်သည် ခေါင်းမဖော်ဘဲ မြေကျင်းကိုသာ ဂရုစိုက်၍ တူးယက်နေရသည်။

မကြာမီ သုံးပေခန့်နက်သော မြေကျင်းကို တူးမိခဲ့သေပြီ။

နိုင်ချစ်နော်မှာလည်း ပုံလဲကျမတတ် ခြေကုန်လက်ပန်းကျနေသည်။

တော်ပါသေးသည်။

တစ်ပေခန့်အလွန် အောက်ပိုင်း၌ မြေပွဖြစ်နေသဖြင့် နိုင်ချစ်နော်အဖို့ အများကြီး သက်သာရာရသွားခဲ့သည်။

'တော်လောက်ပြီ၊ ဆက်မတူးနဲ့တော့'

နိုင်ချစ်နော်သည် ကျင်းတူးနေရာမှ ရပ်ဆိုင်းပြီး ဖခင်ဖြစ်သူကို မော့ကြည့်ကာ....



ကွန်လုံဝမ်က....

'သမီးကြီး... ဟိုကောင့်ကို ဒီကျင်းထဲ ဝင်အိပ်ဖို့ အမိန့်ပေးလိုက်၊ သူဝင်အိပ်ရင် ဒီမြေကြီးတွေ ပြန်ဖို့ပြီး အရှင်လတ်လတ် မြေမြှုပ်သင်္ဂြိုဟ်ပစ်လိုက်'

နိုင်ချစ်နော်သည် ဆန်ကွမ်းချိုအား သတ်တော့မည်ဟု ထင်မိသည်။

သို့သော် ယခုကဲ့သို့ အရှင်လတ်လတ် မြေမြှုပ်ပစ်မည်ဟု တော့ မထင်ခဲ့ချေ။

ထိုစကားကို ကြားလိုက်ရသောအခါ သူမ လိပ်ပြာလန့်သွားကာ....

'ဖခင်ဂိုဏ်းချုပ်ကြီး'

ကွန်လုံဝမ်က အေးစက်စွာ ဖြေလေ၏။

'မင်းကို ငါအမိန့်ပေးနေတယ်'

'ဒီ... ဒီလိုပါ၊ ခုအမိန့်က သူ့အတွက် သေမိန့်ဖြစ်နေလို့ပါ၊ သူ မလိုက်နာရင်...'

'ကောင်းပြီ၊ ဒါဆိုရင် တစ်မျိုးစီစဉ်မယ်၊ သူ့ကို ငါ့ဆီ လာဖို့ အမိန့်ပေးလိုက်စမ်း'

နိုင်ချစ်နော် မတတ်သာတော့ပေ။ ကွန်လုံဝမ် စေခိုင်းသည့်အတိုင်း အမိန့်ပေးရတော့သည်။

'ရှင့် ရှေ့ကို တိုးသွားလိုက်ပါ'

ဆန်ကွမ်းချိုသည် နိုင်ချစ်နော်ကို တစ်ချက် လှမ်းကြည့်ပြီး ကွန်လုံဝမ်ရှိရာသို့ လျှောက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်သည် သူ့လက်ကို ဖြည်းညင်းစွာ မြှောက်လိုက်၏။ ဆန်ကွမ်းချိုကဲ့သို့သော ဆေးမိထားသူတစ်ဦးအား လွယ်ကူစွာ ရိုက်သတ်နိုင်သဖြင့် သူသည် သူ့လက်ကို အေးဆေးစွာ မြှောက်ထားသည်။

'ဖခင်ဂိုဏ်းချုပ်ကြီး'

ရိုက်လုလု အခြေအနေ၌ နိုင်ချစ်နော်က လှမ်းခေါ်လိုက်သဖြင့် ကွန်လုံဝမ် အကြီးအကျယ် စိတ်ဆိုးသွား၏။

'ခွေးမကလေး....ဘာဖြစ်လို့ ငါ့ကို အော်ခေါ်ရတာလဲ၊ နင် ရှုံးနေသလား'

သူမသည် ယနေ့အဖို့ ဆန်ကွမ်းချို၏ အလှည့်ပြီးလျှင် သူမ၏ အလှည့်သို့ ရောက်လာမည်ကို ရိပ်မိလေ၏၊ ထို့ကြောင့် မထူးတော့ပြီ ဟူသော အသိဖြင့် ရဲဝံ့စွာ ပြောကြားမိတော့သည်၊

'ကျွန်မ မရှုံးပါဘူး၊ ရှုံးလဲပဲ သေဘေးက လွတ်မှာမှ မဟုတ်ဘဲ'

ကွန်လုံဝမ်သည် မြှောက်ထားသည့် လက်ကို ဖြည်းညင်းစွာ ပြန်ချရင်း သူ့အား အာခံသည့် နိုင်ချစ်နော်ကို အရောင်တဖိတ်ဖိတ် တောက်နေသည့် မျက်လုံးများဖြင့် စူးစူးစိုက်စိုက် ကြည့်လိုက်လေ၏။

သူသည် နှစ်နှစ်အတွင်း၌ အောက်လမ်း သိုင်းဂိုဏ်းကြီးများက ရှိသေလေးစားလောက်သည့်သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်းကို ထူထောင်နိုင်ခဲ့သည်။ သူ၏ဂိုဏ်းသားများသည် သူ၏ရက်စက်မှု



ဖိနှိပ်မှုနှင့် အဆိပ်ဆေးများ သုံးစွဲမှုကြောင့် စကားမာမာပြောရန် မဆိုထားနှင့် မျက်နှာကိုပင် မော်ကြည့်ခွင့်မရှိကြပေ။ ယခု မွေးစားသမီးဖြစ်သူက မာကျောစွာ ပြောဆိုနေပေပြီ။

နိုင်ချစ်နော်က ဆက်ပြော၏၊

'ဖခင်ဂိုဏ်းချုပ်ကြီး....ဖခင်ကြီးကိုယ်တိုင်က ကျွန်မကို မညှာမတာ သတ်ဖြတ်မယ်ဆိုရင် ကျွန်မအဖို့ သောကပဲရှိပါတော့တယ်'

'ဘာလဲ....မင်းစကားက ငါ့ကို တော်လှန်ပုန်ကန်တဲ့ စကားလား'

'ကျွန်မဟာ ဖခင်ကြီးအတွက် အများကြီး အနစ်နာခံပြီး အကျိုးတော်ဆောင်ပေးခဲ့ပါတယ်၊ ကျွန်မရမယ့် ဆုလာဘ်က သေဒဏ်ပါလားရှင်'

ကွန်လုံဝမ်က ယတိပြတ် ပြောလေ၏၊

'မင်းဟာ ချွတ်ယွင်းချက်တွေ ရှိခဲ့ရုံမကဘူး၊ ငါ့ကိုတောင် မာရေကျောရေ ပြန်ပြောတဲ့အတွက် မုချ သေဒဏ်ထိုက်သင့်တယ်'

နိုင်ချစ်နော်သည် နှုတ်ခမ်းကလေးကို ဖိကိုက်ပြီးနောက်....

'ဖခင်ဂိုဏ်းချုပ်ကြီး.... ဟောဒီ ဘာမှန်းမသိ ညာမှန်းမသိ ရောက်လာပြီး ကျွန်မ အဆိပ်ခတ်ခံရတဲ့ လူငယ်ကို လွှတ်ပေးလိုက်ပါ၊ ဟောဒီ ကျင်းထဲမှာ ကျွန်မ အသေခံလိုက်ပါ့မယ်'

ကွန်လုံဝမ်က အေးစက်စက် ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ဟုတ်ပါလိမ့်လား၊ နင်က ဒီခွေးဝင်စားတစ်ကောင်အတွက် ငါ့ကို ဈေးဆစ်နေသလား'

'ပြန်လာခဲ့'

နိုင်ချစ်နော်သည် ကွန်လုံဝမ်အနီးသို့ ရောက်နေသည့် ဆန်ကွမ်းချီကို လှမ်းခေါ် အမိန့်ပေးလိုက်ပြီးနောက် သူ့ရင်ခွင်ထဲမှ အဆိပ်ပြေဆေးလုံးကို လျှပ်တစ်ပြက်နှိုက်ထုတ်၍ ဆန်ကွမ်းချီ၏ ပါးစပ်ထဲသို့ ပစ်ထည့်ပေးလိုက်လေ၏။

'မျိုချလိုက်'

ဆန်ကွမ်းချီသည် နိုင်ချစ်နော်၏ အမိန့်အတိုင်း ဆေးလုံးကို မျိုချပစ်လိုက်၏။ ကွန်လုံဝမ်မှာ သူ့ဘဝသက်တမ်းတစ်လျှောက်၌ ကြွယ်ရာတွင် သစ္စာဖောက်သော လက်အောက်ငယ်သား တစ်ယောက်တလေမျှကိုပင် မတွေ့ကြုံဖူးခဲ့ပေ။

သူ၏မွေးစားသမီးက အတိအလင်း သစ္စာဖောက် အာဏာဖီဆန်သည်ကို တွေ့လိုက်ရသောအခါ အံ့ဩလွန်းလှ၍ သံဖြင့် ရုတ်တရက် ငေးမောကြည့်နေမိတော့သည်။

အတန်ကြာမှ....

'မင်း....နင့်ညီမတွေပြောတဲ့စကားတွေဟာ အမှန်တွေချည်းကိုး၊ သူတို့ ငါ့ကို တိုင်တန်းပြောဆိုကတည်းက နင့်ကို သုတ်သင်ခဲ့သင့်တယ်၊ ငါက မယုံခဲ့လို့'

နိုင်ချစ်နော်မှာဆန်ကွမ်းချီအပေါ် ထားခဲ့မိသည့်သံယောဇဉ်ကြောင့် သူမ တစ်သက်လုံးကြောက်ရွံ့လာခဲ့သော မွေးစားဖခင် ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်ကို ပုန်ကန်မိပြီးသား ဖြစ်သွားလေ၏။



နိုင်ချစ်နော်က....

'ကျွန်လုဂိုဏ်းသားတွေဟာ ဟောဒီနယ်တစ်ဝိုက်မှာ ခြေချင်းလိမ်နေတယ်၊ ဂိုဏ်းချုပ်ကြီး အဖို့ ယန်ထုံ၊ တက်မုဆရာတော်နဲ့ ပညာရှိထန်ရှင်အဖို့ဟာ ကျွန်မရဲ့နောက်ကို မလိုက်လာဘူးလို့ မဆိုနိုင်ဘူး၊ ကျွန်မ အော်ဟစ်အကူအညီတောင်းလိုက်ရင် သူတို့ ဒီကို ချက်ချင်းရောက်လာနိုင်တယ်၊ နောက်ပြီး....'

သူမသည် ဆန်ကွမ်းချီအား လက်ညှိုးထိုးပြပြီး....

'သူလဲ သိုင်းပညာ သိပ်ကောင်းတယ်၊ အဆိပ်ပြေဆေးလဲ တိုက်ပြီးပြီ၊ မကြာခင် သူ့အသိစိတ် ပြန်ဝင်လာတော့မယ်၊ ကျွန်မတို့ကို လွယ်လွယ်ကူကူ လေးသတ်လို့ ရတော့မှာ မဟုတ်ဘူး'

ကွန်လုံဝမ်၏ မျက်လုံးများ၌ မီးလျှံ မီးပွင့်များ အရောင်တောက်သလို နီရဲတောက်ပနေသည်၊ ထို့နောက် အေးစက်မာကျော စွာ မေးမြန်းလေ၏။

'အဖမ်းခံပြီး အသတ်ခံမှာလား၊ ဒါမှမဟုတ် နင့်ဘာသာသတ်သေမလား၊ ကြိုက်တဲ့လမ်းကို ရွေးစမ်း'

ထိုစကားလုံးများသည် နိုင်ချစ်နော်၏ ရင်ခွင်ကို တူနှင့်ထုသလို နာကျင်သွားစေ၏၊ သူမအနေဖြင့် ရုတ်တရက် ပြန်လည် အဖြေပေးနိုင်စွမ်းမရှိဘဲ ဖြစ်သွားသည်။

ကွန်လုံဝမ်သည် ဆန်ကွမ်းချီနှင့် နိုင်ချစ်နော်တို့ကို တစ်လှည့်စီ ကြည့်ပြီး....

'သေသေချာချာ စဉ်းစားစမ်း၊ သစ္စာဖောက်ကို ငါဘယ်လို သတ်ဖို့ စီစဉ်ထားတယ် ဆိုတာ နင်လဲ သိတယ်၊ ဒီတော့

www.burmeseclassic.com



ညှဉ်းသတ်ခံမလား၊ သားအဖချင်းဖြစ်လို့ နင့်ကို အခွင့်အရေး တစ်ခု ပေးမယ်'

နိုင်ချစ်နော်၏ စိတ်ထဲ၌ ထိုအခွင့်အရေးကို သိချင်လာမိသည်။

'ဘာ့အခွင့်အရေးလဲ ဖခင်ဂိုဏ်းချုပ်ကြီး'

'နင် ဒီခွေးဝင်စားကို ချစ်နေပြီမဟုတ်လား'

နိုင်ချစ်နော် တုန်လှုပ်သွား၏။

'မ....မဟုတ်'

'တိတ်စမ်း၊ ခွေးမတော် သားမစပ် လူတစ်ယောက်ကို လွှတ်ပေးရင် ကျွန်မ အသေခံပါမယ်လို့ ဘယ်မိန်းကလေးက ပြောမှာလဲ၊ နင် သူ့ကို သံယောဇဉ်တွယ်နေလို့ပေါ့၊ နင်နဲ့သူ ဒီကျင်းထဲမှာ လှဲအိပ်ပြီး နှစ်ယောက်စလုံး အသေခံရင် နင်တို့ကို ညှဉ်းဆဲပြီး မသတ်တော့ဘူး၊ ဒါဟာ နင်တို့အတွက် နောက်ဆုံး အခွင့်အရေးပဲ'

ကွန်လုံဝမ်က အေးစက်စက်ရယ်ပြီး....

'သူ့ခေါင်းပေါ်မှာရှိတဲ့ မင့်မင် ခေါင်းကြောပေါ်ကို လက်ဝါးနဲ့ ပြင်းပြင်းထန်ထန်ပုတ်ပေးလိုက်၊ သူ မြေကျင်းထဲ လဲကျသွားလိမ့်မယ်၊ ပြီးတော့မှ နင့်ကိုယ်နင် သတ်သေလိုက်ပေါ့'

နိုင်ချစ်နော်မှာ အလွန်တရာ ရက်စက်စိမ်းကားစွာ ပြောကြားနေသည့် မွေးစားဖခင်၏ စကားကို ကြားရသောအခါ ချင်နာလွန်းသဖြင့် မျက်ရည်များ စီးကျလာလေ၏။



'ဒါက သားအဖချင်းမို့ ဒီအခွင့်အရေး ပေးတာ၊ ငါလဲ နင့်ကို မသတ်ချင်ဘူး၊ နှစ်ဦးနှစ်ဖက်ကောင်းဖို့ ဒီနည်းလမ်းက လွဲလို့ တခြားမရှိတော့ဘူး'

ထိုအချိန်အထိ ဆန်ကွမ်းချီသည် ငေးငိုင်နေဆဲ ရှိသေး၏။ မူလအသိ ပြန်မဝင်သေးပေ။

'ဖခင်ဂိုဏ်းချုပ်ကြီးက ကျွန်မတို့ကို ဒီလောက် သေစေချင်နေမှတော့ အမိန့်အတိုင်း ကျွန်မတို့ သတ်သေပါတော့မယ်'

'ဟင်း....ဟင်း....ဟင်း၊ ငါ့သမီးတိုင်း လိမ္မာကြတာချည်းပဲ၊ နင်လဲ အဲဒီလိုလိမ္မာမှပေါ့'

နိုင်ချစ်နော်သည် မျက်ရည်များ စီးကျလျက်ရှိရင်းမှ ဆန်ကွမ်းချီအား ရိုက်သတ်ရန် သူမ၏လက်ဝါးကို ဖြည်းညင်းစွာ မြှောက်လိုက်၏။

ထိုစဉ် လူရိပ်တစ်ရိပ်သည် မြားတစ်စင်း ပြေးဝင်လာသကဲ့သို့ လျင်မြန်စွာ ရောက်ရှိလာလေ၏။

'ကျုပ်အစ်ကိုကို လက်ဖျားနဲ့မထိနဲ့'

ထိုလူ၏ ရောက်ရှိလာပုံမှာ အလွန်တရာ လျင်မြန်လှသဖြင့် ကွန်လုံဝမ်ရော နိုင်ချစ်နော်ပါ အံ့အားသင့်သွား၏။ ပြေးဝင်လာသူသည် ဆန်ကွမ်းချီအား လျှပ်တစ်ပြက် ဆွဲယူလိုက်သည်။

ကွန်လုံဝမ် ထိတ်သွား၏။ နိုင်ချစ်နော်မှ ဝမ်းသာသွား၏။

ကွန်လုံဝမ်က....

'မင်းတယ်သူလဲ'

www.burmeseclassic.com

www.burmeseclassic.com



မင်း ဘယ်သူလဲ့ဟု အမေးခံရသူက ရှပ်ဆိုးဆိုး တောတွင်းသားကလေး ယွမ်ရှောက်ပင် ဖြစ်ခဲ့တော့သည်။

'သူက ကျုပ်ရဲ့အစ်ကို၊ ကျုပ်က သူ့ရဲ့ညီလေး'

ဤကဲ့သို့သော စကားမျိုးကို မည်သည့် ကျေးတောသားနှင့် မည်သည့် မြို့ကြီးသားမျှ ပြောလိမ့်မည် မဟုတ်ချေ၊ လူသူနှင့် ကင်းဝေးလှသော ယွမ်ရှောက်မှာမူ သူ့စိတ်ထဲရှိသလို သူနားလည်သလိုသာ ပြောတော့သည်။

'မင်း ဘာဖြစ်လို့ ဝင်ရှုပ်ရတာလဲ'

'သူက ကျုပ်အစ်ကိုကြီးပဲ'

ကွန်လုံဝမ်သည် ဤလူထူးလူဆန်းများကိုကြည့်ပြီး သူလုပ်သင့်သည့်အလုပ်ကို မေ့လျော့ထား၏၊ ဤသူငယ်နှစ်ယောက်နှင့် သူ၏ ဓမ္မဇာသမီးကို အချိန်မရွေး သတ်ဖြတ်၍ရသည်ဟု ထင်ထားသလား မသိနိုင်ပေ။

ယွမ်ရှောက်သည် စကားဆုံးသည်နှင့် ရင်ခွင်ထဲမှ ပလွေတစ်ချောင်းကိုဆွဲထုတ်၍ သီမှုတ်လေတော့၏၊ ထိုသံစဉ်ကား သူတို့၏ကျေးဇူးရှင် ဆရာသခင် ဆရာကြီး၏ သံစဉ်ပင် ဖြစ်တော့သည်။

ထိုသံစဉ်ကို ကြားရသောအခါ ကွန်လုံဝမ်၏စိတ်ထဲ၌ တစ်မျိုးဖြစ်သွားသည်။ သူသည် ထိုပလွေသံမျိုးကို ပိုင်မာစန္ဒးသစ်တောကြီးအတွင်း၌ ကြားဖူးခဲ့သည်ဟု ထင်မှတ်နေ၏။



ယွမ်ရှောက်သည် ဆန်ကွမ်းချီ၏မျက်နှာကို အကဲခတ်ပြီး ပလွေကို ဆက်မှုတ်၏၊ ဆန်ကွမ်းချီ၏ မျက်လုံးများတည်းတဖြည်းဖြည်းကြည်လင်လာ၏၊ ပလွေသံကြောင့် လည်းကောင်း၊ အဆိပ်ဖြေဆေး၏အစွမ်းကြောင့် လည်းကောင်း ဆန်ကွမ်းချီ၏ အသိဉာဏ်များသည် ပုံမှန်အတိုင်း ပြန်ဖြစ်လာသည်။

ယွမ်ရှောက်သည် ဆန်ကွမ်းချီ၏မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး....

'အစ်ကိုကြီး ကျွန်တော်ရောက်လာပြီ၊ ယွမ်ရှောက်ကိုမှတ်မိပြီလား'

သူသည် ပလွေကို သိမ်းဆည်းရင်း သူ့အစ်ကိုကြီးအား ဖက်လဲ့တကင်းပြုရန် ဟန်ပြင်လိုက်သည်။

'လှုပ်မိ့ရှောင်လိုက်'

စကားသံနှင့်အတူ နိုင်ချစ်နော်သည် လျှပ်တစ်ပြက်ခုန်ဝင်သွားပြီး ဆန်ကွမ်းချီကို ဆွဲလှဲလိုက်၏၊ လက်ညှိုးအားလှိုင်းတစ်ခုသည် သူတို့အနီးမှ ဝီခနဲ၍ ဖြတ်သန်းသွားခဲ့လေသည်။

အကယ်၍ နိုင်ချစ်နော်သာ သတိပေးခြင်းမရှိ၊ ဆန်ကွမ်းချီကိုဝင်ကယ်ခြင်းမရှိပါက ဆန်ကွမ်းချီသည် ထိုနေရာ၌ကွန်လုံဝမ်၏ လက်ညှိုးတိုက်ကွက်ကြောင့် အသက်သေဆုံးသွားရပေလိမ့်မည်။

'နင်က တကယ့်ကို တော်လှန်ပံ့တာပါလား'

www.burmeseclassic.com



ထိုအချိန်၌ နိုင်ချစ်နော်၊ ယွမ်ရှောက်နှင့် ဆန်ကွမ်းချီတို့သည် ရင်ပေါင်တန်း၍ ယှဉ်ရပ်မိနေကြပေပြီ။

'ကျွန်မက မပေါ်လှန်လဲ့ ဖခင်ဂိုဏ်းချုပ်ကြီးက ခွင့်လွှတ်မှာမှ မဟုတ်ဘဲ'

ကွန်လုံဝမ်၏မျက်နှာမှာ မျက်နှာဖုံးအတုဖြစ်၍ မျက်နှာရိုင်းမျက်နှာကဲ ပြောင်းလဲပုံကို မမြင်ရ၊ မသိရပေ။ မျက်လုံးကိုကြည့်၍သာ ကွန်လုံဝမ်၏ဒေါသကို ခန့်မှန်းသိရှိနိုင်ပေသည်။

နိုင်ချစ်နော်က ဆက်ပြော၏။

'ဖခင်ဂိုဏ်းချုပ်ကြီး အခြေအနေအမှန်ကို သုံးသပ်ပါ။ ဟောဒီလူငယ်နှစ်ယောက်လုံးသိုင်းပညာသိပ်ကောင်းပါတယ်။ ကျွန်မပါပေါင်းပြီးခုခံရင် ကျွန်မတို့အတွက် အသက်ရှင်နိုင်ခွင့်တွေ အများကြီးရှိနေပါသေးတယ်'

ထိုအချိန်တွင် ဆန်ကွမ်းချီသည် လုံးဝပြန်လည်သတိကောင်းသွားသေး၏။

'ညီလေးယွမ်ရှောက်၊ ငါ့လက်ကို လွှတ်ပါဦး'

ယွမ်ရှောက်သည် သူ့အစ်ကိုကြီး၏လက်ကို ဆွဲကိုင်ထားရာမှ လွှတ်ပေးလိုက်လေ၏။

'အစ်ကိုကြီး သတိရပြီလား'

ဆန်ကွမ်းချီသည် အတန်ကြာစဉ်းစားပြီး....

'ငါ သတိမေ့နေတာလား'



နိုင်ချစ်နော်က ဝင်ပြော၏။

'ဟုတ်တယ်၊ ရှင် အဆိပ်ငွေ့ဆေးတွေ သောက်ထားပြီး သတိမေ့နေခဲ့တယ်၊ အခုတော့ ဖြေဆေးသောက်ပြီးလို့ ပြန်ကောင်းသွားပါပြီ၊ ရှင့်ကို ဖြေဆေးပေးတဲ့အတွက် ကျွန်မရဲ့ဖခင် ဂိုဏ်းချုပ်ကြီးနဲ့ ကျွန်မ ရန်သူဖြစ်သွားချေပြီ'

ဆန်ကွမ်းချီသည် ထိုတမင်အတွင်းမှာပင် သူ မည်သို့ဖြစ်ခဲ့သည်များကို ပြန်လည်သတိရလာလေ၏။

သူသည် အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ကွန်လုံဝမ်အား သေချာစွာ စူးစိုက်ကြည့်လိုက်ရာ တစ်ကိုယ်လုံး တုန်လှုပ်သွားလေ၏။ ဤသူသည်ကား ငါ့ကို ချောက်ကမ်းပါးပေါ်မှ တွန်းချ သတ်ဖြတ်ခဲ့သူပေတကားဟု မှတ်မိသိရှိလိုက်ပေသည်။

ဆန်ကွမ်းချီက ကွန်လုံဝမ်အား မေးမြန်းလိုက်သည်။

'ခင်ဗျားနဲ့ ကျုပ် တွေ့ဖူးပြီးပြီမဟုတ်လား'

ထိုမေးခွန်းကို ကြားလိုက်ရသောအခါ ဆန်ကွမ်းချီအား မြင်ဖူးသည်ဟု အထင်ရှိနေသည့် ကွန်လုံဝမ်မှာ သူ့အထင်မှန်သွားပြီဟု ယူဆလိုက်၏။

'အေး...ဟုတ်တယ်၊ မင်းကို ငါမြင်ဖူးတယ်လို့ပဲ ထင်နေတယ်၊ ဒါပေမယ့် ဘယ်မှာမြင်ဖူးမှန်း ငါမသိဘဲဖြစ်နေတယ်'

ဤကား ကွန်လုံဝမ် အမှန်ပြောခြင်း ဖြစ်ပေသည်။ ဝင်စစ် ဆန်ကွမ်းချီ၏ နဂိုမူလရုပ်ကိုသာ မြင်ရလျှင် ဤသူငယ်သည် ပိုင်မာစန်း သစ်တောအတွင်းရှိ ချောက်ကမ်းပါးထိပ်မှ သူတွန်းချ သတ်ဖြတ်ခဲ့သည့် သူငယ်ဖြစ်မည်ဟု သူ့အတာ မည်

www.burmeseclassic.com



ယခုမူ တာဝန်ဟိုက ချုပ်ဖျက်ပေးထားသောကြောင့် ဆန်ကွမ်းချို၏ နဂိုမူလရုပ် ပျောက်ပြီး ကွန်လုံဝမ် မမှတ်မိခြင်း ဖြစ်တော့သည်။

ကွန်လုံဝမ်က ဆက်ပြော၏။

“ငါမျက်နှာကို ပကတိအသွင်းကို မြင်ဖူးခဲ့တဲ့ လူကတော့ တစ်ယောက်ပဲရှိတယ်၊ ကျန်တဲ့လူတွေကတော့ ဘယ်သူမှ အသက်မရှည်ပါဘူး”

ယွမ်ရှောက်က ကြိမ်းဝါးလိုက်၏။

‘ကျုပ်အစ်ကိုကြီးကို ထိလို့ရမယ် ထင်ရင်တော့ ခင်ဗျားမှားလိမ့်မယ်၊ ကျုပ်မသေဘဲနဲ့ ကျုပ်အစ်ကိုကြီးကို ခင်ဗျား သတ်လို့မရနိုင်ဘူး’

သူသည် စကားဆုံးသည်နှင့် ကွန်လုံဝမ်ရှေ့သို့ ခုန်ထွက်လာပြီး ကွန်လုံဝမ်အား တရကြမ်း တိုက်ခိုက်တော့သည်။

ကွန်လုံဝမ်သည် ယွမ်ရှောက်ကို လုံးဝ အထင်မကြီးခဲ့ပေ။ သို့သော် သူ့အား တိုက်ခိုက်သည့် တိုက်ကွက်များမှာ မြင်းထန်ပြီး ကြောက်မက်ဖွယ်ရာ ကောင်းနေသဖြင့် အလွန်တရာပင် အံ့သြပြီး နောက်သို့ ခြေလှမ်းသုံးလှမ်း ဆုတ်ပေးရသည်။

နိုင်ချစ်နော်သည်လည်း အလွန်တရာ အံ့သြသွား၏။ ကွန်လုံဝမ်ကို တိုက်မည့်ဆရာတော်သည် တည်ကောင်း၊ ဂိုဏ်းချုပ်ကြီးအိုယန်လုံသည် သည်းကောင်း လက်ရည်တူ ယှဉ်ပြိုင်နိုင်ခြင်း မရှိကြပေ။ ဆန်ကွမ်းချိုတစ်ယောက်သာ အတော်ကလေး ယှဉ်ပြိုင်နိုင်သည်။ ကွန်ဂိုဏ်းတူ ညီအစ်ကိုဖြစ်တန်ရှိသော ရုပ်ဆိုးဆိုး ငါသတိမေ့မှ်းချိုကဲ့သို့ပင် ကွန်လုံဝမ်အား လက်ရည်တူ



ယှဉ်ပြိုင်နိုင်သည်ကို တွေ့ရသောအခါ သူတို့သုံးယောက်၏အသက် ရှင်ခွင့်၊ လွတ်မြောက်ခွင့်ကို ရေးရေးမျှ မျှော်တွေး၍ ရလာလေတော့၏။

ယွမ်ရှောက်သည် နဂိုကတည်းက အခုန်အပျံ သန်စွမ်းသူဖြစ်၏။ လူထူးလူဆန်းခြတစ်ဖက်ပြတ်အဘိုးအို၏ သိုင်းပညာကို သင်ယူရရှိသောအခါ၌ တွင်မူ သူ့ အခုန်အပျံများသည် ပို၍အစွမ်းထက်လာပြီး တစ်ဖက်ရန်သူအား မူးနောက်ရီဝေစေသည်အထိ တိုက်ခိုက်နိုင်စွမ်း ရှိလေ၏။

သို့သော် ယွမ်ရှောက် မရိပ်မိသည့်အချက်မှာ ကွန်လုံဝမ်၏ အတွင်းအားပညာသည် သူတို့နှင့် မနှိုင်းသာအောင် သာလွန်နေသည့် အချက်ပေတည်း။

ထို့ကြောင့် တစ်ကြိမ်တွင် ကွန်လုံဝမ်သည် သေထဲမှ ခုန်ပျံလာသော ယွမ်ရှောက်အား အတွင်းအား အပြည့်သွင်းထားသည့် လက်ဝါးဖြင့် တစ်ချက်ရိုက်ထုတ်လိုက်ရာ ယွမ်ရှောက်မှာ ကြိုးပြတ်သော စွန်ငယ်ကဲ့သို့ လွင့်စဉ်ထွက်သွားရှာလေတော့၏။

‘ညီလေး’

ဆန်ကွမ်းချိုသည် ယွမ်ရှောက် ထိသွားသည်ကို တွေ့ရသောအခါ လျှပ်တစ်ပြက် ခုန်ဝင်လာပြီး ကွန်လုံဝမ်ကို တိုက်ခိုက်လေတော့၏။

ကွန်လုံဝမ်သည် ယွမ်ရှောက် လွင့်စဉ်သွားသည်ကို တွေ့ရသောအခါ အသံမထွက်ဘဲနှယ်လျက် ဆန်ကွမ်းချိုအား လက်ညှိုး အတွင်းအားသိုင်းဖြင့် လှမ်းထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိသည် အလွန်တရာ ရဲရင့်သည်ကတစ်ကြောင်း၊ ယွမ်ရှောက်အတွက် ဒေါသထွက်နေသည်က တစ်ကြောင်းတို့ကြောင့် လက်ညှိုးအတွင်းအားသိုင်းကို မရှောင်တိမ်းတော့ဘဲ လက်ဝါးနှစ်ဖက်ဖြင့် ကဘော်ကြေးကိုက် လှမ်းဖမ်းသည်။

ဤအပြုအမူမျိုးကို တော်ရုံတန်ရုံ ထိပ်သီးသိုင်းသမားများပင် မပြုလုပ်ကြသဖြင့် ကွန်လုံဝမ်ကိုယ်တိုင် ထိတ်လန့်သွားပြီး သူ့လက်ညှိုးကို ကမန်းကတန်း ရုပ်သိမ်းလိုက်သည်။ ဤအတွက် ဆန်ကွမ်းချိ အများကြီး သက်သာရာရသွားသည်။

နိုင်ချစ်နော်သည် ဆန်ကွမ်းချိအတွက် စိုးရိမ်သွားသဖြင့် တစ်သက်လုံး ကြောက်ရွံ့ခဲ့ရသော ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်ကို နောက်ဘက်မှ ဝင်ရောက်တိုက်ခိုက်လေ၏။ ကွန်လုံဝမ်က အေးစက်စက်ရယ်ပြီး နောက်ပြန် ရိုက်ချလိုက်ရာ နိုင်ချစ်နော်သည် ပြန်လည် ရှောင်ထွက်သွားရလေ၏။

သူမအနေဖြင့် ကွန်လုံဝမ်ကို မည်သို့မျှ ယှဉ်ပြိုင်နိုင်စွမ်း မရှိပါပေ။

ဆန်ကွမ်းချိသည် နိုင်ချစ်နော် ဝင်ကူလာသဖြင့် တအားတက်သွားပြီး အပြင်းအထန် တိုက်ခိုက်ပြန်သည်။ သို့သော် အတွေ့အကြုံ ရင့်ကျက်ပြီး ပရိယာယ်ကြွယ်ဝလှသော ကွန်လုံဝမ်ကို အထက်စီးမှ မတိုက်ခိုက်နိုင်ဘဲ ရှိနေပေသည်။

နိုင်ချစ်နော်သည် အဝေးသို့ လွင့်စဉ်ထွက်သွားသည့် ယွမ်ရှောက်အနီးသို့ ပြေးသွားပြီး ကြည့်သည်။ ယွမ်ရှောက်သည် လဲကျနေရာမှ အားယူထထိုင်လျက် ရှိနေပေပြီ။



သို့သော် ချက်ချင်းလိုလိုပင် ဝေါခနဲ သွေးများ ထိုးအန်လေတော့၏။

နိုင်ချစ်နော်သည် သူမ၏ အတွင်းအိတ်ထဲမှ ဒဏ်ကြေဆေးလုံးတစ်လုံးထုတ်ကာ ယွမ်ရှောက်ပါးစပ်ထဲသို့ ထည့်ပေးလိုက်သည်။

"အဲဒါစားလိုက်၊ ဒဏ်ရာ သက်သာသွားလိမ့်မယ်၊ ရှင် အတွင်းဒဏ်ရာရနေပြီ"

ယွမ်ရှောက်သည် နိုင်ချစ်နော်၏ ကြင်နာသော အပြုအမူကို မယုံကြည်နိုင်ဟန်ဖြင့် ငေးကြည့်ပြီးနောက် ခေါင်းညိတ်ပြသည်။ ဆေးလုံးကို မျိုချလိုက်သည်။

ထိုအချိန်တွင် ဆန်ကွမ်းချိနှင့် ကွန်လုံဝမ်တို့၏ တိုက်ပွဲမှာ အရှိန်ကောင်းနေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

### လွတ်မြောက်ခွင့်ရလေပြီ

ကွန်လုံဝမ်က ရယ်ရှင်း....

'မျက်မှောက်ခေတ် ထိုင်းလောကမှာ ငါ့လက်ဝါးကို ခံနိုင်တဲ့လူ အင်မတန်ရှားတယ်၊ မင်းက အတော်ကလေး ခံနိုင်နေတယ်၊ ဒီတော့ မင်းကိုသတ်ပြီးမှ ငါစိတ်ကျေနပ်နိုင်မယ်'

သူသည် စကားဆုံးသည်နှင့် ဆန်ကွမ်းချီ၏ သေစေလောက်သည့် သေွးကြောနေရာများကိုသာ ရွေးချယ်၍တိုက်ခိုက်လေ၏။

ဆန်ကွမ်းချီမှာသိုင်းလောကအတွေ့အကြုံသိပ်ရှိသူမဟုတ်ပေ။ ယခု သူနှင့်တိုက်ခိုက်နေသူမှာ သိုင်းလောက၏ ရောဂါမကောင်း



ဆိုးဝါးကောင်ကြီးဖြစ်နေသဖြင့် ချွေးသီးချွေးပေါက် ကျသည်အထိ ပြန်လှန်ခုခံနေရသည်။ သေရေးရှင်ရေး တိုက်ပွဲကြီးအတွင်း သူ့သိုင်းကွက်များကို ပြန်လှန်စဉ်းစားနိုင်ခြင်း မရှိတော့ပေ။

ကွန်လုံဝမ်ကမူ တိုက်ရင်းခိုက်ရင်း ဆန်ကွမ်းချီ၏သိုင်းကွက်များကို လေ့လာနေ၏။ ထိုတိုက်ကွက်များကိုကြည့်ပြီး မျက်နှာအမူအရာအမျိုးမျိုးပြောင်းနေသည်။ အတန်ကြာတိုက်ခိုက်ပြီးနောက် သူ့တိုက်ကွက်များကို ရုပ်သိမ်းပြီး နောက်သို့ခုန်ဆုတ်သွားလေ၏။

'ရပ်လိုက်'

ပါးစပ်မှလည်း ကျယ်သို့အော်လိုက်သဖြင့် ဆန်ကွမ်းချီမှာ အကြောင်ကြောင်ရပ်၍ ကျန်ရစ်ခဲ့လေသည်။ ထိုအချိန်၌ နှိုင်ချစ်နေဘ်သည် ဆန်ကွမ်းချီအားသို့ ပြေးလာခဲ့ပေသည်။

ဆန်ကွမ်းချီက....

'ဘာဖြစ်လို့ တိုက်ပွဲရပ်လိုက်တာလဲ၊ ကျုပ်ကတော့ ဆက်တိုက်မှာပဲ'

ကွန်လုံဝမ်သည် နှိုင်ချစ်နေဘ်အား လှမ်းမေးလိုက်၏။

'သမီးကြီး သူ ပကတိကောင်းသွားပြီလား၊ လုံးဝအဆိပ်ပြေသွားပြီလား'

နှိုင်ချစ်နေဘ်သည် ဘာဖြေရမည်မှန်းမသိဘဲ ပေးမှန်းမသိ မည်သို့ပြောရမှန်းမသိဘဲ ဖြစ်နေသည်။

'သူ့ကို ငါမေးလို့ရမှာ....'

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်ရှင်းပြချက်ကို ကြားရသောအခါမှ နိုင်ချစ်နော် ပြန်ပြော၏။

'ဟုတ်ကဲ့….ကောင်းသွားပါပြီ၊ သူ အဆိပ်မိထားတုန်းက ဆိုရင် အခုလို သူ့ဘာသာ ဘယ်တော့မှ စကားမပြောပါဘူး'

ကွန်လုံဝမ်သည် အတွင်းဒဏ်ရာ သက်သာစေရန် ဟင်ပျဉ်ခွေ ထိုင်၍ အတွင်းအားလေ့ကျင့်နေသော ယွမ်ရှောက်ကို တစ်ချက် လှမ်းကြည့်သည်။

'ဟောဒီ ရုပ်ဆိုးဆိုးလူငယ်နဲ့ မရှိုးရဲ့သိုင်းပညာဟာ ထပ်တူ ထပ်မျှ တူညီတယ်၊ မင်းတို့သိုင်းကွက်တွေကို ငါခလ လာပြီးပြီ'

'ဘဲဒါဘာဖြစ်သလဲ'

'မင်းတို့နှစ်ယောက် တစ်ဆရာတည်း တပည့်ဖြစ်ရမယ်၊ ဂိုဏ်းရှိရင်လဲ ဂိုဏ်းတူညီအစ်ကို ဖြစ်ရမယ်'

'ဟုတ်ခဲ့တော့ကော ဘာဖြစ်သလဲဗျာ'

ကွန်လုံဝမ်သည် အဝေးမိုးကုပ်စက်ဝိုင်းဆီသို့ လှမ်းမျှော် ကြည့်ပြီး တိုးညင်းသောလေသံဖြင့် ပြောကြားလေ၏။

'မင်းတို့နှစ်ယောက်ကို ပညာသင်ပေးတဲ့ဆရာဟာ ဘယ်သူ ဖြစ်တယ်ဆိုတာကို ပြောပြပါ၊ မင်းတို့အသက်ကို ငါမသတ်ဘူး၊ ချမ်းသာခွင့်ပေးလိုက်မယ်'

ဆန်ကွမ်းချိုသည် အတန်ကြာ အတိတ်မေ့နေသော ဒဏ်ခံထားရ သဖြင့် အတွင်းအားလေ့ကျင့်မှုနည်းပါးခဲ့ရပေသည်။ ထို့ကြောင့် ယခုကဲ့သို့ အဖြင်းအထန် တိုက်ခိုက်ရသောအခါတွင် လွန်စွာ



ပင်ပန်းနွမ်းနယ်မှုကို ခံစားရ၏၊ နောက်တစ်ကြိမ်တိုက်ခိုက်လျှင် ရှုံးနိမ့်သွားနိုင်သည်ကို တွက်ချက်မိ၏။ ထို့ကြောင့် ကျိုလူဆိုး ကြီးအား ဥပါယ်တံမျဉ်ဖြင့် ဆက်ဆံမှသာ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

'ဟုတ်တယ်၊ ကျုပ်တို့နှစ်ယောက်ဟာ ဆရာတူတပည့် နှစ် ယောက်ပဲ'

'မင်းဆရာ ဘယ်သူလဲ'

'သူ့ကို ခင်ဗျား ဘယ်သိနိုင်မလဲ'

'ဘာဖြစ်လို့ မသိရမှာလဲ၊ ဟောဒီ သိုင်းလောကမှာ ကျော် ကြားတဲ့ သိုင်းသမားတိုင်းကို ငါသိတယ်၊ လူပုံပေါက်သဏ္ဍာန်ပြော ပြ၊ အဲဒီလူ ဘယ်သူဆိုတာ ငါက နာမည် ထုတ်ဖော်ပြောပြ မယ်'

ဆန်ကွမ်းချို စိတ်ထဲမှ တွေးသည်။

'ငါသာ ဆရာ့ပုံပန်းသဏ္ဍာန်ကို ထုတ်ဖော်ပြောပြလိုက်ရင် ငါ့ဆရာအတွက် ဘယ်လိုမှ ကောင်းကျိုးဖြစ်လာမှာ မဟုတ်ဘူး၊ ဆိုးကျိုးပဲဖြစ်လာလိမ့်မယ်၊ သူ့ကိုအစဉ်းစားရခက်အောင် လှည့် ပတ်ပြောထားမယ်၊ ခါမှ သူ ခေါင်းစားနေတုန်း ငါ အားမွေး ပြီး သူ့ကို ပြန်တိုက်နိုင်မယ်'

ဆန်ကွမ်းချိုသည် ကွန်လုံဝမ်၏ စကားကို စိတ်မဝင် သယောင် ဟန်ဆောင်လိုက်သည်။

'ကျုပ်ဆရာက သိုင်းလောကထဲမှာ လှုပ်ရှားမှု ဒီ ဗျ၊ ခင်ဗျားကိုပြောပြလဲ ခင်ဗျားသိမှာ မဟုတ်ပါဘူးဗျ'

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ် စိတ်မရှည်တော့ပေ။

'ပြောမှာ ပြောစမ်းကွာ၊ အဲဒီလူ ဘယ်သူဆိုတာ စဉ်းစား ရမှာက ငါ့အလုပ်ကွ'

ဆန်ကွမ်းချီသည် စကားကို တစ်ခွန်းချင်းပြောရန် စဉ်းစား ထားပြီး ဖြစ်၏။ သို့မှသာ ကွန်လုံဝမ်က တစ်ခွန်းချင်းထပ်မေး မေးလိမ့်မည်။ ထိုသို့ တစ်ခွန်းချင်း ပြောရာတွင်*ယုတ္တိရှိရန်လည်း လိုသည်။ သို့မှသာ ကွန်လုံဝမ်နှင့် အချိန်ကြာမြင့်စွာ စကား ပြောနိုင်ပြီး ကောင်းစွာ အနားယူနိုင်ပေလိမ့်မည်။

သူသည် ပိုင်မာစန်းတောင်၌ ရှိစဉ် ယမ်မှဲ့ရှောက်နှင့် အတူ ရောက်ရှိခဲ့သော မြူငွေ့များ ရစ်သိုင်းနေသည့် ကျောက်တံခါး မကြီး၊ ထူးဆန်းသော ဆေးရေအိုင်နှင့် ထူးဆန်းစွာသေဆုံး နေသည့် အလောင်းနှစ်လောင်းကို ရုတ်တရက် သတိရလိုက်မိ လေ၏။ အဘယ်ကြောင့် ဤသို့ ရုတ်တရက်*သတိရခြင်းကို သူလည်းမသိပေ။

စင်စစ် ဆန်ကွမ်းချီ သတိရခြင်းမှာ ကွန်လုံဝမ်ကြောင့်ပင် ဖြစ်သည်။ ကွန်လုံဝမ်သည် ပိုင်မာစန်းတောင်၌ ရှိစဉ်က သူ့ အား လုပ်ကြံသတ်ဖြတ်ခဲ့သည် မဟုတ်ပါလော။ ပိုင်မာစန်း ဖြူတောင်၏ အငွေ့အသက်များကို ခံစားလိုက်ရခြင်းကြောင့် ချမ်း၍ဝှက်သော အမြူငွေ့များ လွှမ်းခြုံသည့်နေရာကို ပြန်လည် သတိရလာခြင်းသာ ဖြစ်တော့သည်။

ဆန်ကွမ်းချီသည် ကောင်းကင်၌ လွင့်မျှောသွားသည့်တိမ် သဖြင့် အင် [illegible] စ်အုပ်ကို ငေးကြည့်ရင်း ခပ်ဖြည်းဖြည်း ပြောသည်။ ယခုကဲ့သို့



'ကျွန်တော်တို့ ညီအစ်ကိုကို သိုင်းပညာ သင်ပေးတဲ့ လူက တော့....'

သူသည် တစ်သက်လုံး လိမ်ညာပြောခဲ့သူ မဟုတ်ပေ။ ထို့ကြောင့် အလိမ်အညာမတတ်ခြင်းကြောင့် လိမ်ပြောမည့်စကားသို့ရောက် သောအခါ ဤသို့ တုံ့ဆိုင်းသွားခဲ့ရခြင်း ဖြစ်ပေသည်။

ကွန်လုံဝမ်သည် ဆန်ကွမ်းချီ၏ မျက်နှာရိပ် မျက်နှာကဲကို တစ်ချက်မျှမလွှတ်တမ်းအကဲခတ်နေ၏။ သူသည် သိုင်းလောက ဗဟုသုတကြွယ်ဝသူဖြစ်ရုံမက လူရိပ်လူကဲကိုလည်း နားလည်သူ ဖြစ်သည်။

သို့သော် ဤတစ်ချက်တွင်တော့ သူ လူကဲခတ် မှားသွား သည်။ ဆန်ကွမ်းချီ တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်သွားသည်ကိုကြည့်၍ ဤလူငယ်သည် သူ့ဆရာအကြောင်း မပြောချင်ဘဲ ပြောရမည် ဖြစ်သဖြင့် ဤသို့ တုံ့ဆိုင်းသွားခြင်းဖြစ်သည်ဟု မှတ်ယူသည်။

ထို့ကြောင့်....

'ပြောစရာရှိတာကို ရဲရဲသာပြောပါ၊ ငါဟာ လူတွေကို သတ်ခဲ့တယ်၊ အဆိပ်ဆေးတွေကိုသုံးခဲ့တယ်၊ ဒါပေမယ့် ငါ့ ကတိကိုတော့ ဘယ်တုန်းကမှ မဖျက်ခဲ့ဖူးဘူး၊ မင်းဆရာရဲ့မှန် သဏ္ဌာန်ကိုသာ ပြောပြပါ။ မင်းတို့ လုံးဝ ဒဏ်ရာအန္တရာယ် မဖြစ်စေရဘူး'

ဆန်ကွမ်းချီသည် အချိန်ဆွဲသည့်သဘောဖြင့် နိုင်ချုပ်နှာခ်ကို လှည့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နော်က အရေးတကြီး တိုက်တွန်းသည်။

'ရှင် မြန်မြန်သာပြောလိုက်ပါ၊ ကျွန်မရဲ့ဖခင်ဂိုဏ်းချုပ်ကြီးဟာ အင်မတန်ကတိတည်ပါတယ်၊ သူပြောခဲ့တဲ့စကားကို ဘယ်တော့မှ မပယ်ဖျက်ပါဘူး၊ မြန်မြန်သာပြောလိုက်ပါ'

ကွန်လုံဝမ်သည် အားစက်စက်ရယ်ရင်း လှမ်းပြောလေ၏။

'ဘာလဲ နင်က အသက်ချမ်းသာခွင့် လိုချင်လို့လား၊ သူဖွင့်ပြောလို့ နင့်ကို အသက်ချမ်းသာ ခွင့်ပေးမှာ မဟုတ်ဘူး၊ သူတို့နှစ်ယောက်ကိုပဲ ခွင့်ပေးမှာ'

ဆန်ကွမ်းချိုက တင်းမာစွာပြောသည်။

'ဘယ်ဖြစ်မလဲဗျ၊ သူ့ကို ကျုပ်တို့နဲ့အတူတူ ချမ်းသာခွင့်မပေးရင် ကျုပ်တို့အနေနဲ့ သေသေကြေကြေ ခုခံတိုက်ခိုက်တော့မှာပဲ၊ ဆရာ့ပုံပန်းသဏ္ဍာန်ကိုသိဖို့ဆိုတာလုံးဝစိတ်မကူးနဲ့တော့'

ဆန်ကွမ်းချို၏စကားသည် ကွန်လုံဝမ်၏အချက်ကို ထိသွား၏။ ကွန်လုံဝမ်သည် ဆန်ကွမ်းချိုနှင့် ယွမ်ရှောက်တို့၏ ဆရာသမားမည်သူဖြစ်သည်ကို အလွန်သိချင်နေသည်။ သူသည် သူ့အား အာခံသူ နိုင်ချစ်နော်ကိုမူ ခွင့်မလွှတ်လိုပေ။

ထိုအချက်ကို ဆန်ကွမ်းချို ကောင်းစွာသိရှိ၏။

'ဆရာကြီး စဉ်းစားလေ၊ ကျုပ်ကတော့ သူ့ကို ကျုပ်တို့အတူတူ မထည့်လို့ကတော့ ဘာတစ်ခွန်းမှ ပြောမှာမဟုတ်ဘူး'

ကွန်လုံဝမ်သည် အတန်ကြာစဉ်းစား၏။ ပြီးမှ....

'ကောင်းပြီ၊ ငါ့အကြောင်းနှင့်ငါမို့ လို မင်းတောင်းဆိုချက်ကို ခွင့်ပြုလိုက်မယ်၊ မင်း ပြောစရာရှိတာကိုသာ ဆက်ပြောစေတော့'



ဆန်ကွမ်းချိုက....

'ကျုပ်အနေနဲ့ စည်းကမ်းတစ်ခု ထပ်ပြောချင်ပါသေးတယ်၊ ဆရာကြီး သဘောတူရင် ကျုပ်ဆက်ပြောမယ်'

'ဘာစည်းကမ်းလဲ'

'ကျုပ်အနေနဲ့ ကျုပ်ဆရာရဲ့ ပုံပန်းသဏ္ဍာန်ကိုပဲ ပြောပြနိုင်မယ်၊ သူ့နေရပ်ကိုတော့ မပြောနိုင်ဘူး'

ကွန်လုံဝမ်၏မျက်လုံးများ အရောင်တောက်လာပြန်၏။ လူသတ်ချင်သည့် အရိပ်အယောင်များ ယှက်သမ်းလာနေသည်။

သို့သော် သူသည် သူ၏ဒေါသများကို ကောင်းစွာ သိမ်းဆည်းလိုက်နိုင်သည်။

'ကောင်းပြီ၊ ငါသဘောတူတယ်'

ဆန်ကွမ်းချိုက ခပ်ဖြည်းဖြည်းပြော၏။

'ကျုပ်တို့ကို သိုင်းပညာ သင်ပေးတဲ့လူဟာ တစ်ယောက်တည်း မဟုတ်ဘူး'

'ဘာ'

ကွန်လုံဝမ်၏အော်သံသည် မိုးခြိမ်းသံကဲ့သို့ ဟိန်း၍ထွက်သွားလေ၏။ သူ့ဒေါသကို မထိန်းနိုင်အောင် ဖြစ်လာသည်။

'ကျုပ်တို့ရဲ့ဆရာဟာ တစ်ယောက်တည်း မဟုတ်ဘူး၊ နှစ်ယောက်'

'နှစ်ယောက် ဟုတ်လား'

'ဟုတ်ပါတယ်'

'သိုင်းပညာလောကမှာ ဆရာနှစ်ယောက် တစ်ပြိုင်တည်း သင်ပေးတာ မရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့ မရှိရမှာလဲ၊ တစ်ယောက်ကဆရာ၊ တစ်ယောက်က ဆရာမပဲ'

ကွန်လုံဝမ်၏မျက်လုံးများ လွန်စွာ အရောင်တောက်လာ၏။ လွန်စွာ စိတ်ဝင်စားလာသည်။

'သူတို့က လင်မယားလား'

ဆန်ကွမ်းချီသည် အငွေ့ဖြူများ ရစ်သိုင်းနေသည့် တူးဆန်းသော ဂူကြီးထဲမှ အလင်းနှစ်လောင်း သေနေပုံကို စဉ်းစားကြည့်၏။

တစ်ဦးကိုတစ်ဦး လုပ်ကြံလားပုံအရ ဇနီးမောင်နှံ မဖြစ်နိုင်ဟု သူ ယူဆသည်။

ထို့ကြောင့်....

'လင်မယားမဟုတ်ဘူး'

'ဒါဖြင့် မောင်နှမလား'

ဆန်ကွမ်းချီသည် အပြေးအလွှား စဉ်းစားရပြန်လေ၏။ အင်း....မောင်နှမလို့ပြောရင်တော့ မှားယွင်းစရာ မရှိနိုင်ဘူးဟု တွေးတောသည်။

'ဟုတ်တယ်....မောင်နှမပဲ၊ ဒါကြောင့်မို့ ကျုပ်တို့ကို တစ်ပြိုင်နက် သင်ပေးနိုင်တာပေါ့'

ကွန်လုံဝမ် ခေါင်းညိတ်၏။ ဤသို့ အလွယ်တကူလက်ခံသွားသဖြင့် ဆန်ကွမ်းချီ ဝမ်းသာသွားသည်။

ကွန်လုံဝမ်က....

'သူတို့က မင်းတို့ကို တပည့်အဖြစ် လက်ခံလို့ မင်းတို့ကသူတို့ တပည့်လို့ ပြောတာလား'



ဆန်ကွမ်းချီက သံယောင်လိုက်၍ပြောသည်။

'သူတို့က တပည့်အဖြစ် လက်မခံပါဘူး၊ ကျုပ်တို့ကသာ ကိုယ့်ကိုပညာသင်ပေးလို့ဆရာသမားအဖြစ် မှတ်ယူထားတာပါ'

ကွန်လုံဝမ်က ဆက်ပြောသည်။

'ယောက်ျားဖြစ်တဲ့လူက အသက်လေးဆယ်ပတ်ဝန်းကျင်လောက်ရှိမယ်၊ မိန်းမဖြစ်တဲ့လူက အသက်သုံးဆယ်ပတ်ဝန်းကျင်လောက်ရှိမယ်၊ ငါပြောတာ မှန်ရဲ့လား'

ဆန်ကွမ်းချီအနေဖြင့် ခေါင်းညိတ်ပြရုံမှတစ်ပါး အခြားဘာမျှပြန်မပြောနိုင်ပေ။

အဘယ်ကြောင့်ဆိုသော် သူသည်အရိုးစုများကိုသာ တွေ့ခဲ့ရသောကြောင့်ပေတည်း။

ကွန်လုံဝမ်က....

'သူတို့ ပိုင်မာစန်းတောင်မှာ နေတုန်းပဲလား'

ဆန်ကွမ်းချီက ခေါင်းခါလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ကတိတောင်းထားပြီးပြီပဲ၊ သူတို့ရဲ့ နေရပ်ကိုတော့ ကျုပ်အနေနဲ့ လုံးဝမပြောနိုင်ဘူး'

ကွန်လုံဝမ်မှာ သူ့ကတိနှင့်သူဖြစ်နေ၍ ဆပ်မံ မတောင်းဆိုနိုင်တော့ပေ။

'ကောင်းပြီ၊ သူတို့အများဆုံး ဝတ်ဆင်တတ်တဲ့ အဝတ်အစားတွေဟာ ဘာအရောင်တွေလဲ'

ဆန်ကွမ်းချီသည် အလောင်းနှစ်လောင်း၏ အရိုးပေါ်၌ ရှိနေသည့်အဝတ်အစားများကို ပြန်လည်စဉ်းစားရပြန်သည်။

ထိုအချိန်မှာပင် ဇက်ရေသက်သာလာသည့် ယွမ်ရှောက်သည် ထိုင်ရာမှ ထလာပြီး ဆန်ကွမ်းချီ၏ဘေး၌ လာရပ်လေ၏။

ကွန်လုံဝမ်သည် ယွမ်ရှောက်ကိုကြည့်ပြီး မကျေမနပ်ရေရွတ်လိုက်သည်။

'အတော်အသက်ပြင်းတဲ့ အကောင်ပဲ၊ ထွီ'

ဆန်ကွမ်းချီသည် ယွမ်ရှောက်ကိုကြည့်ပြီး မယုတ်မလွန် ပြောလိုက်၏။

'သူတို့ဟာ သာမန်အဝတ်တွေ ဝတ်ကြတာပါပဲ၊ တစ်ခါတစ်ရံမှာတော့ အပြာရောင်နဲ့အနီရောင်ကို ဝတ်တတ်ကြပါတယ်၊ ကျုပ်သိသမျှကတော့ ဒါပါပဲ'

'ကောင်းပြီ၊ အဲဒီလူနှစ်ယောက်သာ မကယ်ရင် မှင်းဟာ ခုလောက်ဆို အရိုးဆွေးနေလောက်ပြီ'



ဆန်ကွမ်းချီသည် ကွန်လုံဝမ်၏ ပရိယာယ်ဖြင့် ပြောလိုက်သည့် ထိုစကားကို ကျောင်းစွာ ရိပ်မိ၏။

'ဟင်း....ငါသာ ဟုတ်ပါတယ်လို့ ပြောလိုက်ရင် ဒီလူနှစ်ယောက် ပိုင်မာစန်းခအောင်မှာနေတယ်လို့ ဝန်ခံရာ ရောက်သွားမှာပေါ့'

သူသည် ထိုသို့တွေးလိုက်မိသဖြင့် ခေါင်းညိတ်ခြင်း၊ ခေါင်းခါခြင်းမလုပ်ဘဲ တိတ်ဆိတ်စွာ နေလိုက်သည်။

အတန်ကြာမှ....

'ကျုပ်ဆရာတွေရဲ့ အကြောင်း ပြောပြပြီးပြီ၊ ကျုပ်တို့ သွားခွင့်ရတော့မလား'

ကွန်လုံဝမ်သည် နိုင်ချစ်နော်အား သပ်ချက်လှမ်းကြည့်ပြီး....

'သမီးကြီး....ငါ့ဆီ ခဏလျှောက်ခဲ့စမ်း'

နိုင်ချစ်နော်သည် တစ်သက်လုံးက နာခံလာခဲ့ရသည့် ကွန်လုံဝမ်၏စကားကို မပယ်ရှားဝံ့ချေ။ ထို့ကြောင့် အနီးသို့ လျှောက်သွားရ၏။

'ကျွန်မကို အသက်ချမ်းသာခွင့် ပေးတဲ့အတွက် ဖခင် ဂိုဏ်းချုပ်ကြီးကို အများကြီး ကျေးဇူးတင်ပါတယ်'

'ကောင်းပြီ၊ ကျေးဇူးတင်ရင် ငါပြောသလို လုပ်ရမယ်'

'ဖခင်ဂိုဏ်းချုပ်ကြီး အမိန့်ရှိပါ'

'နင်ဆောင်တဲ့နေရာတိုင်းမှာ အမှတ်အသား ပစ္စည်းတစ်ခုခု ချထား ....

www.burmeseclassic.com



'ဟုတ်....ဟုတ်ကဲ့'

'ကဲ....နှင်သွားနိုင်ပြီ'

နိုင်ချစ်နော် ပြန်အလှည့်တွင် သူမ၏ လက်မောင်းတစ်ဖက်၌ ထုံကျဥ်သွား၏။ ကောက်ကျစ်သော ကွန်လုံဝမ်သည် တစ်စုံတစ်ခု ပြုလုပ်သွားခဲ့လေပြီ၊ နိုင်ချစ်နော်သည် ကွန်လုံဝမ်အကြောင်း သိသဖြင့် ချက်ချင်း လှည့်လိုက်သည်။

ထိုရာတွင် ကွန်လုံဝမ်သည် အဝေးသို့ ပြေးထွက်သွားလေပြီ။

နိုင်ချစ်နော်က အော်ခေါ်လိုက်၏။

'ဖခင်ကိုကျော်ချုပ်ကြီး.... ခဏနေပါဦး၊ ကျွန်မ တောင်းပန်ပါရစေ'

ကွန်လုံဝမ်သည် အဝေးမှနေ၍ အတွင်းအားထုတ်၍ ပြောသည်။ နိုင်ချစ်နော်သာမက ဆန်ကွမ်းချီတို့ပါ ပီပီသသ ကြားလိုက်ကြရသည်။

'နင် စိတ်ချပြီးသာသွား၊ ငါ့စကားကို နားထောင်ရင် နင့်ဆီကို အဆိပ်ဖြေဆေး လာပို့မယ့်သူ အမြဲတမ်း အဆင်သင့် ဖြစ်နေလိမ့်မယ်၊ ဒါပဲ'

စကားသံဆုံးသည်နှင့်ကွန်လုံဝမ်၏ရုပ်သဏ္ဌာန်သည် မှုန်ဝါး ပျောက်ကွယ်သွားလေတော့၏။



'ဉာဏ်ကောက်ကျစ်တဲ့ အဘိုးကြီးပဲ'

ဆန်ကွမ်းချီသည် ခေါင်းတယမ်းယမ်းဖြင့်ရေရွတ်ပြီးနောက် ယွမ်ရှောက်ဘက်သို့ လှည့်လိုက်သည်။ ပခုံးပေါ် လက်တင်ပြီး ကြင်နာစွာ မေးလိုက်၏။

'ညီလေး....မင်း ဒဏ်ရာရသွားတယ်မဟုတ်လား၊ အတွင်းအား လေကျင့်ပြီး ပြန်ကောင်းလာတာလား'

'မဟုတ်ဘူး အစ်ကိုကြီး၊ သူ့ကြောင့်....'

ယွမ်ရှောက်သည် နိုင်ချစ်နော်အား မေးငေါ့ပြ၏။

'သူက ကျွန်တော့်ကို ဆေးတစ်လုံးတိုက်တယ်၊ ဒဏ်ကြေဆေးလို့ ပြောတယ်၊ စောစောက ကျွန်တော် သွေးအန်နေတာပါ၊ အခုတော့ အတော်သက်သာသွားတယ်'

ယွမ်ရှောက်သည် နိုင်ချစ်နော်အား လွန်စွာလေးစားခင်မင်သွားသည်၊ သူ့ဒဏ်ရာအား မိစတ်နာဖြင့် ကုသပေးခဲ့သူမဟုတ်ပါလော။

ဆန်ကွမ်းချီသည် သူ့အား အဆိပ်ဆေး ကျွေးခဲ့ပြီး အဆိပ်ပြယ်ဆေး ပြန်ပေးကာ ကွန်လုံဝမ်၏လက်ထဲမှ ကယ်တင်ခဲ့သည့် နိုင်ချစ်နော်အား ရန်သူအဖြစ် သတ်မှတ်ရမည်လော၊ မိတ်ဆွေအဖြစ် သတ်မှတ်ရမည်လော ဝေခွဲမရဘဲ ဖြစ်နေသည်။

နိုင်ချစ်နော်သည် ဆန်ကွမ်းချီ တွေးတောနေသည်ကို ရိပ်မိသည်။

'ကျွန်မဟာ ရှင့်ရန်သူလား၊ မိတ်ဆွေလား ရှင်မခွဲခြားတတ်ဘူးဖြစ်နေတယ် မဟုတ်လား၊ ခွဲစရာမလိုပါဘူး၊ ရှင့်စိတ်ထဲမှာ ခံစားရရင် ကျွန်မဘာသာ သွားပါတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



‘မိန်းကလေး....မင်းနဲ့ကျုပ် သဘောတူထားတဲ့ ကတိထက် ဘာမှ ပိုမလုပ်ပါနဲ့’

‘ဘာပိုလုပ်လို့လဲရှင်’

‘မင်းကို ကျုပ်ခေါ်လာတာက မင်းအစ်မနဲ့ တွေ့ဆုံဖို့သက်သက်ပဲ၊ အတိတ်မေ့ဆေးပေးတာတို့၊ အဆိပ်ဆေး ပေးတာတို့ သေဆေးပေးတာတို့ လုံးဝမပါဘူး၊ ကျုပ်လဲ ခွင့်မပြုဘူး’

အင်္ဂျီနီမိန်းကလေးက ပါးနပ်စွာ ဖြေ၏။

‘ဒါတွေ မတိုက်ရဘူးလို့ ကတိထဲမှာ မပါပါဘူး’

‘မင်းကို အသက်ရှင်လျက် ပြန်လွှတ်ပေးမယ်ဆိုတဲ့ ကတိလဲ မပါပါဘူး၊ ဒီအချက်တွေကတော့ နားလည်မှု သက်သက်သာ ဖြစ်တဲ့ ကတိခံဝန်တွေပဲ’

‘ဒါက ကျွန်မတို့ ညီအစ်မနှစ်ယောက်ရဲ့ ကိစ္စပဲ’

‘အေး....မင်းကိစ္စက မဆိုင်ပေမယ့် သူ့ကိစ္စကတော့ ကျုပ်တို့နဲ့ဆိုင်တယ်၊ မင်းအစ်မဟာ ကျုပ်တို့ရဲ့ သုံ့ပန်းပဲ၊ ကဲ... မိန်းကလေးလဲ ပြောချင်ရာတွေ အတော်ပြောပြီးပါပြီ၊ အခု အချိန်မှာ ဒီကထွက်သွားဖို့ ကောင်းနေပြီ’

‘ရှင်က ကျွန်မကိုနှင်ထုတ်တာလား’

အိုယန်ထိုက အေးဆေးစွာ ဖြေ၏။



‘မေတ္တာရပ်ခံတာပါ’

အင်္ဂျီနီ မိန်းကလေးသည် ဤအခန်းထဲရှိ လူအားလုံး သူမ၏ ပြိုင်ဘက်မဟုတ်ကြောင်း နားလည် သဘောပေါက်သည်။

‘ကောင်းပြီ၊ ဒါဆို ကျွန်မ ခုပဲ ထွက်သွားတော့မယ်၊ နားလည်မှု ကတိအရပေါ့’

အိုယန်ထုက သက်တော်စောင့် ကျိုးတာကြည်အား လှမ်း၍ အမိန့်ပေးသည်။

‘ဒီမိန်းကလေးကို လိုက်ပို့လိုက်ပါကွယ်’

အင်္ဂျီနီမိန်းကလေးသည် လှည့်ထွက်သွား၏။

ခြေလှမ်း ငါးလှမ်းသို့ လှမ်းပြီးသောအခါမှ သူမ၏ အစ်မဖြစ်သူ နိုင်ချစ်နော်ကို လှမ်းပြောသည်။

‘မမ...အသက်ရှင်သန်တာဟာ ကောင်းပါတယ်၊ ဒါပေမယ့် ဝန်ခံပြီး အသက်ရှင်နေတာကတော့ မကောင်းပါဘူး၊ မမ သဘောပေါက်ပါလိမ့်မယ်လို့ ကျွန်မ ထင်တယ်’

နိုင်ချစ်နော်က ခေါင်းညိတ်၏။

‘ညီမလေး....စိတ်သာချပါ၊ အဖေ့ကိုသာ အကြောင်းကြား ပေးပါ၊ အဖေ ကြည့်စီစဉ်ပေးပါလိမ့်မယ်’

www.burmeseclassic.com

www.burmeseclassic.com



'မင်းကို အများကြီး ကျေးဇူးတင်ပါတယ်၊ ငါတို့ဟာ မင်း ဖခင် ဂိုဏ်းချုပ်ကြီးကို လိုက်ရှာနေတဲ့လူမဟုတ်ပါဘူး၊ ကိုယ့် ကိစ္စနဲ့ကိုယ်လာရင်း ဆွမ်းခံချင်း ငှက်သင့်ခံရသလို အဆိပ် ခံလိုက်ရတာပါ၊ အခုပဲဖြစ်ဖြစ် ငါ့ညီအတွက်ရော ငါ့အတွက် ပါ ကျေးဇူးတင်ကြောင်း ပြောခဲ့ပါရစေ'

နိုင်ချစ်နော်က မျက်ရည်များ ရစ်ဝဲလျက် တီးတိုးပြော လေ၏။

'ဘိုင်း လောကမှာ ကျေးဇူးနဲ့ ရန်ငြိုးဆိုတာဆက်နွှယ် တာမဲ့လော'

လူမသည်ရှက်တရက် ခေါင်းကိုဖြတ်ပြီး အရေးတကြီးပြော လေ၏။

'လူလာနေပြီ...အမြန်ပုန်းကြ'

ဤနေရာ၌ သစ်ပင်ကြီးများသာရှိသဖြင့် သုံးယောက်အ သစ်ပင်ကြီးပေါ်သို့ ခုန်တက် ပုန်းအောင်းလိုက်ကြရသည်။

ဆန်ကွမ်းချိသည် နိုင်ချစ်နော်က ပုန်းဆို၍သာ ပုန်းလိုက် သည် အခုမောင် ဘောင်ဖမ်းမြောက်မှန်းမသိ ဆိုသကဲ့သို့ ဖြ နေ၏။ သစ်ပင် အကိုင်းအခက်များအကြားသို့ ရောက်သော အခါမှ နိုင်ချစ်နော်အား တီးတိုး မေးရလေ၏။

'အများသွားလာတဲ့ နေရာပဲ၊ ဘာဖြစ်လို့ ငါတို့ ပုန်း မှာလဲ'



'ရှင်မသိပါဘူး၊ ဒီနယ်တစ်ဝိုက်မှာ သိုင်းလောကသားတွေ ခြေချင်းလိမ်နေတယ်၊ ကြွခင်မပေါက်ကွဲသေးတဲ့ ယမ်းအိုး ကြီးလိုလဲဖြစ်နေတယ်၊ အခုလာမယ့် လူတွေဟာ ရန်သူသား မိတ်ဆွေလား ဆိုတာ ဘယ်သူမှမသိနိုင်ဘူး၊ ရှောင်ထားတာ အကောင်းဆုံးပဲ'

ဆန်ကွမ်းချိက ပြန်လှန်ပြောရန် ဟန်ပြင်နေစဉ် နိုင်ချစ်နော် က နှုတ်ခမ်းကို လက်ညှိုးဖြင့် ကန့်လန့်ကာဖြတ်ငြင်း၍ ရှူးခနဲ သတိပေးလိုက်သည်။ ထို့ကြောင့် ဆန်ကွမ်းချိလည်း နှုတ်ပိတ် သွားလေတော့၏။

၄

မကြာမီ လူလေးဦးသည် မြင်းကောင်ကြီးများကို ကိုယ်စီစီး၍ လျက် ဆန်ကွမ်းချိတို့ပုန်းအောင်းနေသည့် သစ်ပင်နှင့် မလှမ်း မကမ်းတစ်နေရာ၌ ရပ်နားလိုက်ကြသည်။

မြင်းများကိုမစီးဘဲ လက်မှဇက်ကြိုးကို ကိုင်လာသူများကို မြင်ရသောအခါ ဆန်ကွမ်းချိ အံ့ဩသွားသည်။

ရှေ့ဆုံးမှလူသည် အသက်ငါးဆယ်ခန့်ရှိပြီး မည်းနက်သော မုတ်ဆိတ်ရှည်ကြီးသည် ရင်ဘတ်အထိ တွဲလောင်းကျလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ စူးရှတောက်ပသော မျက်လုံးအစုံလည်းရှိသည်။ ထိုအချက်ကို ကြည့်ရှုမှုဖြင့် ထိုလူသည် အဆင့်မြင့် သိုင်းသမားတစ်ဦး ဖြစ်ကြောင်း ဆန်ကွမ်းချီ သဘောပေါက် နားလည်လိုက်ပေသည်။ ထိုလူကြီးတစ်ဦးသာ လက်နက်မပါချေ။ သူ့နောက်မှ လိုက်လာသည့် တခြား သိုင်းသမားသုံးဦးမှာမူ တစ်ယောက်လျှင် လက်နက်တစ်မျိုးကျ သိုင်းလွယ်သားလေ၏။

ဆန်ကွမ်းချီသည် နှင်းချပ်နေသောအား တစ်ချက် အကဲခတ်လိုက်သည်။ သူမ၏မျက်လုံးများသည် အရောင်တောက်ပလျက်ရှိပြီး ရှေ့ဆုံးမှ မုတ်ဆိတ်နှင့်လူကြီးအား မျက်တောင် မခတ်တမ်း စူးစူးစိုက်စိုက်ကြည့်နေသည်ကို တွေ့ရသည်။

မုတ်ဆိတ်ရှည်နှင့်လူကြီးသည် အရပ်လေးမျက်နှာကို လှည့်ပတ်ကြည့်ရှုပြီး ... ချွန်ပိစွာ ရယ်မောနေလေတော့၏။

'သိပ်ကောင်းတယ်...သိပ်ကောင်းတယ်'

သူတော့ ကောင်းမွန်မှန်း ဆန်ကွမ်းချီတို့ မသိပေ။ ထို့ကြောင့် ပို၍ဂရုစိုက်မိကြသည်။

'ဟေ့...ကလောင်တို့ စာချက်ပေးစမ်း'

နောက်ပါးရှိ ခပ်ယို ယို ရပ်နေသူ သုံးဦးအနက်မှ တစ်ဦးသည် မြင်းများပေါ်၌ တင်ထားသည့် သစ်သားထောက်များ သစ်ပြားများ တပ်ဆင်ပေးကြသည်။ မုတ်ဆိတ်ရှည်နှင့်လူကြီးသည် သူ၏ ရှေ့ခပ်လှမ်းလှမ်းကို ကြည့်လိုက်၊ ရေးဆွဲလိုက် လုပ်နေလေ၏။



ဤနေရာသည် ကွင်းပြင်တစ်နေမျှသာ ဖြစ်ရာ မသိသည့်တော တောင် သစ်ပင် ပန်းမာလာမျှမရှိချေ။ ပန်းချီရေးဆွဲလောက်သည့် ရှုခင်းလည်း မဟုတ်ပါချေ။ မည်သည့်အရာများ ရေးဆွဲခြင်းဖြစ်သည်ကို ဆန်ကွမ်းချီတို့လည်း လုံးဝမမြင်ကြရချေ။

သူတို့အနေဖြင့် ထိုသက်သည်း ပို၍မလှုပ်ရှားဝံ့ချေ။ လှုပ်ရှားသည်နှင့် ထိုမုတ်ဆိတ်ရှည် အုပ်စုက ရိပ်မိသွားကြပေလိမ့်မည်။

မုတ်ဆိတ်ရှည်နှင့်လူကြီးသည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်၊ စဉ်းစားလိုက်၊ ပန်းချီရေးဆွဲလိုက်ဖြင့် အလုပ်ရှုပ်နေသည်။ အတန်ကြာ ရေးဆွဲပြီးသောအခါ သစ်သားပြားပေါ်၌ ကပ်ထားသည့် ပန်းချီကားချပ်ကို ခွာယူလိုက်၏။ နောက်ပါ သုံးယောက်သည် သစ်သားပြားနှင့် သစ်သားထောက်များကို သိမ်းဆည်းလိုက်ကြ၏။

မုတ်ဆိတ်ရှည်နှင့်လူကြီးသည် မြင်းကြီးပေါ်သို့ လွှားခနဲ ခုန်တက်၍ ဦးဆောင်ထွက်သွားသောအခါမှ နောက်လိုက် သုံးဦးလည်း မြင်းကိုယ်စီစီးကာ လိုက်ပါသွားကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်ဆိတ်သွားသည့် အခါကျမှ ဆန်ကွမ်းချီတို့လည်း သစ်ပင်ကြီးပေါ်မှ ခုန်ဆင်းလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပန်းချီလက်ရာဆွဲသူကို ဆန်ကွမ်းချီ မြင်လည်းမမြင်ဖူးဘူး၊ သိလည်း မသိကျွမ်းသဖြင့်သူ့ စိတ်ထဲ၌ လုံးဝအမှတ်မထားချေ။

နိုင်ချစ်နော်၏ မျက်နှာရိပ်မျက်နှာကဲအရ ထိုလူကြီးကို သိနေပုံရသော်လည်း စကားကြောပရှည်လိုသဖြင့် ယပ်မမေးတော့ပေ။

'ညီလေးယွမ်ရှောင်၊ သွားကြစို့'

ယွမ်ရှောင်ကသူ့ အဝေးသို့ငေးမျှော်ကြည့်ပြီး ပြုံးနေသည်။ ယွမ်ရှောင် ဤသို့ပြုံးပုံကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသဖြင့် ဆန်ကွမ်းချီအလွန်အံ့ဩသွားသည်။

ထိုစဉ်သူ့အနီးသို့ နိုင်ချစ်နော်ရောက်လာသဖြင့် ဆန်ကွမ်းချီ ထိတ်ခနဲဖြစ်သွားပြီး အသင့်ပြင်ဆင်လိုက်မိ၏။

'ရှင် ဘာဖြစ်သွားတာလဲ'

'တစ်ခါသေဖူး မျဉ်ဖိုးနှားလည်ရမယ် ဆိုတာလိုပေါ့လေ၊ မြွေတစ်ခါအကိုက်ခံရတာနဲ့ ရေပုံးကြိုးကို သုံးနှစ်လုံးလုံး ကြောက်လန့်နေတယ် ဆိုတဲ့အတိုင်း မင်းရဲ့အဆိပ်ဆေးကို ငါ ကြောက်လန့်နေပါတယ်'

'ကျွန်မသာတကယ်သတ်ချင်ရင် ရှင် ဘယ်နည်းနဲ့မှ ကျွန်မကို မခုခံနိုင်ဘူးရှင့်၊ ရှင်တကယ်သိရဲ့လား'

ဆန်ကွမ်းချီက ရယ်လိုက်၏။

'မင်းရဲ့ သိုင်းပညာက ဘယ်လောက် ရှိနေလို့လဲ၊ ငါနဲ့ တကယ်တမ်းတိုက်ရင် မင်းဟာ သိုင်းကွက် ငါးဆယ်မကျော်ခင် ရှုံးနိမ့်သွားမှာ သေချာတယ်'



နိုင်ချစ်နော်သည် တခစ်ခစ် ရယ်လေတော့၏။ ဆန်ကွမ်းချီသည် အခိုးဇီမ့် အဆိပ်အပ် အထိခံထားရပါလျက် ရယ်မောနိုင်သော နိုင်ချစ်နော်၏ သတ္တိကို ချီးကျူးမိသည်။

'သိုင်းလောကထဲမှာ ကျွန်မကြောက်ရတဲ့လူ ဆိုလို့နှစ်ယောက်ပဲ ရှိတယ်၊ ဒီနှစ်ယောက်ကလွဲရင် ကျွန်မ ဘယ်သူ့မှ မကြောက်ဘူး၊ ကျွန်မလည်ပင်းပေါ် ဓားတင်ထားတာတောင် ကျွန်မ ရှောင်နိုင်တယ်လို့ ကျွန်မကိုယ်ကျွန်မ ယုံကြည်တယ်'

'ဘယ်သူတွေပါလဲ'

'ကျွန်မ ဘယ်အချိန်အထိ ချုပ်ကိုင်ထားခဲ့တယ်ဆိုတာ ရှင် မသိဘူးကိုး'

'ထားပါတော့၊ မင်းကြောက်တဲ့ လူနှစ်ယောက်အကြောင်း ပြောရအောင်၊ ပထမတစ်ယောက်ကတော့ မင်းရဲ့ မွေးစားဖခင် ကွန်လုံဝမ်ပဲ ဖြစ်ရမယ်'

'ဟုတ်တယ်၊ နောက်တစ်ယောက် ဘယ်သူဆိုတာ ရှင် သိသလား'

'ဘယ်လိုပဲဖြစ်ဖြစ် မင်းရဲ့ စကားအရတော့ ငါတို့ညီအစ်ကို နှစ်ယောက်ထဲက တစ်ယောက်မှ မဖြစ်နိုင်ဘူးမဟုတ်လား'

'မှန်တယ်၊ ရှင်တို့ညီအစ်ကိုတော့ မဟုတ်ဘူး၊ ရှင်တို့အနားမှာရှိနေတဲ့ တစ်ယောက်ပဲ'

'ဘာ...'

ဆန်ကွမ်းချီသည် ထိတ်လန့်သွားပြီး ချက်ချင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ ထိုအချိန်မှာပင် သူ့လက်မောင်း

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသော ခွေးကြောတစ်ခုမှာ ချဉ်ခနဲ ဖြစ်သွားပြီး သူ၏လက်ကောက်ဝတ်မှာလည်း နိုင်ချစ်နော်၏ လက်ထဲ၌ ဖမ်းဆီးခံလိုက်ရတော့သည်။

နိုင်ချစ်နော်က တခါခက်ရှယ်ပြီး...

‘ရှင်ဟာ သိုင်းပညာတော့ တော်ပါရဲ့၊ ဒါပေမယ့် သိုင်းလောက အတွေ့အကြုံက နည်းလွန်းမှုသေးတယ်၊ ဘယ်မှာ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်လို့လဲ’

ဆန်ကွမ်းချီမှာ နဖူး၌ ချက်ချင်း ချွေးများသီးလာလေ၏။

‘ဒီလို စဉ်းလဲမှုကတော့ သူရဲကောင်းတွေရဲ့ အပြုအမူမဟုတ်ပါဘူး’

နိုင်ချစ်နော်က ပြုံး၍ပြော၏။

‘ရှင့်ကိုယ်ရှင်ပဲ သူရဲကောင်းလို့သတ်မှတ်ထားပါရှင်၊ ကျွန်မကတော့ သူရဲကောင်းတွေလဲ မလိုချင်ပါဘူး၊ ရှင့်လိုသူရဲကောင်းမျိုးကို ဓားနဲ့ တစ်ချက်ပဲထိုးမယ်၊ ရှင်ဟာ သူရဲကောင်းတစ္ဆေဖြစ်သွားလိမ့်မယ်’

သူ၏ မျက်နှာသည် ချက်ချင်းပင် တည်ကြည်သွား၏။

‘သိုင်းလောကဟာ အင်မတန် ရှုပ်ထွေးတယ်၊ ပရိယာယ်များတယ်၊ ကောက်ကျစ်စဉ်းလဲတယ်၊ ဒါကြောင့် ကျွန်မတို့လို ပရိယာယ်သုံးတတ်တဲ့လူတွေအဖို့ လှုပ်ရှားသွားလာတဲ့အခါမှာ အားကောင်းတယ်၊ သေရေးရှင်ရေးတိုက်ပွဲတွေမှာ သိုင်းပညာသာ မကဘူး၊ ရန်သူရဲ့ ကောက်ကျစ်စဉ်းလဲမှုကို တည့်တွက်ရတယ်၊



ရှင့်လို အတွေ့အကြုံကြောင့် သူ့အဖို့ သိုင်းလောကဟာ အင်မတ ဘေးရန်အန္တရာယ် များပါတယ်’

ဆန်ကွမ်းချီမှာ ဒေါသဖြင့် ပြန်ဒေါ်မိသည်။

‘မင်းက ငါ့ကို ဆုံးမနေတာလား’

နိုင်ချစ်နော်က ခေါင်းညိတ်၏။

‘ရှင့်ကို ဆုံးမနေတာပေါ့၊ တစ်ကြိမ်မှားဖူးရင် တစ်ကြ သင်ခန်းစာ ရတာပေါ့၊ ရှင်ဟာ နှစ်ကြိမ် နှစ်ခါ မှားပြီး ဒီတစ်ကြိမ် သင်ခန်းစာရလိုက်တဲ့အတွက် ရှင်ဟာ လူ့လော ကြီးထဲမှာ အနှစ်သုံးလေးဆယ်လောက် ပိုပြီး အသက်ရှည် နေနိုင်လိမ့်မယ်’

ဆန်ကွမ်းချီမှာ မချိမဆံ့ ဖြစ်သွားသည်။ သို့ေ သူသည် သူ့အား သိုင်းပညာ သင်ပေးခဲ့သည့် အဘဆရာကြ မှာကြားချက်များကိုလည်း သတိရလာလေ၏။

‘လူလေး...သိုင်းလောကဟာ အင်မတန် ရှုပ်ထွေး ေ တယ်၊ သမုဒ္ဒရာလိုပဲ ရှုပ်ထွေးတယ်၊ ကောက်ကျစ်ရက်စ တွေ့လို့ သိမ်မွေ့ပြားတယ်၊ မင်းလိုရိုးသားပုံမျိုးနဲ့တော့ ပေါက်ကိုလှုပ်ပါဘူးကွယ်’

မှန်လှသည်။ သူသည် အဘဆရာကြီး ထွက်ခွာသွားပြီး နောက် သိုင်းလောကထဲသို့ မဝံ့မရဲလှမ်းတဲ့ ဝင်ရောက်လာခ သူသည် တစ်ကြိမ်တစ်ခါမဟုတ် နှစ်ကြိမ်နှစ်ခါပင် လူ့တစ် လည်းဖြားယောင်းမှုကို ခံခဲ့ရပေသည်။ အဘဆရာကြီး၏ စကားသည် သူ့အတွက် သွေးထွက်အောင် မှန်နေပါပေ

www.burmeseclassic.com

www.burmeseclassic.com



ဆန်နကွမ်းချီသည် နိုင်ချစ်နော်အား မာခါထန်ထန်ပင် ပြန်ပြောလိုက်လေ၏။

'ငါက သေရေးရှင်ရေးကို ဂရုမစိုက်ဘူး၊ ငါ့ကို ဆုံးမနေဖို့လဲ မလိုဘူး'

နိုင်ချစ်နော်က....

'လူတစ်ယောက်ဟာ တစ်သက်မှာ တစ်ခါပဲ သေကြရတာပါ'

သူမသည် ဆန်နကွမ်းချီ၏ သွေးကြောများကို ပြန်ဖွင့်ပေးလိုက်ပြီး ဖမ်းကိုင်ထားသည့် လက်ကောက်ဝတ်ကိုလည်း လွှတ်ပေးလိုက်လေ၏။

## အခန်း (၇၅)

### အဘဆရာကြီး၏ လက်ဆောင်

'တစ်သက် တစ်ဘဝ နေကြရပေမယ့် ဘယ်သူမဆို ကိုယ့်အသက်ကို အချည်းအနှီး မသေချင်ကြပါဘူး၊ အလှူးသဖြင့် သူတစ်ပါးရဲ့ လှည့်စားမှုကြောင့် ပိုမသေသင့်ပါဘူး၊ ကဲ... ကျွန်မသွားတော့မယ်'

နိုင်ချစ်နော်သည် ဆန်နကွမ်းချီအတွက် တန်ဖိုးရှိသောစကားကို နောက်ဆုံး ပြောဆိုပြီးနောက် လေးဟန်သော ခြေလှမ်းများဖြင့် ထွက်ခွာသွားရှာတော့သည်။

ထိုအချိန်၌ လေရူးတသုန်သုန် တိုက်ခတ်နေသဖြင့် နိုင်ချစ်နော်၏ အင်္ကျီလက်စများသည် တဖျပ်ဖျပ် ခါယမ်းလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ငှက်အုပ်ထဲမှ နှင်ထုတ်ခံရသော ငှက်ငယ်မာ ... ကောင်တည်း ပျံထွက်သွားသလို တစ်ဦးတည်း ထွက်ခွာသွား ... မနေတော့သည်။

ဆန်ကွမ်းချိုသည် အဖော်မပါ တစ်ကိုယ်တည်း ထွက် ... သွားသည့် နိုင်ချစ်နော်အား ကြည့်ပြီး ရင်ထဲ၌ တလှပ် ... ခံစားလာရလေ၏။ သူ၏ ဒိဋ္ဌိထဲ၌ ကြင်နာသနားစိတ် ... တဖွားဖွား ပေါ်လာလေတော့သည်။ ထို့ပြင် သူမသည် ... အမေပါ မည်သို့ စေတနာထားသည်ကို လက်တွေ့ ပြသခဲ့ ... သည် မဟုတ်ပါလော။

'မင်း ဘယ်သွားမလို့လဲ'

ဆန်ကွမ်းချိုသည် လိုက်လံ၍ လှမ်းအော်လိုက်မိတော့သ ...

နိုင်ချစ်နော်သည် ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး ... ညင်သာစွာ လှည့်မေးလေ၏။

'ရှင်က ဘာလုပ်မလို့လဲ'

'မင်းကို ကျွန်လုံဝမ်က သူ့လက်အောက်က နှင်ထုတ် ... ပြီပဲ၊ ဘယ်ကိုသွားမှာလဲ'

နိုင်ချစ်နော်သည် အဝေးသို့ ငေးမျှော်ကြည့်ပြီး ဖြည် ... စွာ ပြောသည်။

'ကမ္ဘာလောကကြီးက အကျယ်ကြီးပါ၊ ကျွန်မလို ... ကျွန် မိန်းကလေးတစ်ဦးအဖို့ သွားစရာနေရာ မရှား ...

'ဒီလိုလဲ ဘယ်ဟုတ်မလဲ၊ ငါတို့နဲ့ အတူတူသွားရင် ... ငါတို့ စောင့်ရှောက်နိုင်ပါလိမ့်မယ်'



နိုင်ချစ်နော်က ကြေကွဲသော အပြုံးကလေးဖြင့် ပြန်ပြော လိုက်၏။

'ကျွန်မကို စောင့်ရှောက်မယ့်အစား ရှင်တို့ကိုယ်ကို ရှင်တို့ စောင့်ရှောက်ပါ။ အဲဒီလိုပြောလို့ ကျွန်မကို စိတ်မဆိုးပါနဲ့၊ ရှင်တို့ဟာ အင်မတန် ရိုးသားနေကြတယ်၊ ဒီလို ရှုပ်ပွေထွေး သိုင်းလောကနဲ့ မအောင်စပ်လို့ ဒီစကားကို ပြောတာပါ'

'ငါတို့ ညီအစ်ကိုနှစ်ယောက် ဆိုရင်တော့ ဘာပဲဖြစ်ဖြစ် မင်းကို စောင့်ရှောက်နိုင်မယ်လို့ ယုံပါတယ်လေ'

နိုင်ချစ်နော်က လေးလေးနက်နက် ပြောလေ၏။

'ရှင်တို့ရဲ့ သိုင်းပညာက တကယ်ကောင်းပါတယ်၊ ဒါပေမယ့် ကျွန်မမွေးစားဖခင်ကြီးက သူ့အတွင်းအား ထုတ်သုံးရင် တော့ ကျွန်မတို့သုံးယောက်စလုံး ခုခံလို့ မရနိုင်ဘူး၊ အခု ကျွန်မမှာ အရိုးစိမ့်အဆိပ်အပ် ဝင်နေပြီ၊ ဒါကို ရှင်တို့ နုတ် ပေးနိုင်မလား'

ဆန်ကွမ်းချို အကျဉ်းအကျပ် ကျသွားသည်။ ဘာမှမပြော နိုင်တော့ပေ။

နိုင်ချစ်နော်က သက်ပြင်းကို လေးပင်စွာ ချလိုက်၏။

ထို့နောက် ဆန်ကွမ်းချိုတို့အနီးသို့ ပြန်လျှောက်လာသည်။

'ဟော ဒီနေရာကို ဗဟိုပြုပြီး ဆယ်မိုင်အတွင်းမှာ သွေး မြေကျ တိုက်ပွဲကြီးဖြစ်လိမ့်မယ်၊ ရှင်တို့ကို ကျွန်မ အကောင်း ဆုံး အကြံပေးလိုက်ပါမယ်၊ ရှင်တို့ ဒီနေရာက အမြန်ဆုံး ထွက် သွားကြပါ'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နေဘ်က လေးလေးနက်နက် ပြောနေသဖြင့် ဆန်ကွမ်းချီ အံ့ဩနေမိသည်။

'မင်း ဘယ်လိုလုပ်သိသလဲ'

နိုင်ချစ်နေဘ်က ဟက်ခနဲရယ်လိုက်လေ၏။

'ခုနကလေးတင် လူလေးယောက် ရောက်လာကြတယ်၊ အဲဒီလေးယောက်ထဲက ခေါင်းဆောင်လုပ်တဲ့လူကို ရှင်တို့ သတိပြုမိကြသလား'

'မုတ်ဆိတ်ရှည်ကြီးနဲ့လူကြီးလား၊ သူ ပန်းချီဆွဲသွားတယ်လေ၊ အဲဒီလူ သိုင်းပညာတတ်တယ်ဆိုတာတော့ ငါလဲ ရိပ်မိပါတယ်၊ အဲဒါ ဘာဖြစ်သလဲ'

နိုင်ချစ်နေဘ်က ဆန်ကွမ်းချီအား သနားသလို ရယ်လိုက်၏။

'သိုင်းလောကထဲဝင်ရင် ဒီလို ပေါ့ပေါ့ဆဆ ဘယ်တော့မှ သဘောမထားရဘူး၊ မျက်စိကို ဖွင့်ထားရမယ်၊ အရာရာကို စူးစမ်းရမယ်၊ တွေ့သမျှအရာတွေဟာ ကိုယ့်ကို အန္တရာယ်ပြုနိုင်မပြုနိုင် စစ်ဆေးရမယ်၊ ရှင်တို့လို အေးအေးဆေးဆေး နေချင်တဲ့စိတ်မျိုးနဲ့ သိုင်းလောကထဲဝင်လာတာကတော့ ကိုယ့်ကိုယ်ကို သေကြောင်းကြံတာနဲ့ အတူတူပါပဲ'

ဆန်ကွမ်းချီက သက်ပြင်းချ၍ ပြော၏။

'မင်းပြောတဲ့အရာရာကို သံသယစိတ်နဲ့ကြည့်နေရင် တစ်စက္ကန့်တစ်မိနစ်တောင် ဘယ်လိုလုပ် အေးအေးချမ်းချမ်း နေနိုင်တော့မှာလဲ'



'အဲဒါပြောတာပေါ့၊ အချိန်တိုင်း အေးအေးချမ်းချမ်းနေချင်ရင် သိုင်းလောကနဲ့ရှင် မအောင်မြင်တော့ဘူးလို့မှတ်ပါ၊ ဒါပေမယ့် အရာရာကို သံသယစိတ်နဲ့ကြည့်ဖို့ ပြောတာမဟုတ်ပါဘူး၊ သဘာဝမကျတာကိုတော့ သံသယစိတ်နဲ့ ကြည့်သင့်ပါတယ်၊ စောစောက မုတ်ဆိတ်နဲ့လူကြီးက ဒီမှာလာပြီး ပန်းချီဆွဲတယ်၊ ဒီနေရာမှာ ပန်းချီဆွဲလောက်အောင် လှပတဲ့ရှုခင်းများ ရှိနေသလား'

ဆန်ကွမ်းချီသည် ပန်းချီကားချပ်၌ ဆိုးရွားသောအစီအစဉ်များရှိနေကြောင်းရိပ်မိလာသည်။ သူမထံမှ အကျိုးအကြောင်းသိအောင် အလိုက်သင့်အလျှားသင့် ပြောမည်ဟု ဆုံးဖြတ်လိုက်သည်။

'ဟုတ်တယ်၊ ဒီပတ်ဝန်းကျင်မှာ ပန်းချီဆွဲလောက်အောင် လှပတဲ့ရှုမျှော်ခင်းဆိုလို့လုံးဝမရှိဘူး၊ ဒါပေမယ့် ဟိုရှေ့က ကျွင်းပြင်ကြီးရယ် တိမ်ဖြူဖြူ အုပ်စုကြီးတွေကိုတော့ ပန်းချီဆွဲမယ်ဆိုရင် ဆွဲနိုင်လောက်ပါတယ်'

'ရှင် ကြံဖန်ပြီးပြောနိုင်တာကိုတော့ ချီးကျူးရမှာပဲ'

သူမသည် ဆန်ကွမ်းချီပြသည့် ကွင်းပြင်နှင့် တိမ်ဖြူဖြူအုပ်စုများကို ငေးမောကြည့်ပြီး ခပ်တိုးတိုးပြောလေ၏။

'ကျွန်မဟာ သိပ်အသက်ရှည်ရှည် နေရတော့မှာ မဟုတ်တဲ့အတွက် ကျွန်မသိသမျှ ရှင့်ကို ပြောပြခဲ့ပါမယ်၊ ကျွန်မရဲ့ မွေးစားမခင်ကြီးက ရှင်တို့နှစ်ယောက်ကို သာသာခဲခဲနဲ့အသက်ချမ်းသာခွင့် ပေးခဲ့တယ်လို့ ထင်သလဲ'

www.burmeseclassic.com



'သူနဲ့ငါ အပေးအယူလုပ်ခဲ့ကြတာ မင်းအကြားပဲလေ၊ ဒီကတိအတိုင်း သူက ငါ့တို့ကို လွှတ်လိုက်တာ မဟုတ်ဘူးလား'

'ရှင်တို့က ရိုးရိုးသားသား စဉ်းစားကြတာကိုး၊ အမှန်ကတော့ ဒီလိုမဟုတ်ဘူးရှင့်၊ ရှင်တို့ကို အလကား အသက်ချမ်းသာခွင့်ပေးတာ မဟုတ်ဘူး၊ ရှင်တို့ကို ဒီမှာက တမင်လွှတ်ပေးလိုက်တာပါ၊ ရှင်တို့နောက်က သူဟာ အရိပ်လို လိုက်နေလိမ့်မယ်၊ သူတွေ့ချင်တာ ဘယ်သူလဲဆိုတာတော့ ကျွန်မမသိဘူး၊ ဒါပေမယ့် ရှင်တို့ဟာ အဲဒီလူဆီသွားလိမ့်မယ်လို့ ကျွန်မဖခင်ကြီးက တွက်ထားတယ်၊ ရှင့်နောက်ကလိုက်ရင် သူတွေ့ချင်တဲ့လူကိုတွေ့ရလိမ့်မယ်လို့ မျှော်လင့်ထားတယ်၊ တကယ်တော့ ရှင်တို့နဲ့ယောက်ဟာ ငါးစာသက်သက်ပါပဲ၊ ကျွန်မဖခင်ကြီးဟာ ငါးသေးသေးကလေး မလိုချင်ဘူး၊ ငါးအကြီးကြီးကို လိုချင်နေတယ်'

ဆန်ကွမ်းချိက ပွင့်လင်းစွာ ပြန်ပြောသည်။

'မှန်ပါတယ်၊ ငါဟာ ဘယ်တော့ဖြစ်ဖြစ် ကိုယ့်စိတ်နဲ့နှိုင်းပြီး တွေးလေ့ရှိပါတယ်၊ ဒါကြောင့်လဲ သူတစ်ပါးရဲ့ လှည့်စားမှုကို အကြိမ်ကြိမ်ခံခဲ့ရတာပါ၊ ဒီကွန်လှိုဝမ်ဆိုတဲ့ မင်းရဲ့မွေးစားဖခင်ကိုတော့ ငါ လုံးဝ အယုံအကြည်မရှိပါဘူး၊ ဒါကြောင့် သူ့ကိုလဲ ငါတောင်နိုင်သမျှ လှည့်စားထားခဲ့ပါတယ်၊ အဲဒါကတော့ ယုံပါ'

'ကျွန်မ ပြောတဲ့အချက်ကို စဉ်းစားထားနိုင်တယ် ဆိုရင်တော့ မဆိုးပါဘူး၊ သူတွေ့ချင်တဲ့လူကို မတွေ့ရမချင်း ရှင်တို့ကိုတော့ သူ အန္တရာယ်ပေးဦးမှာမဟုတ်ပါဘူး၊ အဲဒီလူကို သူ ရှာတွေ့ပြီဆိုရင်တော့ ရှင်တို့သေပြီသာ မှတ်ကြပါတော့ရှင်'



ဆန်ကွမ်းချိသည် သူတို့အား စေတနာ အပြည့်အဝဖြင့် ပြောကြားနေခြင်းဖြစ်ကြောင်း တစ်ကြိမ်သက်တစ်ကြိမ် ဆန်ကွမ်း ပို၍နားလည်လာသည်။

'မင်းဟာ တကယ်တော်ပါတယ်၊ စဉ်းစားဉာဏ်ကောင်းရင် အဲဒီကောင်းပါတယ်၊ ဟစ်ခုပဲ ငါစဉ်းစားလို့မရဘူး၊ ဒီလိုကောင်မလေးက ရက်စက်ကောက်ကျစ်တဲ့ မကောင်းဆိုးဝါးလိုကောင်ရဲ့ လက်အောက်က ရှန်းမထွက်တာလဲဟင်'

နိုင်ချစ်နေဘက မချိပြုံး ပြုံးရင်း....

'ရှင်က ကျွန်မကို သစ္စာဖောက်နိုင်းတာပေါ့နော်၊ ဟုတ်လား'

'ဖောက်ခိုင်းရမှာပေါ့၊ သူဟာ ကိုယ့်အပေါ်မှာ သစ္စာရှိရှိတာနေ့သိသိ အမှုထမ်းခဲ့တဲ့ မွေးစားသမီးကိုတောင် လုံးဝ ယုံကြည်မှုမရှိဘဲနဲ့ သေဒဏ်ပေးဖို့ ကြံခဲ့တာပဲ'

နိုင်ချစ်နေဘက ရယ်လိုက်သည်။

'ဒါကတော့ ကျွန်မတို့ဖခင်ကြီးရဲ့အကျင့်စရိုက်ကို ရှင်မသိလို့ပါ၊ သူဟာ မွေးစားသမီးကိုမပြောနဲ့ သူ့သမီးအရင်းရှိတယ်ဆိုရင်တောင် အဲဒီသမီးအရင်းကို ယုံမှာ မဟုတ်ပါဘူး၊ ကိုယ်ကကျူးရင် ကိုယ့်ဒူးကိုတောင် မယုံရဘူးဆိုတဲ့စကားကို လက်ကိုင်ထားတဲ့လူမျိုးပါ'

သူသည် ခေတ္တနားပြီး ဆက်ပြောသည်။

www.burmeseclassic.com

'ကျွန်မဟာ ရှေ့ခြေလိုက်ပြီး ရက်စက် ကြမ်းကြုတ်သလို ဆိုခဲ့သေမယ့် တကယ်တော့ ကျွန်မဟာ အဲဒီလောကအသည်း ကတဲ့လူမဟုတ်ပါဘူးရှင်၊ ဒါကြောင့်လဲ ဒီဂိုဏ်းထဲက ကိုယ့် သွားကိုယ် ရှန်းထွက်ဖို့ကြိုးစားနေခဲ့တာပါ၊ ကိုယ့်ဘာသာ တော့ ကြိုးစားတယ်ပြောလို့လဲ ကျွန်မဘို ကိုယ့်ကိုယ်ကို အထင် ခွင့်ပေးချည်လားလို့ မထင်ပါနဲ့၊ ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်ရဲ့ တော့ပါ၊ ဘက်က ရှန်းထွက်ချင်ရင်တခြားသူ ဝင်ကူလို့မရလို့ပါ သူတွေဒီလောကတော့ဘဲလား ဟင်'

မယ့် စောစောက ရှင်တို့အမြင်ပဲလေ၊ ကျွန်မကိုခွင့်လွှတ်သလိုလို တဲ့ အဆိပ်အပ်နဲ့ပစ်သွားတာ၊ ကဲ...ဒါတွေထားလိုက်ပါတော့ လေ၊ သိုင်းအကျော်အမော် မြောက်မြားစွာဟာ ဒီဆယ်မိုင် အတွင်းမှာ အလောင်းချင်း ထပ်တော့မှာ သေချာပါတယ်၊ ဒါကြောင့်မို့ သိုင်းလောကသားတွေ အပေါ်မှာ ကြင်နာ တနာတဲ့နှလုံးသားရှိတယ်ဆိုရင် ရှင်တို့ဟာ တခြားကိစ္စတွေကို အသာဘေးဖယ်ထားပြီး ဒီသတင်းကို အမြန်ဆုံး ကျွန်လုဂိုဏ်း ဆီကို အကြောင်း ကြားသင့်ပါတယ်၊ ဒီမြေပြင် ဆယ်မိုင် အတွင်းကို သိုင်း အကျော် အမော်တွေ ဝင်မလာအောင် အကြောင်းကြားပေးပါလားရှင်'

ဆန်ကွမ်းချီက စဉ်းစဉ်းစားစား ပြောလေ၏

'ဒီလို အကြောင်းကြားပေးဖို့ မခက်ပါဘူးဗျာ၊ ခက်တာ က...'

'ဘာများ ခက်နေလို့လဲ'



'ခက်တာက ဒီဆယ်မိုင်အတွင်း ဘာကြောင့် အလောင်း ချင်းထပ်မယ်ဆိုတာကို ကျွန်လုဂိုဏ်းသားတွေယုံအောင် ရှင်း ပြရဦးမှာပေါ့၊ ဒီအကြောင်းကို ငါက ဘယ်လိုရှင်းပြရမှာလဲ'

နိုင်ချစ်နော် ငြိမ်သက်စွာနားထောင်နေသည်။ ဆန်ကွမ်း ချီက ဆက်မပြောလေ၏

'မင်းသာ တကယ်တမ်း ကယ်တင်စေချင်တဲ့ဆန္ဒရှိရင် အဲဒီ အကြောင်းတွေကိုရှင်းပြသင့်ပါတယ် ရှင်းပြသင့်တယ်လို့တော့ မင်း မယူဆမိဘူးလား'

နိုင်ချစ်နော် ခေါင်းညိတ်လေ၏

'ဒီစကားလဲမှန်တာပဲ၊ ကောင်းပြီ၊ ကျွန်မ အစအဆုံးရှင်းပြ လိုက်ပါမယ်'

'ကောင်းပါလေ့ရဲ့၊ ဆက်ပြောပါ'

'ကျွန်မရဲ့ မွေးစားဖခင် လက်အောက်မှာ သိုင်းအကျော် အမော်တွေ အများကြီးရှိပါတယ်၊ ဒါပေမယ့် သူတို့ထဲမှာ ခေါင်ခေါင်မြည် အထူးချွန်ဆုံး ဆိုတဲ့ ပုဂ္ဂိုလ်ကတော့ နှစ် ယောက်ပဲရှိပါတယ်'

'ငါ နည်းနည်းပါးပါးရိပ်မိပါပြီ၊ အဲဒီ နှစ်ယောက်ထဲမှာ မစောစောက မှတ်ဆိတ်ရှည်ကြီး ပါတယ်မဟုတ်လား'

'သိပ်သေချာတာပေါ့၊ ပထမတစ်ယောက်က အဆိပ်လက် နက်မျိုးစုံကျွမ်းကျင်တဲ့ အဘိုးအိုဖြစ်ပါတယ်၊ အဲဒီအဘိုးအိုကို ခုထက်ထိ ကျွန်မမမြင်ဖူးသေးဘူး၊ ဒုတိယတစ်ယောက်ကတော့ စောစောက မုတ်ဆိတ်ရှည်ကြီးပါပဲ၊ သူဟာစွယ်စုံပညာရှင်ပါ၊

www.burmeseclassic.com

www.burmeseclassic.com



အတတ်မျိုးစုံတတ်တယ်၊ ကျွန်မတို့ရဲ့ ဌာနချုပ်ပုံစံကို သူကိုယ်တိုင် ရေးဆွဲတည်ဆောက်တာပေါ့၊ သူဟာ အထူးသဖြင့် မီးကို အသုံးများတယ်၊ သူဟာ ဒီလို ကွင်းခေါင်ခေါင် နေရာမျိုးရောက်အောင်လာပြီး ဘာဖြစ်လို့ ပန်းချီရေးဆွဲတာလဲ၊ သူဟာ အကြောင်းမရှိဘဲ အပြင်ထွက်လေ့ မရှိပါဘူး၊ ဒီတော့ ဒီနေရာဟာ အန္တရာယ်စက်ကွင်းဖြစ်တယ်ဆိုတာ အထင်မမှားဘဲနဲ့ သိနိုင်တော့တာပေါ့'

'သူက ဒီဆယ်မိုင်လောက်ကျယ်ဝန်းတဲ့ မြက်တော ကွင်းပြင်ကြီးကို မီးပင်လယ်ဖြစ်အောင်များ လုပ်တော့မလို့လား'

'သူ့မှာ ဒီလိုနေရာမျိုးကို မီးပင်လယ်ဖြစ်အောင် လုပ်နိုင်စွမ်းရှိတယ်မရှိဘူးဆိုတာတော့ သူမှတပါး တခြားဘယ်သူမှ သိမှာမဟုတ်ဘူး၊ အဲ...ကျွန်မရဲ့ မွေးစား ဖခင်ကြီးကတော့ သိချင်သိမှာပေါ့လေ၊ ဒီနေရာကိုလာပြီး ပန်းချီဆွဲ ရေးမှတ်သွားခြင်းရဲ့ လက္ခဏာကတော့ လက္ခဏာကောင်း မဟုတ်ပါဘူး၊ နောက်အဓိကချက်က သူဟာ ဒီမြက်ဝန်းကျင်ကို အတော်သဘောကျသွားတယ်၊ ဒီနေရာမှာ သူဟာ သင်ခုနှခုတော့ ထောင်ချောက် ဆင်မှာ သေချာပါတယ်'

'ဒီစကားကို ကျွန်ုပ်လုကိုဏ်းချုပ်ကြီးက ယုံပါ့မလား'

'သူ ယုံတာမယုံတာက သူ့အပိုင်းပါ၊ တစ်ခုတော့ရှိတယ်၊ ဂိုဏ်းကြီးတစ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်လာတဲ့ပုဂ္ဂိုလ်တိုင်း နယ်နယ်ရရပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ သူတို့ဟာ စဉ်းစား ဆင်ခြင်ဉာဏ် အမြော်အမြင်ပြည့်ဝပြီး သိုင်းပညာသဲ အခွင့်မသာ ဘော်လို့သာ



ဂိုဏ်းချုပ်ဖြစ်လာကြတာပေါ့၊ ကျွန်မအနေနဲ့ကတော့ ကျွန်မ စိုးရိမ်တဲ့ အချက်ကို ရှင်းလင်းပြောပေးရင်ပြီးတာပါပဲ၊ ကျွန်မရဲ့ စေတနာ ပေါ်လွင်ဖို့လို့ ဆိုနိုင်ပါတယ်၊ ဒီအတွက်တော့ ကျွန်မမှာ ဘာအကျိုးအမြတ်မှ ရှိတာမှ မဟုတ်ဘဲရှင်၊ ကျွန်မ ရနိုင်တဲ့ဘွဲ့ကတော့ သစ္စာဖောက်ဆိုတဲ့ ဘွဲ့ပဲဖြစ်နိုင်ပါတယ်'

နိုင်ချစ်နေဘ်သည် စကားဆုံးသည်နှင့် ချက်ချင်း လှည့်ထွက်သွားတော့သည်၊

ဆန်ကွမ်းချိက အလန့်တကြား လှမ်းခေါ်၏၊

'မိန်းကလေး...မင်းဘယ်သွားမလို့လဲ'

'ရှင်...ဒါပဲ ထပ်မေးစရာကိုး၊ ကျွန်မ ပြန်ရတော့မယ်လေ ယပ်နေပြီ'

ဆန်ကွမ်းချိ လက်လျှော့လိုက်တော့သည်၊

'ကောင်းပါပြီဗျာ...မင်းစိတ်ကြိုက်တာ သွားပါတော့၊ ငါက စေတနာထားတာပါ'

နိုင်ချစ်နေဘ်သည် ဆန်ကွမ်းချိကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်ပြီးနောက် သစ်ပင် ထူထပ်သည့်ဘက်သို့ ထွက်ခွာသွားတော့သည်၊ ဆန်ကွမ်းချိမှာ ဘာကိုပြင်းချပြီး ကြည့်နေရုံမျှမှတပါး ဘာမျှမတတ်နိုင်တော့ပေ၊ နောက်ဆုံး နိုင်ချစ်နေဘ် ပျောက်ကွယ်သွားသောအခါမှ ယွမ်ရှောက်ဘက်သို့ လှည့်လိုက်ရတော့သည်၊

ယွမ်ရှောက်သည် ကွန်လုံဝမ်၏လက်ချက်ကြောင့် ဒဏ်ရာရခဲ့ပြီး ဒဏ်ကြေဆေး၏အစွမ်းဖြင့် သက်သာရာ ရခဲ့သော်လည်း လုံးဝမပျောက်ကင်းသေးသဖြင့် တင်ပျဉ်ခွေထိုင်ကာ အတွင်း

www.burmeseclassic.com

www.burmeseclassic.com



အား လေ့ကျင့်နေခဲ့ပေသည်၊ ထို့ကြောင့် ဆန်ကွမ်းချိုနှင့် နိုင်ချစ်နော်တို့ ပြောနေသည့် စကားဝိုင်းအတွင်းသို့ လုံးဝ မပြောနိုင်ခဲ့ခြင်း ဖြစ်သည်၊

ဆန်ကွမ်းချိုက....

'ညီလေး ယွမ်ရှောက်၊ ဒဏ်ရာ မသက်သာသေးဘူးလား'

ယွမ်ရှောက်၏မျက်လုံးများ ပွင့်လာ၏၊ သူသည် ရှန်းကန် ရှန်ထာဗိုက်၏၊

'အစ်ကိုကြီး....ယွမ်ရှောက်ကို ခေါ်သလား'

'အေး....ငါတို့ သွားဖို့သင့်ပြီ၊ မင်းအတွင်းအား လေ့ကျင့် နေတာလား'

'ဟုတ်ကဲ့'

သူသည် မျက်လုံးဖြင့် ဟိုဟိုသည်သည် လျှောက်ကြည့်နေ သည်၊ အတန်ကြာမှ....

'အစ်ကိုကြီး....ဟို....ဟို....'

ဆန်ကွမ်းချိုသည် ယွမ်ရှောက်၏မျက်နှာကို သေချာစွာ စူး စိုက်ကြည့်မိ၏၊ ကြောက်လန့်သလိုလို၊ ရှက်ရွံ့သလိုလို အမူအရာ မျိုး တွေ့နေရသဖြင့် လွန်စွာအံ့ဩမိသည်၊ ဤအမူအရာမျိုးကို ယွမ်ရှောက်၏မျက်နှာပြင်ပေါ်၌ တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ရ ဘူးချေ၊

'ဘာလဲညီလေး....ပြောပါ၊ ရဲရဲပြောပါ'

'ဟို....ဟို....အင်္ကျီဖြူနဲ့ မိန်းကလေး'

'သူ ထွက်သွားပြီ'



ယွမ်ရှောက်၏ မျက်နှာ၌ စိတ်ဆိုးခိုက်ဟန် ပေါ်လာသည်၊

'သူ သွားပြီဟုတ်လား၊ သူ သိပ်ကောင်းတယ်၊ ကျွန်တော့် ကို ကယ်ခဲ့တာပဲ၊ ဘာဖြစ်လို့ သူ့ကိုလွှတ်လိုက်တာလဲ၊ သူ့ကို ဟိုလူကြီးက ဒုက္ခပေးမှာပေါ့'

ဆန်ကွမ်းချိုသည် အလွန်တရာ ရိုးသားလှသည့် ယွမ်ရှောက် ၏ မျက်နှာကို ငေးကြည့်မိသည်၊ သူ၏ ဖြူစင်လှသော နှလုံး သား၌ နိုင်ချစ်နော်၏ ကူညီမှုသည် အသားတဆိပ် ရိုက်နှိပ် သကဲ့သို့ ထင်ရှားနိုင်မြဲသွားလေပြီ၊

'အင်း....သူဟာ ဟိုမိန်းကလေးကို သံယောဇဉ်တွယ်သွား ပြီနဲ့တူတယ်'

ဆန်ကွမ်းချိုသည် ထိုသို့တွေးမိလိုက်သဖြင့် ယွမ်ရှောက်ကို နှစ်သိမ့်လိုက်သည်၊

'ညီလေးယွမ်ရှောက်၊ သူ့ကို ငါတားပါသေးတယ်၊ သူက ငါတို့ ဒုက္ခရောက်မှာစိုးလို့ ထွက်သွားတာပါ'

ယွမ်ရှောက်မှာ အတန်ကြာ တွေဝေငေးမောနေမိသည်၊

ထို့နောက် သူ၏အတွင်းအိတ်ထဲမှ ကြေးပလွေကြီး တစ် ချောင်းကို ထုတ်ပေးလော၏၊

'အစ်ကိုကြီး ဒါက ကြေးပလွေ'

ဆန်ကွမ်းချိုသည် နားမလည်သလို ပြန်ကြည့်၏၊

'ဘယ်က ကြေးပလွေလဲ၊ အဘဆရာကြီး ပေးတဲ့ ကြေး ပလွေများလား'

'ဟုတ်ပါတယ်၊ အဘဆရာကြီးပေးတဲ့ ကြေးပလွေပါ'

'ဒါဆိုရင် မင်းပဲ သိမ်းထားလိုက်'

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း၊ အဘဆရာကြီးက အစ်ကိုကြီးကို ပေးရမယ်လို့ မှာလိုက်ပါတယ်'

'ဒါဖြင့် အဘဆရာကြီး အခုဘယ်မှာရှိသလဲ'

ယွမ်ရှောက် ခေါင်းခါလိုက်၏။

'ကျွန်တော် မသိဘူး'

သူသည် စာစိုတစ်ခုကို သတိရဟန်ဖြင့် အင်္ကျီအိတ်ထဲသို့ ထိုးနှိုက်ပြန်သည်။ အဖြူရောင် စာခေါက်လေးတစ်ခု ထွက်လာ၏။ ဆန်ကွမ်းချီအား ထပ်၍ပေးပြန်သည်။

'အစ်ကိုကြီး၊ ဒါကို ဖတ်ကြည့်ပါဦး'

'အဘဆရာကြီးက ပေးလိုက်တာလား'

'ဟုတ်ပါတယ်'

ဆန်ကွမ်းချီသည် ကမန်းကတန်း ဖြေ၍ဖတ်ရှုလိုက်၏။

လူကလေး....

လောကမှာ ဘယ်ပညာမှ အဆုံးအစ မရှိဘူးမှတ်။ သိုင်းပညာဟာလဲ ဒီလိုပဲ အဆုံးအစမရှိဘူး၊ ဒါပေမယ့် ငါတတ်သမျှ ပညာတွေ မင်းကို သင်ပေးချင်တဲ့အတွက် တေးတစ်ပုဒ် ရေးပေးလိုက်တယ်၊ ဒီတေးထဲမှာ ငါတတ်သမျှ သိုင်းပညာတွေ အကုန်ပါတယ်၊ ဒီတေးကို နှုတ်မည်တော့ မပေးရသေးဘူး၊ မင်း အလွတ်ကျက်ပြီး အဓိပ္ပာယ်တလဲလဲ စဉ်းစားပါ၊ ငါ့ပညာတွေ မင်းအကုန်ရပြီမှတ်ပါ။ အလွတ်ကျက်မှတ်ပြီးချင်တော့ ဆုတ်ပစ်လိုက်တော့။



စာအောက်၌ တေးတစ်ပုဒ် တွေ့ရသည်။ ဆန်ကွမ်းချီသည် သုံးလေးကြိမ်မျှ ဖတ်လိုက်၏။ မှတ်ဉာဏ်အလွန်ကောင်းသူဖြစ်၍ ဆရာ့ အမှာစကားနှင့် သီချင်းကို ပုဒ်ထီးပုဒ်မပါ မကျန် အသည်းထဲ စွဲမြဲစွာ မှတ်မိသွားလေ၏။

လူသည်စာရွက်ကိုကိုင်ပြီး မျက်ရည်များဝဲလာသည်။ စာရွက် ကိုင်ထားသော လက်သည်လည်း တဆတ်ဆတ်တုန်လာ၏။

ယွမ်ရှောက်စိုးရိမ်သွားသည်။

'အစ်ကိုကြီး....အစ်ကိုကြီး'

ဆန်ကွမ်းချီသည် ကြေကွဲသောစိတ်များကို ထိန်းသိမ်းလိုက်ရ၏။ သူ့ကြောင့် ယွမ်ရှောက်တစ်ယောက် စိုးမထိန်ကိုနေလို့ပါ။

'အဘဆရာကြီးကို ငါတို့က လိုက်ရှာကြသယ် အဘဆရာကြီးက သူ့သိုင်းပညာတွေပေးပြီး ခြေရာဖျောက်သွားတယ်၊ အဲဒါကို ငါ စိတ်မကောင်းဖြစ်မိတာပါ'

ဆန်ကွမ်းချီသည် ယွမ်ရှောက်၏စကားကို မစောင့်တော့ဘဲ ကြေးပလွေကိုကိုင်ပြီး သီမှုတ်လေတော့၏။

ကြေးပလွေ၏ လေထွက်ပေါက်မှ ကြေကွဲဖွယ်ကောင်းသော တေးသံသည် လွင့်ပျံထွက်ပေါ်လာလေတော့၏။

ဤတေးသံကား ဆန်ကွမ်းချီ၏ ငိုချင်းချယ်ပင် ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီး၊ ဒါက အဘဆရာကြီး သင်ပေးတဲ့သီချင်းလား'

'မဟုတ်ဘူး၊ ငါ့ဘာသာမှုတ်တာ ဝမ်းနည်းလို့'

'ဒါဖြင့် ယွမ်ရှောက်ကို ပလွေခဏပေးပါ၊ ပလွေပေးတုန်းက ဆရာကြီးက ယွမ်ရှောက်ကို မှုတ်နည်းသင်ပေးခဲ့တယ်'

ဆန်ကွမ်းချီသည် ကြေးပလွေကို လှမ်းပေးလိုက်သော်၏။

ယွမ်ရှောက်သည် ကြေးပလွေကို စတင်သီမှုတ်တော့သည်။

ယွမ်ရှောက်သီမှုတ်သဖြင့် ထွက်လာသည့်တေးသံသည် မပြေပြစ်လှပေ၊ သံစဉ်များက နိမ့်လိုက်မြင့်လိုက်ဖြစ်နေ၏၊ လှိုင်းလေပြင်းထန်သော ပင်လယ်ထဲရှိ လှေငယ်ကလေး ဧောက်ထိုးမိုးမျှော်ဖြစ်နေသကဲ့သို့တည်း။

ဆန်ကွမ်းချီသည် ယွမ်ရှောက်အား တားဆီးရန် ဟန်ပြင်မိ၏၊ သို့သော် ချက်ချင်းလိုလိုပင် ထိုအကြံကို ရပ်ဆိုင်းလိုက်ရပေ၏။

အဘယ်ကြောင့်ဆိုသော် ယွမ်ရှောက်သီမှုတ်သည့် တေးသံသည် အဘဆရာကြီးက ဘုရားသိုင်းပညာအကုန်ဖြစ်သည်ဟု ပြောကြားခဲ့သည့် တေးသွားဖြစ်နေသောကြောင့်တည်း။

## အခန်း (၈၆)

### ထူးဆန်းသော ခရီးသည်များ

ဆန်ကွမ်းချီသည် ပလွေသံကိုမျက်စိမှိတ်၍နားထောင်နေ၏၊ အာရုံစိုက်၍ နားထောင်နေ၏၊ တေးသွားထဲ၌ သူ့အဘဆရာကြီး၏ လှုပ်ရှားမှုများကို မြင်လာ၏၊ သံစဉ်အနိမ့်အမြင့်အလိုက် သူ့အဘဆရာကြီး၏ လှုပ်ရှားမှုများ ပြောင်းလဲနေသည်။

ဆန်ကွမ်းချီ ခုန်ထလေ၏။

'ငါနားလည်ပြီ....ငါနားလည်ပြီ'

ဆန်ကွမ်းချီ၏ အော်သံကြောင့် ယွမ်ရှောက်၏ ပလွေသံ ရပ်ဆိုင်းသွား၏။

'ညီလေး....ပလွေကို ဆက်မှုတ်စမ်း၊ အဘဆရာကြီး ရေးပေးလိုက်တဲ့ တေးသွားနဲ့ သံစဉ်ကို ငါထုတ်ဖော်လို့ရပြီ'

ယွမ်ရှောက်မှာ သူ့အစ်ကိုကြီး၏အမိန့်အရ ဆက်မှုတ်ရလေတော့၏၊ ဆန်ကွမ်းချီသည် မျက်စိမှိတ်၍ နားထောင်နေရာမှ တဖြည်းဖြည်း သိုင်းကွက်များကို လှုပ်ရှားလေတော့သည်။

မကြာမီ ဆန်ကွမ်းချီ၏ ခြေလက်များမှ ထူးခြားသော သိုင်းကွက်များ ထွက်ပေါ်လာတော့၏၊ ထိုသိုင်းကွက်များကို ယွမ်ရှောက်သည် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့ပေ၊ ထို့ကြောင့် ပလွေသံလည်း ရပ်ဆိုင်းသွားလေ၏။

'အစ်ကိုကြီး....အစ်ကိုကြီး'

'ညီလေး....ဘာဖြစ်လို့ ရပ်ပစ်လိုက်ရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟို... ဟို... အစ်ကိုကြီးရဲ့ လှုပ်ရှားမှုတွေဟာ သိုင်း... သိုင်းကွက်အသစ်တွေ...'

'ဟုတ်တယ်၊ အဘ ဆရာကြီးဟာ တောသွားသံစဉ် အနိမ့်အမြင့်နဲ့ သိုင်းကွက်လှုပ်ရှားမှုကို သင်ကြားပေးလိုက်ပြီ၊ အဘ ဆရာကြီးက သူ့ပညာ အကုန်ပေးလိုက်ပြီ၊ အဘဆရာကြီးက မင်းကို ပလွေမှုတ်ပုံမှုတ်နည်း သင်ပေးခဲ့တယ်မဟုတ်လား၊ အဲဒါ အကုန်မှုတ်စမ်းပါ'

'ဟုတ်... ဟုတ်ကဲ့'

ယွမ်ရှောက်သည် ပလွေကို ဆက်၍မှုတ်ပြန်လေ၏။

ဆန်ကွမ်းချို၏ ခြေနှင့် လက်များသည် မြူးကြွသွက်လက်လာပြန်၏။ ပါးပျဉ်းထောင်သည့် မြွေသို့လည်းကောင်း၊ မြွေကိုသုတ်သည့် သိမ်းငှက်သို့လည်းကောင်း တခဲဆတ်ချင်း တက်လာလေ၏။

ပလွေသံ သံစဉ်ကြမ်းတမ်းလာလေ ဆန်ကွမ်းချို၏ လှုပ်ရှားမှုလည်း ကြမ်းတမ်းလေဖြစ်ရကားကြား သော်မုန်တိုင်းကြီးတစ်ခု တိုက်ခတ်နေသကဲ့သို့ တစ်ပဒုန်ထိုး မြင်းထန်လာလေတော့သည်။

ယွမ်ရှောက်လည်း မျက်လုံးပြူးလာမိလေ၏။

သူ၏ အစ်ကိုကြီးသည် ပထမတစ်ကြိမ် အဆိပ်ခမှ ခဲဆေးမိသကဲ့သို့ ယခုလည်း ဆေးမိကာ ကြမ်းတမ်းသော သိုင်းကွက်များ ထုတ်သုံးလေသလားဟု အထင်မှားမိလေ၏။ ထို့ကြောင့် ပလွေမှုတ်ခြင်းကို ချက်ချင်း ရပ်ဆိုင်းပစ်လိုက်မိသည်။

သို့သော် ဆန်ကွမ်းချိုမှာ သူ့သိုင်းကွက်ကစားခြင်း မရပ်ဆိုင်းတော့ပေ။ ခတ်းစာသားများထဲမှ သူနားလည် သဘော



ပေါက်သည့် အပိုဒ်များကို တစ်လုံးချင်း၊ တပုဒ်ချင်း ဆက်၍ စဉ်းစားလျက် သိုင်းကွက်များ တစ်ခုပြီးတစ်ခု ဖော်ထုတ်နေလေတော့၏။

ယွမ်ရှောက်မှာ ပလွေကိုကိုင်၍ ငေးနေမိတော့သည်။ ဆန်ကွမ်းချိုမှာ ခုန်ပျံလိုက်၊ တွန်းထုံးလိုက်၊ ဆတ်ခနဲ ထိုးသွင်းလိုက်၊ ဖျတ်ခနဲ ကန်လိုက်၊ ဘေးတိုက်ကန်လိုက်၊ တစ်ပတ်ကျွမ်းထိုးလိုက်ဖြင့် ကချေသည်မတစ်ယောက်က သူမ၏ အနုပညာ အကစွမ်းအင်ကို အစွမ်းကုန် ဖော်ထုတ်နေသကဲ့သို့ ဆန်ကွမ်းချိုလည်း သူ့သိုင်းကွက်များကို ဖော်ထုတ်နေ၏။

'အစ်ကိုကြီး'

အတန်ကြာ ငေးမောနေပြီးမှ ယွမ်ရှောက်က အထိတ်တလန့် အော်ခေါ်၏။

သို့သော် သိုင်းကွက်များ၌ အာရုံနှစ်မြှောနေသည့် ဆန်ကွမ်းချိုသည် ယွမ်ရှောက်၏ အော်ခေါ်သံကို လုံးဝ မကြားတော့ပေ။

ယွမ်ရှောက် ငေးမောနေစိတ်မှာပင် ဆန်ကွမ်းချိုသည် လူတစ်ရပ်ကျော်ကျော် မြင့်သော သစ်ကိုင်းတစ်ကိုင်းကို ခုန်ကန်လိုက်သည်။

'မဖြောင်း...'

အတော်အတန်ကြီးသည့် သစ်ကိုင်းသည် ဖြောင်းခနဲ ကျိုးထွက်သွား၏။ သူ မြေပြင်သို့ ပြန်ကျလာသည်။ သို့သော် သူ၏ မုန်တိုင်းတိုက်ကွက်သည် လုံးဝ ရပ်ဆိုင်း၍ မရတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျိန်စာ အမိခံရသူအလား တစ်ဖယက်တစ်စ ပြင်းပြင်းထန်ထန် ကစားလာလေတော့သည်။

ယွမ်ရှောက်သည် အလွန် စိုးရိမ်လာ၏။ ဤသိုင်းကွက်များကို အဘဆရာကြီးသည် သူတို့အား သင်မပေးခဲ့ချေ။

သူလည်း တစ်ကွက်မျှ မတတ်ခဲ့၊ သူ့အစ်ကိုကြီး ဆန်ကွမ်းချီလည်း တစ်ကွက်မျှ မတတ်ခဲ့၊ သေးသွားဖြင့် အဘဆရာကြီး၏ သိုင်းပညာများကို ရရှိခဲ့ပြီဟု ဆန်ကွမ်းချီက ပြောခဲ့သည်။

ယခု သူ့ပလွေကိုလည်း ရပ်ဆိုင်းလိုက်ပြီ။ သို့စဉ်လျက် အစ်ကိုကြီး ဆန်ကွမ်းချီ တစ်ရှိန်ထိုး ဆက်လက်ကစားနေခြင်းကို သူ နားမလည်နိုင်တော့ပေ။

'အစ်ကိုကြီး...ရပ်ပါတော့'

ဆန်ကွမ်းချီ မကြား။

'အစ်ကိုကြီး ဒီအတိုင်း ဆက်ကစားသွားရင် ချွေးထွက်လွန်ပြီး ဒုက္ခရောက်လိမ့်မယ်၊ အချိန်ဘယ်လောက်ကြာနေပြီလဲ'

ဆန်ကွမ်းချီ မရပ်။

ယွမ်ရှောက်သည် ပလွေကို ခါးကြားထိုးလျက် ဆန်ကွမ်းချီအား တားဆီးရန် ခုန်ဝင်၏။

'ဝုန်း....'

ယွမ်ရှောက် လွင့်စဉ်သွား၏။ ဆန်ကွမ်းချီက ပုတ်ထုတ်ရုံသာ ပုတ်ထုတ်လိုက်ခြင်းဖြစ်၍ ယွမ်ရှောက် ဒဏ်ရာမရခြင်းဖြစ်သည်။

'အစ်ကိုကြီး...ဘယ်လိုလုပ်လိုက်တာလဲ'



ဆန်ကွမ်းချီသည် ယွမ်ရှောက်ကို လုံးဝဂရုမစိုက်ဘဲ ဆက်ကစားနေသည်။

နောက်ဆုံး၌ယွမ်ရှောက်သည် ကြံရာမရတော့သဖြင့် လုပ်မိလုပ်ရာ ကြေးပလွေကိုဆွဲထုတ်ပြီး သီချင်းတစ်ပုဒ် သီမှုတ်လေတော့၏။

ထိုသီချင်းကား အဘဆရာကြီးသီမှုတ်ခဲ့ဖူးသည့် အလွန်တရာ လွမ်းဆွတ်ဆွေးမြည့်ဖွယ်ကောင်းသော သံစဉ်သီချင်းမပေတည်း။

ယွမ်ရှောက်၏အပြုအမူသည် လုပ်မိလုပ်ရာ လုပ်ခြင်း ဖြစ်သော်လည်း ဆန်ကွမ်းချီအတွက် ဒဏ်ထိမှန်သွား၏။ မရပ်နားနိုင်လောက်အောင် သွက်လက်လှုပ်ရှားနေသော ဆန်ကွမ်းချီ၏ သိုင်းကွက်များသည် တဖြည်းဖြည်း လေးလံ နှေးကွေးသွားရာမှ နောက်ဆုံး လုံးဝ ရပ်ဆိုင်းသွားလေတော့သတည်း။

'ညီလေး'

ချွေးပြိုက်ပြိုက်စီးကျနေသည့် ဆန်ကွမ်းချီ ကတုန်ကယင်နှင့် ခေါ်လိုက်၏။

ဆန်ကွမ်းချီ၏လှုပ်ရှားမှု ရပ်ဆိုင်းသွားသည်ကို မြင်ရသောအခါမှ ယွမ်ရှောက်သည် ပလွေမှုတ်ခြင်းကို ရပ်ဆိုင်းပစ်လိုက်သည်။

'အစ်ကိုကြီး...အရှိန် ရပ်သွားပြီလား'

ဆန်ကွမ်းချီက ခေါင်းညိတ်၏။

'ညီလေး...ခင်ဗျားမှားတယ်'

'ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'မင်း ဘာဖြစ်လို့ ငါ့ သိုင်းကွက်တွေကို ရပ်ဆိုင်းစေရတာ
လဲ ညီလေး'

'အစ်ကိုကြီး'

ယွမ်ရှောက်က ထိတ်ထိတ်လန့်လန့်ဖြင့် ခေါ်လိုက်ပြီးမှ...

'အစ်ကိုကြီး သိုင်းကွက်တွေက တဖြည်းဖြည်း ကြမ်းလာ
တယ်၊ ကြာရင် အစ်ကိုကြီးရဲ့စိတ်အလိုကို ခန္ဓာကိုယ်ကမလိုက်
နိုင်ဘဲဖြစ်လာလိမ့်မယ်လို့ ယွမ်ရှောက် ထင်ပါတယ်၊ အစ်ကို
ကြီးမောပြီးသေလိမ့်မယ်'

'ညီလေး...မင်းမှားပြီ ဒီသိုင်းကွက်တွေကို အရှိန်နဲ့ဖော်
ထုတ်လိုက်ရင် အဘဆရာကြီးရဲ့ပညာအားလုံးကို ငါရပြီ'

'ဒါဆိုရင်....'

'ညီလေး...ကိစ္စမရှိပါဘူး၊ အခုတော့ရှိပါစေတော့၊ မင်း
နဲ့ငါ အားတဲ့အချိန်တိုင်း ဒီလိုဖော်ထုတ်သွားရင် အဘဆရာ
ကြီးရဲ့ဆန္ဒ လုံးဝ ပြည့်ဝသွားမှာပါ'

'ကျွန်တော်နားလည်ပါပြီ၊ နောက်ဆိုရင် အစ်ကိုကြီး
ရပ်နားအောင် မလုပ်တော့ပါဘူး'

ဆန်ကွမ်းချီသည် ကောင်းကင်ပြာကြီးကို မော့ကြည့်နေ
တိမ်ဖြူဖြူအုပ်စုကြီးသည် တစ်အုပ်ပြီးတစ်အုပ် လေနှင့်အ
မျောပါသွားလျက်ရှိ၏၊ သူသည် ထိုတိမ်များကို ကြည့်
သိုင်းကွက်အသစ်များ ထွက်မြောက်ရခြင်းအတွက် အလွန်
စိတ်ထဲမှ လေးစားကြည်ညိုစွာ ကန်တော့မိလေ၏၊ ပ
သံစဉ်အနိမ့်အမြင့်မှအစပြု၍ သိုင်းကွက် ဖော်နိုင်အောင်
ထားပုံမှာ အလွန်ထူးရာ စနစ်ကျပြီး အဆင့်မြင့်လှသဖြင့် သို



လောက၏ ကျေးရာစ်မှာ သူ့ အဘဆရာကြီးသာ ဖြစ်ကြောင်း
ဆန်ကွမ်းချီ ခြွင်းချက်မရှိ ယုံကြည် လက်ခံမိတော့သည်။

'ညီလေး....အဘဆရာကြီးဟာ ချည်ခင်အရှုပ်အထွေးကြီး
ကို ရှင်းနိုင်တဲ့နည်းကို ငါ့ကိုပြောပြခဲ့ပြီ၊ ရှင်းထုတ်လို့ရနိုင်
တဲ့ ချည်စတစ်စကိုလဲ ငါ့လက်ထဲ ထည့်ပေးခဲ့ပြီ၊ ဒါ့ကြောင့်မို့
ညီလေးကို အဒုထက်အဆင့်မြင့်တဲ့ သိုင်းပညာတွေကို ငါပြ
သင်ကြားပေးနိုင်တော့မယ်'

'အစ်ကိုကြီး'

ယွမ်ရှောက်သည် ဆန်ကွမ်းချီအား အော်ခေါ်ပြီး ပြေးဖ
မိလေတော့၏၊ သူ့ ဘဝတွင် အစ်ကိုကြီးသာ သူ့ အမိသူ့ ဘ
ပင်ဖြစ်တော့သည်ဟု သူ၏ ရင်ထဲအသည်းထဲ၌ စွဲမြဲယုံကြ
သွားခဲ့လေပြီ၊

'ညီလေး...ဇယ်ဦး'

ယွမ်ရှောက်က...

'အစ်ကိုကြီး ဘာတွေ စဉ်းစားနေပြန်ပြီလဲ'

'ဟုမ်မိန်းကလေးဟာ ငါ့ကို အမှန်တွေပဲ ပြောသွားတယ်
သူ့ အမူအရာအရရော၊ သူ့ စကားအရရော လိမ်ညာတယ်
ယူဆစရာ တစ်ခုမှရှာမတွေ့ဘူး၊ သိုင်းလောကသားတွေအ
ကျရောက်မယ့်အန္တရာယ်ဆိုးကြီးကို တားဆီးဖို့ ကျွန်လူ
ငါ သွားသတင်းပေးရမယ်'

ယွမ်ရှောက်က ရိုးဝသောမျက်လုံးများဖြင့် ပြောနေသည်

www.burmeseclassic.com



'သူ...အဲဒီမိန်းကလေးသိပ်ကြင်နာတတ်တယ်၊ သိပ်ကောင်းတယ်၊ ယွမ်ရှောက်ကို ကယ်သွားတယ်၊ သူ ဘယ်တော့မှညာ ပြောမှာမဟုတ်ဘူး'

ဆန်ကွမ်းချီသည် ယွမ်ရှောက်အား အလန့်တကြား ကြည့်မိ၏။ ယွမ်ရှောက်ကမူ ဆက်ပြောနေသည်။ ဆန်ကွမ်းချီ သူ့ကို အကဲခတ်နေသည်ကိုသည်း မမြင်တော့ပေ။

'သူ...အစ်ကိုကြီးကိုလဲကယ်တယ်၊ ယွမ်ရှောက်ကိုလဲ ကယ်တယ်၊ ဟိုအဘိုးကြီးကိုလဲ ပုန်ကန်တယ်၊ ယွမ်ရှောက်တို့ကို သူ ဘယ်ညာတော့မလဲ၊ သူ့ စကားကို ယုံပါအစ်ကိုကြီး'

ဆန်ကွမ်းချီသည် ယွမ်ရှောက်၏အသည်းနှလုံးထဲ၌ နိုင်ချစ်နှော်၏ ရုပ်ပုံလွှာ အရိပ်ထင်သွားပြီကို ရုတ်ခြည်း သဘောပေါက်လိုက်မိသည်။ တောကျွင်းသားကလေး၏ အသည်းနှလုံးသည်လည်း လူသား၏ အသည်းနှလုံးပင် ဖြစ်သည်မဟုတ်ပါလော။

သူ ယွမ်ရှောက်၏ပခုံးကို လှမ်းပုတ်လိုက်၏။ ယွမ်ရှောက်မှာ အိပ်ရာမှလန့်နိုးသူပမာ ဖြစ်သွား၏...

'ညီလေးယွမ်ရှောက်၊ သွားကြစို့'

ယွမ်ရှောက်က နားမလည်သလို ပြန်ကြည့်၏။

'အစ်ကိုကြီး...ကျွန်တော်တို့ ဘယ်သွားကြမှာလဲ'

ဆန်ကွမ်းချီ ငိုင်သွားသည်။ သူ့ဘာသာ စိတ်ထဲမှ ပြောမိသည်။

'အေး...ဟုတ်တာပဲ၊ ကျွန်လုဂိုဏ်းနဲ့ ကျွန်လုဂိုဏ်းချုပ်ကြီးကို ဘယ်မှာသွားရှာရမှာလဲ'



သူသည် ဆိုင်းလောက အတွေ့အကြုံ နုနယ်သူ ဖြစ်၍သာ ဤအတွေး တွေးနေခြင်းဖြစ်သည်။ တရုတ်ပြည်၌ ဆိုင်းဂိုဏ်းကြီးများ များစွာရှိသည့်အနက် ကျွန်လုဂိုဏ်းသားများကို ရှာဖွေရန်ကိစ္စသည် အလွယ်ဆုံးဖြစ်လေ၏။ အဝတ်အစားအပေါက်အပြဲများ၊ အဖာအထေးများ၊ အဆင့်ဆင့်သော အိတ်များ ရှိနေသူများသည် ကျွန်လုဂိုဏ်းသားများဖြစ်၍ အလွန်သာရှာဖွေရ လွယ်ကူပေသည်။

ဆန်ကွမ်းချီသည် မုတ်ဆိတ်ရှည်လူကြီး ပန်းချီရေးဆွဲသွားသည့် ကျောက်ဖြူကြီးကို အဓိပ္ပာယ်မရှိ ငေးကြည့်နေမိသည်။

ထိုစဉ် ယွမ်ရှောက်က သူ့အင်္ကျီစကို လာဆွဲသည်။

'ညီလေး...ဘာဖြစ်လို့လဲ'

'လူလာနေတယ် အစ်ကိုကြီး၊ အစ်ကိုကြီးက ... တွေးနေတာကိုး'

'ဒါဖြင့်'

ဆန်ကွမ်းချီသည် အနီးရှိ သစ်ပင်တစ်ပင်ပေါ်သို့ လျှင်မြန်စွာ ခုန်တက်လိုက်၏။ ယွမ်ရှောက်အဖို့ကား သစ်ပင်တက်ခြင်းအလုပ်ကို ထမင်းစားရေသောက် အလုပ်ကဲ့ ကျွမ်းကျင်သူဖြစ်၍ ဆန်ကွမ်းချီနှင့် ပြိုင်တူလိုပင် သစ်ငုတ် သစ်ကိုင်း သစ်ခက်များကြားသို့ ရောက်ရှိသွားတော့သည်။

မကြာမီ ယွမ်ရှောက် ပြောသည့်အတိုင်း လူနှစ်ယောက် လျှောက်လာလေတော့၏။ လျှောက်လာပုံမှာ အလွန်လျှင်မြန်၏။ တခဏအတွင်း သူတို့ တက်ပုန်းနေသည့် သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ ရောက်လာပြီး တဒင်္ဂအတွင်း အဝေးဆီသို့ ရောက်သွားတော့သည်။

ဆန်ကွမ်းချီရော ယွမ်ရှောက်ပါ ထိုသူနှစ်ဦး၏ပုံပန်းသဏ္ဌာန်နှင့် ဝတ်စားဆင်ယင်ပုံကို ကောင်းစွာ မှတ်မိလိုက်ပေသည်။

တစ်ယောက်က ပိန်လှီရှည်သွယ်သော ခန္ဓာကိုယ်ရှိပြီး ဦးခေါင်းထက်၌ ဆံကျစ်လုံးကသေးဘစ်လုံး ရှိ၏။ ရှေးဟောင်းဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားပြီး ခါး၌ အနီရောင်ခါးစည်းကြိုးကို စည်းနှောင်ထား၏။ လက်တွင် တုတ်ကောက် တစ်ချောင်းကို ကိုင်ထားသည်။ မျက်နှာကလည်း နှစ်ရှည် လများ မမဝမကျန်းဖြစ်နေသူကဲ့သို့ ပိန်လှီခွက်ဝင်လျက် ရှိနေသည်။

အခြားတစ်ယောက်ကမူ တစ်ခေါင်းလုံးပြောင်လျက် ရှိပြီး ပုပုဝဝဖြစ်၍ အနီရောင်ဝတ်ရုံကို ဝတ်ဆင်ထားပြီး ကျောသို့ ဓားတစ်ချောင်း လွယ်ထားသည်။ နှစ်ယောက်စလုံး အသက် ခြောက်ဆယ်ခန့် ရှိကြသည်။

ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့သည် သစ်ပင်ပေါ်မှ ခုန်ချရန် ဟန်ပြင်နေစဉ် ခြေသံများကြားရပြန်သဖြင့် ပြန်လည်ပုန်းကွယ်လိုက်ရပြန်သည်။

အနီရောင်သက်နှင်းကြီးကို ဝတ်ရုံထားသည့် တရုတ်ဘုန်းကြီး အိုကြီး ရှစ်ပါးတို့ အုံ့ဖွဲ့ဖွယ်ရာ တွေ့ရှိကြရပြန်၏။

ပန်းရောင်သင်္ကန်းဝတ် တရုတ်ဘုန်းကြီးအိုကြီးမှာ ဘုန်းကြီးအို ဆိုသော်လည်း သိုင်းသမားတို့၏ထုံးစံအတိုင်း အလွန်တင်းပေါပါးလျင်မြန်နေ၏။ အဖြူရောင် တရုတ်ဘုန်းကြီး ငါးယောက်က ရှေ့မှသွားပြီး၊ အခြားသုံးပါးက တရုတ်ဘုန်းကြီး



အိုကြီး၏နောက်မှ လိုက်ကြသည်။ ဝန်းရံ စောင့်ရှောက်လာဟန်ရှိသည်။

ထိုသူများသည် ကွင်းပြင်ဘက်သို့ မသွားချေ။ သစ်ပင် သစ်တောများ ထူထပ်သည့် ဘက်သို့သာ ဘူရှခရု၍ ထွက်သွားကြ၏။

သည်တစ်ကြိမ်တွင်တော့ ဆန်ကွမ်းချီ လိုက်သွားသည်။ သစ်ပင်ပေါ်မှ ချက်ချင်းခုန်မဆင်းတော့ပေ။ ငြိမ်ငြိမ်သက်သက်ပင် ထိုင်ကာ စောင့်ဆိုင်းရင်း စဉ်းစားနေတော့၏။

ထိုးဆန်းသော လူနှစ်ဦးနှင့် တရုတ်ဘုန်းကြီးအိုပါတို့သည် မြောက်ဘက်စူးစူးသို့ ထွက်ခွာသွားခဲ့ကြလေပြီ။ ကျိုးရှိုးလေသည် လူအသွားအလာများသော ခရီးလမ်းဖောက်ထားနိုင်နေသော ပြောသွားသည့် စကားများသည် ကျိုးသိုင်းသမားကြီးများသည် သောင်းဝင်၍ ကျိုအရပ်သို့ ရောက်ရှိလာခြင်း ဖြစ်လေသလော ဟု ဆန်ကွမ်းချီ တွေးနေမိသည်။

ကွမ်းတစ်ဖက်ညက်ခန့်ကြာ၍မည်သူတစ်ဦးတစ်ယောက်ဝ မတွေ့ရသောအခါ ဆန်ကွမ်းချီလည်း ယွမ်ရှောက်ကို အခေါ်ပေး၍ အောက်သို့ ခုန်ချလိုက်လေ၏။

'ညီလေး...စောစောကအုပ်စုဟာ ထူးခြားတယ်၊ အဲဒီကို လိုက်မယ်'

'ဟုတ်ကဲ့...အစ်ကိုကြီး'

သူတို့နှစ်ဦးသည် မြောက်ဘက်စူးစူးသို့ ပြေးသွားကြတော့၏။ သို့သော်...သူတို့ဝေးဝေးမပြေးနိုင်ပါ။ သူတို့နေရာ အနှံ့ခွင် မြင်းခွာသံများကို ကြားလိုက်ရသဖြင့် အ

www.burmeseclassic.com

www.burmeseclassic.com



အုပ်ဆောင်းသော သစ်ပင်ကြီးများပေါ်သို့ ခုန်ဘက်ကာ ပုန်းအောင်းရပြန်၏။

မကြာမီ အနုန်းနွံရောင်မြင်းကြီးကို စီးနင်းလာသည့် အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသည့် သိုင်းသမားတစ်ဦးကို တွေ့လိုက်ရသည်။ အပြာရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်သည့် သိုင်းသမားမှာ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေရုံမျှမက လိုက်စီးနင်းလာသည့် မြင်းကြီးမှာလည်း ပါးစပ်မှ အမြှုပ်တစီစီထွက်လျက် ရှိနေပေသည်။ မြင်းတစ်ကိုယ်လုံးလည်း ချွေးများ ရွှဲနေ၏။

ယွန်မီရှောက်သည် တောတောင်ထဲ၌ သူ့ဘဝတစ်လျှောက်လုံး နေခဲ့သူဖြစ်ရာ တိရစ္ဆာန်များ၏ သဘာဝကို ကောင်းစွာ သိရှိသူဖြစ်သည်။ ထိုမြင်းကြီး၏ အခြေအနေကို မြင်သည်နှင့် ရှေ့သွားဖြစ်တော့မည်ကို သူကြိုတင်သိနေသည်။

'အစ်ကိုကြီး...အဲဒီမြင်းကြီးတော့ သေရတော့မယ်ဗျာ'

'ဟုတ်လား'

ဆန့်ကွမ်းချို၏ စကားအဆုံးတွင်ပင် မြင်းကြီးသည် မြေကြီးပေါ်သို့ လဲကျသွား၏။ မြင်းပေါ်မှလူလည်း တလိမ့်ခေါက်ကွေးကျသွားသည်။

'ဒီလူ ဒဏ်ရာရနေတယ်၊ ဒီပုံစံနဲ့ဆိုရင်တော့ သေမှာပါပဲဗျာ'

ယွန်မီရှောက်သည်ခပ်တိုးတိုးပြော၏။ ထိုတခဏ်အတွင်းမှာပင် နောက်ပိုင်းမှ ဆူညံသော မြင်းခွာသံများကို ကြားရပြီးနောက် မြင်းစီးသမားလေးယောက် ဘွားခနဲထွက်ပေါ်လာ၏။



ထိုမြင်းစီးသမားလေးယောက်စလုံး အနက်ရောင် ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထားပြီး ဓားကိုယ်စီ သိုင်းလွယ်ထားကြလေ၏။ ထိုလေးယောက်ကို မြင်သည်နှင့် မြင်းပေါ်မှ လိမ့်ကျသွားသည့်လူသည် ဓားကို ကျင်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ရှယ်ဒယိုင် ထလာလေ၏။ ရှိရှိသမျှစွမ်းအင်နှင့် ရင်ဆိုင်တော့မည့်ပုံပေတည်း။

မြင်းစီးသမား လေးယောက်အနက် ရှေ့ဆုံးမှလူက...

'ဟေ့...လက်နက်မချသေးဘူးလား၊ လက်နက်ချပြီး အေးအေးဆေးဆေး ကျုပ်တို့နဲ့ ပြန်လိုက်ခဲ့ပါ'

ဒဏ်ရာရနေသည့်လူက ဓားကို ရှေ့ယမ်းရင်း ကြိမ်းမောင်းလိုက်၏။

'မင်းတို့သာ ရှေ့ကို တိုးမလာကြနဲ့၊ တိုးလာရင်တော့ ငါ အငဲ့နှမ်မရှိဘူး'

မြင်းတစ်စီးပေါ်မှ အခြားသိုင်းသမား တစ်ယောက်က...

'ခင်ဗျားဟာ အသက်ဝင်နေတာတောင် ပြန်တိုက်ချင်နေ သေးသလား'

အခြားတစ်ယောက်က ဝင်ပြောပြန်၏။

'တကယ်လို့ ခင်ဗျား လက်နက်မချရင် ကျုပ်တို့ကို အဆိုးဆိုနဲ့၊ မိတ်ဟောင်းဆွေဟောင်းတွေပေမယ့်လဲ မတတ်သာဘဲ တိုက်ခိုက်ရတော့မှာပဲ'

ချက်ချင်းလိုလိုပင်ခေါင်းဆောင်ဖြစ်ဟန်တူသူက မြင်းပေါ်မှ ခုန်ပျံဆင်းလာ၏။ သူ၏ ကျောပွတ်ဖြင့် ရိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရနေသူကလည်း သူ့ဓားကို ဝေ့ယမ်းပြီး ခုခံတိုက်ခိုက်၏၊ သို့သော် အားအင်ကုန်ခန်းနေသဖြင့် သူ့တိုက်ကွက်များမှာ အရာမရောက်ချေ၊ ကျော်ဖွတ်ဒဏ်ချက်ကြောင့် ‘အား’ ခနဲ အော်ကာ လဲကျသွားလေတော့သည်။

ယွမ်ရှောက်သည် ထိုလူအတွက် စိတ်မကောင်းဖြစ်သွားသည်၊ သစ်ပင်ပေါ်မှ ခုန်ချပြီး ရန်သူလေးယောက်ကို တိုက်ခိုက်ရန် ဟန်ပြင်သည်၊ သို့သော် ဆန်ကွမ်းချီ၏ လက်က သူ့ရှေ့မှ ဆန့်တန်းရောက်ရှိလာသဖြင့် ခုန်မဆင်းဖြစ်တော့ပေ၊

ခေါင်းဆောင်ဖြစ်ဟန်တူသူက တဟင်းဟင်း ရယ်ရင်း....

‘ခင်ဗျား ဘာတတ်နိုင်သေးသလဲ’

သူသည် ကျန်သုံးယောက်အား လှည့်၍ အမိန့်ပေးလိုက်၏၊

‘ဟေ့....သူ့ခန္ဓာကိုယ်ကို အစိတ်အပိုင်း တစ်ခုစီ ဖြတ်ယူလိုက်ကြ၊ သူ့ခန္ဓာကိုယ်ကြီးကိုတော့အပင်ပန်းခံပြီးပြန်မသယ်နိုင်တော့ဘူး’

ကျန်သိုင်းသမား သုံးယောက်သည် ဓားများ ဆွဲထုတ်ပြီး ခုန်ဆင်းလာကြ၏၊ သို့သော် သူတို့၏ ရှေ့လုပ်ငန်းစဉ်ကို ဆက်မလုပ်နိုင်တော့ပေ၊ အဘယ်ကြောင့်ဆိုသော် ဓားကိုယ်သိုင်းလွယ်ထားကြသည့် ရသေ့ငါးပါးသည် တည်ငြိမ်သော ခြေလှမ်းများဖြင့် ဒဏ်ရာရနေသူအနီးသို့ ရောက်ရှိလာကြသော ကြောင့်တည်း၊

ရှေ့ဆုံးမှ ရသေ့သည် သစ်ခေါက်ဆိုးရောင် ဝတ်ရုံရှည် ကြီးကို ဝတ်ဆင်ထားပြီး ကျန်ရသေ့လေးပါးမှာ အသိမ်းရောင် ဝတ်ရုံရှည်ကြီးများ ဝတ်ဆင်ထား၏၊ ရှေ့ဆုံးမှ ရသေ့သည်



ခေါင်းဆောင်ဖြစ်ကြောင်း အလိုအလျောက် သိရှိနိုင်ရင်းသည်၊

ကိုယ်ကျပ်အင်္ကျီအနက်ရောင် ဝတ်ဆင်လာသူ လေးယောက်သည် ရသေ့ငါးပါးကို မမျှော်လင့်ဘဲတွေ့လိုက်ရသဖြင့် အံ့အားသင့်သွားကြ၏၊ သို့သော် ချက်ချင်းပင် သူတို့၏ လက်နက်များကို ထုတ်၍ အဆင်သင့် ပြင်ဆင်လိုက်ကြ၏၊

ထိုသူများက အသင့်ပြင်သဖြင့် ရသေ့ငါးပါး၏ လက်မှကလည်း လျှပ်ပြက်သကဲ့သို့ လှုပ်ရှားသွားကြ၏၊

‘ရှမ်း....’

ဓားငါးစင်းထုတ်သံသည် တစ်ပြိုင်တည်း ထွက်ပေါ်သဖြင့် ကျယ်လောင်သောအသံကြီး ဖြစ်ပေါ်လာ၏၊ ဓားမှကလည်း ပြောင်လက်လွန်းသဖြင့် ရောင်ပြန်ဟပ်သွားသည်၊

ရသေ့လေးပါးသည် ထောင့်တစ်ထောင့်စီတွင် နေရာယူသည်၊ ခေါင်းဆောင်ရသေ့က အလယ်ဗဟို မကျတကျနေရာယူသည်၊ ရသေ့များ၏ မျက်နှာမှာ တင်းမာခြင်းလမရှိ၊ ပျော့ပျောင်းခြင်းလည်း မရှိပေ၊ သို့သော် မျက်နှာထားများကပင် ကိုယ်ကျပ်အင်္ကျီဝတ် သိုင်းသမားများကို ချောက်ချားစေခြင်း ဖြစ်ပေတော့သည်၊

ကိုယ်ကျပ်အင်္ကျီ အနက်ဝတ် သိုင်းသမားများက မျက်နှာများကို လှမ်းပြော၏၊

‘ရသေ့ကြီးတွေရဲ့ သိုင်းကွက်ခင်းပုံကို ကြည့်ရတာ ဟွာကျဲဂိုဏ်းရဲ့ သိုင်းကွက်ခင်းပုံဖြစ်နေတယ်၊ ရသေ့ကြီးတို့ဟာ ဟွာကျဲဂိုဏ်းသားတွေပဲလား’

www.burmeseclassic.com

www.burmeseclassic.com



သစ်ခေါက်ဆိုးရောင် ဝတ်ဆင်ထားသည့် ရသေ့ကြီးက ခေါင်းညိတ်လိုက်၏။

'မှန်တယ်၊ ကျုပ်တို့ဟာ ဟူတန်းဂိုဏ်းသားတွေပဲ'

ကိုယ်ကျပ်အင်္ကျီနက် ဝတ်ဆင်ထားသူအားလုံး တစ်ပြိုင်တည်း နောက်ဆုတ်သွားတော့သည်။

ထို့နောက် မြင်းများပေါ်သို့ ကိုယ်စီခုန်တက်ကာ မြင်းဇက်များကိုလှည့်၍ ဒုန်းစိုင်း ထွက်ခွာသွားကြတော့သည်။

ရသေ့ငါးပါးသည် သိုင်းလောက အတွေ့အကြုံ ကြွယ်ဝသူများဖြစ်၏။ ရန်သူလေးယောက်နှင့် မုချတိုက်ခိုက်ရတော့မည်ဟု မှတ်ထင်ထားရာမှ ယခုကဲ့သို့ ထွက်ပြေးသွားသည်ကို တွေ့ရသောအခါ လွန်စွာ အံ့ဩသွားကြ၏။

အစိမ်းရောင်သက်န်း ဝတ်ဆင်ထားသည့် ရသေ့လေးပါးက ရန်သူများနောက်သို့လိုက်ရန် ရှေ့သို့တက်လာကြရာ ခေါင်းဆောင်ရသေ့က လက်ကာ၍ တားဆီးလိုက်၏။

'လိုက်မနေနဲ့တော့၊ လိုက်လဲ မီမှာမဟုတ်တော့ဘူး'

ရသေ့အားလုံး သူတို့၏ ဓားများကို ပြန်လည်သိမ်းဆည်းလိုက်ကြ၏။

ခေါင်းဆောင်ရသေ့သည် ဇဏ်ရာရ ကိုယ်ကျပ်အင်္ကျီအနက် ဝတ်ဆင်ထားသည့်လူကို ငုံ့ကြည့်၏။

'ခင်ဗျားရဲ့ဒဏ်ရာ သိပ်ပြင်းထန်နေသလား'

ထိုသူက ခပ်ယဲ့ယဲ့ ဖြေသည်။

'ကျွန်တော့် ဒဏ်ရာအကြီးအကျယ် ရနေပါပြီ၊ လူ့လောကမှာ ဆက်ပြီး အသက်ရှင်ဖို့ဆိုတာလဲ မလွယ်တော့ပါဘူး'



ခေါင်းဆောင်ရသေ့သည် ဓားအဆောက်ထိုင်ချလိုက်ပြီး ထိုသူကို ဆွဲမလိုက်၏။ ထိုင်နိုင်အောင်ပြုပြင်ပေးသည်။

'ကျွန်တော့် အသက်ကို ခုလို ကယ်တင်ပေးတဲ့ အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်တော်က အသက်ရှည်မယ့် လူမဟုတ်တော့ ဒီကျေးဇူးကိုလဲ ပြန်ဆပ်နိုင်မှာ မဟုတ်ပါဘူး'

'ကျုပ်တို့က ကျေးဇူးပြန်ဆပ်စေချင်လို့ အသက်ကယ်တာ မဟုတ်ပါဘူး၊ ဒီစကားတွေ ပြောမနေပါနဲ့တော့'

ဒဏ်ရာနှင့်လူက...

'ဒီလိုဆိုရင်လဲ ရသေ့ကြီးတို့ ကြွလို့ရကြပါတော့၊ ကျွန်တော်ကတော့ ရသေ့ကြီးတို့ကို ပို့ဆောင်ပေးနိုင်မယ့် အခြေအနေမရှိတော့ပါဘူး'

ခေါင်းဆောင်ရသေ့သည် မျက်ခမှောင်ကြုတ်သွား၏။ ထို့နောက် အချက်ပြပြီးနောက် ရသေ့လေးပါးနှင့်အတူ ထွက်ခွာသွားကြတော့သည်။ ဒဏ်ရာနှင့်လူသည် လဲကျသွားရာမှ ကုန်းချွန်းထပြီး အော်ဟစ်လိုက်သည်။

'ဒီနေရာရဲ့ ဆယ်မိုင်ပတ်လည်မှာ လူတွေ သေကုန်ကြလိမ့်မယ်၊ သေကုန်ကြလိမ့်မယ်'

ထို့နောက် ထိုလူ လဲကျမိန်းမောသွားတော့၏၊ ဆန့်ကွမ်းချိမှာ သစ်ပင်ပေါ်မှ ရင်နှင့်စွာ တွေးနေ၏။

'သိုင်းလောကဟာ ဒီလိုပဲ ရက်ရက်စက်စက်သတ်ဖြတ်တာပါကလား၊ လူတစ်ယောက်ရဲ့အသက်ဟာ ဒီလိုပဲ လွယ်လွယ်ကလေးနဲ့ အသေခံရမှာလား'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ယွမ်ရှောက်က....

'အစ်ကိုကြီး....ကျွန်တော်တို့ သူ့အသက်ကိုကယ်လိုက်ကြရအောင်'

ဆန်ကွမ်းချီသည် လက်တွေ့ကျကျ မလုပ်ဆောင်သော သူ့ကိုယ်သူ အပြစ်တင်ရင်း....

'အေး....ဟုတ်ဘယ် ငါတို့သူ့ကို ကယ်ရမယ်၊ လူ့အသက်တစ်ချောင်းကို ဘာဖြစ်လို့ အလကားအဆုံးရှုံးခံရမှာလဲ'

ဆန်ကွမ်းချီနှင့်ယွမ်ရှောက်တို့သည် သစ်ပင်ပေါ်မှ ခုန်ချပြီးနောက် ဒဏ်ရာရ မိန်းမောနေသူ ဘေးသို့ အနေပြေးအလွှားရောက်ရှိသွားလေတော့သတည်း။

**စာစဉ် ၆ ပြီး၏။**

**(စာစဉ် ၇ ဆက်လက်ဖတ်ရှုပါရန်)**

BURMESE CLASSIC

www.burmeseclassic.com